www.burmeseclassic.com

## ရွှေဥဒေါင်း ၏

# စုံထောက်ဦးစံရှား

## (ပေါင်းချုပ်)

[ တတိယအကြိမ် ]

ပထမ အုပ်

အပိုင်း ၄ /၈

ခံလှစာပေတိုက်

အမှတ် ၁၀၉၊ ၂၉ လမ်း၊ ရန်ကုန်။
ဖုန်း—၇၀၄၅၉

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


—။ ပုဂံစာတည်းအဖွဲ့၏ မှတ်ချက် .... ဋ
—။ ထုတ်ဝေသူ၏ ကျေးဇူးတင်လွှာ .... ဓ
၁။ မိတ်ဆက် .... ၁
၂။ ဘောင်ဒရီလမ်း လူသတ်မှု .... ၁၆
၃။ အစိုးရစာချုပ် ပျောက်ဆုံးမှု .... ၈၂
၄။ မဟာရာဇာတဦးအမှု .... ၁၀၃
၅။ ထူးဆန်းသော အိမ်ငှားမှု .... ၁၁၅
၆။ စာမေးပွဲ မေးခွန်းစာရွက်များ ပျောက်ဆုံးမှု .... ၁၂၈
၇။ ကပ်စေးနှဲသော ရဟူဒီအမှု .... ၁၄၂
၈။ ကာဏာရိုဂ်အသင်း .... ၁၅၇
၉။ ဝန်ထောက်လူလိမ် အမှု .... ၁၇၃
၁၀။ သိရိမ္မာသောကမင်းကြီး တံဆိပ်တော် .... ၁၈၄
၁၁။ တိုင်ကပ်နာရီများ ရိုက်ခွဲမှု .... ၂၀၃
၁၂။ တဂူကူးကူး .... ၂၁၆
၁၃။ ခြေကျိုး ကြောင် .... ၂၃၃
၁၄။ အိမ်ထွင်းပုန်း ကုလားမ အမှု .... ၂၄၇
၁၅။ မောက်တူး အမှု .... ၂၅၇
၁၆။ ပြိုင်မြင်းရှင် မောင်ကြာညွန့်အမှု .... ၂၇၀
၁၇။ အာဠာဝက မောင်ကလေးအမှု .... ၂၈၆
၁၈။ ထူးဆန်းသော နားရွက်ပြတ် နှစ်ခု .... ၃၀၃
၁၉။ ကမာရွတ်ရွာ လူသတ်မှု .... ၃၂၁
၂၀။ ရည်းစားဟောင်း ရုပ်ပုံတော် .... ၃၄၃
၂၁။ ပထမဆုံး စုံထောက်ခဲ့သော ဝတ္ထု .... ၃၅၆
၂၂။ သိုက်ဆရာတယောက်၏ အမှု .... ၃၇၀
၂၃။ ဘင်္ဂါလီ စကားပြန်အမှု .... ၃၈၂


www.burmeseclassic.com

www.burmeseclassic.com


၂၄။ ကပ်စေးနဲ့ မိုးဇက်အမှု .... ၃၉၆
၂၅။ အင်လျားကန် လူသတ်မှု .... ၄၁၀
၂၆။ တွံတေးအိုး ၆ လုံးကွဲမှု .... ၄၂၃
၂၇။ ထူးဆန်းသော အားကစားသမားအမှု .... ၄၄၀
၂၈။ အင်္ဂလိပ်စစ်ဗိုလ်လင်မယားအမှု .... ၄၅၀
၂၉။ လက်ပြတ် အင်ဂျင်နီယာ .... ၄၆၃
၃၀။ စိန်ဝေလျှံ ပျောက်ဆုံးမှု .... ၄၇၅
၃၁။ ဩဇာ သုံးစေ့အမှု .... ၄၉၇
၃၂။ ဗိုလ်ကပြားမလေးတယောက်၏ အမှု .... ၅၁၆
၃၃။ ကျောင်းသားတယောက် ပျောက်ဆုံးမှု .... ၅၃၀
၃၄။ မသင်္ကာသော လင်မယား .... ၅၄၂
၃၅။ စံပဲအထောင်း တွေ့မှု .... ၅၅၇
၃၆။ အမွေမပေးလိုသော ပထွေးအမှု .... ၅၇၀
၃၇။ ကောလိပ်ကျောင်းသားများနှင့် ဉာဏ်ကစားသည့်အမှု .... ၅၈၈
၃၈။ စင်တာဖောဝပ် ဘောသမားပျောက်မှု .... ၆၀၄
၃၉။ ဉာဏ်သမား မောင်မောင်ဦး .... ၆၁၈
၄၀။ အာဇာနည်အသင်း အမှု .... ၆၃၂
၄၁။ ပင်လယ်ကမ်းခြေ လူသတ်မှု၌ စုံထောက်ပုံ .... ၆၆၃
၄၂။ လှေသူကြီး ဦးမိုးသီး .... ၆၈၃
၄၃။ လေးပွင့်ဆိုင် .... ၇၀၁
၄၄။ ရှိမ်းမကားရွာ လူသတ်မှု .... ၇၅၂
၄၅။ ဦးစံရှားအသက်ကို လုပ်ကြံမှု .... ၇၈၆
၄၆။ ကျောက်စီဓားမြှောင် ပျောက်ဆုံးမှု .... ၇၉၈
၄၇။ ဘုံနန်းရိပ်သာ အိမ်ကြီးနှင့် ပတ်သက်သောအမှု .... ၈၁၂
၄၈။ ပျောက်သောသူ ရှာလျှင်တွေ့ .... ၈၄၁
၄၉။ ဘုရင်ခံကတော်၏ စာပျောက်မှု .... ၈၅၉
၅၀။ ပန်းဆိုးတန်း လူသတ်မှု .... ၈၇၂
၅၁။ လယ်ဝန် ဦးသာလူနှင့် ဇနီး မခင်တင့် သတ်မှု .... ၈၈၆
၅၂။ ထူးဆန်းသော အဆိပ်ခတ်မှု .... ၈၉၅
၅၃။ ပွေလီအင်းခွေးကြီး အမှု .... ၉၀၆


www.burmeseclassic.com

www.burmeseclassic.com

# ၂၀။ ရည်းစားပျောက် ရှာပုံတော်*

"ဝတ္ထုရေးဆရာ ဘယ်လိုပင် ဆန်းအောင် စိတ်ကူးသော်လဲ တကယ့် အဖြစ်အပျက်က ပိုပြီး ဆန်းသေးတယ်လို့ ကျုပ် ပြောပြောနေတာကို ကိုသိန်းမောင် မကျေနပ်နိုင်ဘူး မှတ်တယ်၊ ဟုတ်စ"ဟု တနေ့သောအခါ အငြင်းထွက်နေသော စဏာဓားတရပ်အတွက် ဦးစံရှားသည် ကျွန်တော့်အား ထပ်လောင်း၍ မေးမြန်းရာ ကျွန်တော်က—

"ဘယ်ကျေနပ်နိုင်မှာလဲဗျ။ စိတ်ကူးဆိုတာ ညာဏ်သွားတိုင်း ကုလားထိုင်ပေါ်မှာ ထိုင်ပြီး ကူးချင်တိုင်း ကူးနေနိုင်တဲ့ အလုပ်ကပဲ။ တကယ့်အဖြစ်ထက် ပိုပြီး ဆန်းပြားအောင် ကူးနိုင်တာပေါ့ဗျ"ဟု အရှုံးမပေးပဲ ပြန်ပြောလိုက်လေ၏။

"ဟုတ်ပါရိုးလား ကိုသိန်းမောင်ရယ်၊ ခင်ဗျားနဲ့ ကျုပ်နဲ့ ဟောဒီ တခဏမှာ ဒီပြတင်းပေါက်က ငှက်များလို စုံတွဲပျံဆင်းသွားပြီး ရန်ကုန်မြို့ပေါ်မှာရှိတဲ့ အိမ်တွေကို အမိုးဖောက်ပြီး ချောင်းကြည့်လိုက်မယ်ဆိုယင် ဘယ်လူမျိုးမှ ဦးခေါင်းထဲ ထည့်ပြီး စဉ်းစားဖို့ သတိမရနိုင်လောက်တဲ့ အဖြစ်အပျက် အခြင်းအရာတွေကို မြင်လိုက်ရမယ့်ဖြစ်ခြင်း ဘာပြောကောင်းမလဲဗျာ"

"ပြောတတ်ဘူးလေ၊ ခင်ဗျားမှာတော့ တပြည်လုံး တနိုင်ငံလုံး ဆန်းသမျှ ထူးသမျှ အဖြစ်အပျက်တွေကို လာလာပြီး တိုင်ပင်ကြလွန်းလို့ နားနဲ့ဆက်ဆတ် ကြားရဖန် များနေပြီး ခင်ဗျား ခုပြောသလို အယူအဆမျိုး ဖြစ်နေရော့လား မပြောတတ်ဘူး။ ကျွန်တော့်မျက်စိထဲမှာဖြင့် တကယ်ဆန်းတာရယ်လို့ တွေ့ရခဲလှပါဗျာ။

"ကိုင်းဗျာ၊ ဥပမာ ဟောဒီ သတင်းစာကို လှန်ကြည့်လိုက်စမ်းပါအုံး။ 'ရက်စက်သောလင်ယောကျ်ား၏ အပြုအမူ'တဲ့။ ဒါဟာ ဘာဆန်းသလဲ။ ဒီ့ပြင် ငနဲတယောက်နဲ့ မသက်ာပုံ၊ အရက်မူးလာပုံ၊ စကား ဏတောက်ဏဆတ် များကြပုံ၊ လင်ဏ ထရိုက်ပုံ၊ ထိပ်ပေါက်သွားပုံ၊ အိမ်နီးချင်းကဝင်ဖြေပုံ။ ဒါတွေပါတယ်ဆိုတာ ဖတ်မကြည့်ပဲနဲ့ ကျွန်တော်ပြောနိုင်ရဲ့။ စာရေးဆရာထဲက အညံ့ဆုံးလူတယောက်တောင် ဒီ့ထက် ဆန်းဆန်းတော့ စိတ်ကူးနိုင်လိမ့် ထင်ပါလား"

* ဤဝတ္ထုကို မြည်သည့် မဂ္ဂဇင်းတွင် ထည့်သွင်းခဲ့ကြောင်း မသိရသေးပါ။ မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၅ နှင့် ၆ လုံးလုံး စာအုပ်တိုက်မှ အတွဲ ၂ တို့တွင် ဖော်ပြပါရှိသည်။ မူရင်းမှာ A Case of Identity ဝတ္ထုဖြစ်သည်။

www.burmeseclassic.com



ဦးစံရှားသည် ကျွန်တော့်လက်ထဲမှ သတင်းစာကို လှမ်းယူကာ အနည်းငယ် ဖတ်ကြည့်ပြီးနောက်—

"ကိုယ့်လူ ဒီတခါ ဥပမာပြု မှားနေပြီဗျို့။ ဒီဟာ တောင်လုံးပြန်က လင်ကွာမှုကပဲ။ ဒီအမှုမှာ ကျုပ်ကို လာတိုင်ပင်လို့ အရေးကြီးတဲ့ အချက်ကလေး သုံးလေးခုတောင် ကျုပ်ပြောပြလိုက်ရသေးတယ်။ လင်လုပ်တဲ့လူက ခင်ဗျားပြောသလို အရက်မူးမလာတဲ့ပြင် တသက်လုံး တစက်မှ သောက်ဖူးတဲ့လူ မဟုတ်ဘူးဗျ။ မျောက်မ ထားခန်းလဲ့ မပါဘူး။ လင်လုပ်တဲ့ အဖိုးကြီးမှာ ဘာအပြစ်ရှိသလဲဆိုတော့ ထမင်းစားလို့ ပြီးတိုင်း ပြီးတိုင်း သူ့ကျောက်သွားတွေကို ဖြုတ်ပြီး သူ့မယား မျက်နှာကို ပေါက်လေ့ ရှိသတဲ့။ မဆန်းဘူးလားဗျ။ ခင်ဗျား ဝတ္ထုသမားတွေ ဒီယောကျ်ားလုပ်တာလောက် ဆန်းအောင် စိတ်ကူးဖို့ မခဲယဉ်းပေဘူးလား"

"ဟုတ်ပေ့ဗျာ၊ ရှုံးပြီဗျို့ ကျွန်တော်"

"ကိုင်း၊ ရှုံးယင် စီးကရက်သောက်လိုက်အုံး၊ ရော့"

ဦးစံရှားသည် ရှပ်အင်္ကျီအိတ်ထဲမှ စီးကရက်ဗူးကို ထုတ်၍ ကျွန်တော့်အား တည်လေ၏။

ယင်းစီးကရက်ဗူးမှာ ရွှေငွေကြေးနီ ကြေးနက်တို့ကို အကွက်ဖော်၍ ပြုလုပ်ထားသည့် 'လောဟာ' သတ္တုဗူး ဖြစ်လေရာ အလယ်ဗဟိုမှ မြှုပ်ထားသည့် ရွှေဒိုင်းပုံ ရွှေအနား ပန်းတို့ဖြင့် အလွန်တရာ လှပ သိုက်မြိုက်ပေရကား အနည်းဆုံး တန်ဖိုးငွေ ငါးဆယ်ထက် နည်းမည် မဟုတ်ချေ။

ဦးစံရှားမှာ အစစအရာရာတွင် ခပ်ရိုးရိုးနေထိုင်တတ်သူတယောက် ဖြစ်သောကြောင့် ဤမျှလောက် ကြွားဝါဟန် လက္ခဏာရှိသော အသုံးအဆောင် ကိရိယာ တခုနှင့် မလိုက်လျောသလို ဖြစ်နေရကား—

"တယ်လုပ်ပါလား ဆရာကြီး၊ ဘယ်တုန်းက ဝယ်လိုက်တဲ့ ပစ္စည်းလဲဗျ"ဟု ကျွန်တော့်မှာ အူယား လာသည့်အတိုင်း မေးလိုက်မိလေ၏။

"စီးကရက်ဗူးတခုကို ငွေတရာ ပေးဝယ်သုံးမယ့် လူစားမျိုးလားဗျာ၊ ကျုပ်မျက်နှာ ကြည့်စမ်းပါအုံး။ ဘိုင်စကုတ် မင်းသမီးနဲ့ စော်ဘွားကြီး အမှုမှာတုန်းက စော်ဘွားကြီးက ပို့လိုက်တဲ့ လက်ဆောင်လေဗျာ"

"လက်က စိန်လက်စွပ်ကြီးကကောဗျ"

"ဒါက ယိုးဒယားမင်းသားရဲ့ ဟိုတုန်းက ပို့လိုက်တဲ့ လက်ဆောင်ပဲ။ သူ့အမှုကလေးလဲ တော်တော် ထောင်းသားဗျ။ နို့ပေမယ့် တိုင်းကျော်ပြည်ကြား ဖြစ်ကုန်မှာစိုးလို့ ခင်ဗျားကိုတောင် မပြောဝံ့ပဲ ချုန်ထားခဲ့ရတယ်။ တခါတလေတော့ အမှုက မကောင်းလှပဲနဲ့တောင် အမှုသည်က ထိပ်တန်းစား လူထဲက ဖြစ်ယင် လူသိချင်တတ်တာမျိုးလားဗျ။ ဒီအမှုမျိုး ပြောလိုက်ရယင် ခင်ဗျားထင်ပုံမြင်ပုံကလေးနဲ့ဆိုတော့ တိုင်းတုန်သွားမှာပေါ့ဗျာ။ နို့ပေမယ့် မပြောကောင်းပေဘူးဗျ"

ကျွန်တော်တို့သည် အထက်ပါစကားများကို ကျွန်တော်တို့၏ ညှော်ခံခန်းအတွင်း ပြောဆိုလျက် နေကြလေရာ ဦးစံရှားသည် သူ၏ စကားအဆုံး၌ ထိုင်ရာမှထ၍ ပြတင်းပေါက်မှ လက်ထောက်ကာ လမ်းဘက်သို့ လျှောက်ကြည့်နေသဖြင့် ကျွန်တော်လည်း သူ၏ ပခုံးပေါ်မှ ကျော်၍ လှမ်းကြည့်မိလေ၏။

ကျွန်တော်တို့ တိုက်ရှေ့တည့်တည့် လမ်း၏အခြားဘက်၌ ဝဝတုတ်တုတ် လုံးကြီးပေါက်လှ ခေါ်လောက်သော မိန်းမတယောက်သည် ရောမ ဆံထုံးကြီးမျိုး ထုံးလျက်၊ အကွက် အလွန်တရာ ကျယ်လှသော မန္တလေးလုံချည်ကို ဝတ်ကာ ဆုတ်ဆိုင်းသော အမူအရာမျိုးဖြင့် တောင်ကြည့် မြောက်ကြည့် လုပ်နေလေ၏။

တတိယအကြိမ်

www.burmeseclassic.com



"ဒီအမူအရာမျိုးတွေတော့ ကြုံခဲ့ဖူးလှပေါ့ဗျာ။ ရှိုးတိုးရှဲ့တန့် အမူအရာဆိုတော့ ဘာလဲ။ ချစ်ခန်း ကြိုက်ခန်းပေါ့ဗျ။ သို့သော်လဲ မိန်းမဆိုတော့ နှစ်မျိုးအကဲခတ်ရတယ်။ ကိုယ့်အပေါ်မှာ သစ္စာဖောက် သွားတယ်ဆိုယင် ဒိုးဒိုးဒေါင်းဒေါင်း ဂျိုးဂျိုးဂျောင်းဂျောင်း လာတတ်တယ်ဗျ။ ဒီမိန်းမရဲ့ ကိစ္စဟာ ကတော့ စိတ်ဆိုးရမလိုလို၊ သနားရမလိုလို မဝေခွဲနိုင်အောင် ဖြစ်နေတုန်းနဲ့တူတယ် ကိုသိန်းမောင်ရဲ့။ ဟော ဟုတ်လား မဟုတ်လား သိရတော့မယ်ဗျို။ ကျုပ်တို့ဆီကို တည့်တည့်ကြီး တန်းပြီးလာတာပဲ"

အတန်ငယ်ကြာသော် ကျွန်တော်တို့၏ တံခါးစောင့် အလုပ်လုပ်သော ကော်ရင်ဂျီ ကုလားကလေး အပ္ပနားသည် တံခါးကို ဖွင့်၍—

"မိန်းမဆပ် တယောက်လာတယ် ဆပ်"ဟု ပြောရုံမျှ မဆုံးသေးမီ ကျွန်တော်တို့ ကြည့်နေကြသော မိန်းမ၏ တုတ်ခိုင်ထွားကျိုင်းသော ကိုယ်ကာယသည် 'ရေကြောင်းပြ' ကလေးနောက်မှ ခုတ်လာသော စာပို့သင်္ဘောကြီးပမာ အပ္ပနားနောက်မှ ကပ်၍ လိုက်ပါလာလေ၏။

ထိုမိန်းမသည် ခြုံလာသောပဝါကို ကုလားထိုင်ပေါ်တွင်တင်၍ ထိုင်လျက်ရှိစဉ် ဦးစံရှားသည် စူးစိုက်ဟန်မရှိပဲ စူးစိုက်မော့ကြည့်ခြင်းမျိုးဖြင့် ကြည့်လျက်ရှိရာ ယင်းကြည့်နည်းမျိုးကို ဦးစံရှား တဦး တည်း၌သာလျှင် ကျွန်တော် တွေ့မြင်ရဖူး၏။

ညွှန့်သည် မိန်းမက—

"ကျွန်မနာမည် မသန်းရွှေပါတဲ့။ လက်နှိပ်စက်စာရေးအလုပ် လုပ်ပါတယ်။ ဦးစံရှားအကြောင်းကို မင်းကတော် ဒေါ်သိန်းရင် ပြောဖူးတာနဲ့ ကျွန်မ အခက်အခဲကလေး ရှင်းပေးနိုင်မလားလို့ အားကိုးပြီး လာရခြင်းပါရှင်။ ကျွန်မမှာ လူရည်တတ်သမီး မဟုတ်လို့ များများကြီး မတတ်နိုင်သော်လဲ ကိုဘကန်ကြီး ပြန်တွေ့ရအောင် ရှာပေးနိုင်ယင်ဖြင့် ကျွန်မအမွေရတဲ့ လယ်ကော ၁၀ ကို အကုန်လုံးပေးဖို့ ဝန်မလေးပါ ဘူးရှင်"ဟု ပြောရာ ဦးစံရှားသည် လက်ဝဲလက်မှ လက်ငါးချောင်းနှင့် လက်ယာဘက်မှ လက်ငါးချောင်းကို အဖျားချင်းကော့ကာ အထက်သို့ မော်ကြည့်လျက်—

"ဘယ့်နှယ်ကြောင့် ဒီလောက်တောင် ကတိုက်ကရိုက်ကြီး ပြေးလာရသလဲ"

ထိုသို့ မေးလိုက်သဖြင့် မသန်းရွှေသည် အံ့သြသော မျက်နှာဖြင့် တချက်မျှ လှမ်းကြည့်ပြီးနောက်—

"ကတိုက်ကရိုက် ပြေးလာဆို ပထွေးလုပ်တဲ့လူက အေးစက်စက်ကြီးလုပ်လွန်းလို့ မခံချင်တာနဲ့ ဘယ်ရောက်ရောက်ဆိုပြီး ဦးစံရှားဆီ ပြေးလာခဲ့တာပါပဲရှင်။ ပုလိပ်ကို တိုင်ပေးပါဆိုလဲ သွားမပေးဘူး။ 'ကိစ္စမရှိပါဘူး၊ ကိစ္စမရှိပါဘူး'နဲ့ချည်း နေလိုက်တာ၊ သူတို့ကတော့ ကိစ္စမရှိဘူး၊ ဘွင်းဘွင်းပြောရယင် ကျွန်မမှာတော့ ဒီတရည်းစားမို့လို့ ပူရတာပေါ့ရှင်။ ဒါကြောင့် ဒီကနေ့တော့ ဘယ်အဖြစ်ရောက်ရောက် ဦးစံရှားဆီ သွားတိုင်မယ်ဆိုပြီး ကတိုက်ကရိုက် အဝတ်လဲပြီး ပြေးလာခဲ့တာပါပဲရှင်"ဟု လေဆက်မပြတ် ပြောလေ၏။

"ပထွေးက ဘယ်အရွယ်လဲ"

"ပထွေးသာဆိုရ ကျွန်မထက် ငါးနှစ်တည်း ကြီးပါတယ်ရှင်"

"မိခင် ရှိသေးတယ်နော်"

"ရှိပါတယ်ရှင်၊ မာလိုက်တာမှ ဒင်ဒင်မြည်လို့။ ဖေဖေဆုံးပြီး ပြီးချင်း ကိုယ့်တူလောက် ရှိတာ ကလေးကို ချက်ချင်းယူရမလားလို့ မေမေ့ကို ကျွန်မ မတည့်ဘူးရှင့်။ ပြီးတော့လဲ ဖေဖေ့ ပရိက္ခရာဆိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



သူတို့လင်မယားက ငွေခြောက်ထောင်တည်းနဲ့ ရောင်းစားပစ်လိုက်တယ်ရှင့်။ မေမေ့ယောကျ်ားက ဆန်းလိုက် ဆပ်ပြာ ကိုယ်စားလှယ်ဆိုလားရှင်၊ ဟန်ကြီးပန်ကြီးနဲ့။ ဘူလိနတ်စ ဆိုင်ကလေးမျိုးကို ရှက်လှသလေး ဘာလေးနဲ့ဆိုပြီး အတင်းရောင်းပစ်ကြတယ်ရှင့်''

''ခုနင်က ပြောတဲ့ လယ်ကေ ၇၀ ဟာက ဘယ်ကလဲ''

''ဒီလိုပါရှင်၊ ကျွန်မ အဖေဘက်က ဘကြီးတယောက်ဆုံးတော့ သူ့မှာ အမွေခံ အမွေစား သားသမီး မရှိတာနဲ့ သူ့ လယ်ကေ ၇၀ ကို ကျွန်မ ရရစ်တယ်ရှင့်။ လယ်တွေက ရစ်ကန်မှာ။ တနှစ်ကို ကျွန်မအတွက် စပါးတထောင်ကျော်လောက် ရပါတယ်''

''လယ်ကလဲ စပါးရသေး၊ စာရေးအလုပ်ကိုလဲ လုပ်လိုက်သေး။ ဒါဖြင့် တလ တလကို တော်တော်စီပြီး တော်တော် သုံးလောက် စုံလောက်မှာပေါ့နော်''

''ဒီလိုပါရှင်၊ လယ်ကရတဲ့ စပါးကိုတော့ မေမေတို့နဲ့ နေတဲ့အခိုက်မှာ မေမေတို့ကို အကုန်လုံး ကျွန်မပေးလိုက်တာပါပဲ။ ကျွန်မမှာ လခ ခြောက်ဆယ်ရလေတော့ မိန်းမသားဆိုတော့ ဒီလခနဲ့ လုံလောက်လို့မို့ သူတို့ စပါးဘယ်ဈေးရောင်းတုံး လို့တောင် ကျွန်မ မေးမကြည့်ဘူး။ တခါတည်း မျက်နှာလွှဲပေး ထားတော့တာပါပဲ''

''အင်း ဟုတ်ပြီ။ ကိုင်း ကိုဘကန်အကြောင်း ပြောစမ်းပါအုံး''

ရွှံ့ရှက်ဟန်ဖြင့် ပဝါကိုလှည့်၍ လှမ်းဆွဲပြီးနောက်—

''ကိုဘကန်ကို မနှစ်က မိုးကောင်းဘုရားပွဲမှာ ကျွန်မ စပြီး တွေ့ရပါတယ်။ ဒီဘုရားပွဲမှာ ဝန်ထောက် ဦးမုန်းတို့က နှစ်စဉ် မဏ္ဍပ်ထိုးပြီး ညွှန်ခံလေတော့ ကျွန်မက သွားပါရစေဆိုတော့ ပထွေး ကိုသောင်းတန်က မသွားရဘူးတဲ့။ ဒီပထွေးက ဘယ်လိုလူလဲ မဆိုနိုင်ဘူးရှင့်။ ကျွန်မ အဖေထက်တောင် ကပ်သပ်သေးတယ်။ ဟို သွားပါရစေဆို မသွားရ၊ ဒီ လာပါရစေဆို မလာရ။ ဒါနဲ့ ကျွန်မ မိုးကောင်းဘုရားပွဲတုန်းကတော့ ဘယ်အဖြစ်ရောက်ရောက် မသွားမနေဘူး။ ဘယ်သူက ဘာဆိုင်လို့ သူများခြေထောက်ကို ချုပ်ချယ်နိုင်ရသလဲ၊ ငယ်တော့တဲ့ အရွယ်လဲ မဟုတ်တော့ဘူးဆိုပြီး အတင်း သွားဖို့ ပြင်ဆင်တာကိုးရှင့်။ ဒါနဲ့ နောက်ဆုံးတော့ ပထွေးက လက်လျှော့ပြီး မန္တလေးလဲ ထွက်သွားရော ကျွန်မတို့ သားအမိနှစ်ယောက် ဘုရားပွဲကို နှစ်ညအိပ် သွားကြပါရောရှင့်။ ဒီတုန်းက ကိုဘကန်ကို ကျွန်မ စပြီး တွေ့တာပါပဲ''

''ဒါနဲ့ ပထွေး ကိုသောင်းတန် မန္တလေးက ပြန်လာတော့ ဘုရားပွဲလိုက်ရမလားလို့ စိတ်ဆိုးသေး သလား''

''မဆိုးပေဘူးရှင့်။ မိန်းမဆိုတာ ဘယ်သူ ဘာပြောပြော ကိုယ်ထင်ရာ ကိုယ်လုပ်ကြတာပဲတဲ့။ ရယ်ရယ်မောမောနဲ့ အေးအေးချမ်းချမ်းပဲ နေပေတယ်ရှင့်''

''မိုးကောင်းဘုရားပွဲမှာ ကိုဘကန်ကို တွေ့ရော၊ ဟုတ်စ''

''ဟုတ်တယ်ရှင့်၊ ဘုရားပွဲက ပြန်လာတော့လဲ ဘိုင်စကုတ်တို့ ဘာတို့ နှစ်ခါ သုံးခါ သူလိုက်ပို့ တယ်။ အိမ်ကိုလဲ လာလည်တယ်။ ပထွေးလဲ ပြန်လာရော သူလဲ မလာတော့ဘူးရှင့်''

''တခါတည်း မလာတော့ဘူးလား''

''ဒီလိုရှင်၊ ကိုသောင်းတန်က ယောကျ်ားသူငယ်ချင်းတွေ ဘာတွေနဲ့ ရှုပ်ရှုပ်ရှက်ရှက် မကြိုက်တတ် လေတော့ မလာတာပါပဲရှင်''

''သူ့ကာကော မလာနဲ့ ဆိုလို့ နေရောလား။ အလုပ်တိုက်တို့ ဘာတို့ကို သူ မလာဘူးလား''



www.burmeseclassic.com

www.burmeseclassic.com


"ဒီလိုပါရှင်၊ ပထွေးလဲ သုံးလေးရက်အတွင်းမှာ မန္တလေးသွားအုံးမှာ ဖြစ်လေတော့ သူရှိနေတုန်းမှာ မတွေ့တာသာ ကောင်းတယ်ဆိုပြီး နှစ်ဦးသဘောတူ ရှောင်နေကြခြင်း ဖြစ်ပါတယ်။ စာတော့ ရေးလျက်ပါပဲ။ သူလဲ ရေး၊ ကျွန်မကလဲ ရေး၊ နေ့တိုင်းလို စာနဲ့ တွေ့နေကြပါတယ်"

"သမီးရည်းစားဘ၀ ရောက်ကြပြီပေါ့နော်"

"လက်ထပ်ဖို့ ပြောပြီးပါပြီရှင်"

"သူက ဘယ်မှာ အလုပ် လုပ်သလဲ"

"သင်္ဘောတိုက်မှာ လုပ်တယ်ရှင့်။ ဘယ်တိုက်လဲတော့ ကျွန်မ မသိဘူး"

"နေတော့ကော"

"နေတော့ ရန်ကုန်ထဲမှာပဲ နေတယ် ပြောပါတယ်"

"လိပ်စာလဲ မသိဘူး၊ ဟုတ်စ"

"မသိပါဘူးရှင်"

"စာထည့်တော့ ဘယ်လိုလိပ်နဲ့ ထည့်သလဲ"

"မောင်ဂိုမာရီ စာတိုက်က ကျေးဇူးပြု၍ဆိုပြီး ထည့်ရပါတယ်။ သူကိုယ်တိုင် လာယူတယ်လို့ ပြောပါတယ်"

"သူ့အလုပ်တိုက်ကို ဘာကြောင့် မထည့်ရသလဲ"

"မိန်းမလက်ရေးနဲ့ စာတွေ ဘာတွေ မြင်ယင် သူငယ်ချင်းတွေက လှောင်ကြ ပြောင်ကြမှာစိုးလို့ပါတဲ့ရှင်"

"လက်နှိပ်စက်နဲ့ ရိုက်ထည့်ယင်ကော"

"စက်နဲ့ရိုက်ယင် သူနဲ့ ကျွန်မနဲ့ ကြားမှာ စက်ဝင်ရှုပ်တယ်လို့ သူ့စိတ်မှာ ထင်ပါတယ်တဲ့။ ကျွန်မလက်ရေးကို မြင်ရမှ သူအိပ်နိုင်ပါတယ်တဲ့ရှင်။ ခင်တော့လဲ ဒါလောက်တောင် ခင်တဲ့ လူတယောက်ပါရှင်"

"ဒီအချက် အရေးကြီးတယ်။ စဉ်းစားဖို့ပဲ။ ကိုဘကန်နဲ့ ပတ်သက်ပြီး ဒီ့ပြင်ကော ဘာများ ပြောစရာ ရှိသေးသလဲ"

"အရှက်အကြောက် အင်မတန် အားကြီးတဲ့ လူတယောက်ပါရှင်။ ကျွန်မနဲ့ လမ်းလျှောက်တာတောင် နည်းနည်းမှောင်မှ လျှောက်ချင်တယ်။ အမူအရာလဲ အင်မတန် သိမ်မွေ့ပါတယ်။ စကားတောင် ကျယ်ကျယ် ဘယ်တော့မှ မပြောဘူး။ လေသံကလေးနဲ့ပဲ ပြောတတ်တယ်။ သူပြောတော့ လည်ချောင်းမှာ အနာပေါက်ဖူးလို့ ဆိုလားရှင်။ ဝတ်ပုံစားပုံကလဲ ရှိုးရှိုးနဲ့ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ရှိပါတယ်။ မျက်စိထဲက အားနည်းလို့တဲ့။ အလင်းရောင် မကြည့်နိုင်ရှာလို့ နေရောင်ကာ မျက်မှန်နက်ကြီး အမြဲ တပ်ထားရတယ်ရှင့်"

"ကိုသောင်းတန် မန္တလေး ပြန်သွားတော့ ဘယ်လိုဖြစ်သွားသလဲ"

"ပထွေးလဲ သွားရော သူလဲ အိမ်ပေါက်လာပြီး မြန်မြန်လက်ထပ်ဖို့ ပူဆာတယ်ရှင်။ ပထွေး ပြန်မလာခင် ကိစ္စပြီးစီးအောင် စီမံလိုက်ကြစို့တဲ့။ ဒီလူက ခင်ချင်မိမှဖြင့် ကမန်းကတန်းကြီးပဲရှင့်။ ကျွန်မကို လက်ထပ်ဖို့ ပြောတဲ့နေ့က 'မသန်းရွှေရယ်တဲ့၊ ဘယ်လိုဖြစ်ဖြစ် ဘယ်အခြေအနေမျိုးပဲ ရောက်ရောက် ကျုပ်အပေါ် သစ္စာမဖောက်ပါနဲ့နော်'တဲ့။ ပြောပြောဆိုဆိုနဲ့ ဗေဒင်ရေအိုးက ရေယူပြီး သစ္စာရေ တိုက်သေးတယ်ရှင့်။ ဘယ်လိုပင်ဖြစ်စေ ကိုဘကန်အပေါ်မှာ သစ္စာမဖောက်ပါဘူးလို့ ဆိုပြီး သစ္စာရေ သောက်ရတယ်ရှင့်။ မေမေကတောင် ကူပြီး တိုက်တွန်းပေးလိုက်ချေသေးရှင့်။ မေမေကလဲ ဘာမှ မပြောနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



သဘောတူလိုက်တဲ့ဖြစ်ခြင်း လူနိုပါဖော။ ကျွန်မထက်တောင် သဲနေလိုက်ချေသေးရှင့်။ သူကပါပျာလောင်ခတ်နေတော့တာပဲ”

“ဒါနဲ့ လက်ထပ်ဖို့ စီစဉ်ကြရောလား”

“ဟုတ်ကဲ့ရှင်၊ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး။ လူကြီးလူကောင်း သုံးလေးယောက် ခေါ်ပြီး လက်ဖက်ရည်ကလေးနဲ့ ညှော်ခံကြဖို့ပါပဲ။ ဒါနဲ့ နက်ဖြန် လက်ထပ်တော့မယ်ဆို ဒီနေ့နှယ်က မေမေရယ်၊ ကိုဘကန်ရယ်၊ ကျွန်မရယ် ရိုးတိုက်သွားပြီး ပစ္စည်းကလေး နည်းနည်းပါးပါးဝယ်ခြမ်း၊ မုန့်တိုက်မှာ ကိတ်မုန့်မှာ၊ ပြီးလို့ အိမ်ပြန်လာကြတော့ လား လား၊ ကိုဘကန် ကျန်နေရစ်ချေပါလေရောရှင်”

“ဆိုပါအုံး၊ ဘယ်ပုံကျန်ရစ်တာလဲ”

“မေမေနဲ့ ကျွန်မက ရှေ့က လန်ချားတစီး၊ ကိုဘကန်က နောက်က လန်ချားတစီး။ ဒီလိုနဲ့ ဟိုဝင်ဒီထွက် ဝယ်ခြမ်းလာခဲ့ကြ။ မုန့်တိုက်က ထွက်လာလဲ ဒီလိုပဲ သူက နောက်ကလိုက်တယ်။ အိမ်ရောက်လို့ ကျွန်မတို့ လန်ချားရပ်ပြီး ဆင်းကြတော့ သူ့လန်ချား ပါမလာဘူးရှင်။ နို့ပေမယ့် တော်တော်ကြာ ပေါက်လာလိမ့်မယ်ထင်ပြီး မျှော်နေကြတယ်။ တော်တော်ကြာတော့လဲ မလာဘူး။ နက်ဖြန် လက်ထပ်ဖို့နေ့ ကျတော့လဲ မပေါ်လာတော့ပါဘူးရှင်”

“ဒါ ဘယ်နှစ်ရက် ရှိပြီလဲ”

“လွန်ခဲ့တဲ့ သောကြာနေ့ကပါပဲ။ အဲဒီကတည်းက ကနေ့ထိ လူလဲ ပေါ်မလာ၊ ဘာသံမှလဲ မကြားရတော့ပါဘူး ဦးစံရှားရှင်”

“သူလုပ်ပုံ တယ် ရှက်စရာကောင်းဗျာ၊ သိပ်ဆိုးတဲ့လူပဲ”

“ဒီလို ဟုတ်ဘဲထင်ပါဘူး ဦးစံရှားရှင်၊ ကျွန်မအပေါ်မှာ အင်မတန် ကြင်နာတဲ့လူပါ။ စိမ်းစိမ်းကားကား ပြုရက်တဲ့လူ မဟုတ်ပါဘူး။ ဟိုနေ့ကတောင် သူက ပြောရှာသေးတယ်။ ဘာပဲဖြစ်ဖြစ် ဘယ်အခြေရောက်ရောက် သူ့အပေါ်မှာ သစ္စာမဖောက်ဖို့ အကြောင်းကို အတန်တန် မှာရှာသေးတယ်။ သူပြောတဲ့ စကားကားတော့ဖြင့် နိမိတ်မကောင်းဘူးပဲ။ နို့ပေမယ့် တခုခုဖြစ်မှာကို မြင်လေလို့များ ဒီစကားကို သူပြောသေးသလားတော့ မဆိုနိုင်ဘူးရှင့်”

“မိန်းကလေးသဘောက ကိုဘကန်မှာ ဘေးအန္တရာယ် အကြီးအကျယ် တစုံတခု ဆိုက်ရောက်နေတယ်လို့ ထင်တယ်လား”

“ဘေးအန္တရာယ် တခုခုမြင်လို့ ဒီစကား သူပြောပြီး သူမြင်တဲ့အတိုင်း ဖြစ်နေပြီလို့ ထင်တာပါပဲရှင်”

“ဘယ်လို ဘေးအန္တရာယ်မျိုးလို့တော့ မထင်တတ်ဘူးပေါ့”

“မထင်တတ်ပါဘူးရှင်”

“တခုမေးပါရစေ၊ မိန်းကလေးရဲ့ အမေကကော ဘယ့်နှယ်လဲ”

“မေမေက စိတ်ဆိုးတယ်ရှင့်၊ ဒီလူကို နောက် ဘယ်တော့မှ စကားမပြောနဲ့တော့တဲ့”

“ပထွေးကကော ဘယ့်နှယ်လဲ”

“ပထွေးပြန်လာလို့ ပြောပြတော့ သူကလဲ ကျွန်မ တွေးသလို တခုခုဖြစ်ပြီလို့ ထင်တာပဲရှင်။ တနေ့နေ့တော့ ကိုဘကန်ဆီက အကြောင်းကြားပါလိမ့်မယ်တဲ့။ ကျွန်မကို ဒီလို နှပ်လို့ ဘာအကျိုးရှိသလဲရှင်။ ကျွန်မကို လက်ထပ်ပြီး ကျွန်မလယ်ကလေး ဖြုတ်ဖို့ ကြံစည်ယင်လဲ မကောင်းတွေးစရာရှိသေးရဲ့။ အခုတော့ သူ့ဟာက ဒီလိုလဲ လှည့်ဖြားတာ တခုမှ မပါဘူးရှင့်။ ငွေနဲ့ ကြေးနဲ့ ပတ်သက်လို့လဲ အင်မတန်



www.burmeseclassic.com

www.burmeseclassic.com



ကင်းရှင်းအောင်နေတဲ့ လူပဲ။ ကျွန်မဆီက တပြားတချပ်မှ ဘယ်တော့မှ အကူအညီ မတောင်းဖူးဘူး။ ဘယ်လိုများဖြစ်လို့ ဒီလောက်တောင် ငုပ်ချက်သားကောင်းပြီး စာမရေး ဘာမရေးနေတယ်လို့ ပြောပဲ မပြောတတ်ပါဘူးရှင်။ ကျွန်မဖြင့် ဟိုနေ့ကတည်းက တမှေးမှ အိပ်လို့မရပါဘူး။ တညဉ့်လုံး ထိန့်ထိန့် လင်းရတာချည်းပါပဲရှင်''

မသန်းရွှေသည် ပဝါဖြူကလေးကို ထုတ်၍ မျက်ရည်များ သုတ်ရှာလေ၏။

ဦးစံရှားလည်း ကြင်နာသော မျက်နှာထားဖြင့်—

''ကောင်းပြီလေ၊ မပူပါနဲ့။ နေရာကျအောင် ကြည့်လုပ်ပေးပါ့မယ်။ သို့သော် တခုတော့ မှာလိုက်မယ်နော်။ ကိုဘကန့်အပေါ်မှာတော့ တတ်နိုင်သမျှ ကြိုးစားပြီး အာရုံဖြတ်ထားယင် ကောင်းလိမ့်မယ်''

''ဒါဖြင့် သူ့ကို ကျွန်မ တွေ့ရဖို့ မျှော်လင့်စရာ မရှိဘူးလို့ ထင်ပါသလားရှင်''

''ဟုတ်ကဲ့၊ ဒီလိုပဲ ထင်တယ်''

''ဒါဖြင့် သူ ဘာဖြစ်တာလဲ ရှင်''

''ဒီကိစ္စ ကျုပ်ကို လွှဲခဲ့ပါလေ၊ ဒါနဲ့ သူ့ လူပုံလူပန်းကို သေသေချာချာပြောပြီး သူ့ဆီက စာများရှိယင် ပေးထားခဲ့ပါ''

''ဟောဒါက သူရိယသတင်းစာထဲမှာ ကျွန်မ ကြော်ငြာထည့်ဖူးတဲ့ ဖြတ်ပိုင်းပါရှင်။ ဒါကတော့ သူ့ဆီက ရဖူးတဲ့ စာလေးစောင်ပါ''

''မိန်းကလေးရဲ့ လိပ်ကော''

''ဦးဝိဇ္ဇာလမ်း ထောင့် အိမ်ပါ''

''ကိုဘကန့်ရဲ့ လိပ်တော့ မိန်းကလေး မသိဘူး၊ ဟုတ်စ။ ပထွေး ကိုသောင်းတန့်ရဲ့ အလုပ်တိုက်ကော''

''ဆန်းလိုက်ဆပ်ပြာ ကုမ္ပဏီအတွက် နယ်လှည့်ကိုယ်စားလှယ် လုပ်ပါတယ်ရှင်။ ဆန်းလိုက်တိုက် ရေးယင်လဲ ဆက်နိုင်ပါတယ်''

''ကိုင်း တော်ပါပြီ၊ ပြည့်စုံပါပြီ။ ကျုပ် မှာတာ မမေ့နဲ့နော်၊ ကိုဘကန့်အကြောင်းကို စိတ်ထဲမှာ မထားနဲ့၊ ဖျောက်ပစ်လိုက်၊ ကြားလား''

''မှာတာတော့ မမေ့ပါဘူး၊ နို့ပေတဲ့ သူ့ကို မေ့ဖို့တော့ ကျွန်မ မတတ်နိုင်ပါဘူးရှင်။ သေတောင် မေ့နိုင်မယ် မထင်ပါဘူး။ သူပြန်လာတဲ့နေ့မှာ....''

''ကောင်းပါပြီ၊ ကောင်းပါပြီ။ နေရာကျကျချင်း အကြောင်းကြားလိုက်ပါ့မယ်''

မသန်းရွှေ ဆင်းသွားသောအခါ ဦးစံရှားသည် ကျွန်တော့်ကို လုံးလုံး သတိရတော့ဟန် လက္ခဏာ မရှိပဲ ဆေးတံကို ဆေးထည့်ကာ အငွေ့တချောင်းချောင်း ထွက်အောင် ဖွာလျက်ရှိလေ၏။ အတန်ကြီး ကြာသောအခါမှ—

''အမှုကတော့ မဆန်းလှဘူး။ မိန်းကလေးကတော့လဲ ဆန်းတယ်လို့ မဟုတ်ဘူး။ သို့သော် စဉ်းစား ဆင်ခြင်စရာကောင်းလောက်မယ့် စိတ်သဘောထားမျိုး ရှိတယ်ဗျ။ စိုက်လိုက် မတ်တတ်ကြီးထဲကလဲ မဟုတ်လှဘူး။ သို့သော်လဲ သူလို ရိုးတဲ့ မိန်းကလေးမျိုး ခုခေတ်မှာ ခပ်ရှားရှားပဲ။ သူ့စိတ်သဘောနဲ့ သူ့ဆံထုံးကြီးနဲ့ နည်းနည်းမှ မလိုက်ဘူး။ တခြားစီ ဖြစ်နေဘော့တာပဲ။ အမှုထဲမှာလဲ ကျုပ် ကြိုက်တာကလေးတွေ တချက် နှစ်ချက် ပါပါရဲ့။ သို့သော် မိန်းကလေးသဘောကို ကျုပ် သာပြီး ကြိုက်တယ်''

''ဘယ်လို ကြိုက်ပုံလဲဗျ''



www.burmeseclassic.com

www.burmeseclassic.com


''ကြိုက်ဘာက ချစ်တဲ့ ကြိုက်တဲ့ အကြိုက်မျိုးထဲက မဟုတ်ပါဘူး။ လေးငါးခါ တွေ့ရမြင်ရတာနဲ့ တသက်လုံး မမေ့နိုင်လောက်အောင် စွဲနေပါတယ်ဆိုတဲ့ သဘောကလေး ကျုပ်ကြိုက်တယ်။ ခုကာလမှာ ဒီသဘောမျိုး ခင်ဗျားလိုက်ရှာကြည့်။ တွေ့လိမ့်မယ်၊ လှေကား ၇ ထစ် ဆင်းမိယင် အပျိုဖြစ်တယ်ဆိုတဲ့ စိတ်ထားမျိုးချည်းပဲ တွေ့ရလိမ့်မယ်''

''ဒီမိန်းကလေးမှာ ကျွန်တော် မမြင်တဲ့ အချက်တွေ ခင်ဗျားမြင်ထားဟန် တူတယ်''

''မြင်တာ မဟုတ်ဘူးဗျ၊ သတိပြုမိတာ။ ကိုင်း၊ ခင်ဗျား မြင်သလောက် ပြောပြစမ်း''

''ဆံထုံးကြီး ကြီး၊ စမ်းချောင်း စိန့်ငှက်ရုပ် ဆံထိုးကလေးနဲ့ မျက်ခုံးကုပ်ကုပ်၊ ပါးဖောင်းဖောင်း၊ နှာတံပြားပြား၊ အသားဖြူဖြူ၊ ပန်းရောင်နု ပဝါခြုံလို့၊ ရှိုသားအင်္ကျီ၊ ဇာဘော်လီ၊ မန္တလေး လုံချည် ကွက်ကျဲ၊ ကတ္တီပါဖိနပ် ကြံရောင်စီးလို့။ ဒါပါပဲဗျာ''

''အသွေးအရောင်နဲ့ ပတ်သက်လို့တော့ တော်တော်မှတ်မိတဲ့ လူနဲ့တူရဲ့၊ အရေးကြီးတဲ့အချက်တွေက လွဲယင် အားလုံး မြင်မိဟန်တူတယ်။ ဒီမိန်းမ ဝတ်ပုံစားပုံဟာ တော်တော် သပ်သပ်ရပ်ရပ်နဲ့ ဂရုတစိုက် ဝတ်ထားတာ တွေ့တယ် ဟုတ်လား''

''ခင်ဗျားပြောမှ စဉ်းစားကြည့်တော့ တွေ့မိပါတယ်''

''သူဝတ်တဲ့ ရင်စေ့အင်္ကျီမှာ အောက်ဆုံး ကြယ်သီးရဲ့ အထက်က ကြယ်သီးတလုံး မတပ်မိပဲ ဖြစ်နေတာ ခင်ဗျား မြင်မိလား''

''ဒါတော့ မမြင်မိပေဘူးဗျာ''

''နေရာတကာမှာ သပ်သပ်ရပ်ရပ် ဝတ်စားတတ်တဲ့ မိန်းမတယောက်ဟာ အင်္ကျီ ကြယ်သီးတလုံး မတပ်မိပဲနဲ့ မေ့ကျန်ချခြင်းဟာ ဘာကြောင့်လဲဗျ။ ကတိုက်ကရိုက် ဝတ်စားပြီး ထွက်လာမိလို့ဟာပေါ့ဗျ။ ဒါကို ကျုပ် ပြောလိုက်တော့ သူ အံ့သြသွားတာ မြင်လိုက်သေး ဟုတ်လား''

''မြင်လိုက်ပါတယ်။ ဒီ့ပြင်ကောဗျာ''

''ထွက်လာခါနီးမှာ စာတစောင် ရေးထည့်ခဲ့သေးတယ်လို့ ကျုပ် ဆိုဝံ့တယ်။ သူ့ လက်ယာဘက် လက်ညှိုးမှာ မင်နည်းနည်းစွန်းနေတာ ခင်ဗျား သတိပြုမိလိုက်ရဲ့လား။ ခပ်စောစောက တင်ကြိုပြီးရေးယင် ဒီမင် ရှိမယ် မဟုတ်ဘူး။ ဖိးတုန်း လိမ်းတုန်းက သုတ်သင်ပစ်လိုက်မယ်။ အခုတော့ ဖိးလိမ်းပြီး ထွက်လာ ခါနီးမှာ ရေးရခြင်း ဖြစ်လို့မို့ ဒီမင်ဟာ ဒီအတိုင်း ပါလာခဲ့တယ်လို့ ကျုပ် ဆိုတယ်။ ကိုင်း ဒါထက် သူ့ အမှုကလေးအကြောင်း ဆက်ပြီး စဉ်းစားကြအုံးစို့ဗျာ။ သူ့ကြော်ငြာ ဘယ်မှာလဲ။ ဖတ်ပြစမ်းပါအုံး''

ထိုအခါ ကျွန်တော်သည် မသန်းရွှေ ထားခဲ့သော သတင်းစာ ဖြတ်ပိုင်းကို ကောက်ယူ၍ အောက်ပါ အတိုင်း ဖတ်ပြရလေ၏။

### လူတယောက် ပျောက်ဆုံးခြင်း

''လွန်ခဲ့သော ဇွန်လ ၁၄ ရက်(သောကြာနေ့) နံနက် အချိန်တွင် အသက် ၃၀ ကျော် အရွယ်ခန့်ရှိ ကိုဘက်နီ ဆိုသူ တယောက် ပျောက်ဆုံးသွားကြောင်း။

''အရပ် မနိမ့်မမြင့်၊ အသား မဖြူမညို၊ မတုတ်မဝ၊ နဖူးကျဉ်းကျဉ်း၊ နှုတ်ခမ်းမွေး ထူထူ၊ စကားကို တိုးတိုး ပြောတတ်သည်။ ပျောက်သွားသော နေ့က ထားဝယ်လုံချည်၊ သက္ကလပ်နက် အင်္ကျီ၊ ကာကီ ဦးထုပ် ဆောင်းထားသည်။ တွေ့ရှိသူများသည်..............

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


"တော်ပြီဗျာ၊ သူ့စာတွေ ဘယ်မှာလဲ။ ပြစမ်းပါဦး"

ဦးစံရှားသည် မသန်းရွှေ ထားခဲ့သော စာ လေးစောင်ကို ယူ၍ လှန်လှောကြည့်ရှုပြီးနောက်—

"သူ့စာ လေးစောင်လုံး စီကုံးရေးထားပုံမှာ ထူးထူးခြားခြား ဘာတစ်ခုမှ မတွေ့ရဘူးဗျ။ သာမည သမီးရည်းစား ရေးရိုးရေးစဉ် စာမျိုးပဲ။ သို့သော် စာသွားစာလာ မထူးခြားသော်လဲ ရေးပုံ ထူးခြားတာ တချက် ရှိတယ်"

"လက်နဲ့ မရေးပဲ လက်နှိပ်စက်နဲ့ ရိုက်ထားလို့လား"

"အစစ်ပဲ။ ပြီးတော့ ကြည့်စမ်း၊ စာတွင် မဟုတ်ဘူး၊ လက်မှတ်ထိုးရာမှာတောင် လက်နှိပ်စက်နဲ့ ထိုးထားတယ်၊ တွေ့လား"

"ဟုတ်ပါရဲ့ဗျာ၊ တကယ်ဆိုယင် လက်မှတ်တော့ လက်ရေးနဲ့ ထိုးဖို့ ကောင်းပါတယ်"

"ရည်ရွယ်ချက်ရှိတယ်ဗျ၊ အလကား မဟုတ်ဘူး။ အဓိပ္ပာယ်ရှိဘယ်"

"ဘယ်လို အဓိပ္ပာယ်လဲ"

"ကိုသိန်းမောင် ဒါတောင် ခင်ဗျား မရိပ်မိဘူးလားဗျ"

"တကယ့်တကယ် အရေးကျယင် သူ့စာ မဟုတ်ဘူးလို့ ကွယ်နိုင်ဖို့လားဗျာ"

"ဒါကြောင့်လဲ့ မဟုတ်သေးဘူး။ သို့သော်လဲ သေချာအောင်ဟာ စာနှစ်စောင် ကျုပ်ရေးထည့် လိုက်အုံးမယ်။ တစောင်က အလုပ်တိုက်တတိုက်ကို။ တစောင်ကတော့ နက်ဖြန် ညနေ ၆ နာရီလောက်မှာ ကျုပ်တို့ကို လာတွေ့ဖို့ ပထွေး ကိုသောင်းတန်ဆီ ထည့်ဖို့ စာပဲ။ အလုပ် လုပ်ရယင် ယောကျ်ားချင်း လုပ်ရတာက ကောင်းတယ်ထင်ပဗျာ။ ကိုင်း ကိုသိန်းမောင်၊ ဒီစာနှစ်စောင်အတွက် ပြန်စာ မရသေးမီ အတွင်းတော့ ဒီကိစ္စ အသာထားပြီး ဘောလုံးပွဲသွားကြည့်လိုက်ကြအုံးစို့လားဗျ။ ဘောလုံးပွဲပြီးတော့ ဘိုင်စကုတ်၊ ဟုတ်လား။ ဒီတခါ ဗမာကား ကြည့်ကြစမ်းရအောင်ဗျာ"

× × ×

နောက်တနေ့ ညနေ၌ ကျွန်တော်သည် မန္တလေးက မိတ်ဆွေတယောက်နှင့် တနေ့လုံး လည်ပတ်ရာမှ ၅ နာရီခွဲခန့်တွင် ခွဲခွာ၍ ဘရုတ်ကင်းလမ်းရှိ ကျွန်တော်တို့၏ တိုက်ခန်းသို့ ပြန်လာခဲ့လေ၏။

ဦးစံရှားမှာ သူ၏ ထုံးစံအတိုင်း ဖန်ဗူး ဖန်ခွက် ဖန်တံ ဖန်ပြွန် စသော ဓာတ်ခွဲကိရိယာ တန်ဆာ များနှင့် အပျင်းပြေ ဓာတ်ခွဲလျက်ရှိသည်ကို တွေ့ရလေ၏။

"ဘယ့်နှယ်လဲ ဦးစံရှား၊ ဖော်နိုင်ပြီလားဗျ"

"ဖော်နိုင်ပါပြီ။ ဆိုဒီယံကလိုရိုက် ထည့်ပေးလိုက်ယင် ဖြစ်တော့တာပါပဲ"

"ဒါ မဟုတ်ပါဘူးဗျ၊ မသန်းရွှေရဲ့ အမှုကလေး ပြောတာပါ"

"ဩော် ဒါလား။ ဒါကတော့ အစကတည်းက ဖော်ပြီးသားပဲ။ သေချာအောင်လို့ စာရေးပြီး မေးကြည့်ရတာလောက် ရှိတာပဲ။ ကျုပ် မကျေနပ်တာ တခုတည်းရှိတယ်ဗျ။ မိန်းကလေးကို ရက်ရက်စက် စက် နှုပ်သွားတဲ့ အကောင်ကို တရားစွဲရအောင် ပုဒ်မ တပ်ဖို့က ခက်နေတယ်"

"နှုပ်တဲ့ အကောင်က ဘယ်သူလဲဗျ။ မသန်းရွှေကို လက်မထပ်ခင် တနေ့မှာ စွန့်ပစ်သွားတာက ဘယ်လို ရည်ရွယ်ချက်နဲ့လဲ"

ဦးစံရှားသည် ကျွန်တော်၏ မေးခွန်းကို ဖြေမည်ပြုဆဲတွင် လှေကားမှ ခြေသံကြားရပြီးနောက် တံခါးခေါက်သံ ကြားရသဖြင့်—



www.burmeseclassic.com

www.burmeseclassic.com



"မသန်းရွှေရဲ့ ပထွေး ကိုသောင်းတန်နဲ့တူတယ်။ ဒီကနေ့ညနေ လာခဲ့မယ်လို့ စာပြန်ထားတယ်" ဟု ပြောပြီးလျှင်—

"ဝင်ခဲ့လေ" ဟု ခေါ်လိုက်လေ၏။

ထိုအခါ တံခါးပွင့်လာ၍ အသက် ၃၀ အရွယ်ခန့်ရှိ လိုက်လျောသော မျက်နှာထားမျိုး ရှိသည့် လူတယောက်သည် ပြုံးပြုံးရွှင်ရွှင်နှင့် အခန်းတွင်းသို့ ဝင်လာရာ ထိုသူ၏ မျက်လုံးများမှာ သတိပြုမိလောက်အောင် ကြည်လင်တောက်ပခြင်း ရှိပေ၏။

ထိုသူသည် ခေါင်းပေါင်းအုပ်ပေါင်း၊ ဗန်ကောက်လုံချည်၊ ပိုးအင်္ကျီရင်ဖုံး၊ ပေတင်ရှူးဖိနပ်တို့ဖြင့် သပ်ရပ်စွာ ဝတ်ဆင်ထားလေ၏။

"ထိုင်ဗျာ ကိုသောင်းတန်၊ လက်နှိပ်စက်နဲ့ ရိုက်ပြီး ပို့လိုက်တဲ့ ဟောဒီစာဟာ ခင်ဗျားဆီက စာပေါ့၊ ဟုတ်စ" ဟု ဦးစံရွှားက မေးရာ—

"မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော့်သမီးက ဦးစံရွှားဆီလာပြီး နားပူထားပြန်ပြီမှတ်တယ်။ အဲလကား ခင်ဗျာ၊ ကိုယ့်အိမ်တွင်း ဖြစ်ပျက်တဲ့ ကိစ္စတခုကို ဘာ့ကြောင့်များ တိုင်းသိပြည်ကြား လုပ်ချင်ရမှန်း မသိပါဘူး။ ကျွန်တော်ကတော့ ဖျက်ပါတယ်။ ဒါပေမယ့် ဒီမိန်းကလေးက တခါတခါ တော်တော် ခေါင်းမာသားခင်ဗျ။ သူလုပ်ချင်တာ စွတ်လုပ်တာပဲ။ ဘာလုပ်မှာလဲ ခင်ဗျာ။ သူ့ ကိုဘကန်ကို ဘယ်သူရှာလို့ကော တွေ့အုံးမှာလဲ" ဟု ကိုသောင်းတန်က ပြောလေ၏။

"ဒီလို ဟုတ်ပါရိုးလား ကိုသောင်းတန်၊ ကိုဘကန်ကို ရှာတွေ့လိမ့်မယ်လို့ ကျုပ် မျှော်လင့်စရာ အချက်တွေ အများကြီး ရထားတယ်"

ကိုသောင်းတန်မှာ အံ့အားသင့်သွားသည်နှင့် ကိုင်ထားသော ထီးပင် လွတ်ကျသွားလျက်—

"ဒီလိုဆိုယင်လဲ ဝမ်းသာဖို့ပေါ့ ခင်ဗျာ"

"ဒီလို ကိုသောင်းတန်ရေ့၊ လက်နှိပ်စက်ဖြစ်ပေမယ့် လူ့လက်ရေးလိုပဲ ကြည့်တတ်တဲ့ လူအဖို့မှာ တော့ ထူးခြားတဲ့ အချက်တွေ များစွာတွေ့ရတယ်။ အဲ အသစ်ကြီးတော့ဖြင့် ကျုပ်မပြောလိုဘူး။ နည်းနည်း သုံးမိလို့ ဟောင်းလာတာနဲ့တပြိုင်နက် မြန်မာစက်တွေမှာ တခုက တချောင်းငင် နည်းနည်းပဲ့ရတာနဲ့၊ တခုက အသတ်ကလေး နည်းနည်းပွန်းရတာနဲ့၊ တခုက စာလုံးမှာ ချေးပိတ်နေရတာနဲ့ သေသေချာချာ ကြည့်ခဲ့မယ်ဆိုယင် စက်ဘလုံးမှာ ရိုက်တဲ့စာနဲ့ ဒီ့ပြင်တလုံးမှာ ရိုက်တဲ့စာနဲ့၊ တခုနဲ့တခု ဘယ်တော့မှ မတူဘူးဗျ။ ကျုပ်ဆီကို ခင်ဗျားရိုက်ပို့လိုက်တဲ့စာမှာ ကြည့်လေ၊ ဆလိမ်ကလေးတွေ အားလုံး ချေးပိတ်နေတယ်။ တချောင်းငင်ကလေးတွေ အဖျားပွန်းနေတယ်၊ တွေ့ရဲ့လား။ မျက်စိရိုးရိုးနဲ့ ကြည့်ရုံရှိသေးတယ်၊ မှန်ဘီလူးနဲ့ကြည့်မယ်ဆိုယင် ထူးခြားတဲ့အချက်ပေါင်း ၁၄ ချက် ရှိတယ်ဗျ"

"ဒီစက်ဟာ ကျွန်တော်တို့ အလုပ်တိုက်က စက်ပဲ။ သုံးတာကြာလေတော့ ပွန်းတဲ့နေရာ ပွန်းတယ် ဆိုတာ ဟုတ်မှာပေါ့"

"ပြီးတော့ ဟောဒီမှာ ကြည့်အုံးဗျ။ ပျောက်သွားတဲ့ ကိုဘကန်ဆီက စာလေးစောင် ရှိသေးတယ်။ ဒီစာလေးစောင်လုံးမှာ ဆလိမ်တွေဟာ ချေးပိတ်နေတဲ့ပြင် တချောင်းငင်ကလေးတွေလဲ အားလုံး အဖျားပွန်းနေတယ်။ ကျုပ် မှန်ဘီလူးနဲ့ ယူကြည့်ယင် ကျုပ်ပြောတဲ့ အချက် ၁၄ ချက်လုံးကိုလဲ တွေ့ရလိမ့်မယ်။ ကြည့်စမ်း"

လက်နှိပ်စက်အကြောင်း ပြောစကပင် ဦးစံရွှား၏မျက်နှာကို ကြည့်နေသော ကိုသောင်းတန်သည် ထိုင်ရာမှ ရုတ်တရက်ထ၍ ထီးကို ကောက်ယူပြီးလျှင်—



www.burmeseclassic.com

www.burmeseclassic.com



"သည်းခံပါ ဦးစံရွှား၊ တောက်တီးတောက်တဲ့ အလုပ်မျိုး ကျွန်တော် အချိန်ကုန်မခံပါရစေနဲ့။ ကိုဘကန်ကို တွေ့တဲ့နေ့မှာသာ ကျွန်တော့်ဆီ တဆိတ် အကြောင်းကြားလိုက်ပါတော့ ခင်ဗျာ"ဟု ပြော၍ ထွက်သွားမည် ပြုလေ၏။

ထိုအခါ ဦးစံရွှားသည် ကိုသောင်းတန် ရှေ့မှ ရုတ်တရက် ဖြတ်သွား၍ တံခါးကို ပိတ်ထားလိုက်ပြီးနောက်—

"စိတ်ချပါ၊ စိတ်ချပါ၊ ရှာတွေ့တော့ အကြောင်းကြားလိုက်ပါ့မယ်။ ကိုင်း၊ ရှာတွေ့ပ ပြီ" ဟု ပြောလိုက်ရာ ကိုသောင်းတန်မှာ ချောင်ပိတ်မိသော ခွေးကဲ့သို့ ထွက်ပေါက်ရှာယင်း—

"ဘယ်မှာလဲ၊ ဘယ်သူလဲ၊ ဘယ်တုန်းကလဲ"ဟု ရီးတီးရားတား လုပ်နေလေ၏။

ဦးစံရွှားလည်း ပြုံးချိုသော မျက်နှာဖြင့်—

"ဒါတွေ လုပ်မနေစမ်းပါနဲ့ ကိုသောင်းတန်ရယ်၊ မရပါဘူး၊ လျှော့လိုက်ပါတော့။ အဲဒီလို့မှပေါ့။ ထိုင်ပါအုံး၊ ထိုင်ပါအုံး"

ကိုသောင်းတန်မှာ နဖူးတွင် ချွေးလုံးများစီးလျက် ကုလားထိုင်ပေါ်သို့ ပြန်ထိုင်ပြီး—

"ခင်ဗျားတို့ ကျွန်တော့်ကို တရားမစွဲနိုင်ပါဘူး"ဟု ဆုတ်ခံ ခံကာ ပြောလေ၏။

"တရားမစွဲနိုင်တာတော့ မှန်တယ်။ နို့ပေမယ့် ခင်ဗျားလုပ်ပုံလောက် သေးသေးနုပ်နုပ် စုတ်စုတ်ပွဲပွဲနဲ့ ရက်စက်တဲ့ အပြုအမူမျိုးကို ကျုပ်ဖြင့် ကြုံတောင် မကြုံဖူးဘူး။ ကိုင်း ဒါထက် ခင်ဗျားလုပ်ပုံတွေကို ကျုပ်က ပြောပြစမ်းမယ်။ လွဲတဲ့နေရာကျတော့ ခင်ဗျားက ထောက်ပေး"

ကိုသောင်းတန်သည် ကြိုးပြတ်သော အရုပ်ကဲ့သို့ ကုလားထိုင်ပေါ်တွင် ခွေလျက်သား ပုံထားသလို ထိုင်လျက်ရှိစဉ် ဦးစံရွှားသည် ဗလေဇာ ကုတ်အင်္ကျီအိတ်တွင် လက်များကို နှိုက်လျှိုယင်း အောက်ပါအတိုင်း ပြောပြလေသည်။

"လူတယောက်ဟာ ငွေကလေး လေး ငါး ရှစ်ထောင် မက်ပြီး ကိုယ့်ထက်ကြီးတဲ့ မုဆိုးမကြီး တယောက်ကို ယူတယ်။ မိန်းမကြီးမှာ သမီးတယောက်ပါတဲ့အပြင် သမီးရဲ့လယ်က နှစ်စဉ်ရတဲ့ ငွေပေါင်းကိုလဲ သမီးနဲ့မကွဲသမျှ ကာလပတ်လုံး သူပဲ သုံးစွဲနေရတယ်။ သမီးအိမ်ထောင်ကျသွားယင် ဒီငွေပေါင်းကို သူတို့ မသုံးရဘော့ဘူး။ ဒီတော့ကာ လင်မယားနှစ်ယောက် အကြံထုတ်ကြတယ်။ ဘယ်လိုလုပ်သလဲ ဆိုတော့ လင်လုပ်တဲ့သူက သူ့ကိုယ်သူ ရုပ်ဖျက်၊ နှုတ်ခမ်းမွေးတပ်၊ မျက်မှန်နက်ကြီးတပ်၊ အသံပြောင်းပြီး တိုးတိုးကလေးပြော။

"အဲဒီလို လင်မယားနှစ်ယောက် လေ့ကျင့်ပြီး တော်တော် ဟန်ကျလောက်ပြီထင်တော့ ကိုယ့်သမီးကိုယ် လူပျိုလှည့်ပါရောဗျ။ သမီးလုပ်တဲ့ မိန်းမကလဲ နဂိုက မျက်စိနည်းနည်းမှုန်လေတော့ မရိပ်မိရှာပဲ ကိုယ့်ပထွေး ကိုသောင်းတန်ကို ကိုဘကန်ထင်ပြီး ကြိုက်မိပါရောဗျ"

"ကျီစားသလိုနဲ့ စမ်းကြည့်မိတာပါခင်ဗျာ၊ ဒီလောက် ဖြစ်လိမ့်မယ် မထင်ပါဘူး"

"ဒါတော့ ဟုတ်မလား မဆိုနိုင်ဘူးပေါ့။ ဒါနဲ့ သမီးလုပ်တဲ့ မိန်းမက ပထွေး မန္တလေးသွားတယ် ဆိုလို့ စိတ်ထဲမှာ ဘာမှ စနေဒင့်စနင်း မဖြစ်မိပဲ ကိုဘကန်ပဲ ထင်ပြီး ကြိုက်။ အမေက နှင်းနှင်းလှော်ပေး။ နောက်ဆုံးကျတော့ လက်ထပ်ဖို့ ရက်ချိန်းပါရောဗျ။

"သူတို့လင်မယားရဲ့ အကြံက ဘာလဲဆိုတော့ ဒီသမီးကို ဘယ်ယောကျ်ားမှ မယူစေပဲ ကိုဘကန်ကိုပဲ တစွဲတည်းစွဲပြီး မျှော်နေစေချင်တာကိုးဗျ။ မိန်းကလေးကလဲ ရိုးရိုးနဲ့ ချစ်တတ် ခင်တတ်တဲ့ သဘောရှိလေတော့ သူတို့လင်မယား မျှော်လင့်တဲ့အတိုင်း ဖြစ်ကုန်တော့တာပဲကိုး။ ပြီးတော့ ငနဲညာတ်သွားပုံ

www.burmeseclassic.com



တချက်ရှိသေးတယ်၊ သူပြန့်မလာမချင်း မိန်းကလေးက မျှော်နေရစ်အောင်ဟာ ညှောင်ရေအိုးတွေဘာတွေနဲ့ သစ္စာ ပေးတောင် တိုက်လိုက်ချေသေးဗျ။ အကျိုးနည်းအောင် ယုတ်မာတဲ့လူဗျ။ လွန်ရော့”

“ခင်ဗျားပြောတဲ့အတိုင်း ဟုတ်ချင်လဲဟုတ်မှာပဲ၊ မဟုတ်ချင်လဲ နေမှာပဲ။ သို့သော် ဦးလူပါးကြီးကို ကျွန်တော် တချက်သတိပေးလိုက်မယ်။ ကိုယ့်သမီးကိုယ် ပြောင်ချော်ချော်နဲ့ လူမျိုလှည့်တာက တရားစွဲစရာ ဥပဒေပုဒ်မ မရှိဘူး၊ လူတယောက်ကို အလိုမတူပဲ ပိတ်လှောင်ထားတာက မတရား ချုပ်နှောင်မှုနဲ့ စွဲစရာ ပုဒ်မရှိတယ်။ နားလည်လား ဆရာကြီး”

ထိုအခါ ဦးစံရှားသည် ထိုင်ရာမှထ၍ ပိတ်ထားသော တံခါးကို ဖွင့်ပေးယင်း—

“နားလည်ပါတယ်”

“ခင်ဗျားကို ဥပဒေပုဒ်မက မထိနိုင်ပေမယ့် မိန်းကလေးမှာ မောင်လိုဖွားလို တယောက်တလေရှိယင် ခင်ဗျားကို ခွေးရိုက်သလို ရိုက်ဆုံးမဖို့ ကောင်းတယ်၊ တယ်လေ၊ ငါ ယင်း” ဟု ပြောပြော ဆိုဆိုနှင့် ဦးစံရှားသည် နံရံတွင် ချိတ်ဆွဲသားသော တုတ်ကောက်ကို လှမ်း၍ ဆွဲလေရာ ကိုသောင်းတန်သည် စကားဆုံးအောင် မစောင့်တော့ပဲ တိုက်ပေါ်မှဆင်းကာ သုတ်ခြေတင်၍ ပြေးလေ၏။

ကျွန်တော်သည် ပြတင်းပေါက်မှ ဦးခေါင်းပြူကာ ငုံ့ကြည့်လိုက်သောအခါ ကိုသောင်းတန်မှာ လမ်းပေါ်သို့ ရောက်သော်လည်း မတန့်ရပ်သေးပဲ လှည့်ကြည့် လှည့်ကြည့်နှင့် ဆက်လက် ပြေးလွှားနေသေးသည်ကို တွေ့မြင်ရလေ၏။

အတန်ငယ် ကြာသောအခါမှ ဦးစံရှားက—

“မဟုတ် တရုတ် နေရာမျိုးမှာ တော်တော် ညာဏ်သွားတဲ့ ငနဲပဲဗျ၊ ဒီလူမျိုးဟာ တနေ့တခြား ဇက်ရဲပြီး တခါထက် တခါ တိုးတိုး အပြစ်ကြီးပြီး နောက်ဆုံးတနေ့မှာ စက်တိုင်ပေါ် လက်စသတ်မယ့် အကောင်မျိုးပဲဗျ” ဟု မနှစ်မြို့သော လေသံဖြင့် ညည်းညည်းညူညူ ပြောရှာလေ၏။

“ဒါထက် ခင်ဗျားစဉ်းစားပုံ ကျွန်တော်ကောင်းကောင်း မလိုက်နိုင်သေးပါဘူးဗျာ။ ရှင်းပေးစမ်းပါအုံး”

“ကိုဘကန် ပျောက်သွားတယ် ဆိုကတည်းက ရည်ရွယ်ချက် တခုခုရှိတယ်ဆိုတာ ကျုပ်စဉ်းစားမိတယ်၊ ပြီးတော့ ကိုဘကန် ပေါ်မလာလို့ မသန်းရွှေက တမျှော်မျှော်ဖြစ်ပြီး လင်မယူပဲနေယင် ပထွေးကိုသောင်းတန်ပဲ အကျိုးခံစားဖို့ ရှိတယ်ဆိုတာလဲ ကျုပ် စဉ်းစားမိတယ်။ ကိုဘကန်နဲ့ ကိုသောင်းတန်ဟာ တချိန်တည်း ဘယ်တော့မှ အတူမရှိဘူး။ တယောက်သွားမှ တယောက် ရောက်ခြင်းဟာလဲ စဉ်းစားစရာ တချက်ပဲ။

“နှုတ်ခမ်းမွှေးကြီးတို့၊ မျက်မှန်နက်ကြီးတို့ လေသံနဲ့ စကားပြောခြင်းတို့ဟာလဲ ရုပ်ပြောင်းရုပ်လွှဲ သဘောမျိုး သက်ဝင်နေတယ်။ စာရေးတဲ့အခါမှာလဲ လက်မှတ်ကိုတောင် စက်နဲ့ရိုက်တယ် ဆိုခြင်းဟာလဲ အများကြီး မှတ်သက်ဖို့ရှိတယ်။ ဘာလဲဆိုတော့ သူ့လက်ရေးကို သိလွန်းအားကြီးနေလို့ လက်မှတ်လေး ထိုးဖို့တောင် စိတ်မချနိုင်ဘူးဆိုတဲ့ အဓိပ္ပာယ် သက်ရောက်နေတယ်။ ဒီအချက်တွေ အားလုံးပေါင်းပြီး စဉ်းစားလိုက်တော့ လက်သည်ဟာ ဘယ်သူ ဘယ်ဝါလဲလို့ တွေးနိုင်တော့တာပေါ့ဗျာ”

“တယောက်ယောက်ကို မသင်္ကာပြီဆိုမှဖြင့် ဟုတ် မဟုတ် သိကဲ့အောင် စုံထောက်ဖို့ ဟာက ဘာခက်တော့သလဲဗျာ။ ကိုသောင်းတန် အလုပ်လုပ်တဲ့ ဆန်းလိုက် ကုမ္ပဏီတိုက်ကို စာရေးလိုက်တယ်။ ဘယ်လို မေးသလဲဆို မသန်းရွှေ ကြော်ငြာတဲ့ လူပုံပန်းထဲမှာ ရုပ်ဖျက်ခြင်း အထိမ်းအမှတ်ဖြစ်တဲ့ အချက်တွေကို ထုတ်နုတ်ပြီး အဲဒီလူမျိုးရှိသလားလို့ မေးလိုက်တယ်၊ ထုတ်နုတ်ထားတာက နှုတ်ခမ်းမွှေးကြီးရယ်၊ မျက်မှန်နက်ရယ်၊ လေသံနဲ့ ပြောတာရယ်။

www.burmeseclassic.com


"အဲဒါတွေ ထုဘ်နုတ်ပြီး အဲဒီလူမျိုးတယောက် မရှိဘူးလားလို့ မေးလိုက်တော့ ကုမ္ပဏီမန်နေဂျာက 'ကိုမောင်းတန်ဆိုတဲ့ လူတယောက်ဖြင့် ဒီပုံပန်းနဲ့ တူတာပဲ'တဲ့ စာပြန်လိုက်တယ်။ အဲဒါက တချက်ဗျ။ ဒီ့ပြင်တချက်က ကိုသောင်းတန်ဆီကို မြန်မာလို စာတစောင် ကျုပ်ရေးထည့်လိုက်တယ်။ ရည်ရွယ်ချက်က ဘာလဲ၊ ကျုပ်က မြန်မာလိုရေးယင် သူက မြန်မာလို စာပြန်ရမယ်။ ပြန်လဲ ပြန်တယ်။ ပြီးတော့ကာ မသန်းရွှေဆီ ပေးတဲ့ စာသေးစောင်နဲ့ လက်နှိပ်စက် တခုတည်းဖြစ်နေတာ တွေ့ရတာပေါ့ဗျ။ သမျှောင်း ငင်ပဲ့ကျိုး ဆလိမ်ခေါ့ပိတ်တို့ပေါ့ဗျ"

"ဟုတ်တယ်ဗျာ။ ဒါထက် မသန်းရွှေတော့ ဘယ်လိုလုပ်ပဗျာ"

"မိန်းမဆိုတာ ဘယ်ခက်တယ် ကိုသိန်းမောင်၊ မဟုတ်တာလုပ်နေမှန်းသိလို့ တယောက်ယောက်က ပြောပြယင် ပြောပြတဲ့လူကို စိတ်ဆိုးချင်သေးတယ်ဗျ။ ပြောတတ်ဘူးလေ။ တဖြည်းဖြည်းမှ ကြည့်ပြီး အသိပေးရအုံးတော့မှာပဲ"


www.burmeseclassic.com

www.burmeseclassic.com

# ၂၀။ ပထမဆုံး စုံထောက်ခဲ့သော ဝတ္ထု*

တနေ့သ၌ ကျွန်တော်သည် အလုပ်မှ ပြန်လာပြီးနောက် ထမင်းစားသောက်ပြီးသဖြင့် ပက်လက်ကုလားထိုင်တလုံးပေါ်တွင် ထိုင်၍ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လှန် စဉ်းစားလျက်ရှိနေရာ ကျွန်တော်၏ မိတ်ဆွေ ဦးစံရှားမှာ မိမိ၏အလုပ်နှင့် စပ်လျဉ်း၍ ရရှိသော စာဟောင်းများကို ရက်စွဲ အစီအစဉ် တပ်ပြီးလျှင် ဖိုင်တွဲလျက် ရှိနေလေ၏။

ထိုသို့ရှိစဉ် ဦးစံရှားသည် စာဟောင်းများအနက်မှ စာတစောင်ကို ကောက်ယူပြီးလျှင်—

“ဒီမှာဗျို့ ကိုသိန်းမောင်၊ ဒီစာကလေး ခင်ဗျားတဆိတ် ဖတ်ကြည့်စမ်း။ ခင်ဗျားတော့ ဒီစာဖတ်ရယင် ဘယ့်နှယ်နေမလဲ မသိဘူး။ ဟိုတုန်းကဖြင့် တိုက်သူကြီး ဦးပေါ်ဦး ဆိုတဲ့လူဟာ ဒီဂါရတာနဲ့ တခါတည်း လန့်ပြီးသေတာပဲ”ဟု ပြုံးယင်းပြော၍ ခဲတံနှင့်ရေးထားသဖြင့် ဝါကျင့်ကျင့် မှေးမှိန်လျက်ရှိပြီ ဖြစ်သော စာကလေးတစောင်ကို ကျွန်တော့်အား လှမ်း၍ ပေးလိုက်လေသည်။

ကျွန်တော်က—

“ဖတ်ကြည့်စမ်းရအောင် ပြစမ်းပါအုံးဗျာ။ ဖတ်ကြည့်ရုံနဲ့ လူတယောက် သေစေတဲ့စာမျိုးကိုတော့ ကြားပဲ မကြားမိသေးပါဘူး။ နို့ပေမယ့် ခင်ဗျား ဒါလောက် သိမ်းထားတဲ့ စာဆိုတော့ ဆန်းလိမ့်မယ် ထင်သဗျို့”ဟုပြော ယင်း ဦးစံရှားလက်မှစာကို လှမ်းယူ၍ ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေသည်။

မိုးသာလှ သိမ်းထားသော သစ်တောမှာ စာတစောင် ဖောက်ဝင်သွားပြီ။

စေိန် ပြေးသော်လဲ ပေမမီဘော့။

ကျွန်တော်သည်း ယင်းစာကို အဓိပ္ပာယ် ပေါ်လိမ့်နိုးနှင့် အမြီးပြန် ခေါင်းပြန် အထပ်ထပ် ဖတ်ကြည့်သော်လည်း နားမလည်နိုင်သော မျက်နှာထားနှင့် ရှိနေရာ ဦးစံရှားသည် ကျွန်တော့်အား ကြည့်၍ ရယ်မောလျက် ရှိလေ၏။

ထို့နောက် ဦးစံရှားက “ဘယ့်နှယ်လဲဗျ ကိုသိန်းမောင်၊ သေဖို့ဝေးလို့ နည်းနည်းကလေးတောင် လန့်မသွားဘူး ထင်ပါတော့။ ဒါထက် ဒီစာကို ဘယ်လိုအဓိပ္ပာယ် ကောက်လို့ ရပါသလဲ”ဟု ပြုံး၍ မေးလိုက်လေသည်။

---

* ဤဝတ္ထုကို ရှုမဝမဂ္ဂဇင်း၊ ၁၉၅၃၊ မေ၊ အမှတ် ၇၁ တွင် ‘ပထမဆုံး စုံထောက်ခဲ့သော ဝတ္ထု’ဟု ဖော်ပြသည်။ ဤဝတ္ထုကိုပင် ‘လျှို့ဝှက်ဆန်းသော စာတစောင်’ အမည်ဖြင့် မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၇ နှင့် နှလုံးလှစာအုပ်တိုက်မှ အတွဲ ၃ တို့တွင် ပြန်လည် ပုံနှိပ်သည်။ မူရင်းမှာ The Gloria Scott ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်ဖြင့် မကောက်တတ်ပါဘူးဗျာ။ ဒီစာရတာနဲ့ ခင်ဗျားလူ လန့်ပြီး သေရလောက်အောင်ဟာ ဘယ်လိုများ အခိပ္ပာယ်ကောက်ယူလို့တုံးဗျာ။ ကျွန်တော်ဖြင့် ခင်ဗျားစာ ဖတ်ရတာ မငြိန့်တဲ့အပြင် ရယ်တောင် ရယ်ချင်ရဲ့"

"မပြောတတ်ပါဘူးဗျာ၊ ဟိုတုန်းကဖြင့် ကျောင်းကုန်းမြို့က တိုက်သူကြီး ဦးပေါဦးဟာ ဒီစာ ရတာနဲ့ တခါတည်း လန့်ပြီး သေခဲ့တာတော့ အမှန်ပဲ"

"ဟုတ်ကဲ့လားဗျာ၊ ကဲ ဆရာရယ်၊ ဒါဖြင့် ဒီအကြောင်း တဆိတ် ပြောစမ်းပါအုံး။ ကျွန်တော်လဲ တဆိတ် ကြားပါရစေ"

"ဒီအမှုက တခြားအမှုတွေထက် နည်းနည်းထူးတဲ့အမှု ဖြစ်တယ်ဗျ"

"ဘယ်လိုများ ထူးပါလိမ့်ဗျာ၊ ထူးလေ ကောင်းလေပေါ့"

"ထူးဆို ဒီအမှုက ကျွန်တော်ရဲ့ စုံထောက်အလုပ်မှာ ပထမဦးစွာ ဆောင်ရွက်ခဲ့တဲ့အမှု ဖြစ်လို့ပဲဗျ။ တနည်းအားဖြင့်လဲ ဒီအမှုဟာ ကျွန်တော့်ကို စုံထောက်ဘဝကို ဆွဲတင်ခဲ့တဲ့အမှု ဖြစ်တယ် လို့လဲ ဆိုနိုင်တယ်ဗျ"ဟု ပြောလိုက်ရာ ဦးစံရွှေ၏ စကားစ မဆုံးမီပင် ကျွန်တော်သည် ပေါ်လက် ကုလားထိုင်မှ စိတ်အား ထက်သန်လှသဖြင့် ကိုယ်ကို မတ်မတ်ထားလိုက်မိပြီး ဖြစ်လေတော့၏။ အဘယ် ကြောင့်ဆိုသော် စုံထောက် ဦးစံရွှေဝတ္ထုများကို ဖတ်ဖူးသူများ သိကြပြီး ဖြစ်သည့်အတိုင်း ကျွန်တော်နှင့် ဦးစံရွှေတို့သည် ကြီးမှ တွေ့ဆုံ ပေါင်းသင်းကြရသော 'ကြီးပေါင်း'များ ဖြစ်ကြရာ ဦးစံရွှေ၏ စုံထောက် ဘဝတွင် ပထမဆုံး စုံထောက်ခဲ့သော အမှုအကြောင်းကို သိလိုသဖြင့် ၄ ကြိမ်ထက်မနည်း မေးမြန်း ခဲ့ဖူးသော်လည်း တကြိမ်မျှ ပြောဆိုခဲ့ဖူးသည် မရှိ၊ ယခုမှ အလျဉ်းသင့်သည်တကြောင်း၊ အချိန်အားလပ် နေကြသည် တကြောင်းကြောင့် ဦးစံရွှေက ပြောဆိုရန် စတင်လိုက်ခြင်း ဖြစ်ကြောင်းကို သိရှိရသော ကြောင့် ကျွန်တော်မှာ နားထောင်ရန်အတွက် များစွာ စိတ်အားထက်သန်မိပေ၏။

ထိုအချိန်တွင် စာရွက်များ ရှင်းလင်းသည့်အလုပ်မှာလည်း ပြီးစီးပြီဖြစ်ရာ ဦးစံရွှေသည် ဆေးတံ ကို ဆေးထည့်၍ မီးညှိပြီးလျှင် ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်၍ ထိုင်ကာ အောက်ပါအတိုင်း ပြောပြလေသည်။

"ကျွန်တော်ရဲ့ ကျောင်းနေဖက် သူငယ်ချင်း မောင်မြတ်ကောင်းတယောက် အကြောင်းကို သိန်း မောင်ကို မပြောဖူးသေးဘူး ထင်ပါရဲ့။ ကျွန်တော်က ကောလိပ်မှာ နေစဉ်က တော်တော် အပေါင်း အသင်း နည်းတဲ့ လူဘယောက်ပဲဗျ။ အခုပြောတဲ့ မောင်မြတ်ကောင်း တယောက်ပဲ ရင်းရင်းနှီးနှီး မိတ်ဆွေ ရယ်လို့ ရှိတယ် ဆိုကြပါစို့။ ဒီလူနဲ့ မိတ်ဆွေဖြစ်ရတာလဲ အဆန်းသားဗျ။ တနေ့တော့ မောင်မြတ်ကောင်း တို့ ဟော်ကီရိုက်နေတုန်း ကျွန်တော်က ကွင်းနံဘေးနားမှာ အေးအေးရှိတာနဲ့ စာအုပ်တအုပ် ထိုင်ဖတ်နေ တာမှာ မောင်မြတ်ကောင်း ရိုက်လိုက်တဲ့ ဟော်ကီဘော်လုံးက ကျွန်တော့်နှာခေါင်း လာပြီးမှန်တာကိုးဗျ။ မှန်တော့ ကျွန်တော့်မှာ မူးလဲသွားပြီး သုံးလေးရက်လောက် အိပ်ရာက မထနိုင်ဘူးဗျာ။ ဒီအတွင်းမှာ မောင်မြတ်ကောင်းက ကျွန်တော့်အခန်းသာ လာလာထိုင်ပြီး စကားပြောရှာတာကိုးဗျ။ ဒီလိုနဲ့ တယောက် နဲ့ တယောက် ဟရက်က နှစ်ရက် စကားပြောမိတော့ စကားလက်ဆုံဝင်ပြီးနေကြ၊ ကျွန်တော်လဲ ပျောက် ကရော၊ မောင်မြတ်ကောင်းနဲ့ ကျွန်တော်လဲ ခင်မင်တဲ့မိတ်ဆွေ ဖြစ်ကြရောဗျ။

"ကျွန်တော်က ကျောင်းမှာနေတုန်းက လူတကာနဲ့ အပေါင်းအသင်း မလုပ်တတ်ဘူး၊ မနေရိုးလို့တော့ မဟုတ်ပါဘူး၊ အပေါင်းအသင်းလုပ်တတ်တဲ့ ဝါသနာ မရှိလို့ပဲ။ ကျွန်တော့်ဘာသာ ကျွန်တော် စုံထောက် ဝတ္ထုတို့၊ စွန့်စားခန်းတို့ ဖတ်ချင်လဲ ဖတ်နေ၊ ဒီလိုမှ မဟုတ်ယင်လဲ ကျွန်တော့်ဘာသာ ကျွန်တော် လေ့လာရာ

www.burmeseclassic.com

ကျွတ်ရာမှာ တခေါက် ငည်း စဉ်းစားချင်တာ လျှောက်စဉ်းစားနေတက်တယ်။ နို့ပေမယ့် ဘယ်လောက် အပေါင်းအသင်း မရှိဘူး ဆိုပေမယ့် လူဆိုတာ နီးစပ်ရာ အတွဲကလေးတော့ ရှိတတ်တယ်။ ကျွန်တော့် အတွဲ၊ ကျွန်တော့်မိတ်ဆွေကတော့ အဲဒီ မောင်မြတ်ကောင်းပဲ။

"ဒါနဲ့ စာမေးပွဲအပြီး နွေဥတု ကျောင်းရက်ရှည်ပိတ်တဲ့ အခါကျတော့ မောင်မြတ်ကောင်းက ကျွန်တော့်ကို မိဘရပ်ထံ မပြန်မီ သူတို့ဆီ ဘာလလောက်ဖြစ်ဖြစ်၊ ဒါမှမဟုတ် ပျော်သလောက် အလည် လိုက်ခဲ့ပါလို့ ခေါ်တာကိုးဗျ။ ဒီတော့ ကျွန်တော်ကလဲ ကျောင်းသုံးလတောင် ပိတ်တဲ့ဟာ တလလောက် တော့ သူတို့ဆီ အလည်လိုက်သွားယင် အိမ်က ကိစ္စရှိ မထင်ဘူးလို့ တွက်ပြီး သူတို့အရပ် လိုက်သွားတာ ကိုးဗျ။ သူတို့အရပ်က ပုသိမ်ဒိုဗြိုက် ကျောင်းကုန်းမြို့ပဲ။

"ဒါနဲ့ ကျွန်တော်လိုက်သွားလို့ ရောက်တော့ မောင်မြတ်ကောင်းတို့ အဖေ ဦးပေါ်ဦးက တယ်ပြီး ဖော်ရွေရှာသေတယ်ဗျာ။ ကျွန်တော့်ကို ကျွေးလိုက်မွေးလိုက်တာတွေလဲ မပြောပါနဲ့တော့။ ကျွန်တော် ငှက်ပစ်သွားချင်တယ်ဆိုယင် သေနတ်နဲ့ လှည်းနဲ့၊ ဘာမဆို တယ် အလိုလိုက်တာကိုးဗျ။ သူ့ အလုပ်ကတော့ တိုက်သူကြီးပဲ။ ဩဇာလဲ တော်တော်ရှိတယ်။ သူ့မှာ သားသမီးဆိုလို့လဲ မောင်ကောင်းမြတ်တယောက်ပဲ ရှိတော့ ဒီသားကလေးကို အင်မတန်လဲ ချစ်၊ အင်မတန်လဲ အလိုလိုက်ရှာတာကိုးဗျ။ လူကြီးလေ ... ကျမ်း ပန်တော့ သင်ဖူး ကြားဖူး ရှိခဲ့ရှာ မထင်ပါဘူး။ နို့ပေမယ့် ကိုယ်တိုင် အတွေ့အကြုံကတော့ တော် တော်များတဲ့ လက္ခဏာရှိတယ်။ လူကြီးက သောင်ထောင်မောင်းမောင်း ဝဝတုတ်တုတ်နဲ့ တယ်ပြီး ခန့် တယ်။ စကားကို အားရပါးရ ပြောတတ်ပြီး ရယ်စရာရှိယင်လဲ အားရပါးရ ရယ်တတ်တဲ့ လူကြီးပဲ။

"ဒါနဲ့ ကျွန်တော်တို့ရောက်လို့ ငါးရက်လောက် ကြာတော့ မောင်မြတ်ကောင်းက ကျွန်တော်ဟာ စုံထောက်အလုပ်မှာ အတော်ဝါသနာပါတဲ့အကြောင်း၊ ဘိလတ်က စုံထောက်ကျော်ကြီးများ လုပ်ပုံ ကိုင်ပုံ စုံစမ်းပုံများကို တော်တော်လေ့လာ လိုက်စားခဲ့တဲ့ လူတယောက် ဖြစ်ကြောင်းနဲ့ သူ့ အဖေကို ပြောတာကိုးဗျ။ ဒါတင်မကဘူး၊ မောင်မြတ်ကောင်းက ကျွန်တော်စဉ်းစားဆင်ခြင်ပုံကလေးတွေ ... လောက်ကို အားပါးတရ ပြောပြလိုက်တော့ အဘိုးကြီးက သူ့သားစကားဟာ နည်းနည်း ကားလွန်းတယ် ထင်မှတ်လာဟန် တူပါရဲ့၊ ပြုံးပြုံးကြီးနဲ့ နားထောင်ရာက 'ကဲ လာစမ်းပါ အိုး မောင်စိန်ရွှေ ... မောင် မြတ်ကောင်းကတော့ မောင်ရင့်ကို ကောင်းကောင်းကြီး အမွှမ်းတင်နေတာပဲ' ဟုတ် မဟုတ် သိရအောင် ကျုပ် လူပုံ လူပန်း ကြည့်ပြီး ဘာများ အကဲခတ်လို့ ရသလဲဆိုတာ သိစမ်းပါရစေ မောင်ရင်ရယ်၊ ပြောပြ စမ်းပါအုံး' လို့ ရယ်ရယ်မောမောနဲ့ ပြောတာကိုးဗျ။

"ဒီတော့ ကျွန်တော်က ခင်ဗျားသိတဲ့အတိုင်း ၅ ရက်လောက် အတူနေခဲ့တာမှာ ကျွန်တော့် ဝါသနာအရ အကဲခတ်ပြီးဖြစ်တဲ့အလျောက် 'ဘကြီးကိုကြည့်ရတာ များများတော့ ကျွန်တော် အကဲခတ် နိုင်ပါဘူး ခင်ဗျာ။ သို့သော် ကျွန်တော် သိရသလောက်ဆိုယင် ဘကြီးဟာ လွန်ခဲ့တဲ့ ... နှစ် ... လောက်အတွင်း အသက်အန္တရာယ်ကို အတော်စိုးရိမ်နေရတဲ့ လက္ခဏာ ရှိပါတယ်ခင်ဗျာ' လို့ ပြောလိုက်တော့ အဘိုးကြီး ဟာ ရယ်နေရာက ရုတ်တရက် အရယ်ရပ်သွားပြီး အံ့ဩတဲ့မျက်နှာထားနဲ့ ကျွန်တော့်ကို စိုက်ကြည့် နေတော့ကိုးဗျ။

"ပြီးတော့မှ သတိရတဲ့ လက္ခဏာနဲ့ 'ဩော် ဩော်၊ ဟုတ်တယ် မောင်ရေ့၊ မောင်မြတ်ကောင်း၊ မင်းလဲ အသိသားပဲဟာ။ ဟိုဘက်ရွာမှာ ငပေါ်တို့လူစု ဒမြတိုက်တုန်းက ငါသွားပြီး ဖမ်းတယ်ကွယ့်။ သို့သော် သက်သေမလုံလောက်လို့ ဒီကောင်တွေ လွတ်သွားတယ်။ ဒီကောင်တွေက ငါ့ကို မသေ သေအောင် ကြံမယ်လို့ ငါကြားရတယ်ကွယ့်။ ဒါကြောင့် ကိုယ့်ကိုယ်ကို သတိနဲ့နေရတယ်' ဟုတ်ပါတယ်၊ မောင် ပြောတာ ဟုတ်ပါပေတယ်။ သို့သော် ဒီအချက်ကို မောင်ဘယ်နည်းနဲ့ သိတယ်ဆိုတာတော့ ကျုပ် ဖြင့် မရိပ်


www.burmeseclassic.com

www.burmeseclassic.com



မိပါဘူးမောင်ရယ်’လို့ ပြောတာကိုး။ ဒီတော့ ကျွန်တော်က ဦးပေါ်ဦးလက်မှာ ကိုင်ထားတဲ့ ကြိမ်တုတ်ကို ထောက်ပြီး ‘ဘကြီး ကြိမ်တုတ်လက်ကိုင်ကြည့်ရတာ ဒီနေလာက် နေ့စဉ်ကိုင်ပါလျှက်နဲ့ တယ်ပြီးမပြောင်သေးတဲ့အတွက် ဒီတုတ်ကို ဘကြီးဆောင်တာ တနှစ်ထက် ကြာမယ်မဟုတ်သေးဘူးလို့ ကျွန်တော် သဘောရပါတယ်။ ပြီးတော့ တုတ်အဖျားမှာ အပေါက်ဖောက်ပြီး ခဲလောင်းထားတယ် မဟုတ်လား ဘကြီးခင်ဗျာ။ ဒီတော့ ဒီတုတ်ဟာ ကြည့်လိုက်ယင် ကြိမ်တုတ်ကလေးပါပဲ။ တကယ့်တကယ် ခုခံဖို့ အသုံးပြုတော့မယ်ဆိုတော့ အင်မတန်ခိုင်ရေးရောက်တဲ့ တုတ်တမျိုးကိုးခင်ဗျ။ ဒီတော့ တစုံတခုအတွက် စိုးရိမ်မကင်းမရှိပဲ ဒီတုတ်မျိုးကို နေ့ ဆောင်ပါ ဘယ်ယူဆောင်ပါ့မလဲ ဘကြီးခင်ဗျာ”

“တော်ပါပေတယ်၊ တော်ပါပေတယ်၊ ဒီ့ပြင်ကော မောင်ရင် ဘာများအကဲခတ်လို့ရပါသေးသလဲ”

“ဘကြီးငယ်ငယ်က လက်ဝှေ့များလဲ သတ်ဖူးတယ်လို့ ကျွန်တော် ဆိုချင်ပါတယ်”

“မှန်ပေတယ် မောင်ရေ၊ ဒါလဲပဲ မောင် ဘယ့်နှယ် သိသလဲ မောင်ရယ်။ ကျုပ် နှာခေါင်းများ ရွဲ့နေလို့လား”

“နှာခေါင်းကြောင့် မဟုတ်ပါဘူးခင်ဗျာ၊ နားရွက်ကိုကြည့်လို့ ကျွန်တော် သိပါတယ်။ လက်ဝှေ့အားကြီးသတ်ဖူးတဲ့ လူများဟာ နားရွက်ကြည့်လိုက်ယင် ခပ်ထူထူ နေတာချည်းပါပဲ။ ပြီးတော့ ဘကြီးရဲ့ လက်ချောင်းတွေကို ကြည့်ခြင်းအားဖြင့်လဲ ကျွန်တော်ရိပ်မိပါတယ်။ လူများဟာ အလုပ်ကြမ်း ဘယ်လိုပဲ လုပ်ဖူးပေမယ့် လက်ချောင်းများဟာ အတွင်းဘက်ကသာ အသား မာတတ်ပါတယ်။ ဘကြီးမှာတော့ အပြင်ဘက်က အသားမာ ဖြစ်နေတဲ့အတွက် ထိုးဖို့ ကြိတ်ဖို့ လက်ကို တမင် မာအောင် ကျင့်ထားတယ်လို့ ကျွန်တော် ယူဆမိပါတယ် ခင်ဗျာ”

“တယ်တော်တဲ့ သူငယ်ပါလားဟေ့၊ ဒီ့ပြင်ကော မောင်ရယ်”

“ငယ်ငယ်က ဘကြီးဟာ အလုပ်ကြမ်းများလဲ နှစ်အတော်ကြာ လုပ်ခဲ့ဖူးဟန်တူပါတယ်”

“ဟုတ်တယ် မောင်ရေ့၊ သင်္ဘောသူလယ်လုပ်အဖြစ်နဲ့ ပစ္စည်းစုဆောင်းလာခဲ့တဲ့ လူတယောက်ပါပဲ။ ကဲ လက်နဲ့ ဆက်ပြီး အကဲခတ်လိုက်စမ်းပါအုံး မောင်ရင်”လို့ ထင်ပြီး မေးပြန်တာကိုးဗျ။

“ဒီတော့ ကျွန်တော်က အသက်ကလဲ ခပ်ငယ်ငယ်၊ ပညာစွမ်းက တယ်ပြီးပြချင်တဲ့ အရွယ်မို့ ပြောအပ်တဲ့ ... မပြောအပ်တဲ့ ... ရယ်လို့ မဆင်ခြင်မိဘူး၊ ကိုယ့်ပညာကလေးပြချင်တာနဲ့ ‘ဒီ့ပြင်ပြောရမှာဖြင့် ဘကြီး ဟာ မြန်မာမင်းလက်ထက်က အညာမှာ တော်တော်ဆိုးခဲ့ပေခဲ့တယ် မှတ်တယ်’လို့ လွတ်ကနဲ ပြောလိုက်မိတာကိုးဗျ။ ဒီလိုပြောလိုက်ခြင်း အကြောင်းကတော့ သူ့လက်တဘက်မှာ ‘မမိုက်နဲ့’ဆိုတဲ့စာကို မင်နှက်နဲ့ထိုးထားတာ မြင်ရလို့ပဲ။ မြန်မာမင်းလက်ထက်က ဒမြမှု၊ ခိုးမှု အကြီးအကျယ်ကို ကျူးလွန်ဖူးတဲ့ လူတွေဟာ ထောင်ကျတဲ့အခါ ဒီစာမျိုး လက်မှာထိုးထားတယ်ဆိုတာ ကျွန်တော် ကြားဖူးတာကိုးဗျ။

“နောက်ဆုံး အဖြေကိုလဲ ပြောလိုက်ကရော အဘိုးကြီးဟာ ဘာမှ မပြောနိုင်တော့။ ကျွန်တော့်ကို မျက်လုံးပြူးကြည့်ပြီး ကြက်သေ သေသွားတော့တာပဲ။ တအောင့်လောက်နေမှ ‘တယ်တော်တဲ့ သူငယ်ပါပေပဲကွယ်၊ မျက်စိများကလဲ အင်မတန်စူးရှပေသကွယ့်။ အင်း၊ မောင်ဟာ ဒီနေရာမှာဖြင့် အင်မတန်စွမ်းပါပေသကွယ်၊ ဒီတော့ ပုလိပ်ဘက်မှာ အမှုထမ်းရယင်ဖြင့် မောင့်ပညာနဲ့တော့ ကောင်းကောင်း ကြီးပွားမယ့် သူငယ်ပဲဟေ့။ စိတ်ကူးမလွဲပါနဲ့မောင်၊ ပုလိပ်ဘက်ဟာ မောင်နဲ့အတော်ဆုံးပါပဲ၊ ဘကြီးပြောယင်ယုံပါတော့’လို့ ကျွန်တော့်အစွမ်းကို ချီးမွမ်းပြီး ပြောတာကိုးဗျ။ မှန်တာပြောရယင် အဲဒီကိစ္စကလေးဟာ ကျွန်တော့်ကို စုံထောက်ဘက် ပို့လိုက်တဲ့ကိစ္စပဲ။ ဟိုတုန်းက စုံထောက်ဘက်မှာ ဝါသနာ ပါသော်လဲ ဒီအလုပ်နဲ့ အသက်မွေးမယ်လို့ စိတ်မကူးမိခဲ့ပါဘူး။ ဒီအဘိုးကြီးက ချီးမွမ်းတော့မှ ဒီပညာကို အသုံးချဖို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးပေါ်လာတယ်။ နောက် ကျောင်းကထွက်တော့ ပုလိပ်ဘက်မှာ အမှုထမ်းရမှာကလဲ တယ်ပြီး ဝါသနာပါတာနဲ့ အခုလို ကိုယ့်အမှု ကိုယ်ရှာလိုက်တဲ့ စုံထောက်အလုပ်ကို စပြီး လုပ်ခဲ့တာပါပဲ။

''ဒါနဲ့ ဆက်ပြောရအုံးမယ်။ ခုနင်က ပြောတဲ့အတိုင်း အဘိုးကြီးက အံ့အားသင့်ပြီး ကျွန်တော့်ကို ကြည့်နေတော့ ကျွန်တော် ပြောလိုက်တဲ့စကားဟာ ဟုတ်ပင် ဟုတ်သော်လဲ နည်းနည်းလွန်သွားမှန်း သိတာနဲ့ အဘိုးကြီးကို 'ကျွန်တော်ပြောတာ စိတ်မရှိပါနဲ့ခင်ဗျာ။ ကျွန်တော်က ငယ်ရွယ်သူဖြစ်လို့ မချိန်မဆပဲ လွှတ်ခနဲ သွက်သွားမိပါတယ်'လို့ တောင်းပန်တော့ အဘိုးကြီးက 'ကိစ္စမရှိပါဘူးမောင်ရယ်၊ ကျုပ်က မေးလို့ မောင်က ဖြေရတဲ့ဟာပဲ၊ ကျုပ် ဘာစိတ်ဆိုးစရာရှိသလဲ'လို့ မျက်ဖြေစကား ပြောတော့ပြေပေါ့ရှိ၊ နို့ပေမယ့် အဘိုးကြီးကြည့်ရတာ ကျွန်တော့်အပေါ်မှာ တယ်ပြီးသက်သာမကင်းတဲ့ မျက်နှာထားရှိတာကိုးဗျ။

''ဒီအချိန်ကစပြီး နောက်ရက်များမှာလဲ အဘိုးကြီးဟာ အရင်ကလို ရွှင်ရွှင်ပျပျမရှိဘူးဗျ။ ကျွန်တော့်ကိုချည်းပဲ အကဲခတ်နေတဲ့ လက္ခဏာရှိတယ်။ ဒီအဘောင်ကလေးဟာ ငါ့အကြောင်းကို ဒီ့ပြင် ဘာများ သိသေးသလဲဆိုတဲ့ မလုံတဲ့မျက်နှာမျိုးကိုချည်း မြင်မြင်နေရတာကိုးဗျ။ ဒီတော့ ကျွန်တော်လာတုန်းက ဒီအိမ်မှာ တသ ကိုးသီတင်းလောက် နေမယ်လို့ မှန်းပြီး လာခဲ့သော်လဲ ကျွန်တော်ရှိတဲ့အတွက် တစုံတယောက်မှာ စိတ်နှလုံး မအေးမချမ်း ရှိနေတယ်ဆိုတာ သိတာနဲ့ ရက်တိုတိုနဲ့ပဲ ပြန်ပါရစေတော့လို့ သူငယ်ချင်း မောင်မြတ်ကောင်းကို တောင်းပန်ရတာကိုးဗျ။

''ဒါနဲ့ နက်ဖြန်ပြန်မယ်ဆိုတော့ ဒီကနေ့ နေ့လယ်လောက်မှာ ကျွန်တော်တို့သုံးယောက် သူတို့အိမ်ဝင်းကြီးထဲထိုင်ပြီး တောင်စကား မြောက်စကားပြောနေကြတုန်း ဝင်းထဲကို လူတယောက်ဝင်လာတာကိုးဗျ။ ဒီလူဟာ ညစ်ညစ်စုတ်စုတ်ဝတ်လို့။ အသက်ကတော့ ၅၀ ကျော် ၆၀ နီးပါးလောက်ရှိပါပြီ။ လူကြီးက အကြည့်ဆန့်တန်း၊ သွားခေါခေါ၊ မျက်နှာမှာလဲ ကျောက်ပေါက်မတွေနဲ့။ မျက်လုံးကလဲ သေးသေးနဲ့ တောက်ကြည့်ကြည့်မြောက်ကြည့် တယ်ပြီး ဂနာမငြိမ်တဲ့ မျက်လုံးဗျ။ အဲဒီလူကြီးဟာ ကျုပ်တို့ ထိုင်နေတဲ့ နေရာရောက်ရင် 'တိုက်သူကြီး ကိုပေါ်ဦးအိမ် ဒီအိမ်မဟုတ်လား' တဲ့ မေးတော့ ဦးပေါ်ဦးက 'ဟုတ်တယ် ကိုပေါ်ဦးဆိုတာ ကျုပ်ပဲ၊ ဘာကိစ္စရှိလို့လဲ' လို့ ပြန်ပြောလိုက်တော့ ညှော်သည် လူကြီးက ဦးပေါ်ဦး မျက်နှာကို သေသေချာချာ ကြည့်ပြီး 'အောင်မယ် ခင်ဗျား တယ်ဝနေပါကလား၊ ခင်ဗျား ကျုပ်ကို မှတ်မိသေးရဲ့လား'လို့ မေးတာကိုးဗျ။ ဒီတော့ ဦးပေါ်ဦးက ဒီလူ့မျက်နှာ သေသေချာချာ ကြည့်ပြီး ရုတ်တရက် မှတ်မိတဲ့ လက္ခဏာနဲ့ မျက်နှာပျက်ယင်း 'အောင်မယ်၊ ကိုဖိုးသိန်းလားဟေ့'လို့ မေးလိုက်တော့ 'ဖိုးသိန်းမှ ဖိုးသိန်းအစစ်ပေါ့ဗျာ။ အင်း တယောက်နဲ့တယောက် မတွေ့ကြတာ အနှစ် ၃၀ ကျော် သွားပြီ။ ခင်ဗျားမှာတော့ စည်းစိမ်တွေတိုးပြီး တယ်ဝပေသဗျာ။ ကျုပ်မှာဖြင့် ခင်ဗျားမြင်တဲ့အတိုင်း အဝတ်အစားကို စုတ်ချာနေတာပဲတဲ့။

''သူငယ်ချင်းဆိုတော့ တယောက်ကောင်းစား တယောက်ပေါ့ကွယ်။ ဘာမှ အားမငယ်ပါနဲ့။ ဖိုးခမ္မေ၊ ဟောဒီမှာ ညှော်သည်တယောက် ရောက်လာတယ်ဟေ့၊ ထမင်းများ ပြင်ကျွေးလိုက်ပါကွယ်တဲ့။

''ကျေးဇူးပါပဲ ကိုပေါ်ဦးရယ်၊ ကျုပ်မှာတော့ အင်မတန် ဆင်းရဲနေ။ ခင်ဗျားဆီ ဖြစ်ဖြစ်၊ ကိုဖိုးသိ[illegible]ဖြစ်ဖြစ် မှီခိုကပ်ရပ်ပြီး စားမယ်လို့ လာခဲ့တာပဲ''

'ဒီတော့ ဒေါ်ကြွ ကိုဖိုးထောင် ဘယ်မှာ နေတယ်ဆိုတာလဲ မင်းသိသလား'တဲ့။

'သိသပေါ့ဗျာ၊ ကျုပ် သူငယ်ချင်းတွေ ဘယ်နေတယ်ဆိုတာ နှစ်ပေါင်းများစွာ စုံစမ်းပြီးလာခဲ့၊ အခုတော့ ကျုပ်တို့နေရပ်တွေ သိကုန်ပြီကော။ ကဲ ကဲ ကျုပ် ထမင်းဆာသေးတယ်၊ နောက်မှဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောပြအုံးစို့လို့ ပြောပြီး ဇိုးဖိုးသိန်းဆိုတဲ့လူဟာ အိမ်ထဲ လမင်းစေးနေအောင် အနှိုးသား ဝင်သွားတာကိုးဗျ။

"ဒီညြေသည်ကြီး ရှင်းလှထားနယ်၊ ဘူးပြောပုံ ဆိုပုံနယ်၊ အိမ်ထဲ အနှိုးသား ဝင်သွားပုံတွေရယ် ထောက်လိုက်တော့ ကျွန်တော့်စိတ်မှာ နည်းနည်း သက်သာလေး ဖြစ်သလားလို့ပေဗျ၊ ဒါနဲ့ သူတို့ ဘယ်လို အဆက်အသွယ်များ ရှိပါသလဲမှုလို့ စဉ်းစားနေတုန်း တော်တော်ကြာတော့ ထိုလူကြီး ဦးဖေပါဦးဟာ အရက်များ ယယ်ယက ထောက်ထောက်ပဲ ဖြစ်သွားတယ်လို့ ပြောဖွယ်ရာ လမ်းကို လဲနေအောင် သောက်ထားတာကို တွေ့ရတာကိုးဗျ၊ ဒီတော့ ကျွန်တော့်စိတ်ထဲမှာ ဦးဖေပါဦး အရက် ပြန်ပြီး သောက်တာဟာ ဇိုးဖိုးသိန်းဆိုတဲ့လူ လာတဲ့အတွက် တစုံတရာ စိတ်ညစ်လို့ သောက်တာပဲ ဖြစ်မယ်လို့ ယူဆ လိုက်တယ်။

"ဒါနဲ့ နက်ဖြန်တိုင်လာတော့ ဒီအိမ်နေရတာ စိတ်မချမ်းသာတော့လို့ပဲမျိုး၊ ပြန်ဖို့ ပြောထားတဲ့ ရက်လဲ စေ့လာတာတကြောင်း၊ ကြောင့် ကျွန်တော် ပြန်ခဲ့တာကိုးဗျ။ ပြန်လို့ မိသားစု ထံရောက်ပြီး တနေ့ သဉ်တော့ မောင်မြတ်ကောင်းဆီက ဖလျင်အမြန်လာခဲ့ဖို့ ကြေးနန်းနဲ့ အရေးကြီး ကြေးနန်းတစောင် ရပါလေရော။ ဒီတော့ ကျွန်တော်က ဘာနဲ့ သူ့အဖေ တစုံတရာဖြစ်လို့ပဲလို့ ထင်မှတ်ကာနဲ့ မိဘ များထံ ခွင့်ယူပြီး အမြန်လိုက်သွားတာကိုးဗျ။ လိုက်သွားတော့ မောင်မြတ်ကောင်းက ပုလိပ်က လာပြီး ကြိုနေတာ တွေ့ရတယ်၊ တွေ့တွေ့ချင်းပဲ မောင်မြတ်ကောင်းက—

"ကျွန်တော့်အဖေကြီး နေမကောင်းဖြစ်နေပြီဗျို့၊ အသက်မှ မီပါ့မလား မပြောတတ်ပါဘူး"

"ဘာဖြစ်လို့လဲဗျာ"

"နှလုံးရောဂါဆို ထင်ပါရဲ့ဗျာ"

"ဆရာဝန် မခေါ်ဘူးလား"

"ခေါ်ပြီးလားဗျာ၊ အိမ်မှာ ရှိနေတယ်"

"ဘာဖြစ်ပြီး ဖြစ်တာလဲ၊ ကျုပ် မြင်ခဲ့တော့ အခြေကြီးပါကလား"

"အဲ ဘာကြောင့်ဖြစ်တယ်ဆိုတာ ကျွန်တော်ပြောချင်လွန်းလို့ ခင်ဗျားကို ကျုပ် ခေါ်တာပါပဲ။ ကဲ လာဗျာ၊ လာတော့မှပဲ နေလို့မှမဖြစ်လို့ ဆိုပြီး ကျောင်းကုန်းသွားတဲ့ အတော်အပါ ကက်မိတော့ မောင်မြတ်ကောင်းက ခင်ဗျား ပြန်နေခဲ့တဲ့ တနေ့က ကျွန်တော်တို့အိမ်လာတဲ့ ဇိုးသိန်းဆိုတဲ့ အကောင်ကြီး ခင်ဗျား မှတ်မိသေးလား"

"မှတ်မိတာပေါ့"

"ဒီခွေးသားကြီးကြောင့်ပဲ ဆိုစရာရှိရဲ့၊ ဒီအကောင်ကြီးကြောင့် ကျွန်တော့်အဖေ ဒီလိုဖြစ်ရ တာပဲ။ ဒီကောင်ကြီးဟာ စာခဲ့ဆန့် ပြုဟက်မှုတဲ့ အကောင်ကြီးပါပဲဗျာ"

"မှုပုံ ပြောပါအုံးဗျ"

"ဒီကောင်ကြီးဟာ လူ့ဟုတ်ဘူးဗျ။ ငြိုဟ်ကောင်ကြီး အစစ်ပဲ။ ခင်ဗျားလိုက်တာလဲ လွန်နေ တာပဲ ကိုစိုးရေ၊ ဒီအကောင်ကြီး ကျွန်တော် မသတ်လိုက်မိတာ ကျွန်တော် မှားတာပါပဲ"

"အကြင်အပုတ် နည်းနည်း ပြောပြပါအုံးဗျာ"

"ဒီအကောင်ကြီး ရောက်တဲ့နေ့ကစပြီး ကျွန်တော်တို့မှာ တနေ့ရှိမှ စိတ်ချမ်းသာရဘူး၊ သူရောက်တဲ့ နေ့ကစပြီး ကျွန်တော့်အဖေလဲ ဘာဖြစ်တယ် မဆိုနိုင်ပါဘူး။ ခေါင်းကို မော်ကြည့်ပုံ ပါဘူးခင်ဗျာ"

"ဘယ်အချက်များ သူက နိုင်ထားလို့လဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်အချက်မှာ နိုင်ထားတယ် မပြောတတ်ပါဘူးဗျာ၊ ဒီလောက် ကောင်းမွန်တဲ့ ကျွန်တော့်အဖေလို လူတယောက်ဟာ ဒီအကောင်ကြီးမျိုး လက်တွင်း ကျရအောင် ဘာများ လုပ်ခဲ့တယ် မပြောတတ်ပါဘူးဗျာ။

''အာက ဒီလိုဗျ။ ဒီအကောင်ကြီး ရောက်လာပြီးတော့ သူက ကျွန်တော့်အဖေကို 'ခင်ဗျားဆီမှာ ထမင်းတလုတ်ပေးမယ့် ကျုပ်က အလကားမစားချင်ဘူးဗျာ၊ ကျုပ်ကို အလုပ်တခုပေးပါ'တဲ့ ပြောတော့ ကျွန်တော့်အဖေက သူ့လက်အောက်သ လက်ထောက်အဖြစ်နဲ့ ထားတာကိုးဗျ။ ထားပေမယ့် နာမည်ပါပဲဗျာ၊ ဘာမှ သူမလုပ်ရဘူး။ တလကို လခဆိုပြီး ၃ဝိ လဲ ပေးရတယ်၊ ထမင်းလဲ ကျွန်တော်တို့က ကျွေးရတယ်။ ဒီလို ပေးထား ကျွေးထားပေမယ့် ဒီအကောင်ကြီးက အငြိမ်မနေဘူးခင်ဗျ။ ဟိုလူကို အော်၊ ဒီလူကို ကြိမ်းနဲ့ တအိမ်လုံး သူ့လက် သူ့ခြေချည်းပဲ။ ကျွန်တော့်ကိုတောင် သူက ကြိမ်းလား မောင်းလားနဲ့ စော်ကားလိုက်တာ၊ ကျွန်တော်က သည်းမခံနိုင်လို့ ထိုးမယ်လုပ်တော့ အဖေကြီးက အတန်တန် တောင်းပန်တာနဲ့ မထိုးလိုက်ရဘူးခင်ဗျ။ ဒါနဲ့ သူက ကျွန်တော်တို့အိမ်ကို သူ့အိမ်ပိုင် ကျနေတာပဲ၊ ဘယ်က အကောင်တွေမှန်းမသိဘူး၊ ခေါ်ချင် ခေါ်လာ၊ ထမင်းတွေ ဘာတွေ ကျွေး၊ ထန်းရေတွေ သောက်ကြနဲ့ တအိမ်သုံးကို ကျွက်ကျွက်ဆူလို့။ တခါတခါလဲ သေနတ်ပစ် ထွက်တော်မူတယ်ခင်ဗျ။ ကျွန်တော့်အဖေ သေနတ်ကိုယူ၊ ယမ်းတောင့်တွေ အကုန်တောင်း၊ လှည်းတွေ နွားတွေ အကုန်ယူပြီး ငှက်ပစ်ထွက်ကြ။ တဖာဘည်းဗျာ ကျွန်တော့်မှာ အခံရခက်လိုက်တာ။ တနေ့မှာ ဆယ်ခါ မကဘူး၊ ကန်ထုတ်မယ် ကျွန်တော်ကြံမိတယ်။ အဖေကြီးက ကျွန်တော့်ကိုချည်း ကြည့်ပြီး အကဲခတ်နေတာဖြစ်တော့ ကျွန်တော်ကြံတိုင်း ကြံတိုင်း ကျွန်တော့်ကို ဦးအောင် တောင်းပန်တာချည်းပဲ ခင်ဗျ။ ဒါနဲ့ ကျွန်တော်လဲ ကိုယ့်စိတ်ကို ကိုယ်အင်မတန် ချုပ်တည်းပြီး သည်းခံနေခဲ့တယ်။ ဒီအထဲ တနေ့ထက် တနေ့ ကဲကဲပြီး တက်လာတာကိုး ခင်ဗျ။ ဒါနဲ့ တနေ့တော့ ကျွန်တော့်ရှေ့မှာပဲ သူက ကျွန်တော့်အဖေကို စော်စော်ကားကား ပြောတာကိုး ခင်ဗျ။ ပြောတော့ ကျွန်တော်လဲ ကိုယ့်အပေါ်မှာတော့ ဘယ်လိုပဲ စော်ကား စော်ကား သည်းခံနိုင်ပါရဲ့၊ အဖေကြီး ထိတော့ သည်းမခံနိုင်တာနဲ့ မျက်ခွက်ကို လက်သီးနဲ့ တချက် ထိုးလိုက်တာ ခေါ်နေတဲ့ ရှေ့သွားကြီးနှစ်ချောင်း ကျိုးထွက်သွားပါရောဗျာ။

''ဒီတော့ အကောင်ကြီးက ပါးစပ်က သွေးတွေနဲ့ ကျွန်တော့်အဖေဘက်လှည့်ပြီး 'နင်တို့ သားအဖတော့ သိကြရောပေါ့ဟယ်'တဲ့ ပြောတော့ ကျွန်တော့်အဖေက ကျွန်တော့်ကို တောင်းပန်မယ်လုပ်တုန်း ကျွန်တော်က ထွက်မိတဲ့သက်စနဲ့ ဒေါသကို မချုပ်တည်းနိုင်ပဲ 'နင်ဘတ်နိုင် ကိုင်ချင်ရာကိုင်ချေဟယ်'ဆိုပြီး အိမ်ထဲက ခြေထောက်နဲ့ ကန်ထုတ်လိုက်တာကိုး ခင်ဗျ။ ဒီတော့ အကောင်ကြီးကလဲ ကျွန်တော်တို့ အိမ်ဘက်ကို တချက် လှည့်ကြည့်ပြီး လက်သီးဆုပ်ကာ ဆုပ်ကာပြယင်းနဲ့ သွားပါလေရောခင်ဗျ။

''ဒီအကောင်ကြီးလဲ ထွက်သွားရော ကျွန်တော့်အဖေဟာလဲ မအိပ်နိုင် မစားနိုင်ဖြစ်ပြီး အရက်တွေ သိပ်သောက်၊ ညတိုင်းလဲ တယောက်တည်း အိမ်ထဲမှာ လမ်းလျှောက်လို့ချည်း နေတာပဲခင်ဗျ။ ဒီလိုချည်းနေလို့ လေးငါးရက်လောက်ရှိတော့ ကျွန်တော့်အဖေလဲ နည်းနည်း စိတ်ကလေး အေးသလိုလို လက္ခဏာ ရှိလာပါရော၊ ကျုံ့ပျော်က စာတစောင်လဲ ရောက်လာပါရောခင်ဗျ။

''ဒီစာ ရရချင်း ကျွန်တော့်အဖေမှာ အရူးလိုဖြစ်ပြီး အခန်းထဲမှာ ပတ်ချာလှည့်ပြီး ပြေးလိုက်တာ ကျွန်တော် လိုက်ဖမ်းလို့လဲ မမိပါရော၊ သတိလဲ မရပါဘူးခင်ဗျာ။ အဲဒီနေ့ကစပြီး သတိလစ်နေလိုက်တာ၊ ဒီနေ့အထိတိုင်ပါရောခင်ဗျ။ ကျွန်တော်ဖြင့် အသက်တောင် မီမယ်မထင်ပါဘူးလို့ ပြောတော့ ကျွန်တော်သာ နေပါအုံး ကိုမြတ်ကောင်းရယ်၊ ဒီစာရတာနဲ့ ဒီလောက် ဖြစ်သွားရအောင်ဟာ စာထဲမှာ ဘာများပါလို့



www.burmeseclassic.com

www.burmeseclassic.com



လဲဗျ မေးတယ်။ ဒီတော့ သူက စာထဲမှာ ဘာပါသလဲ မပြောတတ်ဘူးဗျာ။ ကျွန်တော်လဲ ဖတ်လို့ နားမလည်ပါဘူး။ အိမ်ရောက်မှပဲ ခင်ဗျားကိုယ်တိုင်ကြည့်ပါတော့တဲ့ ပြောပြီး သူ့အဖေမရှိယင် ဘိလပ်ကို ပညာသင်သွားဖို့ အစီအစဉ်တွေ ပျက်သွားမယ့် အကြောင်းတွေ ဘာတွေ ညည်းညူ ပြောဆိုယင်းနဲ့ သင်္ဘောလဲ ကျောင်းကုန်း ဆိုက်ပါရောဗျာ။

"ဒါနဲ့ အိမ်ရောက်တော့ ဦးပေါ်ဦးက ဆုံးနှင့်ရှာရောဗျ။ ဆရာဝန်ကိုမေးကြည့်တော့ ကျွန်တော် တို့ မရောက်ခင် ငါးမိနစ်လောက်မှာပဲ ဆုံးရှာသတဲ့။ ဒါနဲ့ မသေခင် သတိများရသေးသလားလို့ ဆရာဝန် ကို မေးတော့ ဆရာဝန်က အသက်ထွက်လုဆဲဆဲမှာ သတိကလေးတချက် ရသတဲ့။ ဒီတော့ မောင်မြတ် ကောင်းက သူ့ကို ဘာများ မှာထားခဲ့သေးသလဲ မေးတော့ သူအလုပ် လုပ်တဲ့ စားပွဲအောက်ဆုံး အံဆွဲ ထဲမှာ စက္ကူတွေရှိတယ်တဲ့၊ ဒီစာတွေ ဖတ်ကြည့်ရစ်ပါတော့လို့ မှာသွားသတဲ့။

"ဒါနဲ့ ဆရာဝန်လဲ ကျွန်တော်တို့ကို နှုတ်ဆက်ပြီး ပြန်သွားရော၊ မောင်မြတ်ကောင်းလဲ သူ့အဖေ ထားခဲ့တယ်ဆိုတဲ့ စက္ကူတွေ သွားယူပါရောဗျ။ ကျွန်တော်လဲ အိမ်ဦးခန်းမှာ ဒီအမှုအကြောင်း စဉ်းစား နေရစ်ပါရောဗျ။ စဉ်းစားပုံက ဒီဖိုးသိန်းဆိုတဲ့ အကောင်ကြီးဟာ ဦးပေါ်ဦး အပေါ်မှာရော၊ ကျုံပျော်က ဦးဖိုးထောင်ဆိုတဲ့လူအပေါ်မှာရော နိုင်ထားတဲ့ အချက်တချက် ရှိရမယ်။ ဒီအကောင်ကြီးက ကျုံပျော်သွား ယင်လဲ ဒီ့ပြင်အကြောင်းတော့ မဟုတ်ဘူး။ ဦးပေါ်ဦးကို ညှဉ်းဆဲနှိပ်စက်သလိုပဲ ဟိုက လူကို ညှဉ်းဆဲ နှိပ်စက်ရအောင် သွားတာပဲ။ ဒီတော့ ကျုံပျော်ကနေပြီး ရေးလိုက်တယ်ဆိုတဲ့စာဟာ ကောက္ကူ ဆင်ပွဲသယ် လေးနက်တဲ့စာ ဖြစ်ရမယ်။ ဒီစာ ငါမြင်ရယင်ဖြင့် ဒီအကြောင်း တော်တော်တန်တန် ရိပ်မိနိုင်လောက်မှာပဲလို့ စဉ်းစားနေတုန်း မောင်မြတ်ကောင်းလဲ သူ့အဖေညှန်ခဲ့တဲ့ စာရွက်တွေယူပြီး ကျွန်တော့်ဆီ လာပါရောဗျ။

"မောင်မြတ်ကောင်းက 'ကဲဗျာ ကိုစံရှားရယ်၊ ဟိုနေ့က ကျုပ်အဖေ ရတယ်ဆိုတဲ့ စာဟာ ဟောဒီ စာပါပဲဗျာ'လို့ ကျွန်တော့်ပေးလို့ ဖတ်ကြည့်တော့ အဲဒီမှာ ကိုသိန်းမောင် မြင်တဲ့အတိုင်းပဲ။ 'ဖိုးသာလှ သိမ်းထားသော သေတ္တာမှာ စာတကောင်ဖောက်ဝင်သွားပြီ၊ ဇိမ်ပြေးသော်လဲ ပေမမီတော့' ဆိုတဲ့ စာ တွေ့တာကိုးဗျ။ တွေ့တော့ ကျွန်တော်လဲ ဖတ်ဖတ်ချင်း ခင်ဗျား ခုနင်က ဖြစ်သွားတဲ့ မျက်နှာထားမျိုးပဲ ဖြစ်သွားတယ်။

"ဒါနဲ့ ကျွန်တော်က တခါက နှစ်ခါ၊ နှစ်ခါက သုံးခါဖတ်၊ ဖတ်လို့လဲ နားမလည်ဘူး။ ဒီတော့ ဒီစာဟာ စာမြှုပ်ပဲလို့ဆိုတာ ရိပ်မိတာနဲ့ စာကို နောက်ပြန်ဖတ်ကြတော့လဲ 'တော့မီမပေလဲသော်' ဒါလဲ နေရာမကျဘူး။ ဒါနဲ့ တလုံးခြား ဖတ်ကြည့်ပြန်၊ 'ဖိုးလှထားသစ်မှာ တဖောက်' ဒါလဲ နေရာမကျဘူး။ ဒီလိုနဲ့ အမျိုးမျိုးစမ်းပြီးဖတ်၊ ဖတ်ယင်းက အပြီးသတ်တော့မှ အဓိပ္ပာယ်ပေါ်တာကိုးဗျ။ သူ့စာက အစ အလုံးကစပြီး နှစ်လုံးခြား ဖတ်သွားရတာကိုးဗျ။ နှစ်လုံးခြား ဖတ်ဖတ်သွားတော့မှ 'ဖိုးသိန်းသစ္စာဖောက်ပြီ၊ ပြေးပေတော့'လို့ အဓိပ္ပာယ်ပေါ်လာတာကိုးဗျ။ ဒီတော့ အဘိုးကြီး ရူးသလိုဖြစ်သွားတယ်ဆိုတာ ရူးယင် လဲ ရူးလောက်ပေတယ်ဗျ။

"ဒီတော့ မောင်မြတ်ကောင်းက 'ဟုတ်တယ်ဗျို့၊ ခင်ဗျားကောက်တဲ့ အဓိပ္ပာယ် ဟုတ်လိမ့်မယ်ဗျို့။ သို့သော် ဘာသစ္စာဖောက်လို့ ဘယ်ပြေးရမှာတုံး၊ ကျွန်တော် နားမလည်သေးပါဘူးဗျာတဲ့' ပြောတော့ ကျွန်တော်က ခင်ဗျားလက်ထဲမှာကိုင်ထားတဲ့ စာရွက်တွေဟာ ခင်ဗျားအဖေညွှန်ခဲ့တဲ့ စာရွက်တွေ မဟုတ် လားဗျ။ ဒီစာတွေဖတ်ကြည့်ယင် ခင်ဗျား နားလည်ရောပေါ့လို့ ပြောတော့ မောင်မြတ်ကောင်းက ကျွန် တော် မဖတ်ပါရစေနဲ့ဗျာ၊ ခင်ဗျားပဲ ဖတ်ပြပါတော့လို့ဆိုပြီး ဟောဒီစာရွက်တွေ ကျုပ်ကိုလှမ်းပေးလိုက် တာကိုးဗျ"ဟု ပြောပြီးလျှင် ဦးစံရှားသည် ဖိုင်တွဲ၍ထားသော စာရွက်များကို ကျွန်တော့်အား ယူ၍



www.burmeseclassic.com

www.burmeseclassic.com

ပြလေ၏။ ၎င်းစာရွက်များမှာ ဦးပေါ်ဦးက သား မောင်မြတ်ကောင်းထံ ရေးသားထားခဲ့သော စာများပင် ဖြစ်ပေရာ ကျွန်ုပ်ဖတ်ရှုကြည့်သောအခါ အောက်ပါအတိုင်း တွေ့ရှိရလေသည်။

ငါ့သားကြီး မောင်မြတ်ကောင်း

ငါ့သားသည် ဤစာကို ဖတ်ရှုလျက်ရှိသည့်အခါ ဖခင်မှာ ဘဝတပါးသို့ ပြောင်းသွားပြီ ဖြစ်ချေကောင်း ဖြစ်ချေလိမ့်မည်။

ဖခင်သည် မိမိအဖြစ်အပျက်များကို ဤမျှလောက် တာရှည်အောင် သိုဝှက်ဖုံးအုပ်၍ ထားခြင်းမှာ သူတပါးတို့က ရှက်ချေပြောဆိုမည်ကို ကြောက်ရွံ့သောကြောင့်လည်းမဟုတ်၊ အစိုးရအပြစ်ဒဏ်ကို ခံယူရမည်ကို ကြောက်ရွံ့လှသောကြောင့်လည်း မဟုတ်ပါ။ အမှန်မှာ အလွန်တရာ ချစ်လှစွာသော ငါ၏ တယောက်တည်းသောသားသည် ဖခင်အပေါ်၌ အကြည်ညိုပျက်မည်ကို စိုးရိမ်သောကြောင့်သာလျှင် အသက်ရှင်စဉ်အခါ၌ ငါ့သားအား ဤအတ္တုပ္ပတ္တိများကို ဖော်ထုတ်မပြောဘဲ ရှိနေခဲ့လေသည်။

ယခုအခါမှ ဖခင်သေလွန်ပြီးဖြစ်၍ ဖခင်သည် မိမိသားအပေါ်၌ မျက်နှာပူဖွယ်ရာ အကြောင်း မရှိချေ။ ထို့ကြောင့် ဖခင်သည် လွန်ခဲ့သည့်အခါက အဖြစ်အပျက် အခြင်းအရာများကို ဟုတ်မှန်သည့်အတိုင်း ရေးသားခဲ့ပေအံ့။

ဖခင်နာမည်ရင်းမှာ မောင်ပေါ်ဦးမဟုတ်၊ မောင်မိုးသီးဖြစ်၍ ဇာတိမှာ ရွှေဘိုဘောင်လက် သမိုင်ရွာသားဖြစ်လေသည်။ ရွှေဘိုဘောင်လက်ခေါ် နယ်မှာ မြန်မာမင်းလက်ထက်တော်က မြင်း အစုသင်းများရှိကြ၍ ၎င်းနယ်မှာ မြင်းနယ်ဟူ၍ ခေါ်တွင်လေရာ ၎င်းနယ်က လူတို့မှာ ဦးခေါင်းဖေယျ ရွမ်းရွမ်းစွာနယ်ပင် ဖြစ်သည့်အတွက် တအားတက်သည့်သဘောနှင့် မြန်မာမင်း လက်ထက်တော်က အလွန်တရာ ဆိုးသွမ်းသောသူများ ဖြစ်ကြလေသည်။

ဖခင်၏ အဘွားအဘိုးတို့မှာလည်း အလောင်းဘုရား လက်ထက်တော်ကပင် လက်ရုံးအား ကိုး အမှုထမ်းခဲ့သည်ဖြစ်ရာ ဖခင်၏အဖမှာ မင်းတုန်းမင်း ဘုရင်လက်ထက်တော်တွင် ပုန်ကန် ထကြွမှု၌ အသက်ဆုံးရှုံးခဲ့လေသည်။ မိခင်မှာမူ မွေးဖွားရာသော မြို့သားဖြစ်သော ကြောင့် ဖခင်နှင့်တကွ အသက်ရှင်သန်ခြင်းကို ရခဲ့လေသည်။

ဖခင် ကြီးပြင်းလာသောအခါ မိခင်သည် သေလွန်သူ အဖ၏ရှမ်းရည်သတ္တိ အကြောင်းများ ကို ပြောပြလေ့ရှိ၍ ဖခင်မှာ မင်းစိုးရာဇာ စသည်တို့အပေါ်၌ အလွန်ကာရော စိတ်နာလှသည်ဖြစ်၍ ဤအသက်အရွယ် ကိုးဆယ်သည့်သယ်လုပ်အဖြစ်နှင့် အသက်မမွေး၊ တိုက်ခိုက်ခြင်းဖြင့်သာလျှင် အသက် မွေးမြူနေရသော တကောင်းဟု ဆန္ဒရှိကာနေချိန်ရောက် အရွယ်ရောက်သည်နှင့် တပြိုင်နက် လူဆိုး သူခိုးတို့နှင့် ပေါင်းဖြူလျှင် အရွာရွာတို့ကို လှည့်လည်တိုက်ခိုက်လေသည်။ ၎င်းနောက် တနှစ် ထက် တနှစ် နာမည်ကျော်ကြားလျက် 'မိုလ်မိုးသီး' ဟူသော အမည်ကို ကြားရုံမျှနှင့်ပင် ရွာသူ ရွာသားများ ဖိန်ဖိန်တုန်မျှကြောက်ရွံ့ရှာကြလေသည်။ ထိုသို့ပင် ကျော်ကြားခြားသော် လည်း ထိုနောက် မကြာမီ၌ နောက်ဆုံးတနေ့၌ မင်းတို့၏ဘုန်းကံကို မလွန်ဆန်နိုင်သည့်သာ ဖြစ်၍ ဖခင်မှာ ထောင်ဖမ်းမိသဖြင့် ထောင်သွင်း အကျဉ်းချထားခြင်းကို ခံရလေသည်။ ထိုကဲ့သို့ ခံနေရစဉ်အခါ မြန်မာမင်းတို့လက်ထက်က တိုးစံရှိသည့်အတိုင်း ပြစ်မှုကြီးသော လူဆိုး တို့အား ခေါင်းဆေးနောက် ရင်ပတ်လျှက် ဖခင်လက်များကျင် ဆေးထိုးခြင်းခံရလေသည်။ ဖခင်၏ လက်ဝဲဘက်၌ 'မိုးသီး' ဟု ထိုးလျက် လက်ယာဘက်၌မူ 'မမိုက်နဲ့' ဟု ထိုးထားလေသည်။ ၎င်း နောက် အင်္ဂလိပ်မင်းတို့ သိမ်းပိုက်သဖြင့် ဖခင် ထောင်မှထွက်လေသည့်အခါ လက်ကျင်ကိုက စာများကို ဆေးနက်သင်၍ ထိုခြင်းအားဖြင့် ဖျက်ပါသော်လည်း ကောင်း စွာ မပျောက်သဖြင့် ခေါင်း၏ဆွဲသည့်ချင်း ခမောင်စံရှားသည် ငါ၏အကြောင်းကို ရိပ်မိသွားလေသည်။

အသိမ်းအကြွန်

www.burmeseclassic.com

www.burmeseclassic.com



ဤနေ့နောက် အင်္ဂလိပ်မင်း သင်္ကြံတက်ခွဲသည်။ ဖခင်မှာ ပင်ပန်းကြီးစွာ ရှာဖွေစားသောက်သော အလေ့အကျင့် ရှိခဲ့သည့်ပြင် ရွေ့ပိုဆောင်လက် နယ်သည့်လည်း မပြေဝဲ မပိုပြီး ရှိနေသည်ဖြစ်၍ ဖခင်သည် ကိုက်ခိုက်ခြင်းအလုပ်ကို ဆက်လက် လုပ်ကိုင်ပြန်ရာ နောက်ဆုံး၌ ဖခင်နှင့် တကွ ငယ်သား ၂၀ တို့မှာ လက်ရဖမ်းဆီးခြင်း ခံရပြီးနောက် တသက်ကျွန်းပို့ခြင်း အပြစ်ဒဏ်ကို ခံယူကြရလေသည်။

ထိုအခါ ဖခင်တို့နှင့်တကွ အခြားနယ်ပယ်မှ ဖမ်းဆီးရမိသောသူတို့ကို ရန်ကုန်သို့ တင်ပို့လိုက်ရာ တနေ့သ၌ သင်္ဘောတစင်းသည် အကျဉ်းသမား ၁၁၀ ခန့်မျှကို ယင်ဆောင်လျက် အန်ဒမန်ကျွန်းသို့ ရန်ကုန်မှ ထွက်ခွာလာခဲ့လေ၏။ ဤအကျဉ်းသမားတို့အနက်တွင် ဖခင်လည်း တယောက် အပါအဝင် ဖြစ်လေရာ ဖခင်မှာ လုယက်တိုက်ခိုက်၍ ရသော ပစ္စည်းများကို မြောက်မြားစွာ စုဆောင်း သိုဝှက်ထားပြီး ရှိ၍ ယခုလို ကုက်ကွဲ့သို့ သက်စွန့်ကြိုးပမ်း တိုက်ခိုက် စုဆောင်း၍ထားသော ပစ္စည်းများကို မသုံးစွဲရပဲလျက် မြန်မာပြည်မှ ပြန်ရက်မရှိ ထွက်ခွာသွားရသည့် အတွက် များစွာ ဝမ်းနည်းမိလေသည်။ သို့ရာတွင် သင်္ဘောထွက်ခွာ၍ သုံးရက်ခန့် ကြာရှိသဖြင့် လှိုင်းမူးဝေသည့် ဝေဒနာ ပျောက်ကင်းလေလျှင် ဖခင်မှာ မည်ကဲ့သို့ပင် အကျဉ်းအကြပ် ကျခရောက်နေသည် ဖြစ်စေ ဘယ်သောအခါမျှ စိတ်အားလျှော့ဖူးခြင်း မရှိသည်ဖြစ်၍ မည်ကဲ့သို့ လွတ်မြောက်ရန် လမ်းရှိသည်ကို ကြံစည် စိတ်ကူးလျက် ရှိနေလေသည်။

ဖခင်တို့ အကျဉ်းသမားများမှာ သင်္ဘောဝမ်းခေါင်းအတွင်းတွင် အခန့် ငယ်များ ကန့်လျက် အခန်းတခန်းတွင် တယောက်ကျ ထားသည်ဖြစ်ရာ အခန်းတခုနှင့် တခုမှာ ပျဉ်ပြားသို့ဖြင့် ကာခြားလျက် ရှိလေသည်။ ထိုင်ငြိအခါက အကျဉ်းသမားတို့မှာ သင်္ဘောပေါ်၌ လိုက်ပါလာရစဉ် အခါ သံခြေကျဉ်းများ၊ လက်ထိပ်များ ခတ်ထားခြင်းမရှိပဲ အခန်းကိုသာလျှင် လုံခြုံအောင် အပြင်မှ သော့ခတ်၍ ထားလေသည်။ ဖခင်လည်း လှိုင်းမူးခြင်း ပျောက်သည့်နေ့မှ စ၍ လွတ်မြောက်ရန် နည်းလမ်းကို ကြံစည်လျက်ရှိရာ အကြံတခု ရသည်နှင့် ပျဉ်ပြားအကြား၊ အခြားအခန်း၌ ရှိသော အကျဉ်းသမားအား မိမိအကြံအစည်ကို ပြောပြလေရာ ထိုသူလည်း ဖခင်ပြောသည့်အတိုင်း လိုက်နာရန် သဘောတူလေသည်။

ထိုအခါ ဖခင်တို့လည်း အခန်းတခန်းမှ တခန်းသို့ဆင့်၍ စကားကမ်းလှမ်း ပြောဆိုကြသည် ဖြစ်ရာ အကျဉ်းသမား အားလုံးတို့မှာ တိုက်ခိုက်ခြင်း၌ များစွာ ဝါသနာပါရှိကြသူများ ဖြစ်သဖြင့် ဖခင်၏ အကြံကို လိုက်နာရန် အားလုံးပင် သဘောတူညီကြလေသည်။

ဤနောက် ချိန်းဆိုထားသော အချိန်သို့ ရောက်သည့်အခါ အစောင့်အကြပ်တယောက်သည် အခန်းများသို့ ထမင်းလိုက်ပို့လေရာ ထမင်းပို့လာသူသည် အပြင်မှ တံခါးဖွင့်လျက် ရှိသည်ကို ဖခင်သိသည်နှင့် တပြိုင်နက် တံခါးအနီးတွင်ကပ်၍ စောင့်နေလေသည်။ ထိုအခါ ထမင်းပို့လာသူသည် ဖခင်၏ အကြံအစည်ကို မသိရှာသဖြင့် ထမင်းဟင်းများနှင့် အခန်းတွင်းသို့ အဝင်တွင်မဲ့ ဝင်လာသည်တွင် ဖခင်သည် ခွန်အားနှင့်ပြည့်စုံသူတယောက် ဖြစ်သည့်အတိုင်း ထိုသူ၏နားထင်ကို လက်သီးနှင့် တချက်ထိုးလိုက်ရာ ထိုသူမှာ ထခွန်းမျှ မအော်ဟစ်နိုင်ရှာပဲ ကြမ်းပေါ်သို့ လဲကျသွားလေသည်။ ထိုအခါ ဖခင်သည် ထိုသူ၏ခါးမှ သော့တွဲကိုဖြုတ်ယူပြီးလျှင် နောင်သတိရ၍ မလာလောက်အောင် အဆုံးစီရင်လိုက်ပြီးလျှင် နောက် ကပ်လျက်ရှိသော အခန်းတံခါးကို ဖွင့်ပေးလိုက်လေသည်။ ဤနောက် တခန်းပြီး တခန်း လျင်မြန်စွာဖွင့်သွားရာ နာရီဝက်ခန့်အတွင်း၌ ဖခင်တို့ အကျဉ်းသမား ၁၀၀ ခန့်မှာ လွတ်မြောက်ခြင်းသို့ ရောက်ကြလေသည်။

ထိုအခါ ဖခင်သည် ထိုသူတို့အပေါ်၌ ဦးစီးဦးကိုင်ပြု၍ သင်္ဘောအရာရှိများ ရှိရာ အခန်းသို့ ဖြည်းညင်းစွာ သွားရောက်ကြလေရာ ၁၀ ယောက် ခန့်မျှသော အရာရှိတို့သည် အခန်းတခန်း အတွင်းတွင် စားပွဲထိုင်လျက်ရှိကြသည်ကို တွေ့မြင်ရလေသည်။ ထိုအခါ ငါတို့သည် အခန်းတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ရှတ်တရက် ပြေးဝင်ကြပြီးလျှင် မှုန်စိဘမှိုင်းမျှသော အချိန်အတွင်းတွင် ထိုသူတို့၏ လည်ပင်းများကို ညှပ်သတ်ပြီး ဖြစ်ကြလေသည်။

၎င်းအခန်းမှာ ၀,ပိုင်းခွဲရှိနေသည်ဖြစ်ရာ အခြား ခရာသီ သင်္ဘောကုလားသိုးမှာ သင်္ဘော ဦးပိုင်း၌ ရှိနေကြလေသည်၊ ထိုအခါ ဖခင်၏လူစုသည် ယမင်းစေးရသေးသည်ဖြစ်၍ သင်္ဘော အရာရှိတို့ ဝေးသော အနေကြသော စေးကြွင်းများကို မြင်သောလျှင် မချုပ်တည်း နိုင်ကြသဖြင့် အစား သောက်များနှင့်အတူ အရက်များကို စေးသောက်ကြလေသည်။

ထိုကဲ့သို့ မူးယစ်သောက်စားလျှက်ရှိကြစဉ် ငါတို့သည် အခြောက်ပစ်လိုက်တိသကဲ့သို့ အသံ တခုကို ကြားလိုက်ရသည်ဖြစ်ရာ နောက်အကောင်း သခေါ်လုံး မီးခိုးတို့ဖြင့် ဖုံးအုပ်လျှက် အချို့သော အကျဉ်းသား ငါတို့မှာ ကြမ်းပေါ်၌ တွန့်လိမ်ကာ လဲကျကြကုန်၏။ ဖခင်မှာမူ ဘာမှ မထိခိုက် သည် ဖြစ်၍ အကြောင်းခြင်းရာကို စုံစမ်းရာ ၂၀ ခန့်မျှသော သေနတ်ပြောင်းဝတို့သည် အခန်းဝမှ ဖခင်တို့ရှိရာသို့ ချိန်လျှက်ရှိသည်ကို တွေ့ရလေသည်၊ ထိုအခါ ဖခင်လည်း ကျန်ရှိသော သူများကို ဟစ်အော် ခေါ်ငင်ပြီးလျှင် သေနတ်ပြောင်းဝများရှိသော အပေါက်သို့ ပြေးသွားကြရာ ၎င်း သေနတ်များကို ပစ်ခတ်သူတို့မှာ ခရာသီ ကုလားများ ဖြစ်ကြောင်းကို တွေ့ရှိရလေသည်။

ဖခင်တို့လည်း လှေမြန်စွာ ပြေးသွားကြသဖြင့် ထိုသူတို့သည် သေနတ်ကို တဖန် ယမ်းထိုး၍ မပြီးမီ ရောက်သွားကြသည်ဖြစ်ရာ ၄ တို့မှာ လူ ၁၀ ယောက်မျှ ကျန်သေးသည်ဖြစ်၍ ထိုသူ ၂၀ ခန့်မျှကို အလွယ်တကူနှင့် နိုင်နင်းကြလေသည်။ ထိုအခါ ဖခင်တို့လည်း ထိုသူများကို ဖမ်းဆီး ပြီးနောက် 'ရက်စက်မှု ကြောက်သည်' ဆိုသော စကားပုံအရ ဦးခေါင်းကို သေနတ်ဒင်ဖြင့် တချက်စီ ဆောင့်ပြီးလျှင် ရေထဲသို့ ကန်ချလိုက်ကြလေသည်။ ထိုနောက် အခြားသော ခရာသီ ကုလားများနှင့် အင်္ဂလိပ်သင်္ဘောသား အချို့တို့သည် သေနတ်သံ ကြားသဖြင့် မည်သည့်အကြောင်း ဖြစ်လေ သနည်းဟု အသံကြားရာသို့ ပြေးလာကြရာ ဖခင်တို့လည်း လာသမျှ သူအပေါင်းကို ယခင်က ခရာသီများနည်းတူ ပီရင်လိုက်ကြလေသည်။

ထိုအခါ၌ ဖခင်တို့မှာ ထိခိုက် နာကျင်မှု မရှိသူ အကျဉ်းသားပေါင်း ၁၃ ယောက်မျှ ကျန်ရှိသေးသည်ဖြစ်ရာ ရန်သူတို့မှာမူ တယောက်မျှမကျန်ကြ တော့ချေ။ အချို့မှာလည်းအသေအဖြစ်နှင့်၊ အချို့မှာလည်း မသေမရှင်နှင့် ရေထဲသို့ အကုန်ပစ်ချပြီး ဖြစ်လေသည်။ ၎င်းသင်္ဘော မှာ ရွက်သင်္ဘော တစင်းဖြစ်၍ ထိုနောက် သွားလျှက်သာ ရှိသည်ဖြစ်ရာ ဖခင်တို့သည် မည်သည့် ဆိပ်ကမ်းသို့မှန်း၍ သွားရမည်ကို တိုင်ပင်လျှက်ရှိကြစဉ် ဖခင်တို့ လူစုအနက် တုံကင်းကြီးများနှင့် ပင်လယ်ခရီးတွင် သွားလာဖူးသော မော်လမြိုင်သားတယောက် ပါရှိလေသည်။ ထိုသူသည် ပင်လယ် ခရီး သွားလာခြင်း၌ အတော်အတန် နားလည်သူဖြစ်၍ ထိုသူအား သင်္ဘောဦးကို သိဟိုင်ဒြီကျွန်း ရှိရာ အရပ်သို့ မှန်း၍ လှည့်စေပြီးနောက် ရောက်လိုရာ ရောက်စေဟု ထိုးပြ၍ သွားကြလေ၏။

ထိုသို့ ခရီးသွားကြသဖြင့် ငါးရက်ခန့် ကြာရှိသော်လျှင် ဖခင်တို့သည် မှုန်စိဘမှိုင်းအရပ်၌ ကမ်းခြေကို မြင်ရသဖြင့် ဝမ်းမြောက် ဝမ်းသာ ရှိကြလေ၏။ ထိုအခါ မော်လမြိုင်သားလည်း ကမ်း မြင်ရာသို့ သင်္ဘောဦးကိုလှည့်၍ တည့်တည့်သွားစေသည်တွင် ကမ်းနှင့် သုံးမိုင်ခရီးခန့် ကွာဝေး သည့်အခါ သင်္ဘောသည် ကျောက်တခုနှင့် ငြိငင်စွာ တိုက်မိသည်ဖြစ်၍ ဖခင်တို့မှာ သင်္ဘော ပေါ်တွင် လှေငယ်စီး၍ သွားကြကုန်၏။

၎င်းနောက် အကြောင်းခြည်းသို့ ဖြစ်လေသနည်းဟု စုံစမ်းကြရာ သင်္ဘောမှာ ရေအောက် တွင် ငုပ်လျှက်ရှိသော ကျောက်ဆောင်တခုကို တိုက်မိ၍ ဖြင့် ပေါက်ကွဲ၍သွားကြောင်း သိရှိရလေ၏။

ထိုအခါ ရောက်သောသင်္ဘော ဝမ်းခေါင်းအတွင်းသို့ ရေမြန်စွာ ဝင်လာကြရာ ဖခင်တို့မှာ သင်္ဘောနစ်မြုပ်မည်ကို သိရှိသည်ဖြစ်၍ သင်္ဘောနှင့်အတူ ပါလာသော လှေငယ်များကို ဖြုတ် ကြလေ၏။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



လူ ၅၀ တို့သည်း လှေငယ်သုံးစင်းကို ဖြုတ်ကြပြီးနောက် ရေသို့ချ၍ လျှင်မြန်စွာ ခုန်တက်ကြရာ ဖခင်နှင့် အခြားလူရှစ်ယောက် ပါရှိသော လှေငယ်သည် သင်္ဘောပျက်မှ ရှေးဦးစွာ ထွက်ခွာကြလေသည်။ သင်္ဘောလည်း ထိုအခါ၌ နွံလုံးဆဲဆဲ ရှိနေပြီဖြစ်ရာ ကျန်လှေစုတ်လည်း လှေနှစ်စင်းကိုဖြုတ်၍ လှေပေါ်သို့ တက်မိသည်နှင့် ရေမြုပ်နေသော သင်္ဘောလည်း နစ်မြုပ်သွားလေ၏။

ထိုအခါ ဖခင်တို့မှာ ငါးကြီးကားသုံးသည့် သင်္ဘောပျက်မှ လွှတ်ကင်းပြီဟု ဝမ်းမြောက်ဝမ်းသာ ရှိမိသည့်အချိန်မှာပင် နစ်မြုပ်သည့် သင်္ဘောသည် ရေကိုစုပ်ယူ၍ ဝဲကဲ့သို့ ကျန်ရစ်စေသည့် ဖြစ်သောကြောင့် အနီး၌ရှိနေသော လှေငယ်နှစ်စင်းမှာ ဝဲစုပ်၍ပါသွားလေ၏။ ထိုအခါ ဖခင်လည်း လှေနှစ်စင်းနှင့်ပါသွားသော ငါ၏ အဖော်တို့မှာ သေရှိုးဟုမှတ်မိလျက် တယောက်တလေ ကံကောင်းသဖြင့် ပေါ်လာခဲ့မှ ကယ်ဆယ်ရန် ရည်ရွယ်လျက် သင်္ဘော မြုပ်ရာအရပ်သို့ လှေကို လှော်သွားရန် အမိန့်ပေးလေ၏။

အနီးသို့ရောက်လျှင် မြုပ်သွားသည့် ရေပေါ်သို့ တစီစီတက်လျက်ရှိရာ အတန်ငယ်ကြာလတ်သော် လူ ၂ ယောက်သည် ဖျဉ်းဖျဉ်းသိုသိုကို ဖက်လျက် ရေပေါ်သို့ ပေါ်လာလေ၏။ ထိုအခါ ဖခင်တို့လည်း ထိုသူတို့ကို ဆယ်ယူ၍ မည်သူ့နာမည်ရှိသည် ရန် ဖေဖြင်ပြန်မေးရာ၊ ယမန်နေ့က ဖခင်ထံလာသော မိုးသိန်းဝင် ဖြစ်လေသည်။

၎င်းနောက် ဖခင်တို့သည် နောက်ထပ် ပေါ်၍ လာသူများအတွက် စောင့်ဆိုင်းလျက်ရှိရာ တဦးတယောက်မျှ ပေါ်မလာသည်ဖြစ်၍ ကမ်းသို့ လှော်၍သွားကြလေ၏။ ကမ်းသို့ ရောက်လျှင် ဖခင်တို့သည် မည်သည့်အရပ် မည်သည့်ဒေသသို့ ရောက်ရောက်သည်ကို မသိသဖြင့် မြို့ရွာနှင့်နီးလေသလောဟု ရှာဖွေကြရာ လူနေအိမ်ခြေများကို မမြင်မတွေ့ရပဲ ရှိနေလေ၏။

ထိုအခါ ငါတို့သည် တောနေ့မြင့် ဖြတ်သန်း၍ သစ်ဥ သစ်ဖုများကို ရှာဖွေစားသောက်ကြပြီးလျှင် မြို့ရွာများကို ရှာဖွေကြသေရာ လူ ၉ ယောက်အနက်မှ ၂ ယောက်မှာ မြွေကိုက်သည့် ရောဂါနှင့် သေဆုံး၍ ၄ ယောက်မှာ ငှက်ဖျားရောဂါနှင့် သေဆုံးကြသေသည်။ နောက်ဆုံး၌ ဦးမိုးသိန်း၊ ဦးမိုးအောင်နှင့် ဖခင်တို့သာလျှင် ကျန်ရှိကြသည်ဖြစ်ရာ ငါတို့သည် ယောယောသူများနှင့် နေရာချင်း လဲလိုက်ရမည် ကောင်းသောဟုဆိုကာ အောက်မေ့လျက် စိတ်ပျက်လက်ပျက် ရှိနေကြသည့်အတွင်း မနီးမဝေး၌ ထင်းခုတ်သံကိုလို ကြားသဖြင့် ချောင်းမြောင်းကြည့်ရှုကြရာ အဘိုးကြီးတယောက် ထင်းခုတ်နေသည်ကို တွေ့ရလေ၏။

ထိုအခါ ဖခင်တို့၌ ဝတ်ထားသော အဝတ်အစားများမှာ အကျဉ်းသမားတို့ ဝတ်ဆင်သော အဝတ်မျိုး ဖြစ်သဖြင့် ငါတို့သည် အဝတ်များကို ချွတ်၍ ဖွက်ထားပြီး အဘိုးကြီးထံဝင်ရောက်ပြီးလျှင် သင်္ဘောပျက်သဖြင့် မသေ၍ ကျန်ရစ်လူများဖြစ်ကြောင်း၊ မိမိတို့ အဝတ်များမှာလည်း ရေထွင် ဆုံးရှုံးရကြောင်းများကို ပြောလေ၏။

ထိုအခါ အဘိုးကြီးမှာ ငါတို့ပြောသည့်စကားကို နားမလည်သော်လည်း ခြေပြ လက်ပြ ပြောသည်ကို နားလည်သည့်ကြောင့် ထိုအရပ်၌ ခေတ္တမျှနေ၍ ပြေးပြီးလျှင် အတန်ငယ်ကြာသော အခါ ငါတို့ဝတ်ဆင်ရန် အဝတ် ၃ ထည်ကို ယူလာလေ၏။ ၎င်းနောက် ငါတို့လည်း အဘိုးကြီးနှင့် အတူ လိုက်သွားကြရာ အဘိုးကြီးမှာ ထင်းရောင်း၍ အသက်မွေးမြူလျက် မြို့နှင့် မနီးမဝေးသော တောစပ်တွင် နေထိုင်ကြောင်း သိရှိ၏။ ဖခင်တို့လည်း အဘိုးကြီး၏ တဲတွင် နေထိုင်ကြလျက် အဘိုးကြီး၏အလုပ်ကို ကူညီလုပ်ကိုင်ပေးကြသော်လည်း ဒေသစကားမှာ သီဟိုဠ်ကျွန်းဖြစ်ကြောင်း နောက်ဆုံး၌ သိရှိကြရလေ၏။ ထိုအခါ ငါတို့သည် မြန်မာပြည်သို့ ပြန်လိုလှသည်ဖြစ်၍ ထင်းများကို မြောက်မြားစွာ ရှာဖွေခုတ်ထွင်ပြီးလျှင် အဘိုးကြီးအား ရောင်းပေးသည်ဖြစ်ရာ ၂ နှစ်ကြာသောအခါ ၃ ယောက်အတွက် စရိတ်ငွေကို ရရှိကြလေ၏။

---

ဘုဂိ ယာ အ ကြွင်း

www.burmeseclassic.com



ထိုအခါ ဖခင်တို့သည် အတိုးကြီးအား နှုတ်ခွန်းဆက်သကြပြီးလျှင် ကိုလံဘိုမြို့သို့ လာရောက်ကြ၍ မြို့မှပြည်သို့ ထွက်ခွာသော သင်္ဘောတစင်းနှင့် လိုက်ပါလာကြရာ ရန်ကုန်မြို့သို့ ကောင်းမွန်စွာ ဆိုက်ရောက်ကြလေ၏။

ရန်ကုန်သို့ရောက်လျှင် ဖခင်တို့သည် လူခွဲပြီးနောက် ဖခင်မှာ ရွှေတိုနယ်၌ မြုပ်နှံထားခဲ့သော ပစ္စည်းများကို သွားရောက်ယူပြီးလျှင် ကျောင်းကုန်းမြို့၌ ဝယ်မည့် မိုးသီးကို ဖျောက်၍ မောင်ဒေါ်ညိုဟူသော အမည်နှင့် လာရောက် နေထိုင်ခဲ့လေသည်။ ၎င်းမြို့သို့ရောက်လျှင် ဖခင်သည် အဆိုပါပစ္စည်းများနှင့် ထယ်သာနွေးခြင်းမြေခြင်းများကို ဝယ်ယူပြီးနောက် ကောင်းမွန်စွာ နေထိုင်ခဲ့ရာ ၅ နှစ်ခန့်အကြာတွင် ငါ့သား၏ မိခင် တိုက်သူကြီးသမီးနှင့် အကြောင်းပါလေသည်။ ငါ့သားကို မွေးဖွားပြီးနောက် ၎င်း၏အဖ တိုက်သူကြီးသည် သေဆုံးလေရာ သား၏မိခင်မှာ မောင်ဖွား မရှိသည်ဖြစ်၍ ဖခင်သည် ယောက္ခမ၏ရာထူးကို ရရှိခဲ့လေသည်။

ထိုကဲ့သို့ နှစ်ပေါင်းများစွာ နေထိုင်ခဲ့သည်တွင် ဖခင်သည် ရှေးအခါက ဆိုးမိုက်ခဲ့သော အပြစ်အနာအဆာတို့ကို အလျှင်းသတိမရဘဲ ငါ၏သားအား လူတပါးနည်းတူ လူကြီး လူကောင်းတယောက် ဖြစ်စေရန် ရည်ရွယ်၍ ကြိုးစားခဲ့လေသည်။ ထိုသို့ နေထိုင်လာစဉ် ငါနှင့်အတူသားသူ ကိုဖိုးထောင်နှင့် ဘနွေးသည် ကံအားလျော်စွာ တွေ့ကြရာ ထိုသူမှာ ကျုံပျော်မြို့၌ ပွဲစားကြီးတဦး ဖြစ်နေကြောင်းကို သိရှိရသောသည်။ သား၏မိခင် သေဆုံးပြီးနောက် ဖခင်သည် နောက်အိမ်ထောင်မပြုဘဲ ငါ့သားကိုသာ စောင့်ရှောက်လျက် ချမ်းမြေ့စွာ နေထိုင်ခဲ့သဖြင့် ယခင်ကအပြစ်တို့သည် မေ့သလောက် ရှိနေသည့် အချိန်တွင် ငါ့သားမြင်သည့်အတိုင်း ယမန်နေ့က ဖိုးသိန်းသည် ငါ့ထံ ရုတ်တရက် ပေါ်လာသည်ဖြစ်၍ ဖခင်မှာ စိတ်နှလုံး မချမ်းမသာ ဖြစ်ရလေသည်။

ဤအမသုံးမိ ဖခင်သည် ငါ့သားအား အရေးကြီးသော စကားတလုံး မှာထားခဲ့လိုသည်။ လောက၌ လူတို့မည်သည်မှာ မတရားသော နည်းလမ်းဖြင့် ဥစ္စာပစ္စည်းရှာဖွေ၍ မည်မျှပင် စုဆောင်းမိသည် ဆိုစေကာမူ နောက်ဆုံးကာလ၌ ဖခင်ကဲ့သို့ စိတ်နှလုံးမချမ်းမသာနှင့် သေဆုံးရမည်မှာ မုချ ဖြစ်လေသည်။ ထို့ကြောင့် ငါ့သားသည် ဖခင်၏ အဆုံးအမတို့ကို ဖတ်ရှု၍ သင်ခြင်ခြင်း အားဖြင့် သတိတရား ရရှိပါစေ။

ဖေါ်ဦး

အထက်ပါ အဖြစ်အပျက်များကို ဖတ်ရှုပြီးနောက် ကျွန်တော်လည်း အံ့ဩသော မျက်နှာထားနှင့် ဦးစံရွှားအား စာရွက်များကို ပြန်ပေးလျက်—

"နို့ ဦးဖိုးသိန်းနဲ့ ဦးဖိုးထောင်တို့ အကြောင်းကောဗျာ၊ ဘာများ နောက်ထပ်ပြီး ကြားသေးသလဲ"ဟု မေးလိုက်ရာ ဦးစံရွှားသည် ဗိုင်တွဲမှ သတင်းစာဖြတ်ပိုင်းကလေး တခုကိုယူ၍ ပြသဖြင့် အောက်ပါအတိုင်း ဖတ်ရှုရလေသည်။

လွန်ခဲ့သည့် ကြာသပတေးနေ့ နံနက်ခင်းအချိန်တွင် ကျုံပျော်နေ တံငါသည် တယောက်သည် မိမိသေဝင် ငါးများကို ထိန်းမှတ်သိမ်းရာ မိမိနိုက်တွင် တစုံတခုသော အရာတွေ့ ငြိတွယ်နေသည်ကို မြင်ရှိရကြောင်း၊ တံငါသည်လည်း ၎င်းကို ရေပေါ်သို့ ဆယ်တင်လိုက်ရာ တယောက်ကို တယောက် ဖက်လျက် သေနေသော အလောင်းနှစ်ခုကို တွေ့ရှိရလေကြောင်း၊ နောက်လူမှ စုံစမ်းကြည့်သောအခါ တယောက်မှာ ကျုံပျော်မြို့နေ ပွဲစားကြီး ဦးဖိုးထောင်ဖြစ်၍ အခြားတယောက်မှာ မည်သူမည်ဝါဟု မသိရသေးကြောင်း။

ဘာသိယအကြွင်း

www.burmeseclassic.com



ထိုအခါ ဦးစံရှားက—

"အခြားတယောက်ဟာ ဘယ်သူဖြစ်တယ်ဆိုတာ ပုလိပ်မသိသော်လဲ ကျုပ်တို့တော့ သိတယ် မဟုတ်လား ကိုသိန်းမောင်ရယ်"

"ဦးဖိုးသိန်း မဟုတ်လားဗျ"

"ဒါပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

# ၂၂။ သိုက်ဆရာတယောက်၏ အမှု*

တနေ့သော စနေနေ့ ညနေအချိန်၌ ကျွန်တော်နှင့်ဦးစံရှားတို့သည် အိမ်ဦးခန်းတွင် ထိုင်လျက် အမှုစုံထောက်ရန် မရှိသဖြင့် အရိပ်ပြပွဲသို့ သွားကြမည်ဟု ပြင်ဆင်နေကြစဉ် အသက် ၃၀ ခန့်ရှိသူ ယောကျ်ားတယောက်သည် အိမ်ပေါ်သို့ တက်လာ၍ ဦးစံရှား၏လက်ကို ဆွဲပြီးလျှင်—

"မိတ်ဆွေကြီးနဲ့ ကွဲနေတာ ကြာလှပြီဗျာ၊ အခုမှပဲ ကိစ္စရှိလို့ တွေ့ရပေတော့တယ်"ဟု အားရဝမ်းသာ ပြောလေ၏။

ထိုအခါ ဦးစံရှားက "အလို ကိုကျော်မင်းပါကလား၊ ဘယ်တုန်းက ရောက်လာသလဲ၊ ခင်ဗျား သထုံမှာ နေတယ်ဆို"

မင်း။ ။"ဟုတ်ကဲ့၊ သထုံဒိစတြိတ်ပါပဲ။ ကျွဲခြံရွာမှာ နေတယ်"

ရှား။ ။"ဘယ်တုန်းက ရောက်သလဲ"

မင်း။ ။"ဒီကနေ့ပဲ ရောက်တယ်"

ရှား။ ။"ကိစ္စကရော"

မင်း။ ။"ကိစ္စကတော့ ခင်ဗျားနဲ့ တွေ့ဖို့ပါပဲဗျာ"ဟု ပြောလျှင် ဦးစံရှားသည် ကျွန်တော့်အား လှမ်း၍ ကြည့်ပြီးလျှင် အင်္ကျီများကို ချွတ်လျက်—

"ဒီဟာက ကျုပ်နဲ့ ကျောင်းနေဖက် သူငယ်ချင်း ကိုကျော်မင်းပါပဲဗျာ"ဟု ကျွန်တော်တို့နှစ်ဦးကို အသိအကျွမ်းဖွဲ့စေပြီးလျှင် ဦးကျော်မင်းအား နေရာထိုင်ခင်းပေး၍ ဆေးတံကို မီးညှိလျက် ကုလားထိုင်ပေါ်တွင် ထိုင်လိုက်လေ၏။

ဦးကျော်မင်းလည်း ဦးစံရှား၏မျက်နှာကို အတန်ကြာ စိုက်၍ ကြည့်ပြီးနောက် မိမိလာရောက်သည့် ကိစ္စကို ဆက်လက်၍—

"ကျောင်းမှာ နေတုန်း အခါကတည်းက ကျွန်တော်ဖြင့် ခင်ဗျားအစွမ်းကို အံ့ကြီး ချီးမွမ်းမိပါတယ်ဗျာ။ ယခုလဲ ခင်ဗျားနဲ့တော်တဲ့ ကိစ္စကလေးတခုရှိတာနဲ့ ခင်ဗျားကို ချက်ချင်းသတိရပြီး မှီရာ

* ဤဝတ္ထုကို ရူမဝမဂ္ဂဇင်း၊ ၁၉၅၄၊ ဒီဇင်ဘာ၊ အမှတ် ၉၁ တွင် ဦးစွာ တွေ့ရသည်။ မြန်မာပြည် စာအုပ်တိုက်မှ အတွဲ ၇ နှင့် နှလုံးလှ စာအုပ်တိုက်မှ အတွဲ ၃ တို့တွင် ပြန်လည်ပုံနှိပ်သည်။ မူရင်းမှာ The Musgrave Ritual ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ရထားနဲ့ ပြေးလာခဲ့တာပဲ။ တဆိတ် လုပ်ပါအုံးဗျာ''ဟု ပြောလျှင် ဦးစံရှားလည်း အမှုမရသည်မှာ နေ့ရက်အတန်ကြာပြီ ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဖျတ်လတ်သော အမူအရာဖြင့် နားစိုက်လျက် ရှိလေ၏။

ထို့နောက် ဦးကျော်မင်းက—

''ဒီလိုဗျ၊ ကျွန်တော်က ကျောင်းမှာ ခင်ဗျားနဲ့အတူ ဘီအေအောင်ပြီး ထွက်လာတော့ လယ်ယာလုပ်ကိုင်မှုမှာ ဝါသနာကလေးရှိတာနဲ့ ဒီ့ပြင်အလုပ် မလုပ်ပဲ အမိအဘများဆီက အမွေရတဲ့ လယ်မြေကလေးများကို အနောက်နိုင်ငံက နည်းနာများအရ စိုက်ပျိုးလုပ်ကိုင်ခဲ့တာ တော်တော်ပဲ ကျေးဇူးဖြစ်ထွန်းခဲ့တာကိုး။ ကျွန်တော်နေတော့ သထုံဒိစတြိတ်၊ ကျွဲခြံရွာမှာနေတယ်။ ကျွန်တော့်မှာ သားမယားလဲ မရှိဘူး။ ဒီတော့ အိမ်မှာ ခိုင်းတဲ့ စေတဲ့ အစေခံတွေတော့ တဆိတ် များများကလေး ထားရတာကိုး။ ကျွန်တော့် အိမ်မှာက အိမ်ထောင်မှု ပရိဘောဂကစပြီး အိမ်ထောင်ကို ဦးစီးဖို့ မောင်အောင်ဖြူဆိုတဲ့ လူတယောက်၊ ထမင်းဟင်း ချက်ဖို့ပြုတ်ဖို့ မိန်းမကြီးက တယောက်၊ ဆိုက်ကုလားက တယောက်၊ ဒီ့ပြင် တောက်တို မည်ရ ခိုင်းဖို့ မိန်းကလေးက တယောက် ရှိတာကိုး ဦးစံရှားရဲ့''ဟု ပြောလျှင် ဦးစံရှားလည်း စိတ်တိုသော မျက်နှာထားနှင့်—

ရှား။ ။''ရှိတာ ဟုတ်ပါပြီဗျာ၊ ခင်ဗျားကိစ္စ ရောက်အောင် မြန်မြန်ပြောစမ်းပါ''

မင်း။ ။''ပြောပါ့မယ်ဗျာ၊ ကျွန်တော်က အရေးလည်အောင် သေသေချာချာ ပြောချင်လို့ပါ။ ဒါနဲ့ အဲဒီ မောင်အောင်ဖြူဆိုတဲ့ လူကတော့ ရှေးတုန်းက နယ်လှည့်ဆရာကလေးပဲ။ နောက်တော့ နယ်လှည့်ဆရာ အလုပ်ကို ပညာရေးဆိုင်ရာဌာနက သိမ်းလိုက်တော့ သူ့မှာ အလုပ်ပြုတ်နေလို့ ကျွန်တော်ကပဲ ခိုင်းစေပြီး ကျွေးမွေးထားတယ်။ ဉာဏ်ပညာလဲ တော်တော် ထက်မြက်ဟန်ရှိတဲ့ လူတယောက်ပဲ။ သို့သော် သူက တွေ့မိတွေ့ရာ အင်္ဂလိပ်ကလေး၊ သိုက်စာကလေး၊ စာဟောင်း ပေဟောင်းကလေးများတော့ တော်တော် ဝါသနာကလေးရှိတယ်။ သူ အင်္ဂလိပ်ထိုးဖို့ အခန်းတခန်းတောင် ကျွန်တော်က ပေးထားရတယ်။ သို့သော် သူနဲ့ဆိုင်တဲ့ တာဝန်တော့ သူ အကုန်ပြီးအောင် လုပ်တဲ့အတွက် ကျွန်တော်ကလဲ တာဝန်ပြီးယင် ပြီးရော သူလုပ်ချင်တာ လုပ်ပေစေလို့ ကြည့်နေတာကိုး။

''ဒါနဲ့ တနေ့တော့ ကျွန်တော်က လက်ဖက်တွေ စားမိလို့ အိပ်ရာထဲမှာ အိပ်မပျော်တာနဲ့ အိပ်မပျော်မယ့် အတူတူ ဖတ်လက်စနဲ့ ပုံစာအုပ်ကို ဆက်ပြီးဖတ်အုံးမယ်လို့ စာအုပ် ရှာတော့ စာအုပ်က ကျွန်တော့်အလုပ်ခန်းထဲမှာ မေ့နေရစ်တာ သတိရတာကိုး။ ဒါနဲ့ အိပ်ရာက ထပြီး မီးခွက်မပါပဲ တိုက်အောက်က အလုပ်ခန်းထဲ ဆင်းသွား၊ အလုပ်ခန်းနားရောက်တော့ လား လား၊ အလုပ်ခန်းတံခါးလဲ ပွင့်ပြီး အလုပ်ခန်းထဲက မီးခွက်ကလေး မှိတ်တုတ် မှိတ်တုတ်နဲ့ မြင်တာကိုး။ ကျွန်တော်က အခန်းထဲမှာ လယ်ပေါင်စာချုပ်တွေနဲ့ ဒီ့ပြင် အဖိုးတန်စက္ကူတွေ ဗီရိုထဲမှာရှိတော့ သူခိုးများပဲ ဝင်ပြီး ခိုးလေရော့သလားလို့ အနားမှာရှိတဲ့ ဝါးရင်းတုတ် အသာကိုင်ပြီး မှောင်ရိပ်က ခိုကြည့်လိုက်တာကိုး။ ကြည့်လိုက်တော့ ဘယ်သူ့တွေ့ ထင်သလဲ။ ကျုပ်လူ မောင်အောင်ဖြူ တွေ့တာပေါ့။ ကျုပ်က မှောင်ရိပ်ကနေတော့ သူက ကျုပ်ကို ရုတ်တရက် မမြင်သေးပဲကိုးဗျ။

''ကျုပ်လဲ ကြည့်လိုက်ကရော သူက ထိုင်နေတဲ့ စားပွဲကထပြီး ကျုပ်ဗီရိုအံဆွဲကို ဖွင့်၊ ပေစာကလေး တချပ်ယူပြီး မီးရောင်မှာကြည့်၊ နောက်ပြီး သူ့လက်ထဲမှာရှိတဲ့ ခဲတံနဲ့ ဒီ့ပြင် စက္ကူ တချပ်ပေါ်မှာ ဘာရေးတယ် မဆိုနိုင်ဘူး ရေး၊ ရေးပြီး ခုနင်က ဗီရိုထဲက ပေစာနဲ့ ယှဉ်ကြည့်၊ ကြည့်ပြီး ခေါင်းများ ကုတ်ပြီး စဉ်းစားနေတာကိုး။ ဒါနဲ့ ကျုပ်အခွင့်မရှိပဲ ကျုပ်စက္ကူတွေ မွှေရ နှောက်ရမလားလို့ ကျုပ်က ဒေါသထွက်တာနဲ့ အခန်းတံခါး ချောက်ကနဲ ဖွင့်လိုက်ပြီး အခန်းထဲ ဝင်သွားတာကိုးဗျ။

---

www.burmeseclassic.com



"ဒီတော့မှ မောင်အောင်ဖြူက ကျုပ်ကို မြင်တော့ အံ့အားသင့်ပြီး ကြက်သေ သေနေတာကိုး။ ဒီတော့ ကျုပ်က 'မင်းဟာ အင်မတန် ကျေးဇူးကန်းတဲ့ အကောင်ပဲ။ ငါက မင်းမှာ အလုပ်မရှိ အကိုင်မရှိ ဖြစ်နေလို့ ကျွေးမွေးပြီး အလုပ်ပေးထား၊ မင်းက ငါ့ကျေးဇူးဆပ်တာပေါ့လေ၊ ငါ့အိမ်နဲ့ မရှိပဲနဲ့ ငါ့ စက္ကူတွေ သူခိုးညာဏ် ခိုးဝှက်ညာဏ်နဲ့ယူပြီး ကြည့်နေတယ်ပေါ့လေ။ တော်ပြီ၊ တော်ပြီ၊ နက်ဖြန် မိုးလင်း လင်းချင်း ငါ့အိမ်က မင်း ဆင်းသွားလိုက်ပါ၊ မင်းမျက်နှာ ငါ မကြည့်ချင်ဘူးလို့' ပြောတာကိုး။

"ဒီတော့ မောင်အောင်ဖြူက 'ကျွန်တော်က ရှက်တတ်တဲ့ လူတယောက်ပါ ဆရာရယ်၊ ခုလို ဆရာက ကျွန်တော့်ကို ချက်ချင်း နှင်ထုတ်လိုက်တယ်ဆိုယင် ကျွန်တော်ဖြင့် ရှက်လို့ သေရရုံ ရှိပါတော့မယ်တဲ့။ ဒီတော့ ကျွန်တော့်သဘောနဲ့ ကျွန်တော် ထွက်သွားတယ်လို့ သူများက ထင်ရအောင် ထုံးစံရှိတဲ့အတိုင်း တလတန်သည်၊ နှစ်လတန်သည် နို့တစ်ပေးပြီးမှ ထွက်ပါရစေ ဆရာရယ်'တဲ့။ ငိုမလိုမျက်နှာနဲ့ ပြောတော့ ကျုပ်က နည်းနည်း သနားတာနဲ့ 'ကောင်းပြီ၊ မင်းပြောတဲ့အတိုင်း တလ နှစ်လတော့ ငါ မထားနိုင်ဘူး၊ တနင်္ဂနွေတပတ်ဖြင့် ငါထားမယ်၊ တနင်္ဂနွေ တပတ် စေ့လျှင်စေ့ချင်း မင်း ထွက်သွားလိုက်ပါ'လို့ ကျုပ်က ပြောတော့ သူက အမျိုးမျိုး တောင်းပန်သေးတယ်။ ကောင်းပန်ပေမယ့် ကျုပ်က 'ငါပြောတဲ့ အတိုင်းပဲ'လို့ ပြောတာနဲ့ သူလဲ သူရေးနေတဲ့ စက္ကူကလေး ယူပြီး အပြင် ထွက်သွားတယ်"

ရှား။ ။"ဗီရိုထဲက ပေစာကကော"

မင်း။ ။"ဗီရိုထဲက ပေစာကတော့ စားပွဲပေါ်မှာ နေရစ်လို့ ကျုပ်က ကောက်ပြီး သိမ်းထား လိုက်တယ်"

ရှား။ ။"အဲဒီ ပေစာကလေး ဘယ်မှာလဲ၊ ခင်ဗျား ယူခဲ့သလား"

မင်း။ ။"ယူခဲ့ပါတယ်"

ရှား။ ။"ပြစမ်း၊ ကျုပ် ကြည့်စမ်းမယ်"

မင်း။ ။"အလကား ပေစာကလေးပါဗျာ၊ ကျုပ်လဲ ကျုပ်အဖေ စာချုပ်စက္ကူတွေထဲက တွေ့လို့ နားမလည်တာနဲ့ တွေ့တဲ့နေရာမှာပဲ ကျုပ် ပြန်ပြီး ညှပ်ထားလိုက်တယ်၊ ဘာမှန်းလဲ ကျုပ် နားမလည်ပါ ဘူး၊ ခင်ဗျား ကြည့်ချင် ကြည့်တာပေါ့၊ ဟောဒီမှာ"ဟု ပြောလျက် ဟောင်းနွမ်းလှသော ပေစာတရွက်ကို လက်ဆွဲအိတ်မှ ထုတ်၍ ဦးစံရှားလက်သို့ ပေးလိုက်လေ၏။

ထို့နောက် ဦးကျော်မင်းက ဆက်လက်၍—

"ဒါနဲ့ နောက်တရက် နှစ်ရက်လောက်တော့ မောင်အောင်ဖြူလဲ ရှေ့ကလိုပဲ အလုပ်ကို လုပ်မြဲတိုင်း လုပ်ပြီးနေတယ်။ ဩြော် ဒါနဲ့ ကျုပ် တခု ပြောရအုံးမယ်။ မောင်အောင်ဖြူက ရုပ်ကလေးကလဲ သနား ကမားနဲ့မို့ မိန်းမလဲပဲ တော်တော်လိုက်စားတဲ့ လူတယောက်ကိုးဗျ။ ဒါနဲ့ ကျုပ်အိမ်မှာခိုင်းထားတဲ့ ကရင်မ ကလေး မနန်းဖူးဆိုဘာနဲ့ တခါတုန်းက ချစ်ကြိုက်ကြတာကိုး။ ဒါနဲ့ တောင်းမလို ရမ်းမလို လုပ်ပြီးမှ နောက်တော့ ဒီကရင်မလေးနဲ့ မဟုတ်ပြန်ဘူး။ ရွာထဲက မိန်းကလေးတယောက်နဲ့ ဖြစ်ကြပြန်တာကိုး။ ကရင်မကလေးလဲ မောင်အောင်ဖြူ့စိတ်နဲ့ ပိန်ချုံးပြီး အလုပ်တောင် ကောင်းကောင်း မလုပ်နိုင်ရှာဘူး။ ဒါနဲ့ မောင်အောင်ဖြူဟာ ကျုပ်စာတွေ ခိုးပြီးကြည့်တာ ကျုပ်မိလို့ သုံးရက်လောက်ရှိတဲ့ နေ့ကျတော့ ခိုင်းစရာရှိလို့ မောင်အောင်ဖြူကို အခေါ်ခိုင်းတာကိုး၊ အခေါ်ခိုင်းတော့ မောင်အောင်ဖြူ မတွေ့ဘူး။ ဒါနဲ့ မနန်းဖူးများ သိလေမလားလို့ မနန်းဖူးကို ခေါ်ပြီး မေးတော့ 'ဩြော် ကိုအောင်ဖြူလား'တဲ့။ 'အေး'လို့ ဆိုတော့ 'ကိုအောင်ဖြူသေပြီ၊ အောင်ဖြူ သေပြီ၊ သေပြီ၊ သေပြီရှင့်၊ သေပြီ၊ သေပြီ'လို့ ပြောယင်း ပြောယင်း မျက်လုံးတွေပြူးပြီး သတိမေ့ လဲသွားတာကိုး။ ကျုပ်လဲ ဘာမှ မလုပ်တတ်တာနဲ့

www.burmeseclassic.com


ဒီ့ပြင်လူတွေကို ခေါ်ပြီး မိန်းကလေးကို နှာနှပ်ပေးတော့မှ သတိရလာတာကိုး။ နောက်ထပ်ပြီး မောင်အောင်ဖြူ့အကြောင်း မေးလို့လဲ မရဘူး၊ မောင်အောင်ဖြူလဲ ဘယ်မှ ရှာမရဘူး"

ရှား။ ။"အင်း၊ ဒါပဲလား"

မင်း။ ။"ဒါတင် ဘယ်ကလိမ့်အုံးမလဲဗျ၊ ဒါနဲ့ ကျုပ်တို့ မောင်အောင်ဖြူ နေတဲ့အခန်းကို သွားပြီး ရှာတာကိုး။ ရှာတော့ သူအိပ်တဲ့ အိပ်ရာကိုကြည့်တော့ ညကတည်းက ထွက်သွားတဲ့လက္ခဏာပဲ။ အိပ်ရာမှာ အိပ်တဲ့ လက္ခဏာမရှိဘူး။ ပြီးတော့ သူ့ပစ္စည်းနဲ့ ငွေကလေးများလဲ ယူမသွားဘူး။ အခန်းထဲမှာ အကုန်ထားပစ်ခဲ့တယ်။ တကယ်လို့ သူထွက်သွားချင်တယ် ဆိုယင်ဖြင့် သူ့ပစ္စည်းကလေးများကို ယူသွားရမယ် မဟုတ်လားဗျာ။ အခုတော့ ဘာမှ ယူမသွားတဲ့အပြင် အဝတ်တောင် လဲမသွားဘူး။ ခါးက အဝတ်ဟောင်းကလေးပဲ ပါသွားတယ်။ ဒါနဲ့ ကျုပ်လဲ သူကြီးခေါ်ပြီး တိုင်ချက်ပေး၊ တိုင်ချက်ပေးပြီး ရွာထဲမှာ ရှိလေမလားလို့ လိုက်ပြီး မေးမြန်း ထောက်လှမ်းကြည့်၊ ဘယ်မှ မေးလို့မရဘူး"

ရှား။ ။"ဒါပဲလားဗျာ"

မင်း။ ။"နေပါအုံးဗျာ၊ ဒါတင်မကသေးပါဘူး၊ လာပါလိမ့်မယ်။ ခုနင်ကပြောတဲ့ ကရင်မ မနန်းဖူးကလေးကလဲ အစကမှ မကျန်းမမာ ဖြစ်နေရှာတဲ့အထဲ မောင်အောင်ဖြူ ပျောက်သွားပြန်တယ်ဆိုတော့ ရူးသလိုလို နှမ်းသလိုလိုဖြစ်ပြီး ကျုပ်မှာ ရွာထဲက ဆရာများခေါ်ပြီး ကုသရတာကိုး။ ဆရာတွေကတော့ ပယောဂနဲ့ယှဉ်ပြီး ဖြစ်နေတယ်လို့ ပြောတာပဲ။ ကျုပ်တော့ အယုံမရှိပါဘူး။ ဒါနဲ့ ကျုပ်က အိမ်မှာ ခိုင်းထားတဲ့ မိန်းမကြီးကို မိန်းကလေးအခန်းမှာ နေစေပြီး နေ့ရောညပါ ပြုစုစေတာကိုးဗျ။ ဒါနဲ့ မောင်အောင်ဖြူပျောက်လို့ သုံးရက်မြောက်တဲ့ ညကျတော့ စောင့်ယင်း အိပ်ပျော်ပြီးသွားသတဲ့။ နောက် မနက်လင်းလို့ လူနာကို ကြည့်လိုက်တော့ လူနာလဲ မရှိဘူးတဲ့။

"ဒီတော့ ကျုပ်လာပြီး မနက်စောစောကြီးနှိုး၊ ကျုပ်လဲ မိန်းကလေး သနားတာနဲ့ ဘယ်များ ရောက်သွားရှာပါလိမ့်မတုံးလို့ လိုက်ပြီး ရှာတာကိုးဗျ။ ကျုပ်တို့နေတဲ့ တိုက်ကလဲ တိုက်အိုကြီးကိုးဗျ။ ဘယ်နှစ်ခုနှစ်က တည်ခဲ့တယ်လို့ ကျုပ်လဲ မပြောတတ်ပါဘူး။ ကျုပ်တို့ ဘိုးဘွားလက်ထက်က စပြီး ဒီတိုက်မှာပဲ အဆက်ဆက်က နေလာခဲ့တယ်။ မိန်းကလေးအိပ်တဲ့ အခန်းက တိုက်အောက်ထပ်မှာကိုးဗျ။ အိပ်ရာနံဘေးကလဲ ပြတင်းပေါက်ရှိတယ်။ ပြတင်းပေါက်ကလဲ ဒီမနက် ပွင့်နေတော့ ဒီကပဲ ထွက်သွားမယ် ထင်လို့ ကျုပ်တို့ကြည့်ကြတာကိုး။ ကြည့်တော့ အခန့်သင့်ပဲ။

"ညဦးက မိုးရွာထားလို့ ပြတင်းပေါက်အောက်မှာ မိန်းကလေးခြေရာတွေ တွေ့တယ်။ တွေ့တော့ ကျုပ်တို့ ပြတင်းပေါက်က ခုန်ဆင်းပြီး မိန်းကလေးခြေရာကို ခံလိုက်တာကိုးဗျ။ လိုက်တော့ ဘယ်ရောက်သလဲ။ ကျုပ်တို့တိုက်နဲ့ ကိုက်ပေါင်းတရာလောက်ဝေးတဲ့ ရေကန်ကို ရောက်တာကိုးဗျ။ ရေကန်လဲ ရောက်ကရော မိန်းကလေး ခြေရာလဲ ပျောက်သွားရော။

"ရေကန်ကလဲ ဆယ်ပေလောက် နက်တယ်။ ဒါနဲ့ မိန်းကလေးဖြင့် စိတ်ညစ်နေတာနဲ့ ရေကန်ထဲ ခုန်ချသေပြီရယ်လို့ ပိုက်ကွန်တွေ ဘာတွေငှားပြီး ရေကန် ပိုက်နဲ့တိုက်တာကိုး"

ရှား။ ။"တိုက်တော့ ဘာတွေ့သလဲ"

မင်း။ ။တိုက်တော့လား၊ တိုက်တော့ မိန်းကလေးအလောင်းတော့ မတွေ့ပါဘူး။ အဝတ်ထုပ်ကြီး တထုပ်သာ တွေ့တယ်။ ဒါနဲ့ အဝတ်ထုပ်ကို ဖြေကြည့်တော့ ကျောက်ခဲလိုလို ဘာလိုလို အတုံးတွေ တွေ့တာပဲ။ ကျောက်ခဲပဲ ထင်ပါရဲ့ဗျာ"

ရှား။ ။"အဲဒီကျောက်ခဲတွေကော ပါသလား"



www.burmeseclassic.com

www.burmeseclassic.com



မင်း။ ။"ဟာ ကျောက်ခဲပဲ၊ ဘာလုပ်ယူခဲ့ရမလဲဗျာ၊ လေးက လေးသေနဲ့"

ရှား။ ။"ကျောက်ခဲတော့ ခင်ဗျား ပစ်လိုက်သလား"

မင်း။ ။"ပစ်တော့ မပစ်လိုက်ပါဘူး။ တိုက်လှေကားအောက်မှာ ထားပစ်ခဲ့တယ်"

ရှား။ ။"အင်း၊ ပြောပါအုံး"

မင်း။ ။"ပြောစရာ ဘာမှမရှိပါဘူး။ မနန်းဖူးရော၊ မောင်အောင်ဖြူရော အခုထက်ထိ ဘယ်မှာမှ ရှာမရသေးတဲ့အကြောင်းသာ ရှိတာပဲ၊ ကျုပ်လဲ ဂတ်မှာ တိုင်ချက်ပေးပေမယ့် ဒေတာပုလိပ်တွေဆိုတာ ဘာစွမ်းဆောင်နိုင်မလဲဗျာ။ ဒါနဲ့ ကျုပ်က ကျောင်းမှာနေတုန်းက ခင်ဗျားတယောက်ဟာ ဒီလိုအလုပ်မျိုးမှာ ဝါသနာလဲ ပါ၊ တော်လဲ တော်တဲ့အကြောင်း သွားပြီး သတိရလို့ ခင်ဗျားစုံထောက်ပုံများနဲ့ ခင်ဗျားနေရပ်လဲ ကြားဖူးကြား သဘင်းကြားရသာနဲ့ ခင်ဗျားဆီ ပြေးလာခဲ့တာပဲဗျာ။ ကဲ ဒါပဲဗျာ တတ်နိုင်ယင်လဲ ကျုပ်ကို တဆိတ်လောက် မောင်မပါအုံး"ဟု ပြောလျှင် ဦးစံရှားသည် မိမိ သောက်လျက်ရှိသော ဆေးတံကို ခေတ္တချထား၍—

"အဟမ်း၊ မောင်အောင်ဖြူပျောက်သွားတယ်၊ နောက်ထပ် မနန်းဖူး ပျောက်သွားတယ်။ မောင်အောင်ဖြူနဲ့ မနန်းဖူးက ပဌမ သမီးရည်းစား ဖြစ်ဖူးတယ်။ နောက်တော့ မောင်အောင်ဖြူက သစ္စာဖောက်တာနဲ့ မနန်းဖူးက ရန်ငြိုးဖွဲ့မယ်ဆိုယင်လဲ ဖွဲ့စရာပဲ။ ကရင်ဆိုတာမျိုးဟာလဲ ကျုပ်တို့ဗမာနဲ့ မတူဘူး။ လက်စားချေမယ်ဆိုယင် ချေတတ်တဲ့လူမျိုးပဲ။ မိန်းကလေးကလဲ မောင်အောင်ဖြူ ပျောက်ပြီးတဲ့နောက် အင်မတန်တုန်လှုပ်တယ်။ ရေကန်ထဲကိုလဲ တစုံတခု ပစ်ချထားခဲ့တယ်။ ဒါပဲ ကျုပ်တို့ သိရတယ် မဟုတ်သား"

မင်း။ ။"ဟုတ်တယ်"

ရှား။ ။"ကဲ ကဲ ဘယ်မှာလဲ ခုနင်က ပေစာ၊ လှမ်းလိုက်စမ်းဗျာ ကိုသိန်းမောင်" ဟု ပြောသဖြင့် ကျွန်တော်လည်း ပေစာကို စားပွဲပေါ်မှယူ၍ ဦးစံရှားအား ပေးလိုက်ရာ ဦးစံရှားလည်း ပေစာကို ကိုင်၍ အောက်ပါအတိုင်း ဖတ်လေ၏။

'နတ်ခေတ်သလျှင်၊ ပြည့်ညောင်ပင်၊ ထိပ်တွင် နေဝန်း ရောက်လတ့ံ။
သခြေရိပ်ဖျား၊ ကြွက်လျှင်သွား၊ ဆယ်ဘွားခန့်မျှ ရှိမည်ပ။
ထိုမှတဖန်၊ ဆင်ဆန္ဒန်၊ လှမ်းရန်ခြေကား ရှစ်ဖဝါး။
ကျွားခင်းစံခန်း၊ ခုနစ်လမ်း၊ အရှမ်းအဆ ခြေကိုချ။
သောကြာပူးမင်း၊ ပျော်စုံခင်း မယှဉ်း ငါးလှမ်းမျှ။'

ဦးစံရှားသည်လည်း အထက်ပါ စာကိုဖတ်ပြီးလျှင် ဦးကျော်မင်းက—

"လူနှစ်ယောက် ပျောက်သွားတာနဲ့ ဒီပေစာနဲ့ ဘာမှဆိုင်မယ် မထင်ပါဘူးဗျာ။ သူ့ဟာက သိုက်စာ အညွှန်းလိုလို၊ ဘာလိုလိုဟာပဲ၊ ကျုပ်တော့နားမလည်ပါဘူး။ ယုံလဲယုံပါဘူး"ဟု ပြောလျှင် ဦးစံရှားက—

"ခင်ဗျားကတော့ ဒီပေစာဟာ ဒီအမှုနဲ့ ဘာမှ မဆိုင်ဘူးထင်တယ်၊ ကျုပ်မှာတော့ ဒီပေစာဟာ အချက်ပဲ။ သူ့အဓိပ္ပာယ်ဖော်နိုင်ယင် ပျောက်တဲ့လူနှစ်ယောက် ဘယ်ကိုရောက်တယ်ဆိုတာ ကျုပ်တို့သိမှာပဲ"

မင်း။ ။"ဘယ့်နှယ်ကြောင့်လဲဗျာ"

ရှား။ ။"ဘယ့်နှယ်ကြောင့်ဆိုတာ နောက်တော့ ခင်ဗျားသိလိမ့်မယ်။ ဒါနဲ့ မောင်အောင်ဖြူဟာ ဉာဏ်ပညာ တော်တော်ထက်မြက်တယ်လို့ ခင်ဗျား ပြောတယ် မဟုတ်လား။ ခင်ဗျားပြောတဲ့အတိုင်းပဲဗျာ။ ဒီပေစာမှာ ခင်ဗျားဖြင့် ဘာမှ အဓိပ္ပာယ် မဖော်နိုင်ဘူး မဟုတ်လား။ သူက ဖော်နိုင်တယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com


ဒါကြောင့် သူပျောက်သွားတာ။ ဒီပေစာကို သူကြည့်နေတာ ခင်ဗျားမမိခင် အယင်ကလဲ သူဖတ်ဖူးတယ် မဟုတ်လား''

မင်း။ ။''ဖတ်ဖူးချင်လဲ ဖတ်ဖူးမှာပေါ့လေ။ ကျုပ်ကလဲ အရေးကြီးတယ် မထင်လို့ လုံလုံခြုံခြုံကြီးလဲ သိမ်းထားတာမှ မဟုတ်ပဲကိုး''

ရှား။ ။''ဒီတော့ ဟိုညကတော့ သူမေ့နေတဲ့အချက်ကလေးရှိလို့ တခါပြန်ပြီး ကြည့်တဲ့လက္ခဏာပဲ။ ဟိုညက သူရေးနေတဲ့စက္ကူဆိုတာ ဒီအညွှန်းအတိုင်း ပုံဆွဲပြီး ကြည့်နေတဲ့လက္ခဏာပဲ။ ခင်ဗျားရောက်သွားတော့ သူရေးနေတဲ့စက္ကူကို သူ့အိတ်ထဲ ထည့်လိုက်တယ် မဟုတ်လား''

မင်း။ ။''ဪ ဟုတ်တယ်။ သို့ပေမယ့် ဒီပေစာကို သူမြင်ရလို့ ဘာများအစီပွါယ် ကောက်နိုင်မလဲဗျာ''

ရှား။ ။''ဒါတော့ ကျုပ် အခုမပြောနိုင်သေးဘူး။ ဟိုရောက်ယင်ဖြင့် ဖော်နိုင်ပါလိမ့်မယ် ထင်တယ်။ ကဲ နက်ဖြန်ကို ကျုပ်တို့ တခါတည်းလိုက်မယ်။ ကိုသိန်းမောင်ကော နက်ဖြန်တနင်္ဂနွေနေ့ မဟုတ်လား။ ခွင့်ခံပြီး လိုက်ခဲ့ဗျာ''

နောက်တနေ့၌ ကျွန်တော်တို့သည် မီးရထားလက်မှတ်များကို ဝယ်ယူကြပြီးနောက် မီးရထားပေါ်သို့ တက်မိကြ၍ မီးရထားထွက်လေလျှင် ဦးကျော်မင်းမှာ ယမန့်ညက အိပ်ပျက်ခဲ့သည်ဖြစ်၍ အိပ်ပျော်လျက် လိုက်ပါလာလေ၏။

ဦးစံရှားလည်း ဆေးတံသောက်ရာမှ ကျွန်တော့်အား ကြည့်၍—

''ကိုသိန်းမောင်ကောဗျ၊ ခင်ဗျားတယ့်နှယ်သဘောရသလဲ၊ ပြောစမ်းပါအုံးဗျာ''ဟု မေးသဖြင့် မထင်တတ်နိုင်အောင် ရှိနေကြောင်း ကျွန်တော်က ပြန်၍ပြောရာ ဦးစံရှားက—

''လိုရင်းကတော့ ဒီပေစာ လိုရင်းပဲဗျ။ ဒီပေစာထဲက အဓိပ္ပာယ်ကို ကျုပ်တို့ ဖော်နိုင်ယင် အားလုံးပေါ်မှာပဲ။ မောင်အောင်ဖြူဟာ ဒီပေစာထဲက အဓိပ္ပာယ်ကို ဘာ့ကြောင့် ဒီလောက်ဖော်ချင်ရသလဲတဲ့။ ကေန္တ တစုံတခုကျေးဇူးရှိဖို့ သူမြင်လို့ပဲဗျ။ ပေစာမှာပါတဲ့အညွှန်းက သပြေပင်ပါတယ်။ ညောင်ပင်လဲပါသယ်။ ဒီတော့ ဒီနှစ်ပင် တွေ့ရယင်ဖြင့် ကျုပ်တို့ ဖော်နိုင်စရာရှိတယ်။ ကဲ ကဲ။ ခင်ဗျာလဲ အိပ်ချင်ပြီ ထင်ပါရဲ့၊ အိပ်ပေတော့။ ဟိုရောက်တော့ ကျုပ်နှိုးပါ့မယ်''ဟု ပြောသဖြင့် ကျွန်တော်လည်း အိပ်လေ၏။

× × ×

ကျွဲခြံ ဘူတာသို့ ရောက်လျှင် ကျွန်တော်တို့သည် ရထားမှ ဆင်းကြ၍ ဦးကျော်မင်း၏ အိမ်သို့ သွားရောက်ကြရာ ဦးကျော်မင်း၏အိမ်မှာ ဘူတာနှင့် များစွာမဝေးသဖြင့် မိုးမလင်းမီပင် ဆိုက်ရောက်ကြလေ၏။ အိမ်သို့ ရောက်လျှင် ဦးကျော်မင်းသည် ကျွန်တော်တို့အိပ်ရန် အခန်းများပေးပြီးနောက် အိပ်ခန်းသို့ ဝင်သွား၍ အသီးသီး အိပ်ကြလေ၏။

နံနက်သင်းသဖြင့် ကျွန်တော်သည် အိပ်ရာမှထ၍ ကြည့်လိုက်ရာ ဦးစံရှားမှာ အိပ်ရာတွင် မရှိပဲ နိုးကြားလို့လဝီရိယရှိသော အမူအရာဖြင့် ထင်းများကို မားတချောင်းနှင့် ခုတ်လျက် ရှိသည်ကို တွေ့မြင်ရလေ၏။

ကျွန်တော်လည်း ကော်ဖီနှင့်မုန့်များကို စားသောက်ပြီးနောက် တိုက်အောက်သို့ ဆင်းသွား၍ ဦးစံရှားနှင့် တွေ့လျှင် ဦးစံရှားက—

www.burmeseclassic.com

www.burmeseclassic.com



''ကိုသိန်းမောင်၊ ဟိုဟာ ဘာပင်လဲဗျို့၊ ကြည့်စမ်း''ဟု ပြသဖြင့် လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်ရာ ပုဆိုးတပတ်ခန့်ရှိသော ညောင်ပင်ကြီးတပင်ကို တွေ့မြင်ရလေ၏။ ထိုအခါ ကျွန်တော်က–

''ခင်ဗျား ဥစ္စာ ညောင်ပင်တော့ ဟုတ်ပါပြီဗျာ၊ သပြေပင်ကတော့ ဘယ်မှာလဲ''ဟု မေးလျက်ရှိစဉ် ဦးကျော်မင်းလဲ အိပ်ရာမှ နိုးလာသဖြင့် အိမ်ပေါ်မှ ဆင်းလာလေ၏။

ထိုအခါ ဦးစံရှားက–

''ဒီအနီးအနားမှာ သပြေပင်များ ကြီးကြီး မရှိဘူးလားဗျာ''ဟု မေးလျှင်–

မင်း။ ။''သပြေပင်ကြီးတပင်တော့ အလျှင်က ရှိတာပဲ။ မနှစ်ကပဲ မိုးကြိုးပစ်တာနဲ့ ကျုပ် ခုတ်ပစ်လိုက်လို့ အငုတ်သာ ရှိတော့တယ်။ ဟောဟိုဟာပဲ''

ကျွန်တော်တို့သည်း သပြေပင် အငုတ်ကြီးကို သွားရောက်ကြည့်ရှုကြလေ၏။ ထိုအခါ ဦးစံရှားက–

''ဒီဟာချက်ကဖြင့် နည်းနည်း ငွကျနေတာပဲဗျာ၊ ဒီသပြေပင်ရှိတုန်းက အမြင့် ဘယ်လောက်ရှိတယ် ဆိုတာ အရှမ်းအဆအားဖြင့် ခင်ဗျား မပြောနိုင်ဘူးလား''။

မင်း။ ။''အရမ်းအဆ မဟုတ်ပါဘူးဗျ၊ အသေအချာကို ကျုပ်ပြောနိုင်ပါတယ်။ ၅၆ ပေ မြင့်တယ်''

ရှား။ ။''အလို သေချာလှချေကလားဗျာ၊ ခင်ဗျား ဘယ့်နှယ် သိသလဲ''

မင်း။ ။''သိတာက ဒီလိုဗျာ၊ ကျုပ်က ကျောင်းမှာနေတုန်းက အိုင်အေကျတော့ ထရီဂိုနိုမေတြီ သင်ရတယ် မဟုတ်လားဗျ။ ဒီတုန်းက ကျောင်းပိတ်လို့ ကျုပ် အိမ်ပြန်လာပြီဆိုမှဖြင့် အိမ်နားမှာရှိတဲ့ သစ်ပင်တွေ အမြင့်ကို ကျုပ် အကုန်လိုက်ပြီး တွက်တာပဲ။ ဒါကြောင့် ဘယ်အပင် ဘယ်လောက် မြင့်တယ် ဆိုတာ ကျုပ် အကုန်မှတ်မိလို့ ပြောနိုင်တယ်''

ရှား။ ။''နေရာကျလိုက်တာဗျာ၊ ဒါနဲ့ မောင်အောင်ဖြူကကော ခင်ဗျားကို ဒီအကြောင်းများ မေးဖူးလား''

မင်း။ ။''ဩော် ဟုတ်တယ်ဗျို့၊ ကျုပ် ခုမှ သတိရတယ်။ တနေ့က ဘယ်သူနဲ့ဆိုလား အငြင်းအခုံ ဖြစ်လို့တဲ့၊ ခုတ်ပစ်လိုက်တဲ့ သပြေပင်ကြီး ဘယ်လောက်မြင့်သလဲလို့ မောင်အောင်ဖြူလာပြီး မေးလို့ ကျုပ် ပြောလိုက်ရသေးတယ်''

ရှား။ ။''ဟုတ်လား၊ ဒါဖြင့် ကျုပ်တို့ သူ့ခြေရာခံမိပြီ။ ကဲ၊ ပေစာက ဘယ့်နှယ်ဆိုတယ်။ 'နတ်တော်လလျှင်၊ ပြည်ညောင်ပင်၊ ထိပ်တွင် နေဝန်းရောက်လတံ့'တဲ့။ ဒီဟာက ဘာလဲဆိုတော့ ညောင်ပင်ထိပ်ကို 'နေ' ရောက်ဘာ ဆိုလိုဘယ် မဟုတ်လား။ ဒီတော့ ညောင်ပင်ကြီးအောက်ကနေပြီး ကြည့်လို့ ထိပ်မှာ နေရောက်တယ် ဆိုယင်ဖြင့် မွန်းတည့်အချိန်ဆိုတာနဲ့ အတူတူပဲ မဟုတ်ဘူးလား။ ဒီစာက ဆိုလိုတာက မွန်းတည့် အချိန်ကိုလဲ ဆိုလိုဘယ် မဟုတ်ဘူး။ ဒီစာရေးတဲ့အခါက ဒီတိုက်ကို အခြေပြုပြီး ရေးတဲ့လက္ခဏာပဲ။ ဒီတော့ ဒီတိုက်ကနေပြီး ကြည့်လိုက်လို့ရှိယင် ညောင်ပင်က တိုက်အရှေ့ဘက်မှာ ရှိနေတော့ မွန်းမတည့်မီ ညောင်ပင်ထိပ်ကို နေရောက်ဘယ်လို့ ကျုပ်တို့ ထင်ရတယ် မဟုတ်လား။ အခု ဘယ်နှစ်နာရီ ရှိပြီလဲ။ ၇ နာရီရှိသေးတယ်။ ဒီတော့ အချိန် နည်းနည်း လိုသေးတယ်။ တိုက်ရှေ့က ထိုင်ပြီး ညောင်ပင်ထိပ် နေရောက်အောင် စောင့်ကြပေအုံးတော့''

ကျွန်တော်တို့သည် အချိန်လိုသေးသဖြင့် စောင့်ဆိုင်း၍နေစဉ် ဦးစံရှားသည် ယခင်က ခုတ်ထားသော ငုတ်ကလေးများကို အသင့်ပြင်ဆင်၍ ပေကြိုးတချောင်းကိုလည်း ရှာဖွေ ငှားရမ်းစေ၏။

ထို့နောက် တုတ်တချောင်းကိုယူ၍ လေးပေတိတိရှိအောင် တိုင်းထွာ ခုတ်ဖြတ်လျက်ရှိရာ ဦးကျော်မင်းမှာ မယုံကြည်သော မျက်နှာထားဖြင့် ကျွန်တော့်အား ကြည့်ကာ ပြုံးရယ်လျက် ရှိလေ၏။

တတိယအကြိမ်

www.burmeseclassic.com



နေမင်းသည်း မြင့်တက်လာလျှင် ဦးစံရှားသည် သပြေပင်ငုတ်ရှိရာသို့ သွား၍ မိမိ ခုတ်ထားသော တုတ်ကို တည့်တည့်ထောင်လျက် တုတ်၏ အရိပ်ကို တိုင်းထွာလေ၏။ ထို့နောက် ဦးစံရှားက—

"ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ခင်ဗျားလဲ ကျောင်းက သင်ခဲ့တဲ့ အတွက်ကလေးများ မေ့ကုန်ပြီလား၊ တဆိတ် တွက်စမ်းဗျာ။ လေးပေရှိတဲ့ တုတ်ဟာ အရိပ်ငါးပေထွက်ယင် ၅၆ ပေ ရှိတဲ့ သစ်ပင်ဟာ အရိပ် ဘယ်နှစ်ပေ ထွက်မလဲ"

ကျွန်။ ။"ပေ ၇၀ ရှိမယ်ပေါ့ဗျာ"

ရှား။ ။"အဲ ဟုတ်ပြီ၊ ပြီးတော့ သစ်ငုတ်ပေါ်မှာ တုတ်ကို ထောက်လိုက်ယင် သစ်ပင်ရိပ်နဲ့ တုတ်ရိပ်ဟာ ထပ်ပြီးနေမယ် မဟုတ်လား။ ဒီတော့ တုတ်အရိပ်ဖျားကစပြီး တည့်တည့်လျှောက်လို့ရှိယင် သစ်ပင်ရိပ်ဖျားကို ရောက်မယ် မဟုတ်လား။ ကဲ ပေကြိုးပေးစမ်းဗျာ"

ကျွန်တော်လည်း ပေကြိုးကို ဦးစံရှားအား ပေးလိုက်ရာ ဦးစံရှားလည်း သစ်ပင်ငုတ်ရင်းမှ တုတ်ရိပ်ကျရာ အရပ်အတိုင်း ပေ ၇၀ မျှ တိုင်းထွာပြီးလျှင် ယခင်က ငုတ်ကလေးတခုကို စိုက်ထားလိုက်လေ၏။

ရှား။ ။"ကဲ၊ ဒီငုတ်ဟာ သပြေပင် အရိပ်ဖျားပဲ မဟုတ်လားဗျ။ အလို ဒီဟာ ဘာလဲဗျို၊ တွင်းကလေးပါလား"ဟု ပြောသဖြင့် ကျွန်တော်တို့လည်း သွားရောက်ကြည့်ရှုရာ ဦးစံရှား စိုက်ထားသော ငုတ်နှင့် ၃ လက်မခန့် အကွာအဝေးတွင် တွင်းကလေးတခုကို တွေ့လေ၏။

ရှား။ ။"ဒီဟာ မောင်အောင်ဖြူစိုက်တဲ့ ငုတ်ရာပဲဗျ။ နေရာကျလိုက်တာ။ ပြီးတော့ ဘာတဲ့။ 'သပြေရိပ်ဖျား၊ ကြွက်လျှင်သွား၊ ၁၀ ဘွားခန့်မျှ ရှိမည်ပ'တဲ့။ ဒီဟာက သိုက်စာသဘောကိုဗျ။ သိုက်စာဆိုတာမျိုးဟာ အရပ် ၈ မျက်နှာကို ဂြိုဟ်ကောင်နဲ့ပြတတ်တယ်။ ကြွက်ဆိုတော့ ဘာလဲ။ 'ကြာသပတေး ကြွက်၊ အနောက်ဘက်'တဲ့။ ဟုတ်တယ် မဟုတ်လား။ သူ့အဓိပ္ပာယ်က သပြေပင်ဖျားကနေပြီး အနောက်ဘက်ကို ၁၀ လှမ်းသွားရမယ်တဲ့။ ကျုပ်က အရပ်မြင့်လို့ ခြေလှမ်းကျဲတယ်။ ကိုသိန်းမောင် ဒီငုတ်ကနေပြီး တဆိတ် အနောက်ဘက်ကို ၁၀ လှမ်း မှန်မှန်ကြီး လှမ်းစမ်းဗျာ"ဟု ပြောသဖြင့် ကျွန်တော်လည်း ဦးစံရှား ပြောသည့်အတိုင်း မှန်မှန်လှမ်းခဲ့ရာ ဦးစံရှားလည်း ၁၀ လှမ်းစေ့ရာ အရပ်၌ ငုတ်တခုကို ရိုက်ပြန်လေ၏။

ထို့နောက် 'ဆင်'ဆိုသည်ကား တောင်အရပ်ဖြစ်၍ တောင်ဘက်သို့ ၈ ဖဝါးလှမ်းပြီးလျှင် ငုတ်တခု ရိုက်၊ 'ကျား'ဆိုသည်ကား အရှေ့အရပ်ဖြစ်၍ အရှေ့ဘက်သို့ ၇ လှမ်း လှမ်းပြီးလျှင် ငုတ်တခုကို ရိုက်၊ 'ပူး' ဆိုသည်ကား မြောက်အရပ်ဖြစ်၍ မြောက်ဘက်သို့ ၅ လှမ်းမျှ လှမ်းပြီးလျှင် ငုတ်တခု ရိုက်ပြန်လေ၏။

နောက်ဆုံးငုတ်ကို ရိုက်ပြီးလျှင် ဦးစံရှားသည် အခက်အခဲ တွေ့ကြုံသော မျက်နှာထားဖြင့် အတန်ငယ် စဉ်းစားလျက် ရှိနေရာမှ ငုတ်ရှိရာအရပ်သို့ တုတ်တချောင်းဖြင့် ပြင်းစွာခေါက်၍ ကြည့်ပြီးလျှင်—

"လာပ အုံးဗျ ကိုကျော်မင်း။ ဒီအောက်မှ မြေတိုက်များ ရှိသလား"ဟု မေးရာ—

မင်း။ ။"ဩော် ဟုတ်တယ်ဗျို၊ မြေတိုက် တခုတော့ ရှိတယ်။ ကျုပ်တို့လဲ အသုံးမချတာ ကြာလှပြီ။ ကျုပ်ဖြင့် တခါမှတောင် ဆင်းမကြည့်မိဘူး။ လာ လာ၊ တိုက်အောက်ကနေပြီး ဝင်ရတယ်"ဟု ပြော၍ တိုက်တွင်းသို့ ခေါ်သွားလေ၏။

တိုက်တွင်းသို့ရောက်လျှင် ကျွန်တော်တို့သည် မြေတိုက်တံခါးကို ဖွင့်၍ မြေတိုက်ထဲသို့ ဆင်းသွားကြလေ၏။ ဦးစံရှားလည်း မြေတိုက်ကို သေချာစွာကြည့်၍—

"ဒီတိုက်အောက်မှာပဲ တည့်တည့်ဖြစ်နေတယ်ဗျ။ ခုနက ကျုပ်တို့ ငုတ်ရိုက်ခဲ့တဲ့နေရာနဲ့ မတည့်သေးဘူး။ ဟောဟိုဟာ ဘာလဲ၊ တံခါးမဟုတ်လား၊ ဖွင့်စမ်းဗျာ"ဟု ပြော၍ ဦးကျော်မင်းလည်း တံခါးကို ဖွင့်ပေးရာ ပထမမြေတိုက်နှင့် ဆက်လျက်ရှိသော မြေတိုက်တခုထဲသို့ ရောက်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယမြေတိုက်သည် ပထမမြေတိုက်ထက် များစွာ သေးငယ်လှသည်ဖြစ်၍ ထိုမြေတိုက်၏ အလယ်၌ကား လက်ကိုင်သဖွယ် ကွင်းတခုပါရှိသော ကျောက်ဖျာကြီးတချပ်ကို တွေ့မြင်ရလေ၏။ ထိုလက်ကိုင်၌ကား ပဝါထည်ပိုင် ချည်လျက်ရှိသည်ကို တွေ့မြင်ရသည်ဖြစ်ရာဦးကျော်မင်းက—

"အောင်မယ် ဒီဟာ မောင်အောင်ဖြူရဲ့ ပဝါပဲဗျို့။ ကျွန်တော်မှတ်မိတယ်။ ခွေးမသား၊ ဒီအထဲသူ ဘာများဝင်ပြီး လုပ်ပါလိမ့်မယ်"ဟု ပြောလျက်ရှိစဉ် ဦးစံရှားသည် အနီး၌ရှိသော ထင်းစတခုကို ကောက်ယူ၍ သေချာစွာ ကြည့်ရှုလျက် ရှိလေ၏။ ယင်း ထင်းစမှာ တစုံတခုသော အလေးဖြင့် ဖိ၍ထားဘိသကဲ့သို့ အချို့သောနေရာ၌ ပိန့်ဝင်လျက်ရှိလေ၏။

ထို့နောက် ဦးစံရှားလည်း ကွင်းမှကိုင်လျက် ကျောက်ဖျာကို မ ရာ ကျောက်ဖျာကြီးမှာ အနည်းငယ်သာလျှင် ရွေ့လေ၏။ သုံးယောက်လုံး အားကုန် မ သည့်အခါမှ ကျောက်ဖျာကြီးလည်း ကြွ၍ သုံးပေပတ်လည်ခန့်ရှိသော အပေါက်ငယ်တခုကို တွေ့ရလေ၏။

ဦးစံရှားသည် အပေါက်ဝတွင် ဒူးထောက်လျက် မီးအိမ်ကို မြေတိုက်အောက်ထပ်သို့ချ၍ ကြည့်ရာ အလွန်ဘယူ ဟောင်းနွမ်းဆွေးမြေ့လှသော ကျွန်းသေတ္တာကြီးတလုံးကို တွေ့မြင်ရလေ၏။ သေတ္တာကြီးမှာ ပွင့်လျက်ရှိရာ သေတ္တာနှုတ်ခမ်းတွင် မေးတင်လျက် သေနေသော အလောင်းတခုကို တွေ့မြင်ရလေ၏။ အလောင်းအနီး၌ မီးအိမ်တခုသည် မီးငြိမ်းလျက်ရှိသည်ကို တွေ့မြင်ရလေ၏။

သုံးဦးသားတို့မှာ များစွာ အံ့ဩလျက် တတိယမြေတိုက်တွင်းသို့ ဆင်းသွားကြပြီးလျှင် အလောင်းကို သေချာစွာကြည့်ရှုရာ ထိုအလောင်းမှာ မောင်အောင်ဖြူပင်ဖြစ်ကြောင်းနှင့် ဦးကျော်မင်းက ပြောဆိုလေ၏။ အလောင်းမှာ လေပိတ်၍ သေရသည့် လက္ခဏာရှိသဖြင့် ညိုမည်းလျက်ရှိကုန်၏။

ကျွန်တော်တို့လည်း အလောင်းကို မြေတိုက်ပေါ်သို့ တင်ကြပြီးလျှင် ကျွန်းသေတ္တာကို သေချာစွာ ကြည့်ကြပြန်ရာ သေတ္တာထဲ၌ကား မြန်မာမင်းများ လက်ထက်က သုံးစွဲခဲ့သော ငွေဒင်္ဂါး အနည်းငယ်ကိုသာ တွေ့ရှိရ၏။

ဦးစံရှားလည်း မောင်အောင်ဖြူ၏ အလောင်းနှင့် ကျွန်းသေတ္တာကြီးကို သေချာစွာ ကြည့်ရှုပြီးနောက် နားမလည်သော မျက်နှာထားဖြင့် စဉ်းစားလျက် ရှိနေပြန်ရာ ကျွန်တော်က—

"ဘယ့်နှယ် ဦးစံရှားရဲ့၊ ခင်ဗျားက သိုက်စာအခိုပ္ပာယ်ကို ဖော်နိုင်ယင်ဖြင့် အားလုံးကုန် ပေါ်လိမ့်မယ်ဆို။ ကဲဗျာ၊ ဒီက မောင်အောင်ဖြူဟာ ဘယ့်နှယ်ကြောင့် မြေတိုက်ထဲ ဆင်းပြီး သေနေရသလဲ။ မနန်းဖူးကော ဘယ်ရောက်နေတယ်ဆိုတာ ခင်ဗျားဖော်နိုင် ဖော်စမ်းပါအုံး"ဟု ပြောလျှင် ဦးစံရှားလည်း ကျွန်တော်ပြောသည်ကို မကြားသည့်ဟန်ဖြင့် မြေတိုက်ဝတွင် ယခင်က တွေ့ရှိသော ထင်းစကိုသာ ကြည့်ရှုလျက် နေလေ၏။

ဤသို့ နာရီဝက်ခန့်မျှ မြေတိုက်ထဲတွင် စကြံလျှောက်ကာ စဉ်းစားနေပြီးနောက် ဦးစံရှားသည် တစုံတခုကို စဉ်းစားမိသည့် လက္ခဏာဖြင့် ဦးကျော်မင်းနှင့်အတူ တိုက်ပေါ်သို့ တက်သွားပြီးလျှင်—

"ဘယ်မှာလဲဗျ၊ ရေကန်ထဲက တွေ့တယ်ဆိုတဲ့ ကျောက်ခဲတွေ၊ ကျုပ်တဆိတ် ကြည့်ပါရစေ" ဟု ပြောရာ ဦးကျော်မင်းလည်း ပစ်ထားသော ကျောက်ခဲများကို သွားယူ၍ ဦးစံရှားအား ပေးလေ၏။

ဦးစံရှားသည် ကျောက်ခဲထုပ်ကို ဖြေ၍ မကြည့်သေးပဲ ဦးကျော်မင်းအား—

"ဘယ့်နှယ်လဲဗျ ကိုကျော်မင်း၊ ဒီကျောက်ခဲထုပ်ကို ကျုပ် ရောင်းမလား၊ ကျုပ် ငွေငါးရာ ပေးမယ်"ဟု ပြောလျှင် ဦးကျော်မင်းက—



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့လဲဗျာ၊ ခင်ဗျားလိုချင် အလကားပဲ ယူသွားနိုင်ပါတယ်။ ယူသွားပါတော့။ ကျောက်ခဲ အဖိုးထားပြီး ရောင်းစားနေရအုံးမလား"ဟု ပြောသဖြင့် ဦးစံရွှေးလည်း ပြုံးရယ်ကာ ကျွန်တော့်အား ကြည့်လျက်—

"ကောင်းပြီ၊ ကိုသိန်းမောင် ခင်ဗျားကြားတယ်နော်။ ကိုကျော်မင်းက ကျုပ်ကို ဒီကျောက်ခဲ ထုပ်ကို ပေးတယ် မဟုတ်လား။ ကဲ ဖြေစမ်းဗျာ၊ သူပြောတဲ့ ကျောက်ခဲတွေ ကြည့်ရအောင်"ဟု ပြောသဖြင့် ကျွန်တော်လည်း ရှိန်နှိုတို့ဖြင့် လူးလျက်ရှိသော အဝတ်ထုပ်ကို ဖြေ၍ကြည့်လေ၏။

အထုပ်ကို ဖြေပြီးလျှင် ဦးစံရွှေးလည်း ကျောက်ခဲတလုံးကိုယူ၍ လက်ကိုင်ပဝါနှင့် ပွတ်လိုက်ရာ အလွန်တရာ အရည်ကောင်းသော ကျောက်နီတလုံး ဖြစ်လာသည်ကို တွေ့ရလေ၏။

ကျွန်တော်နှင့် ဦးကျော်မင်းတို့မှာ များစွာ အံ့သြလှသဖြင့် ပါးစပ်များကို ဟလျက် ကြည့်နေစဉ် ဦးစံရွှေးသည် ကျောက်ခဲများကို တလုံးပြီးလျှင် တလုံးယူ၍ အဝတ်တခုနှင့်ပွတ်လိုက်ရာ အချို့မှာ ကျောက်နီ၊ အချို့မှာ နီလာ၊ အချို့မှာ မြ၊ အချို့မှာ စိန် စသည်တို့ ဖြစ်၍နေကြောင်းကို တွေ့မြင်ကြရလေ၏။

ကျောက်ခဲများကို အားလုံးပွတ်၍ပြီးလျှင် ဦးစံရွှေးသည် လက်ကိုင်ပဝါအဖြူဖြင့် ထုပ်၍ ဦးကျော်မင်းအား "ရော့ဗျာ ကိုကျော်မင်း၊ ကျုပ် အသုံးလိုတဲ့ အခါကျတော့ ခင်ဗျားဆီမှာ ကျုပ်လိုသလောက် တောင်းယူမယ်၊ ဒီဟာတွေ ခင်ဗျားတသိတ်လောက် သိမ်းထားလိုက်ပါ။ ကဲ ကျုပ်တို့လဲ ပြန်အုံးမယ်"ဟု ပြော၍ ရထားအချိန်ကို မေးလေလျှင် ဦးကျော်မင်းလည်း အံ့သြလှသောမျက်နှာထားဖြင့် ကျောက်ထုပ်ကို လှမ်းယူ သိမ်းဆည်းပြီးနောက်—

မင်း။ ။"နို့ မောင်အောင်ဖြူ သေတဲ့ အကြောင်းနဲ့ မနန်းဖူး အကြောင်းကောဗျ၊ တဆိတ်လောက် ပြောပြပါအုံး။ ဒီကျောက်တွေ အဖိုးထိုက်တဲ့ ကျောက်မှန်း ခင်ဗျား ဘယ်နှယ် သိတယ်ဆိုတာလဲ တဆိတ်လောက် ပြောစမ်းပါဗျာ။ ကြားစမ်းပါရစေအုံး၊ ရထားလဲ တနာရီလောက် လိုပါသေးတယ်။ ထမင်းလဲ စားကြပါအုံး"ဟု ပြောသဖြင့် ကျွန်တော်တို့သည် နံနက်စာ စားယင်း ဦးစံရွှေးက ပြန်ပြောသည်မှာ—

ရွှေး။ ။"ဒီလိုဗျ၊ ကျုပ်က အစကတော့ ဒီသိုက်စာအတိုင်း မောင်အောင်ဖြူကို ခြေရာခံလိုက်ယင်ဖြင့် အားလုံး ပေါ်လိမ့်မယ်လို့ ကျုပ် ပြောမိတယ် မဟုတ်လား။ ကျုပ် ပြောတဲ့အတိုင်း ခြေရာခံလိုက်လို့ မောင်အောင်ဖြူ့ အလောင်းကို တွေ့ရော မဟုတ်လား။ တွေ့တော့ ဘယ့်နှယ်ကြောင့် မောင်အောင်ဖြူ သေရတယ်၊ မနန်းဖူးလဲ ဘယ်ရောက်နေတယ် ဆိုတာ မသိရသေးဘူးဗျနော်။

"ဒီတော့ ကျုပ် တခု စဉ်းစားကြည့်တယ်၊ ဒီလိုဗျ။ မောင်အောင်ဖြူက တော်တော်ဉာဏ်သွားတဲ့ လူတယောက်ဖြစ်တော့ စဉ်းစားရတာလဲ တော်တော်လွယ်ကူတယ်ဗျ။ ဉာဏ်ရှိတဲ့လူ ဖြစ်တော့ ကိုယ်နဲ့သာ နှိုင်းပြီး ကိုယ်ဒီလိုဖြစ်ယင် ဘယ့်နှယ်လုပ်မယ်ဆိုတာ စဉ်းစားရုံပဲရှိတယ်။ ဒီလိုစဉ်းစားလိုက်ယင်ဖြင့် အကုန် ပေါ်တာပဲ။ ကဲ ဒီတော့ မောင်အောင်ဖြူက သိုက်စာ အညွှန်းအတိုင်းလိုက်လို့ ဒုတိယမြေတိုက်ကို ရောက်ကရော။ ရောက်တော့ ပစ္စည်းတွေ့သလား၊ မတွေ့သေးဘူး။ ဘာတွေ့သလဲ၊ ကျောက်ဖျာကြီး တခုတွေ့တယ်။

"ဒီတော့ ဒီကျောက်ဖျာကို မကြည့်ရယင်ဖြင့် ဘာမှမတွေ့နိုင်ဘူးဆိုတာ သူ သိတော့ ထင်မြင်တဲ့ အတိုင်း ကျောက်ဖျာကို မ ပြီး ကြည့်မယ်။ ကြည့်တော့ ကျောက်ဖျာကို သူတယောက်တည်း မနိုင်မှန်းသိရော။ သိတော့ သူ ဘယ်နှယ်ကြံမလဲ။ ကျုပ်ဖြင့် ဘယ်နှယ်ကြံမလဲ။ ယုံကြည်လောက်တဲ့ လူတယောက်ကို အကူ အညီ ရှာရမယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီတော့ ယုံကြည်လောက်တဲ့လူဟာ ဘယ်သူရှိသလဲဆိုတာ သူ စဉ်းစားတော့ သူနဲ့ သမီးရည်းစား ဖြစ်ဖူးတဲ့ မနန်းမှူးကို သွားပြီး သတိရတယ်။ ဒီတော့ မိန်းကလေးကို ချော့မော့ပြီး အချင်က စကားပျက်ဖူး ပေမယ့် ခုမှ သတိပြုပြီး ချစ်ခင်ပါတယ်၊ စုံမက်ပါတယ်နဲ့ သူပြန်ပြီး နှူးမယ်ပေါ့လေ။ နှူးတော့ မိန်း ကလေးက သူ့အကြံပါရော။ ပါတော့ သူတို့နှစ်ယောက် ည တိတ်တိတ် မြေတိုက်ထဲ ဆင်းရော။ ဆင်းပြီး ကျောက်ဖျာကြီး မ ကြည့်တာပေါ့လေ။ မ တော့ ကျောက်ဖျာကြီးက ကျုပ်တို့ သုံးယောက်တောင် မနဲ့ မ ပြီး ရွေ့ရတာ မဟုတ်လား။ ဒီတော့ သူတို့ နှစ်ယောက်တည်း ကျောက်ဖျာကြီး မ လို့ မကာတ်နိုင်ပြန်ဘူး။ ဒီတော့ မောင်အောင်ဖြူက ဘယ့်နှယ်လုပ်မလဲ။ ကျုပ်ဖြင့် ဘယ့်နှယ်လုပ်မလဲ။ ထင်းစ တစကို ရှာမယ်။ ရှာပြီး ကျောက်ဖျာကြီး နည်းနည်းကြွ၊ ကြွလို့ရသလောက် ထင်းစနဲ့ ခု။ ခထားနား။ အဲဒီမှာ ပြေတော့ တခါ ထပ် မ ပြီး မ လို့ ရသလောက် တခါ ထင်းစနဲ့ ခု။ ဒီလိုနဲ့ တဖြည်းဖြည်း လူတယောက် ဝင် သာတဲ့ အနေကျအောင် ကြွလာတာကိုးဗျ။ ကြွလို့ လူတယောက်လဲ ဝင်သာရော မောင်အောင်ဖြူက မီးအိမ်ကိုင်၊ မြေတိုက်ထဲ ဆင်း၊ ယူစရာရှိတာ ယူပြီး မိန်းကလေး လှမ်းပေးလိုက်ကရော၊ မိန်းကလေးလဲ ကရင်မကလေးဆိုတော့ ကိုယ့်အပေါ်မှာ သစ္စာဖောက်တဲ့ အကောင်မို့ လက်စားချေချင်တဲ့စိတ် ပေါက်လာ တာကိုး၊ ဒီစိတ်လဲ ပေါက်လာရော ချေနိုင်တဲ့ အခွင့်ကလဲ ကြုံကြိုက်နေတာကိုး။

"ဒီတော့ ဘယ့်နှယ်လုပ်မလဲ။ ကျောက်ထုပ်လဲ ရလိုက်ကရော ခုနင်က ခုထားတဲ့ ထင်းစကို လက်နဲ့ တချက် ပြင်းပြင်းတွန်းလိုက်ရုံ ရှိတာပေါ့။ တွန်းလိုက်လို့ ထင်းစလဲ ထွက်သွားရော ကျောက်ဖျာကြီးလဲ ပြန်ပိတ်သွားရော၊ ဒီတော့ အထုပ်ကလေးပိုက်ပြီး ပျာယီးပျာယာ တိုက်ပေါ်တက်လာ၊ ကျောက်ထုပ် ကလေး ဝှက်ထား၊ နောက်တနေ့ကျတော့ ခင်ဗျားက သူ့ကို မောင်အောင်ဖြူတယောက် မမြင်မိဘူးလားလို့ မေးတော့ သူ့စိတ်က မလုံတာနဲ့ ပြောမိပြောရာ ရှုးသလို နှမ်းသလို ပြောမိတာကိုး။

"ဒါနဲ့ နောက်တော့ မိန်းကလေးက မကျန်းမာတော့ ခင်ဗျားက ခိုင်းတဲ့ မိန်းမကြီးကို ပြုစုဖို့ အစောင့်ထားတယ် မဟုတ်လား။ ဒီတော့ မိန်းကလေး စိတ်ထဲမှာ ဘယ့်နှယ်ရှိမယ်၊ မောင်အောင်ဖြူ လှမ်းပေးလိုက်တဲ့ ကျောက်ထုပ်ကို ဖျောက်ဖျက်ချင်တဲ့စိတ် ရှိမယ် မဟုတ်လား။ တစုံတခု အပြစ်ကို ပြုမိတဲ့ လူတယောက်ဟာ အဲဒီအမှုနဲ့ ဆက်သွယ်ခြင်းရှိတဲ့ ပစ္စည်းများကို မိမိမှာရှိယင် ဖျောက်ဖျက်ချင်တဲ့ စိတ် သဘော ရှိတတ်တယ် မဟုတ်လား။ ဒါနဲ့ တနေ့တော့ အစောင့်မိန်းမကြီး အိပ်ပျော်နေတုန်း ကျောက်ထုပ်ကို ယူပြီး ပြတင်းပေါက်က ခုန်ဆင်းပြေးတာကိုး။

"ဘယ်ပြေးမလဲ၊ ကျောက်ထုပ် ဖျောက်ဖျက်စရာနေရာကို ပြေးမယ် မဟုတ်ဘူးလား။ ဒီတော့ အိမ်နားရှိတဲ့ ရေကန်ကို သတိရတယ်။ သတိရတော့ ရေကန်ဆီပြေးပြီး ကျောက်ထုပ်ကို ပစ်ချလိုက်တာပေါ့ ဗျာ"

မင်း။ ။"မိန်းကလေးကော ဘယ်ရောက်နေသလဲဗျာ"

ရှား။ ။"မိန်းကလေးတော့ သူပြုခဲ့တဲ့အပြစ် လူသိမှာကြောက်တာနဲ့ ထွက်ပြေးတာပေါ့။ တနေ့ တော့ သတင်းကြားချင် ကြားရပါလိမ့်အုံးမယ်"

မင်း။ ။"ခင်ဗျား ရှာမပေးနိုင်ဘူးလား"

ရှား။ ။"ဒါက ပုလိပ်အလုပ်ကပဲ။ ကဲ ကျုပ်တို့ ပြန်အုံးမယ်၊ ရထားအချိန် နီးပြီ"

မင်း။ ။"ခင်ဗျား ကျောက်ထုပ်ကောဗျာ"

---

ဇာတ်သိမ်း (ဇာတ်လမ်းအဆုံး ကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

ရှား။ ။"ဟာ ခင်ဗျားတိုက်ထဲကတွေ့တာ ခင်ဗျားပစ္စည်းပေါ့ဗျာ၊ ကျုပ် အသုံး လိုတဲ့အခါ စာရေးလိုက်ပါ့မယ်။ ကဲ ကိုသိန်းမောင်၊ ပြန်အုံးစို့"

× × ×

ကျွန်တော်တို့လည်း ကျဲခြံမှ ပြန်လာပြီးနောက် သုံးရက်ခန့်ကြာလျှင် ဦးစံရှားသည် ကျွန်တော့်ကို ခေါ်၍ သတင်းစာကိုပြရာ သတင်းစာတွင် ပါရှိသည်မှာ—

'လွန်ခဲ့သည့် တနင်္ဂနွေနေ့ နံနက်က မော်လမြိုင်မှ ရန်ကုန်သို့သွားသော ဓာတ်ရထားသည် ကျဲခြံဘူတာနှင့် ဂန့်ဂေါ်ဘူတာအကြားတွင် အသက် ၂၀ ကျော်အရွယ်ရှိ မိန်းကလေးတယောက်၏ အလောင်းကို တွေ့ရှိကြောင်း၊ ယင်းအလောင်းမှာ လွန်ခဲ့သည့်ညက အဆန်ရထား ကြိတ်မိဟန် လက္ခဏာရှိ၍ မည်သူ၏ အလောင်းဖြစ်သည့်ကို ပုလိပ်တက်က ထောက်လှမ်းလျက်ရှိနေကြကြောင်း' နှင့် တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်တော်က—

"မနန်းဖူးပဲ ထင်ပါရဲ့ဗျာ"ဟု ပြောရာ ဦးစံရှားသည် ဦးခေါင်းကို ညိတ်လျက် "ကျုပ်ပြောတဲ့ အတိုင်းပါပဲဗျာ"ဟု ပြော၍ အမှုအခင်းနှင့် စပ်လျဉ်းသည့် သတင်းတို့ကို ဆက်လက်ဖတ်ရှုနေလေ၏။

---

**အတ္တိယအကြိမ်**

www.burmeseclassic.com

www.burmeseclassic.com

# ၂၃။ ဘင်္ဂါလီ စကားပြန်အမှု *

ဦးစံရှားနှင့် ကျွန်တော် အတူတကွ နေထိုင်လာကြသည့် အတောအတွင်း၌ ဦးစံရှားသည် သူ၏ ဆွေမျိုး ညာတိများအကြောင်းကို စကားစပ်၍ ပြောခဲ့လှသည် ဖြစ်သောကြောင့် ဤလူကြီးကား 'တကောင်ကြွက် တမျက်နှာ' ခေါ်ကြသည့် လူစားမျိုးဖြစ်သည်ဟု တွေးဆခဲ့မိရာ ဟနေ့၌ သူ၏ အစ်ကို အကြောင်းကို ပြောသည်တွင်မှ မွေးပေါက်ဖော် သားချင်းရှိသည်ကို ကျွန်တော် သိရပါတော့သည်။

တနေ့သည်၌ ဦးစံရှားနှင့် ကျွန်တော်သည် လူတဦးတယောက်၏ အထုံဝါသနာများ အကြောင်းကို ဆွေးနွေးကြရာ၌ ဖခင်ထံမှပါသော အခြင်းအရာ၊ မိခင်ထံမှရသောအခြင်းအရာ၊ ဘဝအစဉ်အဆက် ကိုယ်ပိုင်ပါလာသော အခြင်းအရာဟူ၍ လူတိုင်း၌ သုံးမျိုးစပ်ရှိတတ်ကြောင်း၊ တခါတရံတွင် မိခင်ဖခင်တို့၌ ထင်ရှားစွာ မတွေ့ရပဲ အဘိုး၊ သို့မဟုတ် အဘွားတယောက်၌ရှိဖူးသော အရည်အခြင်းတခုသည် မြေးတယောက်သို့ တထစ်ကျော် ခုန်လွှားပါတတ်ကြောင်း ထင်မြင်ချက် ပေးလျက် ရှိကြ၏။

ပမာဆိုသော် ကျွန်တော်၏ မိတ်ဆွေ တယောက်၌ ကဗျာ ဝါသနာပါသော သမီးတယောက် ပေါက်ဖွား၏။ မိတ်ဆွေသည်လည်းကောင်း၊ သူ၏ ဇနီးသည်လည်းကောင်း ကဗျာဆို၍ အလျှင်း နားမလည်ပဲ သူငယ်မ၏ အဘိုးတယောက်သည် ကဗျာအိုးဖြစ်၍ သူ၏ ဝါသနာသည် သားတွင် 'ငုပ်' နေ၍ မြေးတွင်မှ ထင်ရှားစွာ ပေါ်လာသည်ကို တွေ့ရဖူးလေသည်။

ရှား။ ။"မိခင်မှာလဲ မရှိ၊ ဖခင်မှာလဲ မရှိ၊ သားချင်းပေါက်ဖော်တွေအနက် ဘယ်သူ့ဆီမှာမှ မတွေ့ရပဲ တကိုယ်တည်း ပါလာတဲ့ အထုံဝါသနာမျိုးလဲ ရှိတတ်သေးတယ်ဗျ။ ဒါမျိုးကျတော့ ကျုပ်တို့ ဗုဒ္ဓအဘိဓမ္မာ အရတော့ ဖြောင့်ဖြူးနေတာပဲ။ သို့သော် အတိတ်ဘဝ မရှိဘူးလို့ ယူထားတဲ့ ဘာသာတွေ အဖို့တော့ တော်တော်ဂွကျလိမ့်မယ်"

ကျွန်။ ။"သူတို့မှာတော့ အတိတ်ဘဝမရှိတဲ့အတွက် တဦးစီ တယောက်စီ ပါလာတဲ့ ဝါသနာ ရယ်လို့လဲ မရှိနိုင်ပဲ 'ဝါသနာဘာဂီ ဆက်တိုင်းမီ' ဆိုတဲ့ စကားလဲ မရှိနိုင်ဘူးပေါ့။ တကယ်လို့ မိဘဘိုးဘွားတို့မှာ မတွေ့ရတဲ့ အထုံဝါသနာတခုကို ကလေးတယောက်မှာ တွေ့ရယင် ဘယ့်နှယ်လုပ်ကြသလဲဗျာ"

---

* ဤဝတ္ထုကို သူရိယမဂ္ဂဇင်း၊ ၁၉၁၀၊ ဇွန်၊ အတွဲ ၂၊ အမှတ် ၄ တွင် 'စကားပြန်တယောက် ပျောက်ဆုံးမှု၌ မောင်စံရှား စုံထောက်ပုံ' အမည်ဖြင့် ဦးစွာ ပုံနှိပ်ဖော်ပြသည်။ ဤဝတ္ထုကိုပင် ရှုမဝမဂ္ဂဇင်း၊ ၁၉၅၃၊ ဇူလိုင်၊ အမှတ် ၇၄ တွင် 'ဘင်္ဂါလီစကားပြန်အမှု' အမည်ဖြင့် ထပ်မံရေးသားသည်။ ရှုမဝမှုကို မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၆ နှင့် နှလုံးလှစာအုပ်တိုက်မှ အတွဲ ၃ တို့တွင် ထပ်မံဖော်ပြသည်။ ယခုဖော်ပြသောမှုမှာ ရှုမဝမှုဖြစ်သည်။ မူရင်းမှာ The Greek Interpreter ဖြစ်သည်။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"သူတို့ကတော့ ၁၀ ဆက် ၁၅ ဆက်တိုင်အောင် အထက်လျှောက်ပြီး လိုက်မှာပေါ့။ တနေရာမတွေ့ယင် တနေရာမှာ တွေ့ရမယ်လို့ ဆိုမှာပဲ။ ကိုယ်စီကိုယ်ငှ တခုစီပါလာတဲ့မျိုး ရှိတယ်လို့ ဝန်ခံမယ် မဟုတ်ဘူးပေါ့"

ကျွန်။ ။"ဒါထက် နေပါအုံးဗျ။ ခင်ဗျားမှာပါတဲ့ စုံထောက် ဝါသနာဟာဇာတော့ မျိုးနဲ့ ရိုးနဲ့ ဟုတ်ဟန် မတူဘူး။ ခင်ဗျားတကိုယ်တည်း ဝါသနာထင်တယ်"

ရှား။ ။"စုံထောက် ဝါသနာဆိုတာ ဘာကို ဆိုတာလဲဗျာ"

ကျွန်။ ။"အမှတ်တမဲ့မနေပဲ နား မျက်စိ ဖွင့်ထားတတ်တဲ့ ဝါသနာ၊ ဆောက်နုတ်ချက် ထုတ်ယူတတ်တဲ့ ဝါသနာ ဆိုပါတော့ဗျာ"

ရှား။ ။"ဒီယောက်နဲ့ စုံထောက်ကောင်းတယောက် ဖြစ်သေးတာ မဟုတ်ဘူးဗျ။ ကိုယ့်ကောက်နုတ်ချက်အတိုင်း ဟုတ် မဟုတ် မှန် မမှန်ကို အပင်ပန်းခံပြီး အစအဆုံး လိုက်ကြည့်ချင်တဲ့ ဝါသနာ ရှိရသေးတယ်။ ကျုပ်အစ်ကို ဦးစံထွားဟာ ခင်ဗျားပြောသလို အမှတ်တမဲ့ မနေတတ်တဲ့ ဝါသနာ၊ ကောက်နုတ်ချက်ထုတ်တတ်တဲ့ ဝါသနာမျိုးတော့ရှိတယ်။ နို့ပေမယ့် အပင်ပန်းခံပြီး အစအဆုံးမလိုက်ချင်တတ်ဘူး။ ဒါကြောင့် စုံထောက်ဖြစ်မလာဘူး"

ကျွန်။ ။"ဩော် ခင်ဗျားမှာ အစ်ကိုတယောက် ရှိသေးသလား"

ရှား။ ။"ရှိတယ်၊ ငွေစာရင်းမင်းကြီးရုံးမှာ အလုပ်လုပ်တယ်။ ကျုပ်အစ်ကိုက ခင်ဗျားပြောတဲ့ နားမျက်စိ ဖွင့်ထားတာတို့၊ ကောက်နုတ်ချက် ထုတ်တာတို့တော့ ပထမတန်းပေါ့ဗျာ။ ကျုပ်ထက်တောင် သာသေးတယ်။ ကျုပ်မတတ်နိုင်လို့ သူ့ဆီက အကူအညီယူပြီး ပေါ်ပေါက်ခဲ့တဲ့ အမှုပေါင်း နည်းရော့မလား။ ဒါပေမယ့် ဒီလူကြီးက ပျင်းတယ်ဗျ။ ကုလားထိုင်ပေါ်က မထချင်ဘူး။ သူ့ကောက်နုတ်ချက် မှန်လေသလားလို့ အိမ်ပေါ်က အိမ်အောက်ဆင်းပြီး စုံစမ်းချင်တဲ့ လူကြီးမဟုတ်ဘူး။ ဒါကြောင့်လဲ စုံထောက်ကျော်တယောက် ဖြစ်မလာတာ"

ကျွန်။ ။"ဒီလိုဆို တွေ့ချင်စမ်းပါဘိဗျာ၊ သူဘယ်မှာနေသလဲ"

ရှား။ ။"ဗိုလ်တထောင်ဘက်မှာ နေတယ်၊ လာလေ ခြေညောင်းလက်ဆန့် လမ်းလျှောက်သွားကြစို့လား"

ဤအချိန်မှာ ၅ နာရီခွဲပြီဖြစ်၍ ဆောင်းဦး နိုဝင်ဘာလဖြစ်သည့်အတိုင်း မှောင်လုဆဲဆဲ ရှိနေပေရာ ကျွန်တော်တို့သည် ဘရုတ်ကင်းလမ်းမှ ကမ်းနားဘက်သို့ ဆင်း၍ ဗိုလ်တထောင်ဘက်သို့ လမ်းလျှောက်လာကြလေသည်။

လမ်းခရီး၌ ဦးစံရှားသည် ဦးစံထွားအကြောင်းကို ပြောပြလာရာ မိမိထက် အသက် ၇ နှစ်ကြီး၍ လူပျိုကြီးဖြစ်ကြောင်း၊ ဂဏန်းအလုပ်တွင် အလွန်ကျွမ်းကျင်၍ ဂဏန်း ၅ လုံးတည်၍ ၅ လုံးနှင့် မြှောက်ခြင်း အလုပ်ကို စိတ်တွက်ဖြင့် တမိနစ်အတွင်း ပြီးအောင် တွက်နိုင်ကြောင်း၊ ဘောလုံးပွဲ၊ ဘိုင်စကုပ်၊ လက်ဝှေ့ပွဲ စသော ဖျော်ဖြေမှုများ၌ အလျှင်း ဝါသနာမရှိ၊ ပြတင်းပေါက်အနီး၌ ထိုင်လျက် လမ်းသွားလမ်းလာများကို ကြည့်၍ ယင်းတို့၏ အလုပ်အကိုင်၊ အကျင့်စာရိတ္တ စသည်များ ခန့်မှန်းတွေးဆခြင်းသည် သူ့အဖို့ ဖျော်ဖြေမှုကြီး တခုဖြစ်ကြောင်း စသည်ဖြင့် ပြောပြလေသည်။

ဗိုလ်တထောင်ဘက် သုံးထပ်တိုက်တတိုက်၏ ထိပ်ဆုံးထပ်ရှိ အခန်းတခန်းတွင် ဦးစံထွား နေထိုင်ရာ ကျွန်တော်တို့သည် လှေကားမှ တက်သွားကြ၍ တံခါးကို ခေါက်လိုက်သည်နှင့် တပြိုင်နက်—



www.burmeseclassic.com

www.burmeseclassic.com



"မောင်စံရှားလားဟေ့၊ တွန်းလိုက်ပါကွယ့်၊ ရပါတယ်"ဟု ပြောသံကြားသဖြင့် ဦးစံရှားက ကျွန်တော့်အား လှည့်ကြည့်၍ ပြုံးပြသေးသည်။

ရှား။ ။"တိုက်ရွှေ လမ်းအတိုင်း လာတာမဟုတ်ပဲနဲ့ အစ်ကိုကြီးက ကျွန်တော့်ကို ဘယ့်နှယ်ကြောင့် သိနိုင်သလဲ"

ထွား။ ။"တံခါးခေါက်ရာမှာ မင်းခေါက်သလို ခေါက်တတ်တာဟာ ကိုလှမောင်နဲ့ မင်းနဲ့ နှစ်ယောက်သာရှိတယ်။ ကိုလှမောင် မန္တလေးသွားနေတော့ မင်းပဲ ဖြစ်ရမှာပေါ့"

ရှား။ ။"ကျွန်တော်တို့ ခေါက်တာက ဘယ်ပုံ ခြားနားသလဲဗျာ"

ထွား။ ။"လက်ချောင်းကလေး လေးချောင်းနဲ့ ခေါက်တော့ မြင်းများ သုံးချောင်းထောက်သလို အပြတ်လိုက် အပြတ်လိုက် အသံမြည်တာပေါ့ကွယ်"

အိမ်၌ ကျွန်တော်ရှိခိုက်တွင် တခြားမှ ဦးစံရှား ပြန်လာသော အခါများ၌ ဤကဲ့သို့ ခေါက်တတ်ခြင်းကို ယခုမှပင် ကျွန်တော် သတိပြုမိပါတော့သည်။

ဦးစံရှားက မိတ်ဆက်ပေး၍ ကျွန်တော်သည် ဦးစံထွား၏ ရုပ်လက္ခဏာကို အကဲခတ်လျက် ရှိသည်တွင် ဦးစံထွားက—

"ဟုတ်ပါတယ် ဦးသိန်းမောင်၊ နှာခေါင်းချွန်းတာနဲ့ နဖူးကျယ်တာက လွဲပြီး ကျုပ်တို့ ညီအစ်ကို နှစ်ယောက် ဘာမှမတူပါဘူး"ဟု ပြောလိုက်သည်နှင့် ရယ်မောကြရသေးသည်။

အမှန်မှာ ကျွန်တော်၏ စိတ်ထဲတွင် ဤအတိုင်းပင် ဆင်ခြင်မိ၍ ဦးစံထွား၏ ဗိုက်ရွဲခြင်းနှင့် မေးစေ့အောက်၌ အရစ်ကြီးပေါ်အောင် ဆူဖြိုးခြင်းများကို စိတ်ထဲတွင် ရှုတ်ချလျက် ရှိပါတော့သည်။

မတ်တတ်ရပ်လိုက်သောအခါတွင် ဦးစံထွားသည် ဦးစံရှားထက်ပင် အနည်းငယ် မြင့်နေသော်လည်း လှုပ်ရှားမှု နည်းပါးခြင်းကြောင့် ဗိုက်ခေါက်ထူ၍ နိမ့်သလိုလို ထင်ရ၏။

ဦးစံရှားမှာကား လက်ခဝေ့သမားတယောက်ကဲ့သို့ အသားပို တကျပ်သားမျှ မရှိအောင် လေ့ကျင့်ထားသဖြင့် အလွန် ဖျတ်လတ်သွက်လက်၍ ကျွန်တော်၏ စိတ်တိုင်းကျ ရှိနေပေတော့သည်။

ထွား။ ။"ခင်ဗျားရေးတာတွေ ဖတ်ရပါ့ဗျာ၊ ညီတော်မောင်တော့ ခင်ဗျား တယောက်ရှိတာ သိပ်ကံကောင်းတာပဲ။ ခင်ဗျားသာ မရှိခဲ့ယင် သူ့ဟာသူ ဘယ်လောက်ကြီး တော်နေနေ တိုင်းပြည်က ခုလို သိကြမယ် မဟုတ်ဘူးဗျ။ ခင်ဗျားကို သူ ကျေးဇူး တင်တိုက်ပေတယ်"

ကျွန်။ ။"ဒါနဲ့တောင် ကျွန်တော် ရေးပုံရေးနည်း နေရာမကျဘူးလို့ သူက အပြစ်တင်ချင်သေးတယ် ခင်ဗျ"

ထွား။ ။"သူက ဘယ်လို ရေးချင်တာတဲ့တုံးဗျ"

ကျွန်။ ။"ကျွန်တော် ရေးပုံက ဝတ္ထု ဆံလွန်းအားကြီးတယ်တဲ့ ခင်ဗျ။ သူ့အကြိုက်က ဓာတုဗေဒ အစီရင်ခံစာမျိုးလို တိတိကျကျ ဖြစ်စေချင်တယ်တဲ့ ခင်ဗျ"

ထွား။ ။"ဟုတ်သေးသလဲ ဟုတ်ပါရဲ့၊ နို့ပေမယ့် ဘာပြောပြော စာဖတ်တဲ့လူက ဇာတ်ကွက် ဇာတ်အိမ်ကလေးနဲ့မှ စိတ်ဝင်စားတတ်တာကိုးကွယ် မောင်စံရှားရဲ့"

ကျွန်တော်၏ အခရေးအသားနှင့် ပတ်သက်၍ ဦးစံရှားက ဝေဖန်သည့်အခါတိုင်း ကျွန်တော့်မှာ ခံပြင်းရပေါင်း များလှပြီဖြစ်ရာ ဤတကြိမ်တွင်မူ သူ၏ အစ်ကိုကြီးရှေ့၌ 'ကခလော်'လိုက်ရသဖြင့် ကျွန်တော် ကျေနပ်လှပါတော့သည်။

ဆက်လက်ဖတ်ရှုပါ

www.burmeseclassic.com



ထွား။ ။"ဟေ့ မောင်စံရှား၊ ဘောက်ထော် လူသတ်မှုအကြောင်းနဲ့ပတ်သက်ပြီး ငါ့ဆီကို မင်း နောက်ထပ် မပေါ်လာတော့ပဲကိုးကွယ့်။ ဒီအမှုဟာ မင်းအဖို့ နည်းနည်းနက်လေတော့ မင်းဉာဏ်မမီပေ ဘူးလားလို့ ငါအောက်မေ့တယ်။ ဘယ့်နှယ်လဲဟေ့"

ရှား။ ။(ပြုံးလျက်) "ကျွန်တော် ဖော်နိုင်ပါတယ်"

ထွား။ ။"သတ်တဲ့အကောင်ဟာ မြင့်ဦးပဲ မဟုတ်လားကွယ့်"

ရှား။ ။"ဟုတ်ပါတယ်၊ မြင့်ဦးပါပဲ"

ထွား။ ။"အစကတည်းက ငါထင်လို့ ဒီအတိုင်း ပြောသားပဲ"

ညီအစ်ကိုနှစ်ယောက်တို့သည် လမ်းဘက်သို့ မြင်နိုင်သည့် ပြတင်းပေါက်အနီးရှိ ကုလားထိုင်များ ပေါ်၌ ထိုင်ကြလေရာ ကျွန်တော်လည်း ဦးစံရှားအနီး၌ ကပ်လျက် ထိုင်လေသည်။

ထွား။ ။"ဒီနေရာက ငါ့အဖို့ မျှော်စင်ပဲကွယ့်။ ဒီကထိုင်ပြီး ကမ္ဘာလောကကို ကြည့်တယ် ဆိုပါ တော့ကွယ်။ ဟောဟိုက လျှောက်လာတဲ့ လူနှစ်ယောက်ကို ကြည့်စမ်းဟေ့"

ရှား။ ။"လက်သမားနဲ့ လျှောက်လာတဲ့ အတွဲဟာလား"

ထွား။ ။"အေး ဟုတ်တယ်။ လက်သမားကတော့ ဟုတ်ပါပြီ။ သူ့အဖော်က ဘယ်လိုလဲ"

ထိုခဏ၌ လွယ်အိတ်တလုံး လွယ်လာသော လူတယောက်နှင့် အထုပ် သုံးလေးထုပ် ပိုက်လာသော လူတယောက်တို့သည် ကျွန်တော်တို့၏ တိုက်ရှေ့၌ ရပ်ကာ ခွဲခါနီး၌ နောက်ဆုံးစကားပြောသည့် အနေဖြင့် နှုတ်ဆက်လျက် ရှိကြ၏။

လွယ်အိတ်ထဲမှ တူရိုးနှင့်တူသောအရာဝတ္ထုတခု ထောင်လျက်ရှိသည့်အတွက်ကြောင့် လက်သမားဟု ဆိုခြင်းကို ကျွန်တော် နားလည်ပါသည်။

ရှား။ ။"လူကတော့ အညာသားဗျ။ သဘင်သမားနဲ့လဲ တူတယ်"

ထွား။ ။"ဇာတ်ဟန် ပါလို့လားကွယ်။ သဘင်ဆိုပေမယ့် ရုပ်သေးထဲက ဖြစ်ရမယ်။ သူ့ရုပ် သူ့ ရည်နဲ့ ဇာတ်မင်းသားတော့ မဖြစ်နိုင်ဘူး။ ရုပ်သေး ကြိုးဆွဲသမားနဲ့ တူတယ်"

ရှား။ ။"အဝတ်အစား ခပ်နွမ်းနွမ်းဆိုတော့ ဇာတ်ခေါင်းကွဲပြီးလို့ အခုမှ တစင်ထောင်ဖို့စေ့စပ် တုန်းနဲ့ တူတယ်"

ထွား။ ။"တောင်းကလေးထဲမှာ ဟင်းသီးဟင်းရွက်တွေ ပါတယ်ဟေ့။ မယားမရှိလို့ သူ့ဟာ သူ ဈေးဝယ်ရဟန် တူတယ်"

ရှား။ ။"မယားမရှိပေမယ့် ကလေးတော့ ရှိတယ်ဗျ။ ကစားစရာတွေ ဝယ်လာတာ မြင်လား"

ထွား။ ။"ကလေးမှ တယောက်မကဘူး မောင်ရေ့၊ ပလုတ်တုတ်လဲ ပါတယ်၊ ဘောလုံးလဲ ပါ တယ်၊ အငယ်ဖို့ ပလုတ်တုတ်၊ အကြီးဖို့ ဘောလုံး၊ တွေ့ရဲ့မဟုတ်လား"

ဦးစံထွားက ဤတချက်တွင် ဦးစံရှားထက် သာသွားသည်ဖြစ်၍ ဦးစံရှားသည် ကျွန်တော့်ကို လှမ်း ကြည့်လျက် 'ကိုင်း ကျုပ်ပြောတာ ဘယ့်နှယ်လဲ'ဟူသော ပြုံးခြင်းမျိုးဖြင့် ပြုံးပြလေသည်။

ကျွန်တော်သည် ညီတော် နောင်တော်နှစ်ယောက်တို့၏ မျဏ်စိးစူးခြင်းကို အံ့ဩပါးစပ်ဟနေရစဉ်—

ထွား။ ။"သြော် ဒါထက် မောင်စံရှားရေ၊ မင်းအကြိုက် အမှုကလေးတခု ငါ့ဆီ ရောက်နေ တယ်ဟေ့။ နေအုံးကွယ့်၊ အမှုသည်ကို ခေါ်ခိုင်းလိုက်အုံးမယ်"

ဦးစံထွားသည် စက္ကူတရွက်ပေါ်တွင် စာအနည်းငယ်ရေးခြစ်၍ သူငယ်တယောက်ကို စေလွှတ်လိုက် ပြီးနောက်—



www.burmeseclassic.com

www.burmeseclassic.com


"မဝေးပါဘူးကွယ့်၊ အောက်ထပ်မှာနေတဲ့ ဘင်္ဂါလီ စကားပြန် ချက်တာဂျီပါပဲ။ ဒီလူက တရားရုံးတွေမှာ စကားပြန်လဲလုပ်တယ်၊ နိုင်ငံခြားသားတွေ ဗမာပြည်လာလည်တဲ့အခါမှာလဲ လမ်းပြအဖြစ်နဲ့ လိုက်ပြတယ်။စကားလေးငါးမျိုး တတ်တဲ့လူကွယ့်။ပြင်သစ်လိုရော၊ ဂျာမန်လိုရော၊ဂျပန်လိုရောမှတ်နေတဲ့ လူပဲ။ ဟော ရောက်လာပြီ။ ကိုင်း၊ သူ့အဖြစ်အပျက်ကို သူ့ဟာသူ ပြောပြပါလိမ့်မယ်၊ နားထောင်ဟေ့"

ထိုခဏ၌ ပိန်ပိန်ပါးပါး၊ အသားဖြူဖြူ၊ မျက်မှန်တပ်၍ ဗိုလ်လိုဝတ်သည့် ဘင်္ဂါလီ တယောက်သည် သူငယ်နှင့်အတူ ဝင်လာ၍ ဦးစံထွားက ကျွန်တော်တို့နှင့် မိတ်ဆက်ပေးပြီးနောက် ကုလားထိုင်တွင် ထိုင်လေသည်။

ချက်တာဂျီသည် ဦးစံရှားကို တွေ့ရ၍ ဝမ်းသာသောမျက်နှာနှင့် ကြည့်လျက် အင်္ဂလိပ်လို ပြောသည်မှာ—

ချက်။ ။"ပုလိပ်ကို တိုင်တော့ ပုလိပ်က ယုံပုံမတူဘူးဗျ။ ရန်ကုန်မြို့ကြီးထဲမှာ ဒါမျိုး မဖြစ်နိုင်ပါဘူး ဆိုတဲ့ မျက်နှာထားမျိုးနဲ့ ပြန်ကြည့်ကြသေးတယ်။ သူတို့က ဘယ်လိုပဲ သဘောထားသည် ဖြစ်စေ ကျွန်တော့်မှာတော့ မျက်နှာ ပလာစတာကပ်ထားတဲ့ လူဟာ ဘာဖြစ်ရှာသလဲလို့ မသိရသေးလို့ စိတ်မအေးနိုင်ဘူးခင်ဗျာ"

ရှား။ ။"ဖြစ်ပျက်ပုံကို အစအဆုံး ပြောပြပါအုံးဗျာ"

ချက်။ ။"ဒီကနေ့ ဗုဒ္ဓဟူးနေ့ မဟုတ်လား။ လွန်ခဲ့တဲ့ တနင်္လာနေ့ဆိုတော့ တမြန်နေ့ညက ဖြစ်ပျက်တဲ့ ကိစ္စပေါ့ ခင်ဗျာ။ ကျွန်တော်က စကားပြန်ဆိုတော့ ဟိုတယ်မှာ တည်းခိုတဲ့ နိုင်ငံခြားသားတွေက ညအချိန်မှာ ကျွန်တော့်ကို လာခေါ်ခြင်းဟာ ကျွန်တော့်အဖို့ အဆန်းမဟုတ်ပါကိုးခင်ဗျ။ အဲဒီ တနင်္လာနေ့ည ၈ နာရီအချိန်လောက်မှာ ကောင်းမွန်သပ်ရပ်စွာ ဝတ်ထားတဲ့ မျက်နှာဖြူ လူချောတယောက်ဟာ ကျွန်တော့်အခန်းတက်လာပြီး သူနဲ့အတူ လိုက်ခဲ့ဖို့ခေါ်လေတော့ ကျွန်တော် အဝတ်လဲပြီး လိုက်သွားတယ်။ အောက်မှာ မော်တော်ကားတစီး ပါလာလို့ မို့ ကားပေါ်တက်ပြီး မောင်းသွားပါရောခင်ဗျ"

ရှား။ ။"သူကိုယ်တိုင် မောင်းသလား"

ချက်။ ။"မဟုတ်ပါဘူး၊ ကျွန်တော်က နောက်ကထိုင်ပြီးဒရိုင်ဘာက ရှေ့က မောင်းပါတယ်။ သူ့အဆိုက သူ့ဆီမှာ ဂျာမန်ကုန်သည်ကြီးတယောက် ရောက်လာလေတော့ ဈေးနှုန်းအတွက် စကားပြောရာမှာ ကျွန်တော်က စကားပြန် လုပ်ပေးစေချင်တယ်တဲ့ ခင်ဗျ။ သူက အင်္ဂလိပ်၊ ဟိုလူက ဂျာမန်ဆိုတော့ တယောက်နဲ့တယောက် စကားမပေါက်ဘူးတဲ့ခင်ဗျ။ သူ့အိမ်က တော်တော် ဝေးတယ်။

"သို့သော် အပြန်မှာ သူ့ကားနဲ့လိုက်ပို့မယ်ဆိုတော့ ကျွန်တော်က ဂရုမစိုက်ဘူးပေါ့ခင်ဗျာ။မြို့ပြင် ထွက်လို့ ပြည်လမ်းကြီးပေါ်လဲ ရောက်ကရော ကိုယ့်လူက ခြောက်လုံးပြူးနဲ့ ကျွန်တော့်နံဘေးကို တေ့ပြီး မော်တော်ကား ပြတင်းပေါက်က အဝတ်တွေကိုပိတ်ခိုင်းလေတော့ ခိုင်းတဲ့အတိုင်းကျွန်တော်လုပ်ရတယ်ဗျ။

"ပြီးတော့မှ သူက 'ဘာမှမကြောက်ပါနဲ့၊ ဘယ်နေရာ ခေါ်သွားတယ် ဆိုတာကို မသိစေချင်တဲ့ အတွက် မမြင်ရအောင်လို့ ပိတ်ထားခြင်းဖြစ်ပါတယ်'တဲ့။ ဟိုရောက်လို့ သူခိုင်းတာ ကျွန်တော်လုပ်ပြီးတဲ့ နောက် ထုံးစံအတိုင်း အဖိုးအခပေးပြီး ကောင်းမွန်စွာ ပြန်ပို့ပါမယ်တဲ့ ခင်ဗျ။ သူ့မှာတော့ လက်နက်နဲ့၊ ကျွန်တော့်မှာတော့ ဘာမှမရှိလေတော့ ငြိမ်ငြိမ်ကလေး ထိုင်လိုက်ရတော့တာပ ခင်ဗျာ။ စိတ်ထဲကတော့ ဘယ်မှာကျေနပ်မလဲ။ ပြီးတော့ သူက ပြောသေးတယ်။ သူခိုင်းတာကို အသာတကြည်လုပ်ပေးယင် ဘာမှ မဖြစ်စေဘူးတဲ့။ ဒါမှမဟုတ်ပဲ ကိုးရိုးကားရား လုပ်မယ်များကြံယင်တော့ ပြန်လမ်းမရှိဘူးလို့ သာ မှတ်ပေ


www.burmeseclassic.com

www.burmeseclassic.com



တော့တဲ့။ ဒီတော့ ကျွန်တော်မှာ သူ့လက်တွင်းရောက်ပြီး ဖြစ်လေတော့ ဘာမှ မတတ်နိုင်ဘူး။ နားမျက်စိဖွင့်ပြီး လိုက်သွားရုံရှိတော့တာကိုး ခင်ဗျ။

"ဒီလိုနဲ့ မောင်းသွားလိုက်တာ တနာရီကျော်ကျော်လောက် ကြာတယ်ခင်ဗျ။ တံခါးပိတ်ထားလို့ အပြင်ဘက်ကို မမြင်ရပေမယ့် မော်တော်ကားကွေ့ပုံ လှည့်ပုံတွေကို ကျွန်တော် လိုက်မှတ်ထားလေတော့ တဖြောင့်တည်း မောင်းခြင်းမဟုတ်ဘူး၊ ကွေ့ကောက်လှည့်ပတ်ပြီး မောင်းခြင်းဖြစ်လို့မို့ တနာရီဆိုပေမယ့် ၅ မိုင်လောက် ရောက်ချင်မှ ရောက်မယ်လို့ ကျွန်တော်ရိပ်မိတယ်ခင်ဗျ။ နောက်ဆုံးမှာ ဝင်းကြီးတဝင်းထဲဝင်၊ ကားကို ရပ်၊ တံခါးကို ဖွင့်ပေးပြီး ကျွန်တော်ဆင်းလာရတော့ ဆင်ဝင်အောက်မှာ ကားရပ်ထားခြင်းဖြစ်ကြောင်း သိရတဲ့အပြင် တင်းနစ်ကုတ်တွေ ဘာတွေနဲ့ တော်တော်ခမ်းနားတဲ့ အိမ်ကြီးတလုံးဖြစ်တယ်လို့ သိရတယ်ခင်ဗျ။ ကားပေါ်က ဟိုလူနဲ့ ကျွန်တော်နဲ့ အတူတူဆင်း၊ အိမ်ကြီးထဲဝင်၊ အထဲရောက်တော့ အသက် ၅၀ လောက်ရှိတဲ့ မျက်နှာဖြူတယောက်က ဆီးကြိုတယ်ခင်ဗျ။

"အိမ်ကြီးမှာ အိမ်ထောင်မှုတွေ ဘာတွေက အင်မတန် သားသားနားနားပဲ။ လက်ခံဏာမှာ ကျွန်တော့်ကို ခေါ်လာခဲ့တဲ့လူက နောက်လိုက်၊ အခုတွေ့ရတဲ့လူကြီးက ခေါင်းဆောင်နဲ့ တူတယ်။ လူကတော့ ပုပုပျပ်ပျပ်ပဲ။ ဒါပေမယ့် မျက်နှာထားက ဆိုးလွန်းလို့ ကျွန်တော်ဖြင့် ဗလကောင်းတဲ့ ဟိုလူငယ်ထက်တောင် ဒီလူကြီးကို ပိုပြီးလန့်နေတော့တာပဲ။ အိမ်ကြီးထဲမှာ မီးတွေကို သိပ်မထွန်းထားဘူး၊ စားပွဲတင်ခါတ်မီးပွင့်ကလေး တပွင့်တည်း ထွန်းထားတယ် ခင်ဗျ။

"ပုပုလူက တောင်းဘီတိုအိတ်ထဲ လက်နှိုက်လျက်က ကျွန်တော့်ကြည့်တဲ့ပြီး 'မစ္စတာချက်တာဂျီဆိုတာ ဒီလူလား'တဲ့၊ 'ဟုတ်ပါတယ်'လို့ သူ့လူက ပြန်ပြောတော့ ကိုလူပုက ကျွန်တော့်အနားကပ်ပြီး 'မစ္စတာချက်တာဂျီ၊ ကျွန်ုပ် တခုပြောမယ်၊ ခင်ဗျားကို မလွဲမကင်းသာလို့ ကျွန်ုပ်တို့ အသုံးပြုရခြင်း ဖြစ်တယ်၊ ခင်ဗျားက ကောင်းကောင်းမွန်မွန် ဆောင်ရွက်ယင် အေးအေးဆေးဆေး ပြီးသွားမှာပဲ၊ ခင်ဗျားကတာဇ်သီးကပ်သပ် လုပ်ယင်တော့ ခင်ဗျားဝိညာဉ်ကို ဘုရားသခင်လက် အပ်လိုက်ပေတော့'တဲ့ ပြောပြီး ရယ်စရာ မဟုတ်ပဲနဲ့ သူရယ်လိုက်ချေသေးတယ်။

"ကျွန်တော့်မှာ သူ့ရယ်သံကြားရတာ ဟိုလူက ခြောက်တာထက် ကျောထဲမှာ စိမ့်သွားသေးတယ်ခင်ဗျ။ ဒီတော့ ကျွန်တော်က 'ခင်ဗျားတို့ ဘာခိုင်းချင်လို့လဲ' မေးတော့ ကိုလူပုက ဂျာမန်လူမျိုးတယောက်ရှိတယ်၊ သူ့ကို ကျွန်ုပ်တို့ သိချင်တဲ့ပုစ္ဆာ သုံးလေးခွန်း မေးပေးရမယ်၊ သို့သော် သတိပြုပါနော်၊ မစ္စတာချက်တာဂျီက ကျွန်ုပ်တို့ မေးခိုင်းတဲ့အတိုင်း တိတိကျကျမေးပေးရမယ်၊ စကားတခွန်း မပိုစေရဘူး၊ မလိုစေရဘူး၊ တခွန်းပိုမေးယင် လူ့ပြည်ရောက်လာမိတာ ဒုက္ခပဲလို့ ခင်ဗျား အောက်မေ့ရလိမ့်မယ်၊ ကြားရဲ့လား'လို့ ပြောပြီး ရယ်လိုက်ချေသေးတယ် ခင်ဗျ။

"ကျွန်တောဖြင့် သူ့ရယ်သံကြီး ကြားရတိုင်း အူမရှင်တဲ့အပြင် နှလုံးတုန်တုန် သွားတော့တယ်ခင်ဗျ။ နောက်ဆုံးကျတော့ ကျွန်တော့်ကို အခန်းကြီးတခန်းထဲ ခေါ်သွင်းသွားတယ်။ အိမ်ထောင်မှုပစ္စည်းတွေက သိပ်ခမ်းနားတယ်။ ဗိုလ်အိမ်ပေါင်း များစွာရောက်ဖူးလှပြီ၊ ဒီအိမ်က ပစ္စည်းလောက်ခမ်းနားတာတော့ တခါမှ ကျွန်တော် မမြင်ဖူးပါဘူး။ မီးအိမ်တွေ၊ ဆိုဖာတွေ၊ ဗီရိုတွေ ပထမတန်းချည်းပဲ။ ပန်းအိုးကြီးတွေကလဲ တရုတ်ပြည်က ကြွေအစစ်နဲ့တူတယ်။ ခါတ်မီးတွေကိုတော့ ထွန်းမထားဘူး။ ကုလားထိုင်တလုံးပေါ်ကို အလင်းရောင် ထိုးစေတဲ့ ခါတ်မီးတပွင့်တည်း ထွန်းထားပြီး အဲဒီကုလားထိုင်ပေါ်မှာ ကျွန်တော့်ကို ထိုင်စေတယ်။

ဆက်သိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော့် ခေါ်လာတဲ့ လူငယ်က အပြင်ထွက်သွားပြီး မကြာမီ လူတယောက် ခေါ်သွင်းလာခဲ့တယ်။ သူခေါ်ခဲ့တဲ့ လူဟာက ပီဂျာမာ အစင်းကလေးဝတ်လို့။ ပိန်လိုက်တာကလဲ အရိုးပေါ် အရေတင်ပဲ ခင်ဗျ။ မျက်လုံးကြီးကတော့ ပြူးလို့။ သူ့မျက်နှာတခုလုံးမှာ မျက်လုံးပဲ ရှိတော့တယ်။ သူ့မျက်လုံးတွေ ကြည့်ပုံကတော့ 'မင်းတို့ လုပ်ချင်တာ လုပ်ကြ၊ ငါမလျှော့ဘူး' ဆိုတဲ့ သဘောမျိုးပဲ။ ပြီးတော့လဲ သူ့မျက်နှာမှာ ပလတ်စတာ အနှံ့အပြား ကပ်ထားတဲ့အပြင် ပါးစပ်ပေါ်မှာ ကပ်ထားတဲ့ ပလတ်စတာကတော့ စကား ပြောမဖြစ်အောင် ပါးစပ်တခုလုံးကို ဖုံးထားတော့တယ် ခင်ဗျ။

"ဒီလူကို ကျွန်တော့်အနီးက ကုလားထိုင်ပေါ်မှာထိုင်စေပြီးတဲ့နောက် ခဲတံနဲ့ စက္ကူကို လူ့လက်ထဲ အပ်ပြီး ကိုလူပုက ကျွန်တော့်ဘက်ကို လှည့်ပြီး 'ကိုင်း ခင်ဗျားက မေး၊ သူက စက္ကူပေါ်မှာ ရေးဖြေလိမ့်မယ်။ သူ့အဖြေကို ဘာသာပြန် ပြောပြပေတော့။ နားလည်လား။ ကိုင်း ပထမမေးခွန်းက 'လက်မှတ်ထိုးမလား မေးစမ်း' ဆိုလို့ ကျွန်တော်က မေးလိုက်တော့ ဂျာမန်က ဒေါသထွက်တဲ့ မျက်နှာနဲ့ ပြန်ကြည့်ပြီး 'မထိုးဘူး' တဲ့၊ ရေးဖြေတယ်။ 'ဘယ်နည်းနဲ့မှ မထိုးဘူးလား' လို့ ထပ်မေးတော့ 'ကျွန်ုပ်သိတဲ့ ဘုန်းကြီးက ကျွန်ုပ်ရှေ့မှာ လက်ထပ်ပေးယင်တော့ လက်မှတ်ထိုးမယ်' တဲ့၊ ရေးပြလို့ ကျွန်တော်က ပြန်ပြောပြတော့ ကိုလူပုဟာ 'ဟီး ဟီး ဟီး' လို့ ရယ်လိုက်ချေသေးတယ်။ 'လက်မှတ်မထိုးယင် ဘယ်လိုဖြစ်မယ်ဆိုတာ သိတယ် မဟုတ်လား' လို့ မေးပြန်တော့ 'ဘာဖြစ်ဖြစ် ကျုပ် ဂရုမစိုက်ဘူး' တဲ့ ရေးပြတယ်။

"လက်မှတ်ထိုးဖို့ အကြိမ်ကြိမ် တိုက်တွန်းတိုင်း ဂျာမန်က တငြင်းတည်း ငြင်းပယ်တာပဲ။ အဲဒီလို မေးခိုင်းတာကိုမေးယင်း ကျွန်တော် စိတ်ကူးတခု ပေါ်လာတယ်။ သူတို့မေးခိုင်းတဲ့ မေးခွန်းထဲမှာ ကျွန်တော် သိချင်တဲ့ စကားကလေး ဆက်ဆက်ပြီး ထည့်ပေးတယ်။ ပထမတော့ အစမ်းသဘောနဲ့ မေးကြည့်ရာမှာ အင်္ဂလိပ် နှစ်ယောက်က လုံးဝ မရိပ်မိကြောင်း သိရလေတော့ သူတို့က မေးခိုင်းတဲ့ မေးခွန်း နောက်မှာမှ နောက်ဆက်တွဲကလေး ညှပ်ပြီး ထည့်ပေးတယ်။ ညှပ်ထည့်ပုံက ဒီလိုပါခင်ဗျာ။

"ခင်ဗျား ခေါင်းမာနေလို့ အကျိုးမရှိပါဘူး။ (ခင်ဗျား ဘယ်သူလဲ)"

"ကျုပ် ဂရုမစိုက်ပါဘူး။ (နိုင်ငံခြားသည့်သည်တယောက်ပါ)"

"ကိုယ့်ဒုက္ခ ကိုယ်မရှာချင်ပါနဲ့။ (ဒီရောက်တာ ဘယ်လောက်ကြာပြီလဲ)"

"ဖြစ်ချင်ရာဖြစ်စေ အရေးမကြီးပါဘူး။ (ရက်သတ္တ သုံးပတ်ရှိပါပြီ)"

"ဒီပစ္စည်းကို ခင်ဗျား မရနိုင်ပါဘူး။ (ခင်ဗျား ဘာဖြစ်တာလဲ)"

"လူယုတ်မာတွေလက်ထဲ မရောက်ယင် ကျေနပ်တယ်။ (ကျုပ်ကို အစာငတ်ထားကြတယ်)"

"လက်မှတ်ထိုးယင် ခင်ဗျားကို လွှတ်လိုက်မယ်။ (ဒီဟာ ဘယ်သူ့အိမ်လဲ)"

"ဘယ်တော့မှ မထိုးဘူး။ (ကျုပ် မသိဘူး)"

"ဒီလိုလုပ်နေလို့ သူ့မှာ အကျိုးမရှိပါဘူး။ (ခင်ဗျားနာမည် ဘယ်သူလဲ)"

"သူ့ပါးစပ်က ပြောပါစေ။ (ဂေါပရိုကာလိမိန်း)"

"လက်မှတ်ထိုးယင် သူနဲ့ တွေ့ရစေ့မယ်။ (ခင်ဗျား ဘယ်ကလဲ)"

"မတွေ့ရချင် နေပေစေတော့။ (အေသင်မြို့ကပါ)"

"အဲဒီလို ညှပ်ညှပ်ပြီး မေးသွားလို့ နောက်ထပ် သုံးလေးခွန်း မေးခွင့်ရလို့ သူ့အဖြစ်အပျက်ကို ကျွန်တော်သိရဖို့ ချော်လင့်နေတုန်း ပြူန်းဆို မိန်းမတယောက် အခန်းထဲ ပြေးဝင်လာတယ်၊ သူ့မျက်နှာကို သေသေချာချာတော့ မမြင်လိုက်ရဘူး။ သို့သော် အရပ်ခပ်မြင့်မြင့်နဲ့ မိန်းမချောတယောက် ဆိုတာတော့ ရိပ်ကနဲ မြင်လိုက်ရရုံနဲ့ ကျွန်တော် ပြောနိုင်ပါတယ်။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမိန်းမက အခန်းထဲ ရောက်ရောက်ချင်း ကျွန်တော့်ကို ခေါ်လာတဲ့ လူဆီ ပြေးသွားပြီး 'ဂျော်ဂျီရေ၊ တယောက်တည်းနေရတာ ပျင်းလှပါတယ် ဒါလင်ရယ်။ ဒီ မိန်းမကြီးနဲ့ချည်း ပင်မထားပါနဲ့ ဒါလင်ရယ်'တဲ့။ အင်္ဂလိပ်လိုပြောပြီး ဟိုလူ့လက်ကို ဆွဲလိုက်ရာမှာ ပလတ်စတာနဲ့ ဂျာမန်ကို မြင်တော့မှ 'အလိုလေး မောင်ကြီးပါလား'လို့ ဂျာမန်လို ပြောပြီး ဟိုလူ့ကို ပြေးဖက်တော့တာကိုး။ ဟိုလူကလဲ သူ့ပါးစပ်မှာ ကပ်ထားတဲ့ ပလတ်စတာကို ရုတ်တရက် ခွာပစ်ပြီး 'နှမကလေး ဖရော့လိန်'တဲ့။ အော်ခေါ်လိုက်ပြီး တယောက် တယောက် ဖက်ကြတော့တယ် ခင်ဗျ။

"ဒီတော့မှ ဟိုလူနှစ်ယောက်က ထလာပြီး ကိုလူပုက ယောကျ်ားကို တပေါက်က ဆွဲခေါ်ပြီး အငယ်လူက မိန်းမကို တခြားအပေါက်က ဆွဲထုတ်သွားကြပါလေရော ဗျာ။ ဒီတော့ ကျွန်တော့်မှာ တယောက်တည်း ကျန်ရစ်လေတော့ ဒီအိမ်ကို မှတ်မိအောင် ထိုင်ရာက ထပြီး ပြတင်းပေါက်က လှမ်းကြည့်မယ် လုပ်တုန်း ဖြုန်းဆို ကိုလူပုက ပြန်ရောက်လာပြီး 'ကိုင်း မစ္စတာ ချက်တာဂျီ၊ ကိစ္စပြီးပါပြီ၊ ပြန်ပါတော့။ ရော့ ငွေ ၅ဝ ယူသွား။ သို့သော် တခုတော့ သတိပေးလိုက်မယ်နော်၊ ဒီအကြောင်းတွေကို ဘယ်သူ့မှ မပြောလေနဲ့။ တခွန်း တပါဒ ပြောတယ်ဆိုယင် နောက်ဆုံးစကားပြောခြင်းပဲလို့ မှတ်လိုက်ပေတော့။ ကျွန်ုပ်တို့မှာ သူလျှိုတွေရှိတယ်၊ တခွန်းတည်း ပါးစပ်ဟယင် ကျွန်ုပ်တို့ ချက်ချင်းသိတယ်။ နား လည်လား။ ကိုင်း ပြန်ပေတော့'တဲ့။ ပြောလွှတ်လိုက်လို့ ကျွန်တော်က အခန်းပြင်ထွက် ထွက်လာပြီး ကားပေါ်လဲ တက်လိုက်ကရော အငယ်လူက ကျွန်တော့်နောက်က တက်လိုက်လာ၊ ကျွန်တော့် နံဘေးမှာ ထိုင်၊ တံခါးပိတ်ပြီး ကားထွက်လာပါရော ခင်ဗျာ။

"လာတုန်းက အတိုင်းပဲ ပြတင်းပေါက် ခန်းဆီးပိတ်ပြီး ခပ်မြန်မြန် မောင်းလာ၊ တနာရီလောက် ကြာတော့ ကားရပ်ပြီး ကျွန်တော့်ကို ဆင်းခိုင်းတယ်။ 'အိမ်ရောက်အောင် လိုက်မပို့နိုင်တဲ့အတွက် ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်ုပ်တို့မှာလဲ ကိစ္စရှိသေးလို့ပါ'တဲ့ ပြောလို့ ကျွန်တော်က ကားပေါ်ကလဲ ဆင်းလိုက်ကရော ကားလဲ ထွက်သွားပါရော ခင်ဗျ။ ကျွန်တော့်မှာ ဘယ်နေရာ ရောက်နေပါလိမ့်မလဲလို့ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ မှန်အိမ်အနီကို ခပ်လှမ်းလှမ်းမှာ မြင်တယ်။ အနီးသွားကြည့်တော့ ကမာရွတ်ဘူတာရုံ ဖြစ်နေတာကိုး။

"ဒီတော့ အချိန်က ၁၁ နာရီ ထိုးပြီးနေပြီ။ ကံအားလျော်စွာ အင်းစိန်က လော်ကယ်ရထားဟာ ၁ဝ မိနစ်အတွင်း ရောက်လာလို့ မီးရထားနဲ့ ရန်ကုန် ပြန်လိုက်လာခဲ့ရပါတယ် ခင်ဗျာ။ ကိုင်း၊ ဒါပါပဲ ဦးစံရှား။ ဒီအကြောင်းကို ဦးစံထွန်းနဲ့ ပုလိပ်မှတပါး ဘယ်သူ့ကိုမှ ကျွန်တော် မပြောရသေးပါဘူး။ ကျွန်တော့်မှာ ပလတ်စတာကပ်ထားတဲ့ ဂျာမန်ကို မျက်စိထဲမှာ တရေးရေးမြင်ပြီး အိပ်လို့ မပျော်နိုင်ပါဘူး ခင်ဗျ"

ကျွန်တော်တို့သည် ချက်တာဂျီ၏ ထူးဆန်းသော အဖြစ်အပျက်ကို တိတ်ဆိတ်စွာ နားထောင်လျက် ရှိရာမှ ဦးစံရှားက ဦးစံထွန်းအား ကြည့်လျက်–

ရှား။ ။"အစ်ကိုကြီးက ဘာများ စီမံထားသေးလဲ"

ဦးစံထွန်းသည် ရန်ကုန်ဂေဇက် သတင်းစာကို လှမ်းယူ၍ ဦးစံရှားအား ပြသဖြင့် ဖတ်ကြည့်ကြရာ အောက်ပါ ကြော်ငြာကို တွေ့ရလေသည်။

ဂျာမနီပြည်၊ ဒေဒင်မြို့မှလာသော ဂျာမန်လူမျိုး ဝေါပရီအာလ်မိန်းအကြောင်းကို ဖြစ်စေ၊ ယင်းမြို့သူ ဖရော်လိန် ဟူသော ပထမနာမည်ရှိသည့် မိန်းမအကြောင်းကိုဖြစ်စေ ဤသတင်းစာမှ ကျေးဇူးပြု၍ XYZ ၁၂၆ သို့ သတင်းပို့နိုင်သူအား ဆုငွေပေးပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ထွား။ ။"ရန်ကုန်ဂေဇက်ကိုရော၊ ရန်ကုန်တိုင်းမ်ရော ငှည့်လိုက်တယ်ကွယ့်။ အခုထိ ဘာမှ မကြားရဘူး"

ရှား။ ။"ဂျာမန် ကွန်ဆူလိတ်ရုံးကော မမေးဘူးလား"

ထွား။ ။"မေးကြည့်တယ်။ သူတို့လဲ မသိဘူးတဲ့"

ရှား။ ။"အေဒင်မြို့က ပုလိပ်ကိုကော သံကြိုးရိုက်ပြီး မမေးဘူးလား"

ထွား။ ။"ဒီလောက်ထိအောင်တော့ ငါမလုပ်နိုင်ဘူးကွယ့်။ မင်းပဲ ဆက်လုပ်ပြီး ငါ့ကို အကြောင်းကြားပါတော့ကွယ်"

ရှား။ ။"လုပ်ပါ့မယ်၊ စိတ်ချပါ။ သို့သော် မစ္စတာ ချက်တာဂျီကိုတော့ ကျုပ် သတိပေးခဲ့မယ်။ ဒီကြော်ငြာကို သူတို့တွေ့ယင် ခင်ဗျားက တိတ်တိတ်မနေဘူးဆိုတာ သူတို့ သိသွားတော့မယ်။ သိသွားယင် ခင်ဗျားကို နှောင့်ယှက်လိမ့်မယ် ထင်တယ်။ သတိနဲ့ နေဗျနော်"

ချက်။ ။"ကောင်းပါပြီ ခင်ဗျာ"

ကျွန်တော်တို့သည် ဦးစံထွား၏ နေအိမ်မှ ဆင်းလာကြရာတွင် တက္ကစီတစီးခေါ်၍ ကြေးနန်းရုံးသို့ မောင်းစေပြီးနောက် ဦးစံရှားသည် ကြေးနန်းသုံးလေးစောင်ကို အားချင်းရိုက်လေသည်။ လမ်းခရီး၌–

ရှား။ ။"နောင်တော်ကြီးဆီ သွားလိုက်တာ အလုပ်တခု ရလာခဲ့ပြန်ပြီကော။ အမှုက သိပ် မနက်နဲပေမယ့် စိတ်ဝင်စားစရာ အချက်ကလေးတွေ ပါပေသားပဲ"

ကျွန်။ ။"ဘယ့်နှယ်လဲဗျာ၊ မျှော်လင့်စရာ ရှိရဲ့လား"

ရှား။ ။"ဒီလောက်အထိ သိထားရမှတော့ မရှင်းတတ်ယင် ကျုပ်တို့ ညံ့လို့ပေါ့ဗျာ။ ခင်ဗျားလဲ တွေးဆနိုင်လောက်တယ် မဟုတ်လား"

ကျွန်။ ။"ဟုတ်ကဲ့၊ ရေးရေးတော့ တွေးတတ်ပါရဲ့"

ရှား။ ။"ဘယ်လိုတဲ့လဲဗျ"

ကျွန်။ ။"ဖရော်လိန်ဆိုတဲ့ ဂျာမန် မိန်းကလေးကို အငယ်လူ အင်္ဂလိပ်က ခိုးခဲ့ဟန် တူတယ်"

ရှား။ ။"ဘယ်က ခိုးလာခဲ့သလဲဗျ"

ကျွန်။ ။"အေဒင်မြို့က ဖြစ်မှာပေါ့"

ရှား။ ။"မဟုတ်ဘူးဗျ။ ခိုးချင်း ခိုးယင် အင်္ဂလန်က ခိုးတာ ဖြစ်နိုင်တယ်။ ဟိုကောင်က ဂျာမန် စကား မတတ်ဘူး။ မိန်းကလေးက အင်္ဂလိပ်စကားတတ်တယ်။ အေဒင်မှာတွေ့ခြင်း မဖြစ်နိုင်ဘူး။ အင်္ဂလန် မှာ တွေ့ကြခြင်း ဖြစ်ရမယ်။ မိန်းကလေးက အင်္ဂလန်မှာ လာလည်ယင်း အင်္ဂလိပ်စကား နည်းနည်းပါးပါး တတ်လေတော့ ဟိုကောင်နဲ့ တွေ့ကြခြင်း ဖြစ်လိမ့်မယ်"

ကျွန်။ ။"ဟုတ်တယ်ဗျို့၊ ဂျာမန်စကားမတတ်တဲ့လူက ဂျာမန်သွားလည်ပြီး လူပျိုလှည့်ဖို့ ခဲယဉ်း တယ်။ အင်္ဂလန် လာလည်တဲ့ ဂျာမန်မကလေးကို နှူးပြီး ခိုးထွက်ပြေးခဲ့ခြင်း ဖြစ်လိမ့်မယ်။ ဒီတော့မှ ဂျာမန်မှာရှိတဲ့ သူ့မောင်ကြီးက သတင်းအရ လိုက်လာပြီး ဗမာပြည်မှာတွေ့တော့ မောင်ကြီးလုပ်တဲ့ လူက သူ့နှမနဲ့ မတွေ့မီ ဟိုကောင်နဲ့ တွေ့၊ ဟိုကောင်က မောင်ကြီးကို တနည်းနည်းနဲ့ ချော့ဖမ်း၊ အိမ်ကြီးထဲမှာ သူ့နှမ မသိအောင် တကဲ့စိ လှောင်ထား၊ ဟုတ်ဘူးလားဗျာ"

ရှား။ ။"ဟုတ်ပုံပေါ်တယ်။ ကိုသိန်းမောင် တော်ပေသားပဲ။ လက်မှတ်ထိုးခိုင်းတာကကောဗျာ"

ကျွန်။ ။"အဲဒါက ကျွန်တော့်အထင် ဒီလိုဆို ဒီကောင်နှစ်ကောင်က လူရှုပ်တွေပဲ၊ မိန်းကလေးရဲ့ အမွေကို လိုချင်လေတော့ ရုပ်ရည် သနားကမားရှိတဲ့ အငယ်လူက မိန်းကလေးကို နှူးပြီး ခိုးထွက်ပြေးလာ



www.burmeseclassic.com

www.burmeseclassic.com



ရာမှာ ကိုလူပုလဲ အတူပါလာဟန်တူတယ်။ လက္ခဏာမှာတော့ မောင်နှမ နှစ်ယောက် အမွေရကြရာမှာ ပစ္စည်းအားလုံးကို မောင်ကြီးလုပ်တဲ့လူက ထိန်းသိမ်းထားရလေတော့ နှမအတွက် ဝေစုကို ထုတ်ပေးဖို့ လက်မှတ်ထိုးခိုင်းဟန်တူတယ်။ မောင်ကြီး လက်မှတ်မပါယင် မိန်းကလေးရဲ့ဝေစုကို ထုတ်ယူနိုင်ဟန်မတူဘူး။ မောင်ကြီးကလဲ လူယုတ်မာတွေမှန်း သိလေတော့ လက်မှတ် မထိုးပဲ ခေါင်းမာနေဟန် တူတယ်။

"ဒါကြောင့် ဟိုလူတွေကလဲ အခါမရွေးပဲ အိမ်ထဲမှာ လှောင်ထားပြီး ချော့ချည်တခါ၊ ခြောက်ချည်တလှည့်နဲ့ လက်မှတ်ထိုးခိုင်းနေကြဟန် တူတယ်။ သူတို့ကိုယ်တိုင်က ဂျာမန်စကား မတတ်လေတော့ စကားပြန်ရှာပြီး အဆက်အသွယ်လုပ်ကြရတယ်။ စကားပြန်တောင်မှ မစ္စတာချက်တာဂျီတယောက်တည်း မကပေဘူး။ သူ့အရင်က စကားပြန်ခေါ်ပြီး သုံးဖူးသေးတယ်ထင်ပါရဲ့။ အဲဒီစကားပြန်ကို ရှာမတွေ့လို့ မစ္စတာချက်တာဂျီကို ခေါ်သုံးကြဟန်တူတယ်။ ဒီအခါမှ မောင်နှမနှစ်ယောက် ကံအားလျော်စွာ မျက်နှာချင်းဆိုင် ဘွားကနဲ တွေ့သွားကြဟန်တူတယ်"

ရှား။ ။"ကောင်းပါ့ဗျာ၊ ယုတ္တိရှိပါရဲ့။ ဒီအတိုင်းပဲ ဖြစ်နေဟန်တူတယ်။ ခုအတိုင်းဆိုယင် ဒီလူတွေကို တွေ့အောင်ရှာဖို့ သိပ်မခဲယဉ်းဘူး ထင်တာပဲ။ စိုးရိမ်စရာတခုတည်းရှိတယ်။ ဟိုလူတွေက စိတ်မရှည်နိုင်အောင် ဖြစ်လာပြီး မောင်ကြီးလုပ်တဲ့လူကို တဆုန်းတဆ စီရင်ပစ်လိုက်မှာလောက်သာ စိုးရိမ်ရတယ်"

ကျွန်ုပ်။ ။"သူတို့နေတဲ့အိမ်ကို ဘယ်လိုလုပ်ပြီး ကျွန်တော်တို့ ရှာကြမလဲဗျာ"

ရှား။ ။"မောင်လုပ်တဲ့လူ ရောက်လာတာ မကြာသေးပေမယ့် ဟိုနှစ်ကောင်နဲ့ နှမကလေးနဲ့ ရောက်တာ ကြာတော့ တော်တော်ကြာရော့မယ်ဗျ။ ဒါကြောင့်သာ ဂျာမန်မှာနေတဲ့ မောင်ကြီးက ဗမာပြည်ရောက်အောင် ခြေရာခံပြီး လိုက်နိုင်မှာကိုး။ သူတို့ရောက်တာ တော်တော်ကလေး ကြာပြီဆိုယင် သူတို့ကို သိကျွမ်းတဲ့ လူတွေလဲ ရှိရမှာပဲဗျ။ ဒီတော့ကာ အစ်ကိုကြီးထည့်လိုက်တဲ့ ကြော်ငြာကို ပြန်ဖြေမယ့်သူ ပေါ်ချင် ပေါ်လာမှာပေါ့ဗျ"

ကျွန်တော်တို့သည် ဘရုတ်ကင်းလမ်းနေအိမ်သို့ရောက်၍ တက်သွားကြသောအခါ ပက်လက်ကုလားထိုင်ပေါ်တွင် စွင့်လှအောင် ထိုင်လျက်ရှိသော ဦးစံထွားကို တွေ့ကြ၍ အံ့အားသင့်လျက်ရှိကြသည်။

ထွား။ ။"ဘာလဲကွ၊ ငါ့ကို ဒီလောက် လှုပ်လှုပ်ရှားရှား မရှိပေဘူးထင်ပြီး မင်းက အံ့သြနေသလား။ ငါတော့ ငြိမ်ငြိမ် ထိုင်မနေနိုင်တော့ဘူးဟေ့။ ဒီအမှုကလေးက ငါ့ကို ကလိသလို ဖြစ်နေပြီ မောင်စံရှားရေ့"

ရှား။ ။"အစ်ကိုကြီး ဘာနဲ့လာခဲ့သလဲ"

ထွား။ ။"တက္ကစီနဲ့ လာခဲ့တယ်ကွယ့်၊ မင်းတို့ ကြေးနန်းရုံး ဝင်ခဲ့ကြသေးမဟုတ်လား။မင်းတို့ ကြေးနန်းရိုက်နေတုန်း ငါက ကျော်လာခဲ့ဟန် တူတယ်"

ရှား။ ။"ဟုတ်တယ်၊ ကျွန်တော်တို့ ကြေးနန်းရုံးဝင်ပြီး ကြေးနန်းတွေရိုက်လာခဲ့တယ်။ဘာများ နောက်ထပ် ထူးသေးသလဲ အစ်ကိုကြီး"

ထွား။ ။"ငါ့ကြော်ငြာကို အဖြေရတယ်ကွယ့်၊ မင်းတို့လဲ ဆင်းသွားရော ဟောဒီစာကလေး ရောက်လာတယ်"

ဦးစံထွားသည် စာတစောင်ကို အင်္ကျီအိတ်မှထုတ်၍ ဦးစံရှားသို့ လှမ်းပေးယင်း—

ထွား။ ။"ဒီစာရေးတဲ့ နှစ်ဖတ်က ရှုံးသုံး နှစ်ဖတ်ဝါကြီးကွယ့်၊ တည့်တည့်ဆဲလိုက်တဲ့ နေရာတွေမှာ မင်ခပ်ပြားပြားဖြစ်တာ တွေ့တယ်မဟုတ်လား။ ရေးတဲ့လူဟာ အသက် တော်တော်ရင့်ပြီကွယ့်။ သိပ်ပြီး ကျန်းမာပုံ မပေါ်ဘူး"

တတိယအကြိမ်

www.burmeseclassic.com



ဦးစံရှားသည် အင်္ဂလိပ်လိုရေးထားသော ယင်းစာကို ဖတ်ရာ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ကြော်ငြာတွင် ပါရှိသော မိန်းမကို ကျွန်ုပ်သိပါသည်။ ကျွန်ုပ်ထံသို့ လာပါလျှင် ထိုမိန်းမ၏ သနားဖွယ် ကောင်းသော အဖြစ်အပျက်ကို ပြောပြပါမည်။ ယခုအခါ၌ ၎င်းမိန်းမမှာ အင်းစိန်မြို့ 'ပဂိုးဒါးဗျူး' အမည်ရှိ အိမ်ကြီး၌ နေထိုင်ပါသည်။

အီးအေမာတင်

နံပါတ် ၃၆၊ ဟယ်လ်ပင်လမ်း၊ ရန်ကုန်မြို့။

ထွား။ ။"ဘယ့်နှယ်လဲဗျာ့၊ ဒီလူ့ဆီသွားပြီး စုံစမ်းရယင် မကောင်းဘူးလားကွယ့်"

ရှား။ ။"မဟုတ်သေးဘူး အစ်ကိုကြီး၊ ခုချက်ချင်းအဖို့တော့ နှမအဖြစ်အပျက်ထက် မောင်ကြီး လုပ်သူရဲ့အသက်ဘေးကို ကာကွယ်ဖို့က ပိုပြီးအရေးကြီးနေတယ်။ ဒီတော့ ကိုအုန်းဖေဝင်ခေါ်ပြီး အင်းစိန် လိပ်စာအတိုင်း လိုက်ကြမှတော်မယ်"

ကျွန်။ ။"ဒီလိုဆိုယင် ချက်တာဂျီကို ဝင်ခေါ်ကြအုံးစို့လား။ စကားပြန် လိုချင် လိုမယ်ဗျ"

ရှား။ ။"ဟုတ်တယ်ဗျို့ ကိုသိန်းမောင်၊ ဒီအကြံ နေရာကျတယ်။ ကိုင်း တက္ကစီတစီး လိုတယ်။ တယ်လီဖုန်းနဲ့ ခေါ်လိုက်ဗျာ"

တက္ကစီရောက်လာမှ ကျွန်ုပ်တော်တို့သည် ဗိုလ်တထောင်ရပ်ကွက်ရှိ ဦးစံထွားနှင့် ချက်တာဂျီတို့နေကြသော တိုက်သို့ ရောက်ကြသဖြင့် ဒုတိယထပ်ရှိ ချက်တာဂျီ၏ အခန်းသို့ တက်မေးကြရာတွင် တံခါးဖွင့်ပေးသော ကုလားကလေးက ချက်တာဂျီမှာ လူတယောက်နှင့် ပါသွားကြောင်း ပြောပြလေသည်။

ထွား။ ။"ဘယ်ဆီသွားကြတာလဲ၊ မင်းမသိဘူးလား"

လား။ ။"မသိဘူးဆပ်၊ မော်တော်ကားနဲ့ သွားကြတာပဲ"

ထွား။ ။"ခေါ်သွားတဲ့လူဟာ မျက်နှာဖြူ ဟုတ်လား"

လား။ ။"ဟုတ်ပါတယ်"

ထွား။ ။"အရပ်မြင့်မြင့်၊ လူချောချော၊ ခပ်ငယ်ငယ် မဟုတ်လား"

လား။ ။"မဟုတ်ဘူးဆပ်။ ခပ်ပုပု၊ အသက်တော်တော် ကြီးပြီ"

ရှား။ ။"လာကြဗျို့၊ ခပ်မြန်မြန်လုပ်ကြ၊ ဟိုကောင်တွေနောက် ပါသွားပြန်ပြီထင်တယ်၊ ကိုယ့်လူက သတ္တိခပ်နည်းနည်းမို့ ခြောက်လှန့်ပြီး ခေါ်သွားပြန်ပြီ၊ ဒီတခါတော့ အကြီးလူက လာခေါ်တယ် ထင်တယ်။ သူ့ကိုသုံးပြီး သစ္စာမရှိတဲ့လူဆိုပြီး ဖျောက်ဖျက်ပစ်လိုက်မှာတောင် စိုးရတယ်၊ ကြော်ငြာကိုတွေ့ ကတည်းက သူတို့အကြောင်းကို တိုင်လားတန်းလား လုပ်တယ်ဆိုတာ သူတို့သိမှာပဲ။ လာကြဗျို့ မြန်မြန်"

ကျွန်တော်တို့သည် ကိုအုန်းဖေ၏ နေအိမ်သို့ မောင်းခဲ၍ ကိုအုန်းဖေကို တက္ကစီပေါ်သို့ တင်ခေါ်ခဲ့ကြပြီးလျှင် လမ်းခရီးတွင်မှ ဦးစံရှားက အဖြစ်အပျက်ကို အကျဉ်းချုပ် ပြောပြနိုင်လေတော့သည်။

ကိုအုန်းဖေမှာ အလွန်တရာ နယ်ကျွမ်းသူတယောက်ဖြစ်၍ အင်းစိန်မြို့ ပဂိုးဒါးဗျူးနေအိမ်ဟု ပြောလိုက်လျှင်ပင် ချက်ချင်းသိသည်နှင့် အင်းစိန်တွင် စုံစမ်းမနေတော့ပဲ တိုက်ရိုက် မောင်းနှင် သွားနိုင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com


ပဂိုးဒါးဗျူးအိမ်ကြီးမှာ ကျယ်ဝန်းသော ဝင်းကြီးအတွင်း၌ရှိ၍ မှောင်မည်းလျက်ရှိရာ ကျွန်တော်တို့သည် တက္ကစီကို လမ်းပေါ်၌ ရပ်ထားခဲ့ပြီးနောက် ဝင်းတံခါးမှ အိမ်ကြီးဆီသို့ သွားသော ကျောက်လမ်းတလျှောက် လျှောက်လာခဲ့ကြ၏။

ဖေ။ ။"ဘယ့်နှယ်လဲဆရာ၊ မှောင်လို့ပါကလား၊ လူရှိပုံ မရဘူး"

ရှား။ ။"ဟုတ်တယ်၊ ကျုပ်တို့လူတွေ ထွက်ပြေးကုန်ပြီ ထင်တယ်"

ဖေ။ ။"ထွက်ပြေးတယ်လို့ ဆရာ ဘယ့်နှယ်သိသလဲ၊ နဂိုကတည်းက လူမရှိပဲ ဖြစ်ချင် ဖြစ်မှာပေါ့ဆရာ"

ရှား။ ။"အစတုန်းက ရှိတယ်၊ ခုမှ လောလောဆယ် ထွက်ပြေးကုန်ကြဟန် တူတယ်"

ဖေ။ ။"ဘယ့်နှယ်လုပ် သိနိုင်သလဲ ဆရာ"

ရှား။ ။"ကားဘီးရာ မြင်ခဲ့တယ်ဗျ၊ ဝင်တဲ့ဘက်က တိမ်တိမ်ကလေး၊ ပြန်ထွက်တဲ့ဘက်မှာ မြေကြီးထဲ စူးလို့။ ဝန်စည်စလယ်တွေ တင်သွားလို့ပေါ့"

ဖေ။ ။"ဩြော် ဟုတ်ကောင်း ဟုတ်လိမ့်မယ် ဆရာ၊ ကိုင်း၊ တံခါးကို ကျွန်တော် ဖွင့်စမ်းကြည့်မယ်၊ လူရှိယင်လဲနိုးပေါ့"

ကိုအုန်းဖေသည် အိမ်ရှေ့မှ တံခါးကို ဆူညံစွာ ခေါက်လေရာ ဦးစံရှားမှာမူ ကျွန်တော်တို့ကို ထားခဲ့၍ တယောက်တည်း ထွက်သွားပြီးမှ ပြန်ရောက်လာ၍—

"လာကြပါ၊ ပြတင်းပေါက်တပေါက် ကျုပ်ဖွင့်ထားခဲ့ပြီ"ဟု ပြောသည်နှင့် ကျွန်တော်တို့ လိုက်သွားကြသည်။ ဦးစံရှားက သပ်ရပ်စွာ ဖွင့်ထားခဲ့သော ပြတင်းပေါက်သို့ ရောက်လာကြသောအခါ အင်စပက်တော် ကိုအုန်းဖေက—

"တော်လဲ တော်ပါပေ့ဆရာရယ်၊ ဆရာများ သူခိုးဖြစ်သွားယင် တော်တော့်အိမ်များတော့ လုံခြုံတယ်လို့ ရှိမှာ မဟုတ်ဘူး"ဟု ချီးကျူးသေး၏။

ကျွန်တော်တို့သည် ပြတင်းပေါက်မှ တယောက်ပြီးတယောက် ကျော်ဝင်သဖြင့် အတွင်းသို့ ရောက်ကြသောအခါ ထိုအခန်းမှာ မစ္စတာ ချက်တာဂျီရောက်ခဲ့သော အခန်းပင် ဖြစ်ဟန်တူ၏။

အဘယ့်ကြောင့်ဆိုသော် ကိုအုန်းဖေက လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်သောအခါတွင် မစ္စတာ ချက်တာဂျီပြောသော ကြွေပန်းအိုးကြီးများနှင့်တကွ အိမ်ထောင်ပစ္စည်းများကို တွေ့မြင်ရသောကြောင့်ပေတည်း။

ကျွန်တော်တို့သည် အခန်းထဲမှ မောင်နှမ နှစ်ယောက်ကို တပေါက်စီ ဆွဲထုတ်သွားသည်ဆိုသော အပေါက်များကို ကြည့်လျက်ရှိစဉ် နားပါးသော ဦးစံရှားက တန့်ကနဲ ရပ်၍ "ဘာသံလဲဗျို့"ဟု ပြောလိုက်သဖြင့် နားစွင့်နေကြ၏။

နောက်တခဏ၌ အိမ်ပေါ်ထပ်မှ ညည်းတွားသံတချက် ထပ်မံ ကြားရသည်နှင့် ဦးစံရှားသည် ဝုန်းကနဲ တက်သွားလေရာ ကိုအုန်းဖေနှင့် ကျွန်တော်တို့က ထက်ကြပ်မကွာ လိုက်သွားကြ၍ ဦးစံထွားမှုကား နောက်ဆုံးမှ အနိုင်နိုင် လိုက်လာရရှာသည်။

အိမ်ကြီးအထက်ထပ်တွင် တံခါး သုံးခုတွေ့၍ ညည်းတွားသော အသံမှာ အလယ်တံခါးမှ ကြားရသည် ထင်သဖြင့် တွန်းကြည့်ကြရာ ပိတ်ထားသည်ကို တွေ့ရ၏။

ညည်းသံမှာ တချက်တချက်တွင် ကျယ်လာ၍ တဖြည်းဖြည်း သဲ့သဲ့တလေးမျှ ကြားရတော့သည်။

ဇာတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ဦးစံရှားသည် တံခါးကို ကိုယ်လုံးနှင့် ရိုက်ဖွင့်၍ ပွင့်သွားသည်နှင့် တပြိုင်နက် ဝင်သွားသော်လည်း ချက်ချင်း ချောင်းဆိုးလျက် ပြန်ထွက်လာရ၏။

"မီးခိုးတွေဗျ၊ ဝင်လို့မရဘူး၊ ခဏစောင့်ကြအုံး၊ လေဝင်ပါစေ"

အခန်းဝမှ အတန်ကြာစောင့်၍ မီးခိုးများ နည်းပါးသွားသောအခါမှ လှမ်းကြည့်လိုက်ကြသောအခါ အခန်း၏ အလယ်တွင် မီးလင်းဖိုတခုရှိ၍ ယင်းမှ မီးခိုးများ အူထွက်လျက်ရှိသည့်ပြင် မီးလင်းဖို၏ အခြားဘက်၌ နံရံကိုမှီလျက် လဲနေသော လူနှစ်ယောက်၏ ပုံသဏ္ဌာန်ကို ရေးရေးမြင်ကြရသည်။

ကျွန်တော်တို့မှာ မီးခိုးများကြောင့် ချောင်းတဟွပ်ဟွပ်ဆိုးနေကြရစဉ် ဦးစံရှားသည် အခန်းထဲသို့ စွတ်ကာနဲဝင်၍ ပြတင်းပေါက်တခုကို ဖျပ်တနဲဖွင့်ပြီးမှ မီးလင်းဖိုကို တံခါးပေါက်မှ အောက်သို့ပစ်ချလိုက်၏။

ထို့နောက်မှ တဖန် ပြေးထွက်လာ၍—

"ခဏကလေး စောင့်ကြပါတော့၊ ဝင်နိုင်ပါလိမ့်မယ်။ နေအုံးဗျို၊ ကိုအုန်းဖေက လက်နှိပ်ဓာတ်မီး ထိုးပြစမ်း၊ ကျုပ် ဝင်ပွေ့မယ်"ဟု ပြောသည်နှင့် ကိုအုန်းဖေက မီးထိုးပြသည်တွင် ဦးစံရှားသည် နံရံမှ လူနှစ်ယောက်ကို တယောက်ပြီးတယောက် ပွေ့ထုတ်ခဲ့သည်။

ထိုလူနှစ်ယောက်အနက် တယောက်မှာ ချက်တာဂျီဖြစ်၍ ကျန်တယောက်မှာကား မျက်နှာတွင် ပလတ်စတာများကို မြင်ခြင်းအားဖြင့် မောင်ကြီးဖြစ်သူ ဂျာမန်ဖြစ်သည်ဟု သိကြရလေသည်။

လူနှစ်ယောက်မှာ ခြေလက်များကို ကြိုးနှင့်တုပ်ထား၍ သတိမရပဲ ရှိနေကြသည့်ပြင် နှုတ်ခမ်းများလည်း ဖူးရောင်လျက် ရှိကြသည်။

ချက်တာဂျီ၏ နဖူး၌မူ တစုံတခုနှင့် ရိုက်နှက်ထားသဖြင့် ဖူးရောင်သော ဒဏ်ရာတခုလည်း တွေ့ရသည်။ ညည်းညူသံများမှာ ချက်တာဂျီ၏ပါးစပ်မှ ထွက်လာခြင်းဖြစ်ရာ ဂျာမနီမှာမူကား တိတ်ဆိတ်စွာ ရှိနေ၏။

ကျွန်တော်သည် ရင်ဘတ်ကို စမ်းကြည့်၍ အနည်းငယ် လှုပ်ခုန်သေးသည်ကို တွေ့ရသော်လည်း နဂိုကတည်းက အစာမစားရသဖြင့် အားပြတ်ရသည့်အထဲတွင် မီးခိုးမှိုင်းတိုက်ခြင်း ခံရသောကြောင့် အိမ်ပေါ်မှ မရွှေ့ပြောင်းရမီပင် အသက်ပျောက်သွားရရှာလေ၏။

ချက်တာဂျီ သတိရလာ၍ ပြောပြသည်မှာကား သူ၏ တိုက်ခန်းသို့ ကိုလူပုဝင်လာ၍ ဘောင်းဘီအိတ်ထဲ၌ လက်နှိုက်ကာ စကားပြောလိုက်လျှင်ပင် ဘောင်းဘီထဲ၌ ခြောက်လုံးပြူးသေနတ် ပါသည်ဟု သိသောကြောင့် သူတို့နှင့်အတူ ကားပေါ်သို့ ဆင်းလိုက်သွားရကြောင်း။

စင်စစ်မှာ ချက်တာဂျီက ကိုလူပုအား ကြောက်လိုက်ပုံမှာ စိတ်ပညာအတတ်နှင့် ညှို့ထားသကဲ့သို့ ဖြစ်နေ၍ ကိုလူပုအကြောင်း ပြောသည့်အခါတိုင်း ဆတ်ဆတ်တုန်လျက် ရှိတော့သည်။

ကိုလူပုသည် ချက်တာဂျီကို ပဂိုးဒါးဗျူးသို့ ဒုတိယအကြိမ် ခေါ်သွားပြန်၍ စကားပြန် လုပ်ခိုင်းပြန်ပြီးလျှင် လက်မှတ်မထိုးပါက တခါတည်း အဆုံးစီရင်လိုက်တော့မည်ဟု ပြောခိုင်းကြောင်း။

ဂျာမန်က ခေါင်းမာမြဲတိုင်း မာလျက် ရှိနေသည်တွင် လူနှစ်ယောက်တို့သည် ဂျာမန်ကို အခန်းထဲမှ ခေါ်ထုတ်သွားကြောင်း။

ချက်တာဂျီအားမူ စကားပြန်ကိစ္စအတွက် အဖိုးအခ အပြည့်အဝ ရရှိပါလျက် အခြားသူများအား ပြောရချေသလောဟု မြည်တွန်တောက်တီးလျက် ဦးခေါင်းကို တုတ်ကြီးတချောင်းနှင့် နှက်လိုက်ရာ ထိုအချိန်မှစ၍ ဘာမျှ သတိမရတော့ပဲ ကျွန်တော်တို့က ကယ်ဆယ်၍ မျက်စိ ဖွင့်ကြည့်သောအခါမှ သိရတော့ကြောင်း ပြောပြလေသည်။

---

တတိယအကြိမ်

www.burmeseclassic.com


ကျွန်တော်တို့သည် ဟယ်လ်ပင်လမ်းနေ မစ္စတာ အီး အေ မာတင် ဆိုသူနှင့် ဆက်သွယ်၍ စုံစမ်းကြည့်သောအခါ မိန်းကလေးမှာ ဂျာမနီပြည် အေဒင်မြို့သူဖြစ်၍ အင်္ဂလန်ပြည် အလည်အပတ်လာခိုက်တွင် လတ်တီအမည်ရှိ လူတော်ကြော် တယောက်နှင့် ချစ်ကြိုက်၍ မြန်မာပြည်သို့ ခိုးထွက် ပြေးလာသည်ကို သင်္ဘောဌာ မိမိ တွေ့ရကြောင်း၊

မစ္စတာမာတင်မှာ ကုမ္ပဏီတခုတွင် မန်နေဂျာဖြစ်ရာ အင်္ဂလန်သို့ အခွင့်နှင့် ပြန်သွားရာ ခွင့်စေ့၍ မြန်မာပြည်သို့ ပြန်လာသောအခါတွင် သင်္ဘောပေါ်၌ ထိုလူစုံနှင့် တွေ့ရခြင်း ဖြစ်ကြောင်း၊

မိန်းကလေးမှာ ကြွယ်ဝသော ဂျာမန် အမျိုးသမီးတယောက်ဖြစ်၍ လတ်တီမာနှင့် သူ၏ ဦးလေး မော်ရီဆင်တို့အား လူရိုးများဖြစ်သည်ဟု ထင်မှားသော်လည်း မိမိကမူ လူရှုပ်နှစ်ယောက်၏ အကြံအစည်ကို အနည်းငယ် ရိပ်မိကြောင်း၊

သို့ရာတွင် အင်္ဂလန်ကို ဒုက္ခပေးသော ဂျာမနီပြည်သူဆို၍ လျစ်လျူရှုပေကာ ပစ်ထားခဲ့ကြောင်း၊ (အဖြစ်အပျက်ကား ပထမကမ္ဘာစစ် ပြီးခါစက ဖြစ်သည်။) လတ်တီမာတို့လူစုသည် အိမ်ကြီးတလုံး ငှား၍ နေထိုင်ကြသည်ဟု သိရသော်လည်း မစ္စတာမာတင်မှာ စိတ်ဝင်စားခြင်း မရှိတော့ပဲ အမှတ်မဲ့ နေခဲ့လေရာ မိန်းကလေး၏ မောင်ကြီးက သတင်းအရ လိုက်လာသည်ဆိုခြင်းကိုပင် မိမိ ဂရုမစိုက်မိကြောင်း စသည်ဖြင့် မစ္စတာ မာတင်ထံမှ သိရလေသည်။

အင်စပက်တော် ကိုအုန်းဖေသည် လတ်တီမာတို့ လူစုအပေါ်၌ အရေးယူရန်အတွက် အသက်သို့ အစီရင်ခံသော်လည်း အင်္ဂလိပ် နှစ်ယောက်က ဂျာမန်မောင်နှမအပေါ် ကျူးကျော်သော အမှု ဖြစ်၍ ခပ်ပေါ့ပေါ့လုပ်ခဲ့ကြသည်တွင် လတ်တီမာ တူဝရီးနှင့် ဂျာမန်မကလေးသည် သင်္ဘော တစင်း ပေါ်၌ ပါသွားပြီဟု ကြားသိရလေသည်။

သို့ရာတွင် သူတို့ လိုက်ပါသွားသော သင်္ဘောသည် ကာလကတ္တားမြို့သို့ ဆိုက်ရောက်သည့်တွင် လတ်တီမာ တူဝရီးနှင့် ပတ်သက်သည့် သတင်းတခုကြောင့် အိန္ဒိယပြည် ပုလိပ်ဌာနတခုလုံး တုန်လှုပ် ချောက်ချား သွားပေသေးသည်။

သင်္ဘောသည် ကာလကတ္တားဆိပ်ကမ်းသို့ ဆိုက်ကပ်ခါနီးတွင် ဂျာမန်မကလေးသည် ကပ္ပိတန်ထံသို့ ပြေးလာ၍ လတ်တီမာနှင့် မော်ရီဆင်တို့ တူဝရီးမှာ အရက်မူးပြီး ရန်ဖြစ်နေကြပါသည်ဟု တိုင်တန်းသည် ဆို၏။

ကပ္ပိတန်သည် ယင်းတို့၏ အခန်းသို့ လိုက်လာသောအခါ လတ်တီမာရော၊ မော်ရီဆင်ပါ ရင်ဝတွင် ဓားမြှောင်တန်းလန်းနှင့် သေနေကြသည်ကို တွေ့ရသည် ဆို၏။

ကာလကတ္တား ပုလိပ်များကမူ ဓားမြှောင်ကိုယ်စီနှင့် ရန်ဖြစ်ကြရာတွင် တယောက်ကို တယောက် တပြိုင်တည်း ထိုးမိ၍ တပြိုင်နက်တည်း အသက်ထွက်ကြသည်ဟု ယူဆကြလေသည်။

တနေ့သ၌ ဤအမှုအကြောင်းကို ကျွန်တော်နှင့် ဦးစံရှားတို့ စကားစပ်မိ၍ ဆွေးနွေးကြရာတွင်—

ရှား။ ။"ဘယ့်နှယ်လဲဗျ ကိုသိန်းမောင်၊ ကာလကတ္တား ပုလိပ်ရဲ့ ထင်မြင်ချက်ကို ခင်ဗျား ဘယ်လို သဘောရသလဲ"

ကျွန်။ ။"ကျွန်တော်တော့ သိပ် မကျေနပ်ဘူးဗျာ"

ရှား။ ။"မကျေနပ်လို့ ဘယ်လိုများ ထင်ပါသလဲ"

ကျွန်။ ။"ကျွန်တော်ကတော့ မိန်းကလေးရဲ့ လက်ချက် ထင်တာပဲ"

ရှား။ ။"ကျုပ်လဲ ခင်ဗျားနဲ့ သဘောတူတယ်"

**ဒုတိယအကြိမ်**

www.burmeseclassic.com

www.burmeseclassic.com

# ၂၄။ ကပ်စေးနဲ့ မိုးဇက်အမှု*

(ဦးစံရှား စုံထောက်ခဲ့သော အမှုများအကြောင်းကို ဒိုင်ယာရီ မှတ်တမ်းတင်၍ ရေးမှတ်ထားခဲ့သည့် အနက် အများအားဖြင့် ဖော်ပြခဲ့ပြီးဖြစ်သော်လည်း မျက်စိလျှံ၍ ကျန်နေသော အမှုများလည်း အနည်းငယ် ရှိသေးသည်ဖြစ်ရာ ဖော်ပြလတံ့သော အမှုမှာ ထိုကဲ့သို့ ကျန်နေသေးသော အမှုများအနက် တခု ဖြစ်လေသည်။)

ကျွန်ုပ်တော်နှင့် ဦးစံရှားတို့သည် နံနက်စောစော လမ်းလျှောက်မြဲထုံးစံအတိုင်း ကန်တော်ကြီးကို ပတ်၍ ပတ်ကလိန်းလမ်းဘက်မှ ထွက်လာကြရာတွင် လမ်းနှင့် ပေငါးဆယ်ခန့်ခွာ၍ ကုန်းမြင့်ကလေးပေါ်၌ တည်ဆောက်ထားသည့် တိုက်အိုဘလုံး ရှေ့သို့ ရောက်လာကြလေသည်။

တထပ်တိုက်ဖြစ်၍ ရှေ့တွင် ဆင်ဝင်ဆောင်နှင့် ပုံခပ်ရိုးရိုး ဖြစ်သော်လည်း သစ်လွင်သော အချိန်က ကျယ်ပြန့်သော ပန်းဥယျာဉ်တွင် ဖောင်တိန်ရေပန်းများနှင့် အတော်ပင် နေစချင့်သဖွယ် ရှိခဲ့ပေမည်။ ယခုမူ ဆေးမသုတ်သည့်အဘွက် အပြာရောင်အဖြစ်မှ မီးခိုးရောင် ဖြစ်နေ၍ အင်္ဂတေများလည်း ဤနေရာ ထိုနေရာတို့မှ ကွာကျသည့်ပြင် ဖောင်တိန်မှလည်း ရေပန်းမထွက်၊ ပန်းဥယျာဉ်မှာလည်း သုတ်သင် ပြုပြင်ခြင်း မရှိသည့်အတွက်ကြောင့် 'တောကြီးမျက်မည်း' ဖြစ်နေသဖြင့် ခြောက်သွေ့ ငြီးငွေ့ဖွယ်သော ဌာန တခု ဖြစ်နေလေတော့သည်။

ကျွန်ုပ်တော်တို့သည် တိုက်ရှေ့မှ လျှောက်သွားစဉ် ပြုပြင်ခြင်း မရှိပဲ အုတ်တိုက်ပင် ဖြစ်စေကာမူ တဲကုပ်လောက်မှ နေချင်စရာ မကောင်းသည့် အဖြစ်ကို တယောက်နှင့် တယောက် ပြောယင်း တိုက်အိုကြီးဆီသို့ မျှော်ကြည့်လိုက်မိကြသည်တွင် လက်ခုပ်တီးသံကြား၍ခေါ်လိုက်သလို ထင်သည်နှင့် တန့်ကနဲ ရပ်လိုက်မိကြလေသည်။

"ဆရာတို့လား၊ ဒီလမ်းက လျှောက်လိမ့်မယ်လို့ ကျွန်တော် မျှော်ကြည့်နေတာပဲ။ ဝင်ခဲ့ကြပါအုံး ဆရာတို့"

ဆင်ဝင် ပြဘင်းပေါက်မှ ရပ်လျက်ခေါ်လိုက်သူမှာ စုံထောက် အင်စပက်တော် ကိုအုန်းဖေပင် ဖြစ်လေသည်။

ကျွန်ုပ်တော်တို့သည် သံချေးတွေနှင့် ညိုမည်းနေသော သံတံခါးကြီးကို တွန်းဖယ်၍ ဝင်းထဲသို့ ဝင်သွားကြသောအခါ ကိုအုန်းဖေသည် လှေကားဆီမှ ကြိုလျက်—

---

* ဤဝတ္ထုကို ရှုမဝမဂ္ဂဇင်း၊ ၁၉၅၂၊ စက်တင်ဘာလ၊ အတွဲ ၆၊ အမှတ် ၆၄ တွင် 'ကပ်စေးနဲ့ မိုးဇက်အမှု' အမည်ဖြင့် ရေးသည်။ မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၉ နှင့် နှလုံးလှစာအုပ်တိုက်မှ အတွဲ ၄ တို့တွင် 'မိုးဇက်အမှု' အမည်ဖြင့် ပြန်လည်ပုံနှိပ်သည်။ မူရင်းမှာ The Norwood Builder ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အမှုတခု ကြုံနေပြန်ပြီကော ဆရာရေ့၊ သို့သော် ခပ်ရှင်းရှင်းအမှုမို့လို့ ဆရာ့ဆီ အကူအညီ မတောင်းတော့ပါဘူး။ အဆင်သင့် မြင်လိုက်လို့သာ ခေါ်လိုက်ရခြင်း ဖြစ်ပါတယ်"

ရှား။ ။"ဘာမှုလဲဗျ"

ဖေ။ ။"ကိုယ့်ကိုယ်ကို သတ်သေတဲ့ အမှုပါ ဆရာ"

ရှား။ ။"ဘယ်သူလဲဗျ"

ဖေ။ ။"ဒီတိုက်ရှင် ခုဟူဒီ လူမျိုး မိုးဇက်ပါတဲ့ ဆရာ။ ရောက်လို့ရှိမှဖြင့် တက်ကြည့်သွားပါအုံး ဆရာ"

ကျွန်တော်တို့သည် လှေကား ငါးထစ်မျှရှိသော တိုက်ပုကလေးပေါ်သို့ တက်၍ ဆင်ဝင်ဆောင်သို့ ဝင်မိသည်နှင့် တပြိုင်နက် ရွက်ဖျင် ပက်လက်ကုလားထိုင်ပေါ်တွင် ခွေလျက်ဆာနေသော အလောင်းကို မြင်ကြရလေသည်။

အခန်းအလယ်၌ ကြိမ်ကုလားထိုင်တစုံနှင့် စားပွဲတခုရှိ၍ ပက်လက်ကုလားထိုင်မှာ နံရံကို မှီလျက် တည်ခင်းထားခြင်း ဖြစ်လေသည်။

အခန်းထောင့်၌ကား စာအုပ်များနှင့် ဖိုင်တွဲများ၊ စာရေး စက္ကူများ ထည့်ထားသည့် ဗီရိုတလုံး ရှိ၏။

ရှား။ ။"အိမ်သူ အိမ်သားများကောဗျ"

ဖေ။ ။"အိမ်သား များများမရှိဘူး ဆရာ၊ ထမင်းချက်တဲ့ အစေခံ 'အာမက်' ဆိုတဲ့ ကုလား တယောက် ရှိတာပဲ။ ဟောဒါက အလောင်းကို စစ်ဆေးတဲ့ ဒေါက်တာ မူကာဂျီပါပဲ ဆရာ"

ဒေါက်တာ မူကာဂျီဆိုသူသည် ကိရိယာ တန်ဆာများကို သားရေအိတ်ထဲသို့ စုဆောင်းထည့်သွင်း နေရာမှ ကျွန်တော်တို့ဘက်သို့ လှည့်လျက်–

ဂျီ။ ။"ဦးစံရှားလား၊ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ။ အမှုကတော့ ရှင်းပါတယ်။ ဒီက ကိုအုန်းဖေ ပြောပြီး မဟုတ်လား။ ကိုယ့်ကိုယ်ကို သတ်သေတာ အမှန်ပါပဲ။ ပါးစပ်ထဲ သေနတ်ပြောင်း ထိုးသွင်းပြီး ခလုတ်ဖြုတ်လိုက်တော့ အာခေါင် ပေါက်ထွက်သွားတာပါပဲ။ ကျည်ဆံက ရွက်ဖျင် ကုလားထိုင်ကိုတောင် ဖောက်သွားတယ်"

ဦးစံရှားသည် များစွာ စိတ်ဝင်စားသည့် လက္ခဏာမရှိဘဲ ကုလားထိုင်ပေါ်တွင် ခပ်စောင်းစောင်း ခွေလျက်ရှိသော အလောင်းကို လှမ်းကြည့်၏။

မိုးဇက်ဆိုသူမှာ အသက် ၅၀ ခန့်ရှိ၍ မုတ်ဆိတ်နှင့် ပါးပြင်တို့တွင် သွေးများ ပေကျံလျက် ကုလား ထိုင်တွင်လည်း သွေးကွက်ကြီး ဖြစ်နေ၏။

အလောင်း၏ ဒူးတဘက်သည် အထက်သို့ မြှောက်ကွေး၍ လက်ဝဲဘက် လက်ချောင်းများသည် ဒူးပေါ်၌ ကုပ်လျက်ရှိလေသည်။

ပက်လက်ကုလားထိုင်၏ လက်ယာဘက်၌ကား ခြောက်လုံးပြူးတလက် ရှိနေ၏။

ရှား။ ။"ပါးစပ်မှာ ယမ်းခိုး တွေ့သလား ဒေါက်တာ"

ဂျီ။ ။"တွေ့ပါတယ်၊ လက္ခဏာတော့ ပြောင်းကို သွားနဲ့ ခဲပြီး မောင်းဖြုတ်လိုက်ဟန်တူတယ်"

ရှား။ ။"သေပြီးပြီးချင်း ဒေါက်တာ ရောက်လာသလား"

ဂျီ။ ။"မဟုတ်ပါဘူး၊ ကျွန်တော်ရောက်လာတော့ သေပြီးလို့ ဆယ်နာရီထက်မနည်း ကြာနေ ပါပြီ"

---

ဆာဆီယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဖေ။ ။"အလောင်းကို ကျွန်တော်တို့ တွေ့ရတော့ ခါတ်မီး ဖွင့်လျက်ပဲ ဆရာ"

ဆင်ဝင်ဆောင်တွင် အလောင်းအထက်၌ ခါတ်မီးတပွင့် ရှိလေရာ ဦးစံရှားသည် အလောင်း တည်နေပုံနှင့် ခါတ်မီးရှိသော နေရာကို စိတ်ဝင်စားသော အမူအရာနှင့် အကြိမ်ကြိမ် ကြည့်ပြီးနောက်—

ရှား။ ။"ခံဗျားတွေ့တော့ မီးထွန်းလျက်တဲ့၊ ဟုတ်စ"

ဖေ။ ။"ဟုတ်ပါတယ် ဆရာ"

ရှား။ ။"ကိုယ့်ကိုယ်ကို သတ်သေတဲ့လူဟာ အများအားဖြင့်တော့ အမှောင်ကြိုက်တတ်တာပဲ။ အိပ်ခန်းလဲ မဟုတ်ဘူး၊ ဧည့်ခန်းထဲ ထွက်ပြီး မီးလုံးကိုလဲ ထွန်းထားသေးသတဲ့။ နည်းနည်းတော့ ဆန်းတာပဲဗျာ"

ဖေ။ ။"ဒီလိုပါ ဆရာ၊ သေကြောင်းကြံတဲ့လူဟာ စိတ်ထဲမှာ ရှို့လာပြီး ရဲဆေးတင်တဲ့ သဘောနဲ့ လင်းအောင်လို့ မီးခလုတ်ဖွင့်တယ် ဆိုယင်ကော မဖြစ်နိုင်ဘူးလား ဆရာ"

ရှား။ ။"ဖြစ်တော့ ဖြစ်နိုင်တာပေါ့လေဗျာ၊ အထူးအားဖြင့်တော့ အမှောင် ကြိုက်လိမ့်မယ် ထင်တယ်။ သို့သော် ထားပါတော့လေ"

ဦး စံရှားသည် အလောင်းကို တဖန် ထပ်မံ၍ ကြည့်ပြန်၏။ အနက်တွင် အဖြူနှော၍ ဖောင်းဝတ်ရောင် ဖြစ်နေသော ဗိုလ် ကဲရှေပိုင်းမှ ဆံပင်များသည် နဖူးပေါ်သို့ ဖရိုဖရဲ ကျလျက်ရှိ၏။

ရှည်လျား ပိန်ကြုံသော ကိုယ်ခန္ဓာသည် ခပ်ကြုံ့ကြုံ့ ကွေးကွေး ဖြစ်နေပုံကို ကြည့်ရခြင်းအားဖြင့် ကြောက်သန့်ခဲသော အထိမ်းအမှတ်ကို ဖော်ပြသည်ဟု ထင်ရ၏။

မျက်လုံးများမှာ ပြူးပြူးပြဲပြဲနှင့် ပွင့်လျက်ပင်ရှိ၍ ကြောက်လန့် အံ့သြခြင်း လက္ခဏာလည်းရှိ၏။

နဖူးနှင့် နှာယောင်တို့တွင် စို့ထွက်နေသော ချွေးများသည်လည်း ကောင်းစွာ မခြောက်သေးသဖြင့် အလင်းရောင်တွင် တပြောင်ပြောင် ရှိနေတော့သည်။

ဝတ်ထားသော အင်္ကျီရှည်ကြီးမှာ အလွန်ဟောင်းနွမ်းသဖြင့် အမွေးတုံး၍ ချည်လုံးများပေါ်လျက်ရှိရာ ဂျပန်မြက်ဖိနပ်စွပ်ထားသည့်ခြေအိတ်များမှာသည်း အပေါက်ငယ် အနွံအပြား ရှိနေကြလေသည်။

ဦးစံရှားသည် ထုံးစံအတိုင်း အလောင်းကို သေချာစွာ ကြည့်ရှုပြီးသည့် နောက်မှ ဒေါက်တာ မူကာဂျီအား—

ရှား။ ။"ကိုင်း ဒေါက်တာ၊ လုပ်စရာရှိတာ လုပ်ပါတော့"ဟု ပြောသည်နှင့် ဒေါက်တာလည်း ရင်ခွဲရုံသို့ ပို့ရန် စီစဉ်လေသည်။

ထို့နောက် ဦးစံရှားသည် ကိုအုန်းဖေဘက်သို့ လှည့်၍—

ရှား။ ။"အလောင်းတွေ့ရပုံ ပြောပြစမ်းပါအုံးဗျ"

ဖေ။ ။"ဒီလိုဆရာရဲ့၊ ကွယ်လွန်သူ မိုးဇက်က ထမင်းချက်တဲ့ အစေခံ အာမက်တယောက်ပဲ သူ့အိမ်မှာ ထားတယ်။ အာမက်တောင်မှ သိပ်မယုံလို့ သူ့အိမ်မှာ မအိပ်စေရဘူး။ ချက်ပြုတ်တဲ့ကိစ္စပြီးလို့ ကျွေးမွေးပြီးယင် သူ့ဟာသူ တခြားမှာ အိပ်ရတယ်။ လက္ခဏာမှာတော့ အစေခံတဲရယ်လို့ တသီးတခြားလဲ မရှိ၊ သူ့တိုက်ထဲကိုလဲ သွင်းမသိပ်နိုင်၊ ဒါကြောင့် ထင်ပါရဲ့၊ အာမက်က သူ့မယားနဲ့ တခြားမှာ အိပ်ရတယ်။ မနက်အစောကြီး အာမက်ရောက်လာလို့ သူ့သခင် ခေါ်ကြည့်တော့ မထူးတာနဲ့ မသင်္ကာလို့ ဌာန ပြေးတိုင်ပြီး ကျွန်တော်တို့ ရောက်လာတာပါပဲဆရာ။ ကျွန်တော်တို့ပဲ ရှေးဦးစွာ တွေ့ရတာပါပဲ။ ဆရာလဲ အာမက်ကို စစ်ဆေးကြည့်ပါအုံးလေ"

ကိုအုန်းဖေက ခေါ်လိုက်သည်နှင့် ထမင်းချက်ကုလား အာမက်သည် အခန်းထဲသို့ဝင်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အာမက်မှာ အသက် ၃၀ ကျော်အရွယ်ရှိ ခေါ်တော ကုလားတယောက် ဖြစ်၍ ကိုအုန်းဖေ၏ ကုလားထိုင်ရှေ့တွင် ရပ်နေလေသည်။

ဖေ။ ။"မင်းကို မေးစရာ ရှိလို့တဲ့၊ ဟောဟိုမှာ ဦးစံရှား ဆပ်"

အာမက်သည် ဦးစံရှားအမည်ကို ကြားဖူးသည့် လက္ခဏာနှင့် ပိုမို စိတ်ဝင်စားသော အမူအရာဖြင့် ဦးစံရှားဘက်သို့ လှည့်လေ၏။

ရှား။ ။"ဒီအိမ်မှာ ထမင်းချက်တဲ့ အလုပ်အပြင် ဘာများ မင်းလုပ်ရသေးလဲ"

မက်။ ။"သခင်က ဘယ်သူ့မှမယုံဘူး၊ ကျွန်တော့်ကိုလဲ ဘာမှ မခိုင်းဘူး၊ ထမင်းချက်ပြီး ပြင်ပေးရုံပဲ၊ သူ့အိမ်ထဲမှာ ကြာကြာနေတာတောင် မကြိုက်ဘူး၊ အလုပ်ပြီးယင် ချက်ချင်း ပြန်ထွက်ရတယ်"

ရှား။ ။"ဘယ်အချိန်လာပြီး ဘယ်အချိန် ပြန်သလဲ"

မက်။ ။"မနက် ၅ နာရီ လာရတယ်၊ ညနေ ၆ နာရီ ပြန်ရတယ်။

ရှား။ ။"နေ့ခင်းတော့ ဘယ်မှာနေရသလဲ"

မက်။ ။"မီးဖိုခန်းမှာ နေချင် နေ၊ မနေချင်လဲ လည်နိုင်ပါတယ်။ နေ့လယ် လက်ဖက်ရည် ပြင်ပေးရတဲ့ အလုပ်ပဲ ရှိပါတယ်"

ရှား။ ။"မသေခင် မိုးဇက်ဟာ မြို့ထဲ ဘာထဲ မသွားဘူးလား"

မက်။ ။"တလမှာ တခါမသွားပါဘူး။ သူ့အိမ်ထဲမှာ တနေ့လုံး စာဖတ်တယ်၊ စာရေးတယ်၊ ဒါပဲ"

ရှား။ ။"ထမင်းစားတော့ ဘယ်နေရာမှာ စားသလဲ"

မက်။ ။"နောက်ဖေးမှာ အခန်းကလေးရှိပါတယ်။ ကျွန်တော့်ကို ဘယ်တော့မှ အိမ်ရှေ့ကို မလာစေဘူး။ သူတွေ့ချင်ယင် အခန်းကလေးထဲက နေပြီး ခေါ်ယူတယ်"

ရှား။ ။"အိမ်ရှေ့ကို မလာစေဘူးလို့ ဘာကြောင့် ပြောနိုင်သလဲ"

မက်။ ။"တနေ့မှာ ဘာစားမယ်လို့ သူမပြောဘူး၊ မေ့နေတယ်။ ကျွန်တော်က အိမ်ရှေ့လာပြီး မေးတော့ နောက်ကို ဘယ်တော့မှ အိမ်ရှေ့ကို မလာနဲ့လို့ ပြောပါတယ်"

ရှား။ ။"ဘာကြောင့်လို့ မင်းထင်သလဲ"

မက်။ ။"ကျွန်တော် ထင်တာတော့ ကျွန်တော်နဲ့ စကားပြောနေတုန်းမှာ ဟောဟိုအခန်းကို ခဏခဏ ကြည့်ပါတယ်။ အခန်းထဲမှာ ငွေလား၊ ဘာလား၊ ပစ္စည်းလား၊ တခုခုထားတယ် ထင်တယ်၊ ပိုက်ဆံလဲ အားကြီး နှမြောတယ်"

ရှား။ ။"ဘယ့်နှယ် မင်းသိသလဲ"

မက်။ ။"ကျွန်တော်သိတာပေါ့၊ ကြက်ဥဝယ်တယ်၊ ကြက်ဥဈေးကြီးတယ် ပြောတယ်။ ဝမ်းဘဲဥ ဝယ်ပါပြောတယ်။ ဆိတ်သားဝယ်တယ်၊ ဈေးကြီးတယ်။ အမဲသားဝယ်ပါပြောတယ်။ အမဲသားနော် ပေါင်သား ဈေးကြီးတယ်။ ဟိုက ဒီက ဝယ်ပါ ပြောတယ်။ ကြက်တကောင်နော် သုံးရက်စားတယ်။ ထောပတ်မဝယ်ဘူး၊ ဆီစားတယ်"

ရှား။ ။"ဒီမှာ မင်းအလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ"

မက်။ ။"တနှစ်နဲ့သုံးလ ရှိပါပြီ။ သခင် ဘယ်တော့မှ စကားမပြောဘူး။ ဈေးဝယ်တယ်နော်၊ ပြောတယ်။ ဒါပဲ"

ရှား။ ။"သူစိတ်ညစ်တယ် ထင်သလား"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

မက်။ ။"စိတ်ညစ်တယ် မပြောတတ်ဘူး။ ဘယ်တော့မှ ပျော်တယ်မရှိဘူး။ နည်းနည်းပါးပါး ဖျားသလား မသိဘူး။ ဒေါက်တာတယောက် လာတယ်"

ရှား။ ။"ဒေါက်တာ ဘယ်သူလဲ၊ နာမည် ဘယ်လိုခေါ်သလဲ"

မက်။ ။"သူတို့ ရဟူဒီလူမျိုးပဲ။ ဒေါက်တာ ဒေးဗစ် ခေါ်တယ် ထင်တယ်"

ရှား။ ။"ဘယ့်နှယ် သိသလဲ"

မက်။ ။"တနေ့က သခင်ပြောတယ်၊ နေ့လယ်မှာ ဒေါက်တာ ဒေးဗစ် လာမယ်။ လက်ဖက်ရည် နှစ်ခွက်၊ ဘီစကွတ်သေတ္တာနဲ့ ဂျမ်ဗူးဖွင့်ပါ ပြောတယ်"

ရှား။ ။"ဘယ်နှစ်ခေါက် လာဖူးသလဲ"

မက်။ ။"ကျွန်တော် ထင်တယ်၊ နှစ်ခါ သုံးခါရှိမယ် ထင်တယ်"

ရှား။ ။"ဒီအိမ်ကို ဒီ့ပြင်လူ မလာဘူးလား"

မက်။ ။"ကျွန်တော်ရောက်မှ နှစ်ယောက် သုံးယောက် လာဖူးတယ်"

ရှား။ ။"စာများ ဘာများ မရဘူးလား"

မက်။ ။"တခါတလေ ပို့စမင်း လာပေးတယ်၊ ခဏခဏ မလာပါဘူး"

ရှား။ ။"ကိုင်း တော်ပါပြီ၊ သွားနိုင်ပါပြီ"

အာမက် ထွက်သွားသောအခါ—

ဖေ။ ။"ဘယ့်နှယ်လဲ ဆရာ"

ရှား။ ။"ကပ်စေးနဲသမားကြီး ဆိုတာတော့ ဟုတ်ပါရဲ့၊ သို့သော်လဲ အကဲကြည့်ရပုံက ပိုက်ဆံ မရှိလို့ မဟုတ်ဘူး၊ နှမြောတတ်လွန်းလို့ မသုံးရက်တာနဲ့ တူတယ်။ ပိုက်ဆံတွေရှိလို့ နှမြောပြီးမသုံးရက်တဲ့ လူစားမျိုးဟာ ကိုယ့်ကိုယ်ကို သတ်သေဖို့တော့ တော်တော် ခဲယဉ်းတာပဲဗျ။ ဒီလူမျိုးဟာ သူ့ပိုက်ဆံ တွေ ထားပစ်ခဲ့ရမှာ စိုးလွန်းလို့ သေရမှာ သိပ်ကြောက်တတ်တာမျိုးပဲ။ သို့သော်လဲ တယောက်တည်းနေရ တာကြာလို့ စိတ်ဂယောင်ချောက်ချားဖြစ်ပြီး လုပ်မိလုပ်ရာ လုပ်ယင်တော့ မပြောတတ်ဘူးပေါ့လေဗျာ။ သူ့ကို ကုသနေတယ်ဆိုတဲ့ ဒေါက်တာဒေးဗစ်ကို မေးကြည့်ရယင် အကောင်းသားပဲ"

ဖေ။ ။"ဒေါက်တာကို တွေ့ဖို့ဆိုတော့ မခဲယဉ်းပါဘူးဆရာ၊ အာမက်ကို ရှာခိုင်းရတာပေါ့"

ရှား။ ။"ဗျို့ ကိုအုန်းဖေ။ ဒါထက် အလောင်းရဲ့ အင်္ကျီအိတ်ထဲမှာ ဘာများတွေ့သေးလဲ"

ဖေ။ ။"များများ မတွေ့ဘူးဆရာ၊ ဟောဒါတွေပါပဲ"

ကိုအုန်းဖေသည် စက္ကူနှင့်ထုပ်ထားသော ပစ္စည်းများကို ဖြေပြရာ ယင်းတို့မှာ ပိုက်ဆံအိတ်တခု၊ အကြွေ ၁၂ ပဲ၊ ၅ ကျပ်တန် စက္ကူတချပ်၊ သော့တတွဲနှင့် စာတစောင် ဖြစ်လေသည်။

စာမှာ ဒေါက်တာဒေးဗစ်ထံမှဖြစ်၍ ထိုနေ့က မလာရောက်နိုင်သည့်အတွက် ဝမ်းနည်းကြောင်း၊ သို့သော် နောက်တနေ့တွင် လာဖြစ်အောင် လာမည့်အကြောင်းနှင့် အင်္ဂလိပ်ဘာသာဖြင့် ရေးသား ပါရှိလေသည်။

ရှား။ ။"ဒီလိုဆိုယင် ဒေါက်တာဒေးဗစ်ကို ရှာနေဖို့ မလိုတော့ဘူးပဗျာ။ ဒီကနေ့ သူလာ ရမှာပေါ့"

ဖေ။ ။"ဒါဖြင့်လဲ စောင့်ကြည့်ရုံပေါ့ ဆရာ"

ထို့နောက် ဦးစံရှားသည် သော့တွဲကိုယူ၍ အုတ်နံရံတွင် မြှုပ်သွင်းထားသည့် မီးခံသေတ္တာကို ဖွင့်စမ်းရာ တတိယသော့နှင့် တော်သည်ဖြစ်၍ သေတ္တာပွင့်လာလေတော့သည်။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ဤတွင် ဦးစံရှားသည် အံဆွဲသုံးခုကို တခုပြီးတခု ဆွဲဖွင့်ရာ နှစ်ခုတွင် စာရွက်စာတန်းများ တွေ့ရသော်လည်း တတိယ တခုမှာ ဟောင်းလောင်း ဖြစ်နေသည်ကို တွေ့ရလေ၏။ အဖိုးတန် ပစ္စည်းဟူ၍ကား တခုမျှ မတွေ့ရချေ။

ရှား။ ။"အဟမ်း၊ ကျုပ်တော့ ဟောဒီအံဆွဲဟာ ပစ္စည်းထည့်တဲ့အံဆွဲ ထင်တာပဲ။ ပစ္စည်းတော့ တခုမှ မရှိတော့ဘူး"

ဖေ။ ။"အလို၊ ဒီလိုဆိုယင် သူ့ဟာသူ သတ်တာမှ ဟုတ်ပါလေရဲ့လားဆရာ၊ သို့သော် မဖြစ် နိုင်ဘူးလေ၊ ခဲ့ယဦးပါတယ်"

ဦးစံရှားသည် စာရွက် စာတန်းများကို မွှေကြည့်ရာ ဘဏ်တိုက်၌ ငွေအပ်နှံသည့် ပတ်စဘုတ် တအုပ်ကို တွေ့ရ၏။

စာအုပ်အရမှာ ဘဏ်တိုက်တွင် လက်ကျန်ငွေ ၅၀ မျှသာ ရှိလေတော့သည်။

ရှား။ ။"ဘဏ်တိုက်ကတော့ အင်ပီရီယယ် ဘဏ်တိုက်ဗျို့၊ တယ်လီဖုန်း ဆက်ပြီး မေးကြည့် သင့်တယ်"

ဖေ။ ။"ဟုတ်ကဲ့ဆရာ၊ တိုက်ဖွင့်ချိန်ကျတော့ မေးကြည့်တာပေါ့"

ဦးစံရှားသည် စာရေးစားပွဲသို့ သွား၍ စာများထည့်ထား စာညှပ်ကို မွှေနှောက် စုံစမ်းရာ အစရိအီးတီ ကုမ္ပဏီမှ ပြေစာဖြတ်ပိုင်းများ၊ ရိက္ခာဆိုင်မှ ဘီလ်ဖြတ်ပိုင်းများမှ တပါး အရေးကြီးသော စာရွက်များ မတွေ့ရချေ။

ထို့နောက် အလောင်းနံဘေးမှ တွေ့ရသည့် ခြောက်လုံးပြူးသေနတ်ကို ကောက်ယူ၍ သေချာစွာ ကြည့်ရှုလျက်ရှိစဉ် ညောင်ခန်း စားပွဲပေါ်တွင် ပြာလင်ဗန်းနှင့် ဖိထားသည့် ကားချပ်ကလေး တခုကို မြင်သည်နှင့် ကောက်ယူ ကြည့်ရှုလေသည်။

ကားချပ်မှာ လူကုံထံများသုံးသည့် 'ဗီဇစ်တင်း' ကတ်ကလေးဖြစ်၍ အင်္ဂလိပ်ဘာသာဖြင့် အောက်ပါ နာမည် ရိုက်နှိပ်ပါရှိလေသည်။

မစ္စစ်အိုက်ဇက်

၃၄၊ ဘရွတ်ကင်းလမ်း

ရှား။ ။"ဒီဟာ ခင်ဗျား မြင်ပြီးပြီပေါ့"

ဖေ။ ။"မြင်ပါတယ်ဆရာ၊ ဒီမိန်းမ အကြောင်းကိုလဲ ကျွန်တော် စုံစမ်းထားပါတယ်"

ရှား။ ။"ကောင်းပြီဗျာ၊ ဘဏ်တိုက်ရယ်၊ ဒီကားချပ်ပိုင်ရှင် အကြောင်းရယ် စုံစမ်းထားနှင့် ပါအုံး။ မနက်စာ စားပြီးတော့ ကျုပ်တို့ တခေါက်လာခဲ့ပါအုံးမယ်"

× × ×

၁၁ နာရီ ထိုးသည်နှင့် တပြိုင်နက် ကျွန်တော်နှင့် ဦးစံရှားသည် ပတ်ကလင်န်းလမ်းသို့ ဒုတိယ အခေါက် လာရောက်ကြပြန်ရာ ကိုအုန်းဖေက စုံစမ်းထားနှင့်သော အကြောင်းအရာများကို ပြောပြလေသည်။

ဖေ။ ။"အင်ပီရီယယ် ဘဏ်တိုက်က ဒီလိုတဲ့ ဆရာ၊ မစ္စတာ မိုးဇက်ဟာ ဘဏ်တိုက်မှာ ငွေ တော်တော်များများ အပ်ထားဖူးသတဲ့။ တိတိကျကျဆိုယင် ၃၅၃၀၅ ကျပ်တဲ့။ ဒီ့ပြင် စိန်ရတနာ ၃၀ နှ


www.burmeseclassic.com

www.burmeseclassic.com



ရွှေဒင်္ဂါး ၁၅၇ ပြားလဲ အပ်ထားဖူးသတဲ့။ မနှစ် ဇူလိုင်လတုန်းကတော့ စိန်တွေရယ်၊ ရွှေဒင်္ဂါးပြားတွေရယ်၊ ငွေဖတွေရယ် တကြိမ်တည်း ပြန်ထုတ်ယူသွားပြီး စာရင်းမပြတ်ရုံ ငွေ ၅၀ိ တည်းသာ ဘဏ်တိုက်မှာ ချန်ထားခဲ့သတဲ့''

ရှား။ ။''ဒီဟာကို ကိုအုန်းဖေ ဘယ်လို ထင်သလဲ''

ဖေ။ ။''ရဟူဒီလူမျိုး 'ဟိုက်ဇာ'ဆိုတဲ့ ကပ်စေးနဲများဟာ ရွှေတို့၊ ငွေတို့၊ စိန်တို့ စုတဲ့ အခါမှာ ကိုယ့်ငွေကို ကိုယ် ခဏခဏ ထုတ်ကြည့်ရမှ ကျေနပ်တာယ်လို့ ကျွန်တော်ကြားရဖူးတယ်။ တချို့မှာ ကိုယ့်ငွေကို မနက်တခါ ညတခါ ထုတ်ထုတ်ပြီး ရေတွက်ကြည့်ရတာ အရသာ ရှိတယ်လို့ ပြောကြတယ်။ မိုးဇက်ဟာလဲ သူ့ပစ္စည်းတွေကို ဘဏ်တိုက်မှာ အပ်ထားရတာ လုံခြုံသော်လဲ ခဏခဏ ထုတ်ကြည့်ရတဲ့ အရသာကို ခံစားလိုတဲ့အတွက် ပြန်ထုတ်ယူလာခဲ့တယ် ထင်တယ်။ ဒါကြောင့်လဲ ,သူ့အစေခံ အာမက်ကိုတောင် အိမ်မှာ မအိပ်စေပဲ တခြား အိမ်မှာ အိပ်စေဟန် တူတယ်။ ဟုတ်ဘူးလား ဆရာ''

ရှား။ ။''တော်ပေတယ်ဗျာ၊ ကိုအုန်းဖေ ဒီအချက် တွေးလိုက်ပုံတော့ သိပ်ကျေနပ်တာပဲ။ ဘယ့်နှယ်လဲဗျ ကိုသိန်းမောင်''

ကျွန်။ ။''ဒီတွေးလုံးတော့ ကျွန်တော်လဲ ကြိုက်ပါတယ်''

ရှား။ ။''မစ္စစ်အိုက်ဇက် ဆိုတဲ့ မိန်းမကောဗျ၊ ဟိုကားချပ်ရှင် ဟာလေ''

ဖေ။ ။''ဘရုတ်ကင်းလမ်း၊ တိုက်နံပါတ် ၃၄ မှာတော့ ဒီနာမည်နဲ့ မိန်းမ မရှိဘူး။ သို့သော် ကျွန်တော် ထောက်လှမ်းလို့ သိခဲ့ရတာကတော့ မနေ့ညက ၉ နာရီလောက်မှာ ဒိဝင်းထဲက မိန်းမ တယောက် ထွက်သွားတာကို မြင်လိုက်ရတဲ့ ပတ်တရောင် ပုလိပ်နဲ့ တွေ့ခဲ့ရတယ်''

ရှား။ ။''ဒီလိုဆိုယင် မိုးဇက်သေတဲ့ အချိန်လောက် ဖြစ်မှာပေါ့။ ဆရာဝန် ပြောပြချက်အရ မနက်မှာ အလောင်းကို သူတွေ့ရတော့ သေတာဟာ ၁၀ နာရီထက်မနည်း ကြာနေပြီဆို မဟုတ်လား။

ဖေ။ ။''ဟုတ်ပါတယ်ဆရာ။ သို့သော်လဲ ဒီမိန်းမ ထွက်သွားပြီးတဲ့နောက်မှ ဖြစ်ရမှာပေါ့'' ဘယ်နည်းနဲ့မဆို ကိုယ့်ကိုယ်ကို သတ်သေတဲ့ လူဟာ လူရှေ့သူရှေ့မှာတော့ လုပ်မယ် မထင်ပါဘူး။ ဒီမိန်းမ ထွက်သွားပြီးတဲ့နောက်မှ လုပ်ဟန်တူပါတယ်''

ရှာ။ ။''ခင်ဗျားက ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုတာ တခါတည်း တထစ်ချ ယူထားသလားဗျ''

ဖေ။ ။''ဒါကတော့ ထင်ရှားပါတယ် ဆရာ၊ ပါးစပ်ထဲ သေနတ်နဲ့ ပစ်ထည့်တာကို ပါးစပ် ဖွင့်ပေးပြီး အသာကလေး ငြိမ်ခံနေတယ် ဆိုတဲ့ လူမျိုးတော့ လောကမှာ ရှိမထင်ပေါင်ဆရာ။ မစ္စစ် အိုက်ဇက်က သေနတ်နဲ့ပစ်တာကို မိုးဇက်က မိန်းမသားမို့လို့ ညာတာပြီး ပါးစပ်ကလေးကို အသာဟ ပေးတယ်လို့ ဆရာက ဆိုချင်လို့လား''

ကိုအုန်းဖေလည်း ဦးစံရှားကို ဤအကြိမ်တွင် လှလှကြီး တွယ်လိုက်ရပြီ ဆိုသော အနေဖြင့် ကျွန်တော့်ဘက်သို့ လှည့်၍ ပြုံးသေး၏။

ရှား။ ။''မီးခံသေတ္တာမှာတော့ ပစ္စည်းတွေ ပြောင်နေပြီဗျ''

ဖေ။ ။''ဒါကတော့ ဟုတ်ပါတယ်လေ၊ ပတ်တရောင်ပုလိပ်ကလဲ မိန်းမရဲ့ လက်ထဲမှာ လက်ဆွဲသားရေအိတ်ကလေးတလုံး မြင်လိုက်သလိုလို ထင်တယ်လို့လဲ ပြောပါတယ်။ သို့သော် ဘာပဲ ပြောပြော အလောင်းမှာ သွားတချောင်းမှ မကျိုးဘူး ဆရာရဲ့။ ပါးစပ်ဖြဲပြီး သေနတ်ပစ်ခံတဲ့ လူရယ်လို့ ရှိမထင် ပေါင် ဆရာ''

ဘဏ်ဆီသအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။(မကျေနပ်သော အမူအရာနှင့် ဦးခေါင်းယမ်းလျက်)"ပစ္စည်း ပျောက်တာကလဲ အံ့မှန်နဲ့ တူတယ်ဗျ"

ဖေ။ ။"တကယ်လို့ ပစ္စည်းပျောက်စေဦးတော့၊ မစ္စစ်အိုက်ဇက်တော့ မဟုတ်နိုင်ဘူးဆရာ၊ ဗီဇစ်တင်းကတ်တွေ ဘာတွေနဲ့ ကျကျနန လာလည်ပြီး ပစ္စည်းကို ယူပြီးတဲ့နောက် သူ့ကားချပ်သူ ထားပစ်ခဲ့ပါ့မလား ဆရာ။ ဒီလောက် ကြံစည်ဝံ့တဲ့မိန်းမဟာ ဒါလောက်တော့ နားလည်မှာပေါ့။ သက်သေခံပစ္စည်းကြီး တခုလုံးကို ထားပစ်ခဲ့ပါ့မလား"

ရှား။ ။"ဘယ်မလဲ ခင်ဗျာ့ ပတ်တရောင်ပုလိပ်၊ ခေါ်စမ်းပါအုံးဗျာ"

ကိုအုန်းဖေသည် ဌာနာကို တယ်လီဖုန်း ဆက်လိုက်၍ မကြာမီ အလိုရှိသော ပုလိပ် ရောက်လာလေသည်။

ပတ်တရောင်ပုလိပ်သား၏ ထွက်ချက်မှာ ညဉ့် ၉ နာရီ အချိန်ခန့်တွင် မိမိနှင့် တခြား ပုလိပ်တယောက်သည် စက်ဘီးတစီးစီနှင့် ပတ်တရောင် လှည့်လာ၍ ကန်တော်ကြီးစောင်းသို့ ရောက်သောအခါ ပတ်ကလိမ်းလမ်းဘက်မှ ဂါဝန်ဝတ် မိန်းမတယောက် ခပ်သုတ်သုတ် လျှောက်လာသည်ကို တွေ့ရကြောင်း၊ လက်ထဲ၌ သားရေအိတ်ကလေးတလုံး ပါလာကြောင်း၊ ဂါဝန်ဝတ် မိန်းမဖြစ်သောကြောင့် မသင်္ကာစရာ မရှိဆို၍ မေးမြန်းဖို့ စိတ်ကူးမရကြကြောင်း စသည်ဖြင့် ပြောပြလေသည်။

ရှား။ ။"တွေ့တဲ့နေရာနဲ့ ဒီအိမ်နဲ့ ဘယ်လောက် ကွာသလဲ"

လိပ်။ ။"ကန်တော်ကြီးစောင်းမှာဆိုတော့ ကိုက်ပေါင်း သုံးရာလောက် ရှိမှာပေါ့ ဆရာ"

ရှား။ ။"ဘာ ဝတ်ထားသလဲ"

လိပ်။ ။"ခပ်မည်းမည်းဂါဝန်ပဲ ဆရာ၊ လည်ပင်းမှာတော့ မာဖလာလိုလို တဘက်လိုလို ပတ်ထားတာပဲ။ ဦးထုပ်ကတော့ ဝိုင်းဝိုင်းကြီး ဆရာရဲ့"

ရှား။ ။"အဲဒီနေရာမှာ လမ်းမီးတိုင် ရှိလား"

လိပ်။ ။"မီးတိုင်အောက်တော့ မဟုတ်ဘူး။ ဒါပေမယ့် မနေ့ညက လသာတယ် ဆရာရဲ့"

ရှား။ ။"ကိုင်း တော်လောက်ပါပြီ"

ပုလိပ်သား ထွက်သွားသောအခါ ကျွန်တော်နှင့် ကိုအုန်းဖေတို့သည် ကုလားထိုင်ပေါ်တွင် ထိုင်လျက် ဦးစံရှား၏ မျက်နှာကို အကဲခတ်နေကြရာ ဦးစံရှားသည် ထုံးစံအတိုင်း ဆေးတံတွင်ဆေးထည့်၍ ဖွာယင်း အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်ကာ နက်နဲစွာ စဉ်းစားဟန်နှင့် မျက်မှောင်တကြုတ်ကြုတ် နှုဖူးရေ တတွန့်တွန့် မေးရိုးကို လက်ဖြင့် တပွတ်သပ်သပ် လုပ်နေတော့သည်။

ထို့နောက် ရုတ်တရက် အကြံတခု ရဟန်ဖြင့် ရပ်တန့်၍—

ရှား။ ။"ဩော် ဒါထက် ကိုအုန်းဖေ၊ သေနတ်လိုင်စင် ထုတ်ပေးတဲ့ ရုံးကို ခင်ဗျားသွားပြီး မိုးဇက်ရဲ့ သေနတ်နံပါတ်ကို တဆိတ် မှတ်ခဲ့စမ်းဗျာ"

ဖေ။ ။"ဘာလုပ်ဖို့လဲ ဆရာ"

ရှား။ ။"သွားသာ သွားချေပါ၊ ပြန်လာတော့ ကျုပ်ပြောပါ့မယ်"

ကိုအုန်းဖေ ထွက်သွားသောအခါ ကျွန်တော့်မှာ ဦးစံရှား၏ဝါသနာကို သိပြီးဖြစ်၍ စကားမပြောဝံ့ပဲ ဗီရိုမှ စာအုပ်ကို ထုတ်ယူ ဖတ်ရှုနေပေရာ ဦးစံရှားမူကား သေနတ်ကို ရံဖန် ကိုင်ကြည့်၍ ရံဖန် လမ်းလျှောက်ယင်း စဉ်းစားလျက် ရှိလေသည်။

---

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ကိုအုန်းဖေမှာသား မော်တော်ဆိုင်ကယ်နှင့် ပြန်ရောက်လာ၍ လှေကားမှ ပြေးတက်လာပြီးလျှင်—

ဖေ။ ။"ဟုတ်တယ်ဆရာရေ့၊ ဆရာမှန်ပေတယ်။ မိုးဇက်ရဲ့ သေနတ်ဟာ ဒီ သေနတ် မဟုတ်ဘူး ဆရာရေ့၊ ဒါမျိုးလဲ မဟုတ်ဘူး။ ကိုလ့်တ်အမျိုး ဆရာရေ့၊ အင်မတန် လူသုံးနည်းတဲ့ အမျိုးပဲ။ နံပါတ်က အမ်ဘီ ၈၉၆၂ တဲ့"

ရှား။ ။(မျက်နှာ ရှင်ပန်းစွာဖြင့် သေနတ်ကို မြှောက်ပြလျက်) "ဒါကြောင့် ပြောတာ။ ကိုင်းလာကြည့်ကြစမ်း ကိုယ့်လူများ၊ ဟောဒီမှာ မြင်ကြလား၊ နံပါတ်တွေ ဘယ့်နှယ် ဖြစ်နေသလဲ"

ကျွန်တော်တို့သည် ဦးစံရှား ပြသော နေရာ၌ သေနတ်ကို ကြည့်ကြသောအခါ ဂဏန်း အချို့မှာ တံစဉ်းနှင့် တိုက်ဖျက်ထားသည်ကို တွေ့မြင်ကြရလေ၏။

ရှား။ ။"ခေါင်ခေါင်လားတဲ့ အကြံဗျ၊ ခြေရာဖျောက်ပုံ တော်တော်နေရာကျတယ်။ စိတ်ကူး ခေတ်တဲ့သူ မဟုတ်ဘူးဗျ"

ကိုအုန်းဖေသည် အံ့ဩသော မျက်နှာသားနှင့် ကြည့်နေပြီးနောက်—

ဖေ။ ။"တခြားယောက်ယောက်နဲ့ သေနတ်ချင်းလဲထားတာ မဖြစ်နိုင်ဘူးလား ဆရာ"

ရှား။ ။"သေနတ်ချင်း လဲတယ်ဆိုယင် မှတ်ပုံတင်ရတယ် မဟုတ်ဘူးလားဗျ။ ကိုယ့် အချင်းချင်း တိတ်တဆိတ်လဲလို့ ဖြစ်နိုင်ပါ့မလား။ သဘောရိုးနဲ့ လူအချင်းချင်း တိတ်တိတ်လဲတယ်လို့ ကြားဖူးရဲ့လားဗျာ"

ဖေ။ ။"ဒါတော့ မှန်ပေတယ် ဆရာ"

ရှား။ ။"ဒီသေနတ်ဟာ မိုးဇက်ရဲ့သေနတ် မဟုတ်ဘူးဗျ။ မိုးဇက်ရဲ့ သေနတ် ရှိရအုံးမယ်"

ဖေ။ ။"မရှိဘူးဆိုယင် ဘယ်နှယ်တုံး ဆရာ"

ရှား။ ။"မရှိဘူး ဆိုယင် သတ်တဲ့လူက ယူသွားလို့ ဖြစ်ရမှာပေါ့"

ဖေ။ ။"ဒါဖြင့် ဆရာက လူသတ်မှု ထင်ပြန်လို့လား ဆရာရဲ့"

ရှား။ ။"အမြင်အတိုင်းကတော့ ကိုယ့်ဟာကိုယ် သတ်တာနဲ့ တူရဲ့၊ သို့သော် မကျေနပ်စရာ အချက်တွေက အများကြီး ရှိနေပြန်သယ်ဗျ"

ဖေ။ ။"ဘယ့်နှယ်ဆရာရယ်၊ ပါးစပ်ဟပြီး သေနတ်ပစ်ခံတဲ့ လူရယ်လို့ စဉ်းစားမရပေါင်ဆရာ"

ရှား။ ။"ဒါကတော့ မှန်ပေတယ်"

ဖေ။ ။"ဒါဖြင့် တိန်းသို့ဘာလို တခုခုကျွေးပြီး သတိလစ်နေတုန်းမှာ ပါးစပ်ဖြဲပြီး ပစ်ထည့်တယ်လို့ ဆိုချင်သလား ဆရာ"

ရှား။ ။"ဒါလဲ ကျုပ် စဉ်းစားပြီးသားပဲ။ ဒီလိုဆိုယင် ဒေါက်တာမူကာဂျီလဲ သိနိုင်မှာပေါ့။ ဆေးကို ပါးစပ်က ကျွေးပဲနဲ့ အပ်နဲ့ ထိုးသည့်ဘယ် ဆိုပါတော့၊ အပ်ချက်ရှိရမယ်ဗျ။ ဒါတော့ ကျုပ် သေသေချာချာ ကြည့်ခဲ့လိုက်တယ်။ ဆေးထိုးယင် လက်တို့ လည်ပင်းတို့မှာ ထိုးထည့်ရမှာပဲ။ လက်မှာရော လည်ပင်းမှာရော အပ်ရာ မရှိဘူး။ ဒီ့ပြင်နေရာမှာ ထိုးထည့်ယင်လဲ သူ့အင်္ကျီ အထူကြီးကြောင့် အပ် ကျိုးမှာပဲ။ မဟုတ်သေးဘူး ကိုအုန်းဖေ၊ ဒီနည်း မဟုတ်သေးဘူး"

ဖေ။ ။"ရှုပ်ပါပြီ ဆရာ၊ ဆရာ့ဟာကလဲ လူသတ်မှုထင်တယ်လို့လဲ ပြောရဲ့၊ မဖြစ်နိုင်ဘူး လို့လဲ ပြောရဲ့၊ ဘယ်ဟာ ယုံရမှာတုံး ဆရာရယ်"

ရှား။ ။"ကျုပ်က လူသတ်မှု မဖြစ်နိုင်ဘူးလို့ မပြောသေးပါလား ကိုအုန်းဖေ"


www.burmeseclassic.com

www.burmeseclassic.com

ဖေ။ ။"နို့ အပ်ချက်မတွေ့ဘူးဆို၊ မှုးအောင် ဆေးထိုးမထည့်ပဲနဲ့ ပါးစပ်ဖြဲပြီး သေနတ်နဲ့ ပစ်မထည့်နိုင်ဘူးဟုတ်လား ဆရာရဲ့"

ရှား။ ။"နေပါအုံးလေ၊ ဖြည်းဖြည်းတော့ ရှင်းပါလိမ့်မယ်။ ဒေါက်တာဒေးဗစ် လာစမ်း ပါစေအုံး"

ဖေ။ ။"ကျွန်တော်ကတော့ သူလာယင်တောင် ထူးထူးခြားခြားပြောစရာ ရှိမယ်မထင်ပေါင် ဆရာ။ သို့သော် ဆရာတို့နေ့ရစ်ကြအုံးလေ၊ ကျွန်တော်တော့ ကိစ္စလေးတခုရှိလို့ အပြင်ခဏ သွားလိုက်ပါ အုံးမယ်"

ကိုအုန်းဖေ ထွက်သွားပြီးသည့်နောက် ဦးစံရှားသည် ကားချပ်ကလေးကို ကောက်ယူကြည့်ရှု၍ တဖန် ပြန်ချထားပြီးလျှင် ကျွန်တော့်ဘက်သို့ လှည့်လျက်—

ရှား။ ။"ကိုသိန်းမောင်၊ သေနတ်ကို ဘယ်လိုထင်သလဲဗျ"

ကျွန်။ ။"ဒီသေနတ်ဟာ မိုးဇက်ရဲ့ သေနတ်မဟုတ်ဘူးဆိုယင် သတ်တဲ့လူရဲ့ သေနတ် ဖြစ်ရ မှာပေါ့"

ရှား။ ။"နို့ မိုးဇက်ရဲ့ သေနတ်ကော ဘယ်မှာလဲ"

ကျွန်။ ။"မဆိုနိုင်ဘူးလေ၊ တနေရာမှာ ရှိမှာပေါ့"

ရှား။ ။"ကျုပ်တော့ ရှာပြီးပြီဗျာ၊ မတွေ့ဘူး"

ကျွန်။ ။"ဒါဖြင့် ဒီလိုဖြစ်လိမ့်မယ်ဗျာ၊ ဒီသေနတ်နဲ့ပစ်သတ်ပြီး မိုးဇက်ရဲ့ သေနတ်ကို ယူထွက် ပြေးပြီထင်တယ်။ သူ့သေနတ်ကိုတော့ နံပါတ်ကို တိုက်ဖျက်ထားတယ်။ ဘာကြောင့်ဆိုတော့ ခြေရာကောက် ဖို့ခက်အောင် တကြောင်း၊ ကိုအုန်းဖေတို့ ယူဆသလို အမှတ်တမဲ့နဲ့ မိုးဇက်ရဲ့သေနတ်ပဲလို့ ထင်ချင် ထင် ကြစေဖို့ တကြောင်း ဖြစ်မှာပေါ့။ ကိုအုန်းဖေအလိုတော့ မိုးဇက်ဟာ သူ့သေနတ်နဲ့ သူ့ကိုယ်သူ ပစ်သတ် တယ်လို့ ထင်နေပြီကော။ ခင်ဗျားက စုံစမ်းခိုင်းလို့သာ ဒီသေနတ်ဟာ မိုးဇက်ရဲ့သေနတ် မဟုတ်ကြောင်း သိရတော့တာပဲကိုး"

ရှား။ ။"ခင်ဗျားစဉ်းစားပုံလဲ တယ်တော့ မရှိုင်းလှဘူး။ သို့သော် မိုးဇက်ရဲ့သေနတ်ကို ယူပြီး ထွက်ပြေးတယ်ဆိုတာတော့ တယ်ကြီး မကြိုက်လှဘူး။ သူ့လက်ထဲမှာ ဒီသေနတ်တွေ့ယင် သူ့အပေါ်မှာ အမှုပတ်နေမှာကိုးဗျ။ သတ်တဲ့လူက တော်တော်စဉ်းစားပြီး ဉာဏ်ဆင်ထားတာနဲ့ တူတယ်"

ကျွန်။ ။"မိုးဇက်ရဲ့ သေနတ်ကို ခင်ဗျားရှာကြည့်လို့ မတွေ့ဘူးဆို"

ရှား။ ။"ကျုပ်ရှာတာက မိုးဇက်ကိုယ်တိုင် သိမ်းလောက်တဲ့ နေရာမျိုးလောက်သာ ရှာကြည့်ရ သေးတာကိုးဗျ၊ ဝှက်ထားတယ်ဆိုယင် တမျိုးရှာရအုံးမှာပေါ့။ နေအုံးဗျာ ခင်ဗျား"

ဦးစံရှားသည် စာအုပ်ဗီရိုသို့ ရုတ်တရက်ထသွား၍ သုံးဆင့်ရှိသော စာအုပ်များနောက်သို့ တဆင့်စီ နှိုက်ကြည့်ရာ တတိယအဆင့်နောက်မှ ခြောက်လုံးပြူးသေနတ်တလက် ဆွဲထုတ်လာခဲ့လေသည်။

ကျွန်တော်လည်း ဝမ်းမြောက်စွာနှင့် ထ၍ ကြည့်သောအခါ နံပါတ်မှာ ကိုအုန်းဖေပြောသည့် အတိုင်း အမ်ဘီ ၇၉၆၂ ဖြစ်၍ ကို့လိတ် အမျိုးအစားပင် ဖြစ်လေသည်။

ထို့နောက် ဦးစံရှားသည် သေနတ်ကို စာအုပ်များနောက်သို့ မူလအတိုင်း ပြန်၍ထားလိုက်၏။

ရှား။ ။"ကိုင်း ကိုသိန်းမောင်ရေ၊ ကိုယ့်ကိုယ်ကို သတ်တာ မဟုတ်ခြင်းကတော့ သေချာပြီ၊ ဘယ်သူသတ်သလဲဆိုတာ စုံစမ်းဖို့ ရှိတော့တယ်"

ကျွန်။ ။"ထမင်းချက်ကုလား အာမက်ကကော ဘယ့်နှယ်လဲဗျ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"မကင်ပါဘူးဗျာ၊ သူ့မှာ သေနတ်တလက် ရဖို့လဲ ခဲယဉ်းတယ်၊ ပြီးတော့ နံပါတ်ကို တံစဉ်းနဲ့ တိုက်ဖျက်တာတွေ ဘာတွေလဲ ဒီလူမျိုး ဒီလောက်စိတ်ကူးမရှိပါဘူး။ သူ့အဖို့ဆိုယင် တိုက်ဖျက်ဖို့လဲ မလိုပါဘူး။ ကိုယ်ပိုင်သေနတ်ရှိတဲ့ လူထဲကမှ မဟုတ်ပဲ ကပဲ"

ကျွန်း။ ။"ကားချပ်ရှင် မစ္စစ် အိုက်ဇက်ကောဗျာ"

ရှား။ ။"လက်ဆွဲသားရေအိတ်နဲ့ ဘာနဲ့ဆိုတော့ တွေးစရာပဲ။ နာမည်ကလဲ သူတို့ ရုဟူဒီလူမျိုး အချင်းချင်းပဲ။ သို့သော် ကားချပ်မှာပါတဲ့ လိပ်အတိုင်း ရှာကြည့်တော့ မတွေ့ဘူးဆိုတယ်။ အမှန်အတိုင်း ပေးတဲ့လိပ် ဟုတ်ဟန်မတူဘူး။ ဒီကားချပ်ဟာ တယ်ခရီးဘူးလို့ ကျုပ်ထင်တယ်။ အကြောင်းကလဲ မိန်းမသား တယောက်က မိုးဇက်ရဲ့ပါးစပ်ကိုဖြဲပြီး သေနတ်နဲ့ပစ်ထည့်ဖို့ မလွယ်ဘူးထင်တယ်"

ကျွန်။ ။"အိပ်ပျော်နေတုန်း ပါးစပ် ဟနေတုန်း ပစ်ထည့်ယင်ကောဗျ"

ရှား။ ။"ဒီလောက် လက်ဖြောင့်ပြီး လက်မြန်ဖို့ မခဲယဉ်းပေဘူးလားဗျာ။ အိပ်ပြီး ပါးစပ် ဟတယ်ဆိုတာ သိပ်ကြာတာမျိုးမှ မဟုတ်ပဲ"

ကျွန်။ ။"လူသတ်မှုဆိုယင် ရည်ရွယ်ချက်က ဘယ်လိုလဲဗျာ၊ ပစ္စည်းကြောင့် ဖြစ်ရမှာပေါ့"

ရှား။ ။"အစစ်ပေါ့ဗျ၊ မီးခံသေတ္တာထဲမှာ ပစ္စည်းရှိရမယ်။ မိုးဇက်ကိုသတ်ပြီး သူ့အိတ်ထဲက သော့တွဲကိုနှိုက်ယူ၊ မီးခံသေတ္တာကိုဖွင့်၊ ပစ္စည်းထုတ်ယူ၊ သေတ္တာကိုပြန်ပိတ်၊ သော့တွဲကို မိုးဇက်အိတ်ထဲ ပြန်ထည့် ဒီလိုဖြစ်ရမှာပေါ့"

ထိုခဏတွင် ကိုအုန်းဖေ ရောက်လာ၍—

ဖေ။ ။"ဘယ့်နှယ်လဲဆရာ၊ နောက်ထပ်ပြီး သဲလွန်စကလေးများ တွေ့ရပါသေးသလား"

ရှား။ ။"ဟုတ်ကဲ့၊ တွေ့တန်သလောက်တော့ တွေ့ရတယ် ဆိုပါတော့။ ဒေါက်တာဒေးဗစ် လာအောင် စောင့်ကြည့်ဖို့ လိုတော့တာပါပဲ"

ဖေ။ ။"ကျွန်တော်က ဒေါက်တာဒေးဗစ်ရဲ့ လိပ်ကို စုံစမ်းပြီး တယ်လီဖုန်း ဆက်ကြည့်တယ်။ အိမ်မှာ သူမရှိခိုက်ဖြစ်နေလို့ မှာထားခဲ့ရတယ်။ ဒေါက်တာဒေးဗစ် ပြန်လာ လာချင်း ပက်ကလိန်းကို လာခဲ့ပါလို့ သူ့အိမ်သားများကို ပြောထားခဲ့ပါပြီ"

ရှား။ ။"ကောင်းပါလေ့ဗျာ"

ဖေ။ ။"သေနတ်တွေ့တာတော့ ဟုတ်ကဲ့ဆရာ၊ ကျွန်တော်ကတော့ ပါးစပ်ဟပေးပြီး သေနတ်နဲ့ ပစ်သွင်းတယ်ဆိုတာ တခုတည်းနဲ့ မကျေနပ်နိုင်အောင် ဖြစ်နေတယ် ဆရာရဲ့"

ရှား။ "ဒီသေနတ်က မိုးဇက်ရဲ့ သေနတ် မဟုတ်တာကကောဗျာ"

ဖေ။ ။"ဒါကတော့ မိုးဇက်ကို မေးကြည့်မှ သိနိုင်တော့မယ် ထင်တာပဲ ဆရာ"

ရှား။ ။"ဖြစ်မှ ဖြစ်ရလေဗျာ"

ထိုခဏ၌ ဝင်းထဲသို့ တက္ကစီတစီး ဝင်လာ၍ ဘောင်းဘီဝတ်တယောက်သည် လက်ဆွဲသားရေအိတ်ငယ် တလုံးကို ကိုင်ကာ ကားပေါ်မှဆင်း၍ ဒရိုင်ဗာအား တက္ကစီခ ပေးချေပြီးလျှင် တိုက်ပေါ်သို့ တက်လာလေသည်။

ထိုလူကိုမြင်ကတည်းက ဒေါက်တာဒေးဗစ်ဖြစ်ရမည်ဟူ၍ ကျွန်တော်တို့ ခန့်မှန်းနိုင်ကြလေပြီ။ ဒေါက်တာဒေးဗစ်သည် ကျွန်တော်တို့လူစုကို မြင်သည်နှင့် အံ့အားသင့်ဟန်နှင့် ရပ်နေသေး၏။

ဖေ။ ။"ကျွန်တော် တယ်လီဖုန်း ဆက်လိုက်တာ အိမ်သားများက ပြောလိုက်တယ် မဟုတ်လား ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဗစ်။ ။"ဟင့်အင်း၊ မပြောပါဘူး၊ ကျွန်တော် အိမ်မရောက်ခဲ့သေးပါဘူး၊ ဘာဖြစ်လို့လဲ"

ဖေ။ ။"မိုးဇက်ကိစ္စပေါ့ ဒေါက်တာ"

ဗစ်။ ။(အံ့အားသင့်ဟန်နှင့်) "မိုးဇက် ဘာဖြစ်လို့လဲ"

ဖေ။ ။"မိုးဇက်သေရှာပြီ ဒေါက်တာ"

ဗစ်။ ။"ဟင်၊ ဟုတ်ကဲ့လားဗျာ၊ သူ့ရောဂါက သေလောက်တဲ့ ရောဂါမှ မဟုတ်ပဲ"

ဖေ။ "ပါးစပ်ထဲ သေနတ်ပစ်ထည့်လိုက်တယ် ဒေါက်တာ"

ဗစ်။ ။"အိုး မိုင်ဂေါ့ဒ်၊ ဘယ့်နှယ်လဲဗျာ၊ သူ့ပုံပန်းကြည့်ရတာ ဒီလောက် သတ္တိရှိပုံ မရပါဘူး။ ဖြစ်ရလေဗျာ၊ ဒါ ကျွန်တော့်အပြစ်ပဲဗျို့"

ဖေ။ "ဘယ့်နှယ် ခင်ဗျားအပြစ်လဲ ဒေါက်တာ"

ဗစ်။ ။"ကျွန်တော်က မနေ့က မလာနိုင်လို့ စာရေးတည့်လိုက်ရတယ်။ တကယ်လို့ ကျွန်တော်သာ မနေ့က လာဖြစ်ခဲ့လို့ ရှိယင် ဒီလိုမဖြစ်ရဘူးပေါ့။ သူ့ရောဂါက စိတ်ညစ်တဲ့ ရောဂါပါပဲ။ ကျွန်တော် လာလို့ ဆေးထိုးပေးလိုက်ရယင် ဒီအဖြစ်ရောက်အောင် စိတ်ညစ်နိုင်မယ် မဟုတ်ဘူး ထင်တာပဲ။ ဝမ်းနည်းဖို့ပဲဗျာ။ မနေ့က ကျွန်တော် ပဲခူးသွားလိုက်မိတာ မှားတာပါပဲ။ ကိုင်း ဒါဖြင့် သူ့ ရောဂါဟာ စိတ်ညစ်တဲ့ရောဂါဖြစ်ကြောင်းကို ကျွန်တော်က သက်သေခံလက်မှတ် ရေးထိုးပေးဖို့ လိုအုံးမယ် မဟုတ်လား"

ရှား။ ။"ဟုတ်ကဲ့ ဒေါက်တာ၊ ရေးပေးခဲ့ပါအုံး။ လာဗျို့ ကိုအုန်းဖေ၊ ဒေါက်တာရေးနေတုန်း ခင်ဗျားကို တိုင်ပင်စရာကလေး ရှိပါသေးတယ်"

ဦးစံရှားသည် ကျွန်တော်နှင့် ကိုအုန်းဖေတို့ကို နောက်ဖေးဆောင်သို့ ခေါ်သွား၍ ဆင်ဝင်ဆောင် အခန်းတံခါးကို ပိတ်ထားခဲ့လေသည်။

သို့ရာတွင် ဦးစံရှားသည် ကျွန်တော်တို့အား လက်ပြ၍ သူကိုယ်တိုင်မှာ တံခါးအနီးတွင် ရပ်ကာ ဆင်ဝင်ဆောင်သို့ ချောင်းကြည့် နေတော့သည်။

တခဏမျှကြာသော် ဦးစံရှားသည် တံခါးကို တွန်းဖွင့်၍ ဆင်ဝင်ဆောင်သို့ ဝင်ပြေးသဖြင့် ကျွန်တော်တို့လည်း သူ့နောက်မှ ပြေးလိုက်သွားကြလေသည်။

ဆင်ဝင်ဆောင် အတွင်း၌ကား ဒေါက်တာဒေးဗစ်သည် စာအုပ်ဗီရိုအနီးတွင် ရပ်လျက် ခြောက်လုံးပြူး သေနတ်နှင့် ဦးစံရှားကို ပစ်တော့မည်ကဲ့သို့ လက်မြှောက်ဆဲတွင် လက်မြန်သော ဦးစံရှားက လက်ကောက်ဝတ်ကို ကြိမ်တုတ်နှင့် ချလိုက်သဖြင့် "အိုဟဲလ်"ဟု မြည်တမ်းကာ သေနတ်လွှတ်ကျသွားတော့သည်။

ဤတွင် ကျွန်တော်တို့က သေနတ်ကို ကောက်ယူ၍ ကိုအုန်းဖေနှင့် ဦးစံရှားက ဒေးဗစ်ကို လက်ရဖမ်းကြလေသည်။

× × ×

ဒေးဗစ်ကို အချုပ်ထောင်သို့ ပို့လိုက်ပြီးနောက် ကိုအုန်းဖေသည် ကျွန်တော်တို့၏ တိုက်ခန်းသို့ ရောက်လာ၍ ဦးစံရှားက ကျွန်တော်တို့အား ရှင်းလင်း ပြောပြသည်မှာကား—

ရှား။ ။"ကျုပ်က ဒေးဗစ်ရဲ့ စာကလေးကို မိုးဇက်ရဲ့ သားရေအိတ်ထဲမှာ တွေ့ရတယ်ဆိုကတည်းက စဉ်းစားမိတယ်ဗျ။ ဒီစာဟာ ကျုပ်တို့လူစု မြင်ရအောင် တမင်တကာ ဆင်ထားတဲ့စာပဲ။ ဒီ့ပြင်စာတွေတော့ စာညှပ်မှာ ထည့်ထားတယ်"

---

တတိယအကြိမ်

www.burmeseclassic.com



"ဒီစာတစောင်တည်းကိုမှ မိုးဇက်က သူ့ ပိုက်ဆံအိတ်ထဲမှာ ထည့်ထားတယ်ဆိုတော့ ထူးဆန်းတာပဲ။ ပြီးတော့ မစ္စစ်အိုက်ဇက်ရဲ့ ကားချပ်ဟာလဲ ပြာလင်ဗန်းအောက်မှာ ညှပ်ထားခြင်းဟာ ကျုပ်တို့မြင်အောင် တမင်တကာ ဆင်ထားတာ ဖြစ်ရမှာပဲ။ ဒီကားချပ်ကို ကျုပ်တို့တွေ့ယင် မစ္စစ်အိုက်ဇစ်နောက်ကို ကျုပ်တို့ လိုက်ကြလိမ့်မယ်ဆိုပြီး တမင်တကာ လမ်းလွှဲထားတဲ့ အစီအစဉ်ကိုးဗျ။

"သူ့ အကြံက မိုးဇက်ဟာ သူ့ ဟာသူ သတ်သေတယ်လို့ ထင်လောက်တဲ့အတိုင်း ကျုပ်တို့ယူဆလို့ ရှိယင်လဲ ပြီးစေတော့၊ ဒီလိုမဟုတ်ပဲ လူသတ်မှုထင်လို့ ခြေရာခံကြယင်လဲ မစ္စစ်အိုက်ဇစ်ဆိုတဲ့ မိန်းမနောက်ကို ကျုပ်တို့ လိုက်စေဖို့ပေါ့ဗျာ"

ဖေ။ ။"မှန်ပါတယ် ဆရာ၊ ဒါထက် ကျွန်တော့် စိတ်ထဲမှာ အထူး မရှင်းလင်းသေးတာကတော့ ပါးစပ်ထဲ ပစ်ထည့်နိုင်တာ အံ့သြနေတယ်ဆရာ"

ရှား။ ။"ဒါကတော့ အရှင်းသားပဲဗျ၊ ဒေါက်တာက လူနာကို ကြည့်တဲ့အခါမှာ ပါးစပ်ဟပြီး လျှာထုတ်ပြရတယ် မဟုတ်သား။ ပြတော့လဲ ဘယ်လိုနေရာမှာ ပြရသလဲ၊ အလင်းရောင်ရှိတဲ့ မီးအိမ်အောက်မှာ ပြရမှာပေါ့ဗျ၊ မိုးဇက်ကို လျှာထုတ်ပြနေတုန်း သူ့ မှာပါတဲ့ သေနုတ်နဲ့ ပါးစပ်ထဲကို ထိုးထည့်ပြီး ပစ်သွင်းလိုက်တာပေါ့ဗျ။ တော်တော်လဲ ရက်စက်၊ လက်လဲရဲတဲ့ လူတယောက်ပဲဗျို့"

"ကျွန်။ ။"လက်ရဲဆို ဒေါက်တာကိုးခင်ဗျ၊ ရက်စက်ဖို့သာလိုတယ်၊ ဒေါက်တာဆိုတော့ လက်ရဲပြီးသားပဲကိုး"

ရှား။ ။"ဟုတ်ပေတယ်ဗျာ ကိုသိန်းမောင်"

ဖေ။ ။"သေနုတ်နှစ်လက်အကြောင်း လုပ်စမ်းပါအုံး ဆရာ"

ရှား။ ။"မိုးဇက်မှာ သေနုတ်ရှိကြောင်းကို ဒေးဗစ်ဘ သိဟန်မတူဘူး။ သူ့ သေနုတ်ကို နံပါတ်ဖျက်ယူလာခဲ့ပြီး မိုးဇက်ကို စီရင်ပြီးတဲ့နောက် သူ့ စိတ်ကူးကတော့ မိုးဇက်ဟာ ဘယ်ကသေနုတ်ရတယ်မဆိုနိုင်၊ သူ့ ကိုယ်သူ ပစ်သတ်တယ်လို့ ပုလိပ်က ယူဆလိမ့်မယ်လို့ မျှော်လင့်ဟန်တူတယ်။ သူကိုယ်တိုင်ကတော့ ဒီကိစ္စပြီးယင် နိုင်ငံခြားကို လစ်မယ်ပေါ့လေဗျာ။ သို့သော် မီးခံသေတ္တာကို ဖွင့်ပြီး ပစ္စည်းယူတဲ့အခါကျတော့မှ မိုးဇက်ရဲ့ သေနုတ်ကို သူမြင်ပါလိမ့်မယ်။

"ဒီတော့ သေနုတ်ကို ဒီအတိုင်း ထားခဲ့ယင် သေနုတ်နှစ်လက် ဖြစ်နေလို့ ဂွကျနေလိမ့်မယ် ဆိုပြီး မိုးဇက်ရဲ့ သေနုတ်ကို မီးခံသေတ္တာထဲက ထုတ်ယူတာကိုးဗျ။ ဒီအခါမှာ သေနုတ်ချင်း လဲလိုက်ယင်လဲ သူ့ အဖို့ အကောင်းသား။ အခုတော့ သူ့ သေနုတ်ကို တမင် နံပါတ်တွေ ဖျက်လာခဲ့တဲ့ အစီအစဉ်ကြောင့် လဲဖို့သတိရတော့ဟန်မှ မတူဘူး။ ဒီတော့ သူဘယ့်နှယ်လုပ်သလဲ။ မိုးဇက်ရဲ့ သေနုတ်ကို စာအုပ်တွေနောက်မှာ ထိုးဝှက်ထားခဲ့ရတော့တာပေါ့"

ဖေ။ ။"မစ္စစ်အိုက်ဇက်ဆိုတဲ့ ဗီဇစ်တင်း ကတ်ကကော ဆရာ"

ရှား။ ။"ကားချပ်ကတော့ ပုလိပ်ကိုလမ်းလွှဲအောင်လို့ ကြိုတင်ရိုက်နှိပ်ယူလာပြီး မြင်လောက်တဲ့နေရာမှာ ထားပစ်ခဲ့တာပေါ့ဗျ"

ဖေ။ ။"သူဝင်ပုံထွက်ပုံကော ဆရာ၊ လုပ်စမ်းပါအုံး"

ရှား။ ။"သူသာတော့ ထုံးစံအတိုင်း ရိုးရိုးပဲ လာလိမ့်မယ်။ မိုးဇက်ကိုသတ်ပြီး ပစ္စည်းတွေ ယူပြီးတဲ့နောက်မှ သူ့ လက်ဆွဲအိတ်ထဲမှာ ထည့်ယူလာခဲ့တဲ့ ဂါဝန်တို့၊ ဦးထုပ်တို့၊ မာဖလာတို့ကို ထုတ်ဝတ်၊ သူဝတ်လာခဲ့တဲ့ ဘောင်းဘီ အင်္ကျီတွေကို သားရေအိတ်ထဲထည့်ပြီး ကန်စောင်ကြီးဘက် ထွက်လာတဲ့အခါမှာ ပတ်တရောင် ပုလိပ်များက မြင်လိုက်တာ ဖြစ်ရမှာပေါ့"

---

တတိယအကြိမ်

www.burmeseclassic.com



ဖေ။ ။"ပစ္စည်းတွေ ရှိတာကော သူဘယ့်နှယ်သိသလဲ"

ရှား။ ။"သူတို့ရဟူဒီလူမျိုး အချင်းချင်းမို့လို့ သတင်းစကား ဆန့်သန့်ကြားထားမှာပေါ့ဗျာ။ မိုးဇက် မကျန်းမာလို့ သူ့ကို ခေါ်ယူတော့ ဒီစိတ်ကူး ဖြစ်ပေါ်လာဟန်တူတယ်"

ဖေ။ ။"ဆရာဝန်ရင့်မကြီးက ဒီစိတ်ကူးမျိုးရတာလဲ အံ့သြပါရဲ့ဗျာ"

ရှား။ ။"ခင်ဗျားလူ စုံစမ်းကြည့်စမ်း၊ မြင်းသမား ဖြစ်လိမ့်မယ်ထင်တယ်။ မြင်းရှုံးပြီဆိုမှဖြင့် ကြံမိကြံရာ ကြံတဲ့လူတွေ အပုံကြီးပါဗျာ။ ဒါတွေ ထားလိုက်ပါအုံး၊ ဒီလူကို ကျုပ် ချီးမွမ်းတာက ကျုပ်တို့ လူစုကို ဒီအိမ်မှာ တွေ့တာတောင် မျက်နှာမပျက်၊ လူဟန် မပျက်စေပဲ ပြောပုံဆိုပုံတွေ ဘယ်လောက် နေရာကျသလဲဗျ။

"ကျုပ်က သူ့အကြံ ရိပ်မိလေတော့ ဆင်ဝင်ဆောင်က ခဏကလေး ရှောင်ပေးတာနဲ့ သေနတ်ကို ယူမိအောင် ယူလိုက်သေးတယ် မဟုတ်လား။ တကယ့်သတ္တိပေပဗျာ၊ ရဲဝံ့ပါပေတယ်"

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ၂၅။ အင်းလျားကန် လူသတ်မှု

ဝသန္တဥတုဟု ဆိုအပ်သော မိုးဦးကျစ တနေ့သော ညဥ့်အခါ၌ ဦးစံရှားနှင့် ကျွန်တော်တို့သည် အခန်းထဲတွင် ထိုင်လျက်ရှိကြသည်။ မိုးသည်းထန်စွာ ရွာသွန်းလျက် ရှိသည့်အတွင်း လေပြင်းတိုက်ခတ်သည်နှင့် မိုးပေါက်တို့သည် ပိတ်လျက်ရှိသော မှန်ပြတင်းသို့ ဝင်ရောက် တိုးဝှေ့လျက် ရှိ၏။

ကျွန်တော်မှာ ပက်လက်ကုလားထိုင်တခုတွင် ထိုင်လျက် ပုံဝတ္ထု စာအုပ်တအုပ်ကို ဖတ်နေသည်။

ဦးစံရှားသည် အားလပ်သည့်အခါ စမ်းသပ်ကြည့်ရှုမြဲဖြစ်သော ဖန်ပူး ဖန်ခွက်တို့မှ ဆေးများကို ရောစပ်ယင်း တယောက်တည်း မိမိကိုယ်မိမိ စကားတီးတိုး ပြောလျက်ရှိ၏။

သို့ရှိနေစဉ် နာရီကြီးမှ ၁၀ ချက် ထိုးသဖြင့် မိုးလည်း အနည်းငယ်စဲလေလျှင် ဦးစံရှားသည် ဖန်ပြွန်များကို ချ၍ မှန်ပြတင်း ဖွင့်ပြီးနောက် ပြတင်းပေါက်အနီးတွင် ရပ်လျက်ရှိရာ ကျွန်တော်လည်း စာအုပ်ကိုချ၍ ဦးစံရှား အနီးသို့ သွားရောက်ကာ လမ်းပေါ်သို့ မျှော်ကြည့်လေ၏။

ညဥ့်နက်သည့်ပြင် မိုးလည်း တစိမ့်စိမ့် ရွာနေသဖြင့် လမ်းပေါ်တွင် လူသွားလူလာ ကင်းလျက် ဓာတ်မီးတိုင်တို့သည်လည်း မှေးမှိန်စွာ ရှိနေကြကုန်၏။

ဤသို့ ကြည့်နေစဉ် မောင်ဂိုမာရီ လမ်းဘက်မှ မြင်းရထားတစီးသည် ကျွန်တော်တို့ လမ်းဘက်သို့ ချိုးဝင်လာရာ ဦးစံရှားက—

"မိုးကလဲရွာလို့ အေးလိုက်တာ ကိုသိန်းမောင်ရယ်၊ ဒီကနေ့ညများ ကျုပ်တို့ သွားစရာကိစ္စမရှိပေတာ ကျေးဇူးပါပဲ။ အလို.... ဘုရား၊ ဘုရား၊ မြင်းရထားက ကျုပ်တို့တိုက်ရှေ့မှာ ရပ်ပါကလား။ ဩော် ရထားပြန်လွှတ်လိုက်တယ်ဗျို့။ တော်သေးရဲ့၊ တော်ခသေးရဲ့"ဟု ပြောဆဲတွင် လူတယောက်သည် မြင်းရထားပေါ်မှ ဆင်းလာပြီးလျှင် တိုက်ပေါ်သို့ တက်လာလေ၏။

ကျွန်တော်တို့လည်း ခြေသံကို နားစိုက်လျက်ရှိရာ ကျွန်တော်တို့ အခန်းသို့ ရောက်လာသောအခါ၌ အပေါ်ထပ်သို့ ဆက်သက်၍ တက်သွားပါစေဟု ဆုတောင်းသော်လည်း ဆုတောင်းမပြည့်ပဲ ကျွန်တော်တို့ တံခါးကို ခေါက်လေ၏။

---

* ဤဝတ္ထုကို သူရိယမဂ္ဂဇင်း၊ ၁၉၁၈၊ ဖေဖော်ဝါရီလ၊ အတွဲ ၁၊ အမှတ် ၁၂ တွင် 'အင်းလျားကြီးကန်လူသတ်မှု၌ မောင်စံရှား စုံထောက်ပုံ' အမည်ဖြင့် ဦးစွာဖော်ပြသည်။ ဤဝတ္ထုကိုပင် ရှုမဝမဂ္ဂဇင်း၊ ၁၉၅၃၊ ဇွန်၊ အမှတ် ၇၃ တွင် ပြန်လည် ဖော်ပြအားသည်။ မြန်မာမြည်စာအုပ်တိုက်မှ အတွဲ ၇ နှင့် နှလုံးလှ စာအုပ်တိုက်မှ အတွဲ ၃ တို့တွင် ထပ်မံ ပုံနှိပ်ဖော်ပြသည်။ မူရင်းမှာ The Adventure of the Golden Pince-Zen ဖြစ်သည်။

တက္ကသိုလ်ယအကြိုမ်

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့လည်း အနည်းငယ် အိပ်ချင်ပြီဖြစ်၍ ပျင်းရိစွာနှင့် တံခါးကို ဖွင့်ရလေသည်။

အင်စပက်တော် အုန်းဖေသည် မိုးကာအင်္ကျီကို ဝတ်လျက် အခန်းထဲသို့ ဝင်လာ၍ "ဆရာရှိသလား" ဟု မေးပြီးလျှင် ဦးစံရှားကို မြင်သဖြင့် ဝမ်းမြောက်ဝမ်းသာ မိုးကာအင်္ကျီကို ချွတ်ပြီးနောက် ကုလားထိုင် တခုတွင် ဝင်ထိုင်လေသည်။

ရှား။ ။"ဘယ့်နှယ် အချိန်မရှိမှ ဘာများ အရေးကြီးလာသလဲ ဆရာကြီးရဲ့"

ဖေ။ ။"အရေးကြီးဆို တညနေလုံး အခုမှ နားရတော့တာပဲ။ ဒါတောင် ဘာမှ မသဲကွဲသေး ဘူး။ အင်းလျားကန်လူသတ်မှုအကြောင်း ဆရာ ကြားပြီးပြီလား" ဟု မေးသဖြင့် ဦးစံရှားက ခေါင်းယမ်း လေလျှင်—

"ကျွန်တော် စုံထောက်ခဲ့တဲ့ အမှုပေါင်းလဲ တော်တော်များပါပြီ၊ ဒီအမှုလိုဟာ ခပ်ရှားရှားပဲ။ ဘာကြောင့် သတ်တယ်ဆိုတာ ကျွန်တော်ဖြင့် စဉ်းစားလို့ကို မရဘူး။ ဒီလို ဆရာရဲ့၊ ရန်ကုန်က အင်းစိန်သွားတဲ့ လမ်းအနီး အင်းလျားကန် သိတယ်မဟုတ်လား"

ရှား။ ။"သိပါတယ်ဗျာ၊ လိုရင်းရောက်အောင် မြန်မြန်ပြောစမ်းပါ"

ဖေ။ ။"ပြောပါမယ်ဆရာရယ်၊ အဲဒီ အင်းလျားကန်အနီး ခြံကြီးတွေထဲမှာ ဗိုလ်အိမ်ကြီးတွေ မြင်မိတယ် မဟုတ်လား။ အဲဒီ အိမ်ကြီးတွေအနက် ကန်းဘက်ကို မျက်နှာပြုပြီး လမ်းဘက်ကို ကျောခိုင်း ဆောက်ထားတဲ့ 'ကိုးဇီးကွန်းနား' (Cosy Corner) ဆိုတဲ့ အိမ်ကြီးမှာ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစပြီး ချက်တာဂျီဆိုတဲ့ ဘာဘူကြီးတယောက် ငှားပြီးနေတယ်။ ဘာဘူကြီးက ပိုက်ဆံ တော်တော်ပေါတဲ့ လက္ခဏာပဲ။ မလုပ်မကိုင်ပဲနဲ့ သားသားနားနား နေပုံထိုင်ပုံကြည့်တော့ ငယ်ရွယ်စဉ်က စုဆောင်းပြီး တော်တော်ရှိဟန် တူတယ်။ သားမယားလဲ မရှိဘူး၊ မာလီတယောက်၊ ထမင်းချက်တဲ့ ကုလားမကြီး တယောက်၊ ဒီ့ပြင် တိုလီမိုလီခိုင်းဖို့ ကုလားကြီး တယောက်၊ ဒီသုံးယောက်ပဲ ရှိတယ်။

"ပြီးတော့ ဘာဘူကြီးက တော်တော် ပဟုသုတ ဆည်းပူးတဲ့လူကြီးဆိုကိုး ဆရာရဲ့။ သူက စာအုပ်လဲ အခုရေးနေတယ်။ မျက်စိက တဆိတ် နည်းနည်းမှုန်တော့ စာကို ကိုယ်တိုင်မရေးနိုင်ဘူး။ စာရေးကလေး တယောက် ငှားပြီး သူပြောသမျှကို စာရေးက ရေးရတာကိုး။ ဒီစာရေးကလေးလဲ ဘာဘူလူမျိုးပဲ။ တလ ၃၀ နဲ့ သူ့ထမင်းစား၊ သူ့အိမ်မှာနေ လုပ်လာခဲ့တာ ၆ လလောက်ရှိပြီ။ တစုံတရာ သူ့အပေါ်မှာ ပြောစရာ မရှိဘူးတဲ့။ ဒီကနေ့ မနက်ကတော့ သူအလုပ်လုပ်တဲ့ စားပွဲနားမှာ ဇက်ရာဒဏ်ချက်နဲ့ သေနေ တာ တွေ့ရတာကိုး ဆရာရဲ့"

ဤသို့ပြောလျက်ရှိစဉ် အနည်းငယ် ရပ်စဲလျက်ရှိသော မိုးသည် တဖန် ဆက်လက်၍ ရွာသွန်းပြန်ရာ ကျွန်တော်သည် ပြတင်းပေါက်ကို ထ၍ ပိတ်ပြီးနောက် ကုလားထိုင်ကို ကိုအုန်းဖေ၏ အနီးသို့ ဆွဲပြီးလျှင် ဆက်လက် နားထောင်ပြန်လေသည်။

ဖေ။ ။"ဟိုဆီမှာ သူတို့ နေထိုင်ကြတာကတော့ ဆရာသိတဲ့အတိုင်း ကိုယ့်အိမ်နဲ့ကိုယ် နေကြ တာကိုး။ ဒီ့ပြင်အိမ်တွေကတော့လဲ ဗိုလ်တွေဖြစ်တော့ သူတို့နဲ့ အပေါင်းအသင်း ဆက်ဆံခြင်းလဲ မရှိဘူး ဆရာရဲ့။ သူတို့ဘာသာ သူတို့ နေကြတယ်။ ဒီစာရေးကလေးကလဲ အေးအေးနေတတ်တာ ဖြစ်တော့ အပေါင်းအဖော် မိတ်ဆွေသဟာယရယ်လို့လဲ အနီးအနားမှာ မရှိဘူး။ ခိုးရ တိုက်ရအောင်လာတဲ့လူများ လက်ချက်ပဲ ဆိုရအောင်လဲ နေ့ခင်းကြောင်တောင်ဖြစ်တော့ အခက်သားလား ဆရာရဲ့၊ ဒီအခန်းထဲမှာလဲ ဘာမှ ပျောက်ဆုံးခြင်း မရှိဘူးတဲ့။ ကျွန်တော်ဖြင့် ဘယ်အတွက် သတ်တယ်ဆိုတာတော့ တွေးလို့မနိုင် ပါဘူး ဆရာရယ်"


www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ဒီ့ပြင်ကော"

ဖေ။ ။"ဒီ့ပြင်တော့ ကျွန်တော် မေးမြန်းခဲ့တဲ့ စစ်ချက်တွေ ပြောရမှာပဲ။ ဒီကနေ့မနက် ၁၀ နာရီနဲ့ ၁၁ နာရီအတွင်းလောက်မှာ ခိုင်းတဲ့ မိန်းမကြီးက အိမ်ပေါ် အိမ်ရှေ့ခန်းမှာ အခန်းဆီးတွေ လဲပြီးနေသတဲ့။ ဘဘူကြီးကလဲ ညက ညဉ့်နက်အောင် အလုပ်လုပ်လေတော့ အိပ်ရာက မထသေးဘူးတဲ့။ စာရေးကလေးကလဲ သူ့အခန်းမှာ သူ စာဖတ်နေသတဲ့။ ဒီ့ပြင် အစေခံတယောက်လဲ အိမ်အောက်မှာ ထမင်းချက်ပြီး နေသတဲ့။

"ဒီတော့ အခန်းဆီးတွေ လဲ့နေတဲ့ အစေခံ မိန်းမကြီးက စာရေးကလေးဟာ စာတအုပ်ကို ကိုင်ပြီး သူ့အခန်းထဲက ထွက်လာပြီး အိမ်အောက်ဆင်းသွားတာ မြင်လိုက်ရသတဲ့။ စာရေးကလေးကလဲ အောက် ဆင်းသွားလို့ အလုပ်လုပ်တဲ့ အခန်းထဲလောက် ရောက်ကရော၊ အဲဒီ အခန်းဆီက ငယ်သံပါအောင် အော် သံကို မိန်းမကြီးက ကြားရသတဲ့။ ကြားတော့ မိန်းမကြီးလဲ ရုတ်တရက် ကြက်သေသေပြီး ရပ်နေမိသတဲ့။

"နောက်မှ တခါ သတိရလို့ အောက်ဆင်းပြီး ဘဘူကြီး အလုပ်လုပ်တဲ့ အခန်းထဲကို ဝင်ကြည့် တော့ ထမင်းချက်တဲ့ မိန်းမကြီးကလဲ အသံကြားလို့ ဝင်လာတာနဲ့ နှစ်ယောက် ဆုံမိကြသတဲ့။ စာရေး ကလေးလဲ အလုပ်လုပ်တဲ့ စားပွဲနားမှာ လဲနေတာ တွေ့ရသတဲ့။ တွေ့တော့ မိန်းမကြီး နှစ်ယောက်က စာရေးကလေးကို အသာထူပြီး ကြည့်ကြတော့ လည်ပင်းက သွေးတွေထွက်နေတာကို မြင်ရသတဲ့ ဆရာရဲ့။

"ဒါနဲ့ သူ့ကို အသာပွေ့ပြီး ဒဏ်ရာကို သေသေချာချာကြည့်နေတုန်း စာရေးကလေးက ရုတ်တ ရက် မျက်စိဖွင့်ပြီး 'ဆရာရေ ဟိုမိန်းမပဲ' လို့ ကုလားလို ပြောသံကို မိန်းမကြီး နှစ်ယောက်လုံး ကြား လိုက်ရသတဲ့။ ဒီလိုလဲပြောပြီးရော စာရေးလေး ဇက်ကျိုးကျသွားပြီး ခဏနေ အသက်ထွက်သွားရောတဲ့"

ရှား။ ။"ဒဏ်ရာက ဘယ်လို ဒဏ်ရာလဲ"

ဖေ။ ။"ဒဏ်ရာကသား၊ ဒဏ်ရာကတော့ ဓားနဲ့ထိုးတဲ့ဒဏ်ရာလဲ မဟုတ်ဘူးဆရာရဲ့။ လည်ပင်းမှာ အပေါက်ကလေး ဝိုင်းဝိုင်းကလေးပဲ။ အလောင်းနဲ့ သုံးတောင်ကွာလောက်မှာလဲ စူးတချောင်းတွေ့သတဲ့။ ဒီစူးက ဘဘူကြီး အလုပ်လုပ်တဲ့ စာရွက်ပေါ်မှာ ထားတဲ့ စက္ကူဖိုင်တွေ ဖိုင်တွဲတဲ့အခါ ဖောက်တဲ့ စူး ကလေးပဲတဲ့ ဆရာရဲ့။

"ဒါနဲ့ အလောင်းကို ထမင်းချက်တဲ့ မိန်းမကြီးနဲ့ ထားခဲ့ပြီး ခိုင်းစေတဲ့မိန်းမကြီးက ဘဘူကြီးဆီ ပြေးသွားပြီး ပြောတော့ ဘဘူကြီးကလဲ အော်သံကြားလို့ အိပ်ရာကထပြီး အဝတ်ဝတ်မယ်လုပ်တုန်း မိန်းမကြီးနဲ့ တွေ့သတဲ့။ ဒါနဲ့ ကျွန်တော်က 'ဆရာရေ၊ ဟိုမိန်းမပဲ' လို့ စာရေးကလေး ပြောသွားတဲ့စကား အဓိပ္ပာယ်ကို ဘဘူကြီး မေးကြည့်တော့ ဘဘူကြီးက ဘာဆိုလိုတယ်ဆိုတာ သူနားမလည်ဘူးတဲ့။

"ဒါနဲ့ ဘဘူကြီးက မာလီကုလားကို ခေါ်ပြီး ဂတ်တိုင်ချက်ပေးလို့ ကျွန်တော်ရောက်ပြီး သွားတော့ အခု ကျွန်တော်ပြောခဲ့တဲ့အတိုင်း တွေ့ခဲ့၊ မြင်ခဲ့ရတာပဲ။ ကျွန်တော်လဲ မကြံတတ်တာနဲ့ လမ်းမှာ ခြေရာမျှား မရှုပ်ထွေးရအောင် ဘယ်သူမှ အသွားအလာ မရှိရဘူးလို့ အမိန့်ပေးခဲ့ပြီး ဆရာ့ဆီ ပြေးလာတာပဲ"

ရှား။ ။"ဒီဟာ ခင်ဗျား ဘယ့်နှယ်ထင်သလဲ"

ဖေ။ ။"ကျွန်တော်လဲ မတင်တတ်လို့ ဆရာ့ဆီပြေးလာတာပဲ"ဟု ပြောပြီးလျှင် ကိုအုန်းဖေ သည် အိတ်အတွင်းမှ စာရွက်ငယ်တခုကို ထုတ်ပြီးနောက်—

"အိမ်ပုံစံကတော့ ဆရာမြင်ရအောင် ကျွန်တော် အကြမ်းရေးပြီး ယူလာခဲ့တယ်။ ဒီဟာ ဆရာကြည့် ပါအုံး" ဟု ပြော၍ ဦးစံရှားအား ပေးသဖြင့် ကျွန်တော်နှင့် ဦးစံရှားလည်း ပုံစံကို သေချာစွာကြည့်ကြစဉ်

www.burmeseclassic.com


ဖေ။ ။"ပုံစံကတော့ အကြမ်းပဲဆရာရဲ့၊ သို့သော် အရေးကြီးတဲ့အချက်ကိုတော့ ပြည့်စုံအောင် ကျွန်တော်မှတ်လာခဲ့တာပဲ။ ကဲ ဒီတော့ သတ်တဲ့လူဟာ အိမ်ထဲဝင်ယင် ဘယ်လမ်းက ဝင်မလဲ။ နောက်ဖေး လမ်းက ဝင်ရမယ် မဟုတ်လား ဆရာရယ်။ ဘာပြုလို့လဲဆိုတော့ နောက်ဖေးလမ်းကမှ အလုပ်ခန်းထဲ တခါတည်း ရောက်တာကိုး ဆရာရဲ့၊ ဒီ့ပြင်လမ်းကဝင်ယင်ဒီ့ပြင်အခန်းတွေကိုဖြတ်သန်းသွားမှရောက်နိုင်မှာကိုး။

"ပြီးတော့ ပြန်တော့လဲ ဒီလမ်းက ပြန်ရမှာပဲ။ ဒီ့ပြင်လမ်းက ပြန်လို့ရှိယင် အစေခံမိန်းမကြီးက အိမ်ပေါ်ကဆင်းလာတာနဲ့ မုချတွေ့မှာကိုး။ ဒီ့ပြင်ဘာပေါ်လဲမှာလဲ ပုံစံမှာ ဆရာမြင်တဲ့အတိုင်း ဘာဘူကြီး အခန်းရောက်သွားတဲ့ အပေါက်ကိုး ဆရာရဲ့။

"ဒါကြောင့် ကျွန်တော်က နောက်ဖေးလမ်းမှာ ခြေရာများရှိသလားလို့ ကြည့်တာကိုး။ လမ်းကလဲ မိုးရွာထားလို့ ရွှံ့ဗွက် နည်းနည်းပေါက်နေတော့ မုချ ခြေရာထင်ရမယ်လို့ ကျွန်တော်အောက်မေ့မိတာပဲ။ ဒါနဲ့ နောက်ဖေးလမ်းကို သေသေချာချာ ကျွန်တော် ကြည့်တော့လဲ ခြေရာ မတွေ့ဘူးဆရာရဲ့။ သတ်တဲ့ ကောင်ဟာ တော်တော်ပါးတဲ့ အကောင်ပဲ။

"လမ်းပေါ်မှာ နင်းသွားလို့ရှိယင် ခြေရာထင်မယ်ဆိုတာသူသိလို့ လမ်းပေါ်က မလျှောက်ပဲ လမ်းနံဘေး မြက်ထဲကလျှောက်သွားတယ်ဆရာရဲ့၊ မြက်တွေကို ကျွန်တော်သေသေချာချာကြည့်တော့လဲ လူနင်းသွားတယ်ဆိုတာတော့ ကျွန်တော်သိတယ်။ သို့သော် ခြေရာတော့ ထင်ရှားအောင် မမြင်ရဘူးဆရာရဲ့"

"ဒီလမ်းက ဘယ်ရောက်သလဲ"

"အင်းစိန်သွားတဲ့ လမ်းကြီးနဲ့ သွားပြီး ဆက်တယ်"

"ဘယ်လောက် ရှည်သလဲ"

"အတောင် ၅၀ လောက် ရှိလိမ့်မယ်"

"ဝင်းတံခါးနားကျတော့ လမ်းပေါ်က သူလျှောက်ရမယ် မဟုတ်လား။ တံခါးမှာ သေသေချာချာ ကြည့်ပြီးပြီလား"

"ဝင်းတံခါးနားကျတော့ ကျောက်ခင်းထားတယ်ဆရာရဲ့၊ ခြေရာမထင်ဘူး"

"ဒါဖြင့် မြက်ပေါ်မှာ ခင်ဗျားတွေ့တာ သွားတဲ့ခြေရာလား၊ ပြန်တဲ့ခြေရာလား"

"ဒါတော့ ကျွန်တော် အမှန်မပြောနိုင်ဘူးဆရာရဲ့၊ မြက်တွေပြားနေတာကိုသာ ကျွန်တော် မြင်ရတာကိုး"

"ခြေကြီးလား၊ ခြေကလေးလား"

"ဒါလဲ ကျွန်တော် မပြောနိုင်ဘူး"

"ဒါဖြင့်လဲ မတတ်နိုင်ဘူးပေါ့။ နောက် ခင်ဗျား ဘာလုပ်သလဲ"

"ဒါနဲ့ ကျွန်တော် ဆောင်ကူးမှာ ခြေရာရှာကြည့်ပြန်တယ်။ ကြည့်တော့လဲ အုန်းဆံတွေ ခင်းထားလို့ ဘာမှ ကျွန်တော် မမြင်ရဘူးဆရာရဲ့၊ အလုပ်ခန်းထဲမှာတော့ စားပွဲနဲ့ဗီရိုဆက်လျက် စာရေးစားပွဲကြီး ရှိတယ်။ ဗီရိုမှာ နံဘေးတဘက်တချက်က အံဆွဲ ကလေးတွေရှိတယ်။ သူ့သော့ကတော့ သော့မရှိဘူး။ အလယ် အံမကြီးကတော့ သော့ခတ်ထားတယ်။ ဒီအထဲမှာ အဖိုးတန် စက္ကူတွေထားတယ်။ စက္ကူတွေ ဘာမှ မပျောက်ပါဘူးလို့ ဘာဘူကြီးက ပြောတာပဲဆရာရဲ့"

"အင်း ပြောစမ်းပါအုံး"

"ဒါနဲ့ အလောင်းကိုကြည့်တော့လဲ ကျွန်တော် ပြောခဲ့တဲ့အတိုင်း စူးနဲ့ထိုးတဲ့ ဒဏ်ရာကိုတွေ့တယ်။ ဒဏ်ရာကလဲ နောက်ကနေပြီးထိုးတဲ့ ဒဏ်ရာပဲ။ ဒီတော့ ကိုယ့်ကိုယ်ကို သတ်တယ်လို့လဲ မဆိုနိုင်ဘူးဆရာရဲ့"


www.burmeseclassic.com

www.burmeseclassic.com



"ဒူးပေါ်ကို မတော်လို့ လဲယင်ကောဗျာ"

"ဒါလဲ ကျွန်တော်စဉ်းစားမိတယ်။ သို့သော် လဲလို့ရှိယင် စူးတန်းလန်းကြီးတွေ့ရမယ် ဆရာရဲ့။ အခုတော့ အမေသောင်းနဲ့ စူးနဲ့က တော်တော်ဝေးတယ်။ ပြီးတော့ သေခါနီးပြောသွားတဲ့စကားကလဲရှိသေးတာကိုး ဆရာရဲ့။ ဒီ့ပြင်ဟာလဲ ဟောဒါတခုရှိသေးတယ် ဆရာရဲ့" ဟုပြော၍ ကိုအုန်းဖေသည် ကိုင်းမပါပဲ နှာရိုးတွင် ညှပ်၍ တပ်ရသော ရွှေမျက်မှန်တခုကို မိမိအိတ်မှ ထုတ်၍ ဦးစံရှားအား ပြပြီးလျှင်—

"စာရေးကလေးကလဲ မျက်စိမမှုန်ဘူး ဆရာရဲ့။ ဒီတော့ ဒီဟာ ကေနိမုချ သတ်တဲ့လူတပ်တဲ့ မျက်မှန်ဖြစ်ရမှာပဲ"

ဦးစံရှားလည်း မျက်မှန်ကိုယူ၍ သေချာစွာကြည့်ပြီးလျှင် မိမိ၏မျက်စိတွင်တပ်လျက် ပြတင်းပေါက်အနီးသို့သွား၍ လမ်းများကို မျှော်ကြည့်ပြီးနောက် မှန်ဘီလူးနှင့် တဖန်ကြည့်ပြန်ပြီးလျှင် စားပွဲတွင် ထိုင်လျက် စာအနည်းငယ်ရေး၍ ကိုအုန်းဖေအား ယင်းစာကို ပေးလိုက်လေ၏။

ယင်းစာသည်ကား—

သတ်သူမှာ ဘင်္ဂါလီကုလားမ၊ နှာရိုးကြီးကြီး၊ နဖူးရေ တွန့်တွန့်၊
ဝတ်ကောင်းစားကောင်း ဝတ်ဆင်လေ့ရှိသည်။ မျက်စိမှာလည်း တလုံးနှင့်
တလုံး အလွန်နီးသည်။ မကြာသေးမီက မျက်မှန်ပြင်သည့်တိုက်ကို နှစ်ကြိမ်
ရောက်ဖူးသည်။

ကိုအုန်းဖေနှင့် ကျွန်တော်သည်း စာကိုမြင်ရလျှင် လွန်စွာ အံ့ဩလျက် ရှိကြရာ ဦးစံရှားသည် ကျွန်တော်တို့၏ မျက်နှာထားကိုကြည့်၍ ပြုံးရယ်လျက်—

"အလွယ်ကလေးပဲဗျာ၊ ဒီလောကမှ ခင်ဗျားတို့ မရိပ်မိကြဘူးလား။ ဒီလို နှာတံမှာ ချိတ်ပြီးတပ်တဲ့ မျက်မှန်မျိုး ကျုပ်တို့ ဗမာလူမျိုးထဲက တပ်တာ ခင်ဗျားတို့ မြင်ဖူးသလား။ မမြင်ဖူးဘူး။ အင်မတန် တပ်ခဲဘယ်၊ ကျုပ်တို့တပ်ယင် ကိုင်းနဲ့ဟာကိုသာ တပ်ကြတယ် မဟုတ်လား။

"ဒီဟာမျိုးကတော့ နှာတံပေါ်တဲ့ လူမျိုးမှ တပ်လို့ရတာကိုးဗျ၊ ဒီတော့ တပ်တဲ့လူဟာ မုချကုလားသော်လည်းကောင်း၊ ဗိုလ်သော်လည်းကောင်း ဖြစ်ရမယ်။ ပြီးတော့ သေတဲ့လူ စကားထောက်ပြန်တော့ မိန်းမဖြစ်ရမယ် မဟုတ်လား။ ဒီတော့ သတ်တဲ့လူဟာ အင်္ဂလိပ်မ သော်လည်းကောင်း၊ ကုလားမ သော်လည်းကောင်း ဖြစ်ရမယ်၊ အင်္ဂလိပ်မနဲ့ ဒီက ဘဘူတွေနဲ့ ဆက်သွယ်ခြင်းရှိဖို့ ဆိုတာကလဲ အင်မတန် ခဲယဉ်းတယ် မဟုတ်လား။

"ဒါကြောင့် ကျုပ်က သူတို့လူမျိုးထဲက ဘင်္ဂါလီမ ဖြစ်ရမယ်လို့ ကျုပ်ဆိုတယ်။ ပြီးတော့ ညှပ်တဲ့နေရာကြည့်စမ်း။ ဘယ်လောက်ကျယ်သလဲ။ ကျုပ်တော်တော် နှာတံပေါ်တဲ့လူ မဟုတ်လား။ ဒါတောင်ကြည့်စမ်း၊ မျက်စိဘယ်ရောက်နေသလဲ။ မှန်ရဲ့ တေး ရောက်နေတယ် မဟုတ်လား။

"ဒီတော့ မျက်စိတခုနဲ့တခု အင်မတန်နီးတဲ့လူမှ ဒီမျက်မှန်နဲ့ တော်မယ် မဟုတ်လား။ ပြီးတော့ မျက်မှန်ကိုကြည့်စမ်း၊ ဘယ်လောက် ပါဝါကြီးတဲ့ မျက်မှန်လဲလို့။ အင်မတန်မျက်စိမှုံတဲ့လူမှ ဒီမှန်မျိုး တပ်လို့ရတယ်ဗျ။ ဒီတော့ ဒီလောက် မျက်စိမှုန်တဲ့လူဟာ ဘာဖြစ်မလဲ၊ ကြည့်ရတာ အားမရလို့ နဖူးရေကို တွန့်ပြီး ကြည့်လေ့ရှိတယ်။ ကြည့်ပါများတော့ နဖူးဟာ အမြဲ အရေတွန့်နေတတ်တာပဲဗျ။

"ဒါကြောင့် နဖူးရေတွန့်နေတယ်လို့ ကျုပ်ဆိုတယ်။ ပြီးတော့ ကိုင်းကို ကြည့်စမ်း။ ရွှေအစစ်ဗျ။ ရွှေရည်စိမ် မဟုတ်ဘူး။ ဒီတော့ မျက်မှန်ကို ဒီလောက် အဖိုးပေးပြီးဝယ်နိုင်တဲ့ မိန်းမဟာ ဝတ်တဲ့စားတဲ့နေရာမှာ နွမ်းနွမ်းနယ်နယ် ဝတ်ပါ့မလားဗျ၊ မဝတ်ဘူး။ ကဲ ဘာများလိုသေးသလဲ"

www.burmeseclassic.com



"မျက်မှန်ပြင်တဲ့ ဆိုင်ကို မကြာသေးမီက နှစ်ခေါက် ရောက်ဖူးတယ် ဆိုတာကကောဗျာ"

"သြော် ဒါကလား။ မျက်မှန်ကို သေသေချာချာ ကြည့်စမ်း၊ နှာခေါင်းမနာရအောင် ညှပ်တဲ့ နေရာက ဖော့ကလေး တဘက်တချက် ခံထားတယ် မဟုတ်လား။ အဲ တဘက်က ဖော့ကလေးကိုကြည့်စမ်း၊ နည်းနည်းဟောင်းနေတယ်။ အနည်းဆုံး တလလောက် ကြာရမယ်။ တခုကတော့ ကြည့်စမ်း၊ သစ်နေတယ် မဟုတ်လား။ ထည့်တာ ၁၀ ရက်လောက်ပဲ ရှိအုံးမယ်။

"ဒီတော့ ဘာသိနိုင်သလဲ၊ နှစ်ခုလုံး တပ်ပြီးတဲ့နောက်မှ တခုပျောက်သွားလို့ ဆိုင်မှာသွားပြီး လဲတယ်၊ ပြီးတော့ တခုနဲ့တခုလဲ လုံးလုံးကြီး တူတယ်မဟုတ်လား။ ဒီတော့ ပထမသွားပြီး ထည့်တဲ့ ဆိုင်မှာပဲ နောက်တခုသွားပြီး တပ်တယ်လို့ ကျုပ်ဆိုတယ်။ ဒါကြောင့် မကြာသေးမီအတွင်း မျက်မှန်ပြင်တဲ့ဆိုင်ကို နှစ်ခေါက် ရောက်ဖူးရမယ်လို့ ကျုပ် သိတယ်"

"ဟုတ်ပါပေတယ်ဗျာ၊ ကြည့်ပါအုံးတော့၊ ကျုပ်မှာ ဒီမျက်မှန် တွေ့လျက်သားနဲ့ ဒီဟာတွေ ကျုပ် မမြင်မိဘူး။ ဒါဖြင့် ကျွန်တော် မျက်မှန်ဆိုင်တွေ လျှောက်မေးအုံးမှ တော်မယ်"

"မေးတာပ၊ ဒီ့ပြင် ခင်ဗျား ပြောစရာ ရှိသေးသလား"

"မရှိပါဘူး ဆရာရယ်၊ ကျွန်တော် သိသလောက် ဆရာသိပြီးပါပြီ။ ဆရာကတော့ပိုပြီး သိအုံး မလား မပြောတတ်ဘူး။ အစဉ်းစားရခက်တာ တခုက ဘယ်အတွက် သတ်တယ်ဆိုတာ စဉ်းစားဖို့ ခက်လှတယ် ဆရာရယ်၊ ဆရာကော ဘယ်အတွက်ကြောင့် ထင်သလဲ"

"ဒါတော့ ကျုပ်လဲ အခု မပြောနိုင်သေးဘူး၊ နက်ဖြန် ကျုပ် လိုက်ပြီး ကြည့်ရယင်ဖြင့် ပြော နိုင်စရာ ရှိပါရဲ့"

"ဒါဖြင့် မနက်ကျတော့ တဆိတ်လောက် လိုက်ပါအုံးဆရာရယ်၊ မော်တော်ကားနဲ့သွားတာပေါ့"

"အင်း ဒီအမှုမှာ ကျုပ် သိချင်တဲ့ အချက်ကလေး တခုနှစ်ခု ရှိတယ်၊ မနက်ကျတော့ လိုက်တာပေါ့။ အလို နာရီပြန် တချက်တောင် ထိုးပါပြီကောလား၊ ကဲ ကဲ ခင်ဗျားလဲ ဒီမှာပဲ အိပ်ပေတော့၊ မနက် စောစော ကျုပ်တို့ သွားတာပေါ့"

× × ×

နံနက်လင်းလျှင် ကျွန်တော်တို့သည် ကော်ဖီတခွက်စီနှင့် ပေါင်မုန့်အနည်းငယ် စားသောက်ကြပြီးနောက် မော်တော်ကားနှင့် အင်းလျားကန်သို့ သွားကြ၏။

ခြံပေါက်သို့ ရောက်လျှင် ကိုအုန်းဖေက အစောင့်ထားခဲ့သော ပုလိပ်သားနှင့် တွေ့၍—

"ဘာများ ထူးသေးသလဲဟေ့"

"ဘာမှ မထူးပါဘူး ဆရာ"

"လူစိမ်းတယောက် မမြင်မိဘူးလားလို့ မင်း ထောက်လှမ်းကြည့်တယ် မဟုတ်လား"

"ကျွန်တော်လိုက်ပြီး မေးတယ် ဆရာရဲ့၊ ဘယ်သူကမှ မြင်တယ်လို့ မပြောဘူး"

ကိုအုန်းဖေက ဦးစံရှားအား—

"ကျွန်တော်ပြောတဲ့ နောက်ဖေးလမ်းဆိုတာ ဒီဟာပဲ ဆရာရဲ့"

"မြက်တွေ လဲနေတာ တွေ့တယ်ဆိုတာ လမ်းဒီဘက်ကလား၊ ဟိုဘက်ကလား"

"ဟိုဘက်က ဆရာရဲ့၊ ပန်းပင်တွေစိုက်ဖို့ လုပ်ထားတဲ့ အခင်းနဲ့ လမ်းနဲ့ အကြားက မြက်ခင်းပေါ်မှာ ဆရာရဲ့။ အခုတော့ ကျွန်တော်လဲ မမြင်နိုင်ဘူး။ မနေ့ကတော့ ထင်ထင်ရှားရှားပဲ ကျွန်တော်မြင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးစံရှားလည်း မြက်များကို ကြည့်လျက်—

“အဟမ်း၊ ပန်းခင်းနဲ့ လမ်းနဲ့ စပ်ကြားကို သည့်တည့်မတ်မတ် လျှောက်သွားနိုင်တာ တော်တော် ထူးဆန်းတယ်ဗျနော်၊ လမ်းပေါ်နင်းမိယင်လဲ ခြေရာထင်မယ်၊ ပန်းခင်းထဲ နင်းမိယင်လဲ့ ခြေရာ သာပြီး ထင်အုံးမယ်နော်”

“ဟုတ်တယ် ဆရာရဲ့၊ တော်တော် သတိကောင်းတဲ့ မိန်းမပဲ”

“ဒီမြက်ပေါ်က လျှောက်ပြီး ပြန်သွားတယ်လို့ ခင်ဗျား ထင်တယ်မဟုတ်လား”

“ဟုတ်တယ် ဆရာရဲ့”

“အင်း၊ တော်တော် ထူးဆန်းတယ်ဗျာ၊ ကဲ ကဲ၊ လမ်းမှာ ကြည့်စရာ ကုန်ပါပြီ။ ဒီ့ပြင်ဟာတွေ ကြည့်ကြပါအုံးစို့။ ဒီဝင်းတံခါးဟာ ကလန့်ကလေးနဲ့ အသာပိတ်ထားတယ် မဟုတ်လား။ ဒီတော့ ဒီမိန်းမက ကလန့်ကို အသာဖွင့်၊ ဖွင့်ပြီး မြက်ခင်းပေါ်က လျှောက်သွား၊ နောက်ဖေးပေါက်ရောက်၊ ရောက်တော့ ဆောင်ကူးက အသာဝင်၊ ဆောင်ကူးမှာလဲ အုန်းဆန်တွေ ခင်းထားလို့ ခြေရာမထင်နိုင်ဘူး။

“လာတုန်းကတော့ သတ်ဖို့လာတဲ့ လက္ခဏာ မဟုတ်ဘူး၊ သတ်ဖို့လာယင်ဖြင့် လက်နက်တစုံတရာကို ယူပြီးလာမှာပဲ။ အခုတော့ ရုတ်တရက် ရှောင်ကခင်တွေ့တဲ့ လက်နက်နဲ့ဆွဲပြီး ထိုးလိုက်တဲ့ လက္ခဏာပဲ။ အလုပ်ခန်းထဲမှာ ဘယ်လောက်ကြာကြာနေတယ်လို့ ကျုပ်တို့ မသိနိုင်ဘူးနော်”

“ဩော် ကျွန်တော် မေ့နေလို့ တခု မပြောမိဘူး။ ခိုင်းတဲ့ မိန်းမကြီးက မကြာသေးခင်ကပဲ အခန်းကို ရှင်းလင်းပြီး အိမ်ပေါ်တက်သွားသတဲ့ ဆရာရဲ့၊ သူ့စိတ်ထင်ဖြင့် ၁၅ မိနစ်လောက်ပဲ အလွန်ဆုံး ကြာနိုင်မယ်တဲ့”

“ဩော် ဟုတ်လား၊ ကဲ ဒါဖြင့် သတ်တဲ့မိန်းမက အခန်းထဲ ဝင်လာပြီး ရှေးဦးစွာ ဘာကြည့်မလဲ၊ ဗီရိုကို သူကြည့်မယ်။ ဒီ့ပြင်လဲ အခန်းထဲမှာ ကြည့်စရာ ဘာမှ မရှိပဲကိုး။ ဗီရိုကိုကြည့်တော့ အံဆွဲကလေးတွေ ထဲကဟာလဲ သူ့လိုချင်ဘူး။ သူလိုချင်လောက်တာရှိယင် သော့ခတ်ထားတဲ့လူက သော့မခတ်ပဲ ဘာထားမလဲ။

“ဒီတော့ ဘာလိုချင်သလဲ၊ အသယ်က အံဆွဲကြီးထဲကဟာ သူ လိုချင်တယ်၊ အလို၊ ဒီမှာ ခြစ်ရာ ကလေးတခု ထင်တယ်၊ မီးခြစ်စမ်းဗျာ ကိုသိန်းမောင်။ ဩော် ဟုတ်သားကပဲ၊ ခြစ်ရာကလေးပါကလား၊ ဒီဟာ ဘာပြုလို့ ကျုပ်ကို မပြောရသလဲဗျ ကိုအုန်းဖေရဲ့”

ယင်း အခြစ်ရာကလေးမှာ သော့ပေါက်အနီး သစ်သားကို ခြစ်မိသော အရာဖြစ်၍ အလျား ၄ လက်မခန့် ရှိလေ၏။

ထိုအခါ ကိုအုန်းဖေက—

“ကျွန်တော်လဲ မြင်ပါရဲ့ ဆရာရယ်၊ သို့သော်လဲ သော့ပေါက်နားမှာ ဆိုတာတော့ ခြစ်မိတဲ့ အရာ ရှိတာချည်းပေါ့ ဆရာရဲ့”

“ရှိပေမယ့် ဒီအရာက မကြာသေးဘူးဗျ၊ နံဘေး တဘက်တချက်က ဆေးမှုန့်ကလေးတွေ မမြင်ဘူးသလားဗျ။ ကြည့်စမ်း ကျုပ် မှန်ဘီလူးနဲ့” ဟု ပြော၍ ကျွန်တော်တို့လည်း ခြစ်ရာကိုမှန်ဘီလူးနှင့် ကြည့်ရာ သယ်ကြောင်းတွင် မြေဇာတက်သကဲ့သို့ ဆေးမှုန့်တို့သည် နံဘေးတဘက်တချက်၌ လိပ်လျက် တက်နေသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ဦးစံရှားက—

“ဘယ်မလဲ ခိုင်းတဲ့ မိန်းမကြီးဆိုတာ၊ ခေါ်လိုက်စမ်းဗျာ” ဟု ပြော၏။ မိန်းမကြီး ရောက်လာသောအခါ ဟိန္ဒူတာသာဖြင့်--



www.burmeseclassic.com

www.burmeseclassic.com



"ဒီစားပွဲနဲ့ ဗီရိုကို ဒီမနက် ဖွင့်ခဲ့ပါသေးသလား"

"ဖွင့်ခဲ့ပါဘူး"

"ကျုပ်လဲ ဒီလိုပဲထင်တာပဲ။ ခါလို့ရှိယင် ဒီက ဆေးမှုန့်ကလေးတွေ ကျုပ်တို့ မြင်ရမယ် မဟုတ်ဘူး။ အလန့်ပါ ကြုန့်မယ်။ ဒီဗီရိုက သော့ ဘယ်သူ့ဆီမှာ ရှိသလဲ"

"ဘာဘူကြီးဆီမှာ ရှိတယ်"

"သော့ ရိုးရိုးလား"

"အာမခံသော့"

"ကြော် ဟုတ်လား၊ ကဲ သွားပေတော့"ဟု ပြော၍ အစေခံမိန်းမ သွားလျှင် ဦးစံရှားက—

"ကဲ ကျုပ်တို့ တော်တော်တော့ နီးလာပြီ။ ဒီမိန်းမက အခန်းထဲဝင်ပြီး ဘာလုပ်သလဲ။ ဒီဗီရို ဖွင့်တယ်။ ဖွင့်နေတုန်း စာရေးကလေးက ရောက်လာတယ်၊ စာရေးကလေးကိုမြင်တော့ သော့ကို ပျာယီး ပျာယာ နုတ်ယူလိုက်တယ်၊ ယူလိုက်တော့ ဗီရိုကို ခြစ်မိသွားတယ်။

"ဒီတော့ စာရေးကလေးက သူ့ကို ဆွဲထားတဲ့ လက္ခဏာရှိတယ်။ ဒါနဲ့ စားပွဲပေါ်က စူးကလေး မြင်လေတော့ တွေ့တာနဲ့ ကောက်ပြီးထိုးလိုက်တာ၊ ချက်ကောင်းထိုးမိလို့ သေသွားတဲ့ လက္ခဏာပဲ။ စာရေးကလေးလဲ သေရော၊ သူလဲ ထွက်ပြေးရော၊ သူလိုချင်တာ ရတယ် မရဘယ်တော့ ကျုပ်တို့ မသိနိုင် သေးဘူး။ ဟိုဂိုင်းတဲ့ မိန်းမကြီး သွားပြီလား၊ ခေါ်လိုက်ပါအုံး"ဟု ဆိုသဖြင့် မိန်းမကြီးရောက်လာလျှင်—

"ဒီမှာ၊ သတ်တဲ့လူဟာ ဒီဘက်အပေါက်ကများ ထွက်မပြေးနိုင်ပေဘူးလား"

"မပြေးနိုင်ပါဘူး၊ ဒီဘက်ကလာယင် ကျွန်မနဲ့ တွေ့မှာပေါ့။ ဟိုဘက်က သွားယင်လဲ ဘာဘူကြီးနဲ့ တွေ့မယ်။ နောက်ဖေးလမ်းတခုကပဲ ထွက်သွားဖို့ လမ်းရှိတယ်"

"ကဲ ဒါဖြင့် သေချာပြီ၊ လာတဲ့လမ်းကပဲ ပြန်ထွက်တာပဲ။ ဒီလမ်းကတော့ ဘာဘူကြီး အခန်း သွားတဲ့လမ်းနော်၊ ကဲလေ ဘာဘူကြီးနဲ့ စကားတွေ့ရအောင်။ အလို ဒီမှာလဲ အုန်းဆံတွေ ခင်းထားပါ ကလား"

"ခင်းထားတယ် ဆရာရဲ့၊ ဒါ ဘာပြုသလဲ"

"အခုတော့ မပြောနိုင်သေးပါဘူးဗျာ၊ အရမ်းအဆလောက်ပဲ ရှိပါသေးတယ်။ ကဲ လာ၊ ဘာဘူကြီး အခန်း သွားမယ်"

ကျွန်တော်တို့သည် စင်္ကြံလမ်းကြားမှ ဖြတ်၍ လှေကားဖြင့် တက်သွားရာ လှေကားအဆုံးတွင် ဘာဘူကြီး၏ အခန်းတံခါးကို မြင်၍ ကိုအုန်းဖေက အခန်းတံခါးကို ခေါက်ပြီးလျှင် အခန်းတွင်းသို့ ဝင်သွားကြလေ၏။

ဘာဘူကြီးမှာ အိပ်ရာမှ မထသေးပဲ အိပ်ရာတွင်လှဲကာ စာဖတ်လျက် ရှိနေရာ အခန်းသည်ကား အလွန်ကျယ်ဝန်း၍ စာအုပ်တည့်သည့် ဗီရိုကြီးတို့မှာ အမြောက်အမြားပင် ရှိ၏။

ဘာဘူကြီးသည် ကျွန်တော်တို့ကိုမြင်သောအခါ စာအုပ်ကိုချပြီးနောက် ကုလားထိုင်များကို ညွှန်ပြ လျက် အိပ်ရာမှ ထပြီးလျှင် မိမိအနီးတွင်ရှိသော စီးကရက်ဗူးကို ယူ၍ တည်ခင်းလေ၏။ ၎င်းဘာဘူကြီးမှာ အသက် ၆၀ ကျော်ခန့်အရွယ်ရှိ၍ ဆံပင်များ ဖွေးဖွေးဖြူလျက်ရှိရာ မျက်စိတို့မှာကား စူးရှသောတန်ခိုး ရှိလျက် ကျွန်တော်တို့ ၃ ယောက်ကို တယောက်ပြီးတယောက် ကြည့်ပြီးလျှင် နောက်ဆုံး၌ ဦးစံရှားအား အင်္ဂလိပ်ဘာသာဖြင့် "စီးကရက် သောက်ပါမိတ်ဆွေ၊ ဒီစီးကရက်မျိုးက ခင်ဗျားတို့ဗမာပြည်မှာ ရနိုင်တဲ့

www.burmeseclassic.com



စီးကရက်မျိုး မဟုတ်ဘူး။ ဘိလပ်က မှာယူတဲ့ စီးကရက်မျိုးဖြစ်လို့ အင်မတန် ကောင်းပါတယ်။ သောက်ကြည့်စမ်းပါ''ဟု ပြောရာ—

ကျွန်တော်က ''ဒီပြင်ဟာ ဒါလောက် မစုံမက်ဘူး၊ စီးကရက်ဆာခုတော့ ကောင်းကောင်း သောက်ချင်တယ်''ဟု ပြန်ပြော၍ စီးကရက်တလိပ်ကို မီးညှိသောက်ပြီးနောက် ဗူးကို ဦးစံရှားဘက်သို့ တွန်းလိုက်ရာ ဦးစံရှားလည်း စီးကရက်တလိပ်ကို မီးညှိသောက်လေ၏။

ထို့နောက် ဘာဘူကြီးက ဦးစံရှားအား ''ဒီသူငယ်ကလေး သေသွားတာ တယ်ပြီး နှမြောဖို့ ကောင်းတယ်ဗျာ၊ အင်မတန် တော်တဲ့ သူငယ်ကလေးပဲ။ အင်မတန် ယုံကြည်စိတ်ချရတယ်။ ဒါနဲ့ ဒီအမှု ခင်ဗျား ဘယ့်နှယ်ထင်သလဲ''

''အခုတော့ ကျွန်တော် ဘာမှ အမှန် မပြောနိုင်သေးဘူး''

''ဒါဖြင့် တဆိတ်လောက် ကြည့်ပြီး တတ်အားသမျှ ကြိုးစားစမ်းပါမိတ်ဆွေ၊ ကျုပ်တို့ကတော့ စာလောက်သာ ဝါသနာပါတယ်၊ ဒီလိုဟာတွေကိုတော့ နားမလည်ပါဘူး။ မိတ်ဆွေတို့က စုံထောက် ဆိုတော့ ဒါမျိုးတွေ လုပ်နေ ကိုင်နေကျမို့လို့ နားလည်မှာပဲ။ တတ်နိုင်သမျှ ကြိုးစားပြီး လုပ်စမ်းပါ မိတ်ဆွေ'' စသည်ဖြင့် ပြောလျက်ရှိစဉ် ဦးစံရှားသည် ထိုင်ရာမှထ၍ အခန်းထဲတွင် ကြော့လျှောက်လျက် စီးကရက်များကို အလွန်နှစ်သက်သော အမူအရာဖြင့် တလိပ်ပြီးတလိပ် မီးညှိ၍ သောက်နေစဉ် ဘာဘူ ကြီးက ဆက်လက်၍—

''ကျုပ်ဖြင့် ဒီသူငယ် သေသွားတဲ့အတွက် ကျုပ်လုပ်နေတဲ့ အလုပ်တောင် စိတ်ခပ်ပျက်ပျက် ဖြစ်နေ တာပဲ မိတ်ဆွေ၊ ကျုပ်က အိန္ဒိယပြည် ရာဇဝင်ကို ရှေးစာဟောင်းများက ရှာဖွေထုတ်နုတ်ပြီး အင်္ဂလိပ် ဘာသာနဲ့ ရေးနေတာကလား မိတ်ဆွေ။ အခုရှိတဲ့ရာဇဝင်တွေက ကျုပ်ရေးနေတဲ့ ရာဇဝင်လို ဘာ စုံလင် မလဲ။ ဒီလောက် အရေးကြီးတဲ့ အလုပ်ကြီး လုပ်နေတုန်း ဒီသူငယ်က ဒီလို ဖြုန်းကနဲ ဖြစ်သွားရတာ ကျုပ်ဖြင့် လက်ရုံးတဘက်ပြုတ်တာပဲ မိတ်ဆွေ။ အလို၊ ခင်ဗျားလဲ ကျုပ်စီးကရက်ကို တယ်ပြီးကြိုက်တယ် မှတ်တယ်။ ခဏကလေးနဲ့ သုံးလိပ်တောင် ကုန်သွားပြီ''

''ဟုတ်တယ်ဗျာ၊ တယ်ကောင်းတဲ့ အမျိုးပဲ။ ဒါနဲ့ ဘာဘူကြီးက ဟိုနေ့တုန်းက အိပ်ခန်းထဲမှာ ရှိတယ်ဆိုတော့ တယ်ပြီး ဒီအကြောင်း သိမယ်မဟုတ်လို့ မေးစရာ များများတော့ မရှိပါဘူး၊ တခုပဲ မေးချင်ပါတယ် ဆရာရေ့၊ ဟိုမိန်းမပဲလို့ စာရေးကလေးက သေခါနီးပြောသွားတဲ့ စကားအဓိပ္ပာယ်က ဘာတဲ့လဲ''

''ဟာ၊ မိတ်ဆွေက ဒီမိန်းမပြောတဲ့စကား ယုံနေသလား၊ ဒင်းတို့က အရိုင်းအစိုင်းတွေ ကလား၊ ဘာမှ ပညာဗဟုသုတ ရှိတာတွေမှ မဟုတ်ပဲ။ ဟိုခမျာက သေခါနီး သွေးရူး သွေးတန်းနဲ့ ပြောချင်တာ ပြောသွားတာ၊ သူတို့က ကြားချင်သလိုကြားပြီး မှတ်ချင်သလို မှတ်ထားတာပါ မိတ်ဆွေရဲ့''

''ဒါဖြင့် ဒီစကားအဓိပ္ပာယ် ဘာဘူကြီးလဲ မပြောနိုင်ဘူးပေါ့လေ၊ နို့ ဒီသူငယ်သေပုံကော ဘာဘူကြီးက ဘယ်လို သဘောရသလဲ''

''ကျုပ်သဘောလား၊ ကျုပ်ဖြင့် မတော်တဆပဲ ဖြစ်သလား၊ ကိုယ့်ကိုယ်ကိုပဲ သတ်သလား မပြောတတ်ပါဘူးမိတ်ဆွေရယ်၊ လူငယ်ဆိုတာမျိုးက အခက်သားကလား မိတ်ဆွေ၊ ကြိုက်တဲ့မိန်းမ မရ လို့လား ဘာလား၊ ဘာကြောင့်စိတ်ညစ်တယ်ဆိုတာ ကျုပ်တို့ သူတို့ဝမ်းထဲ ဘာလိုက်သိနိုင်မလဲ။ သူများ သတ်တယ်လို့တော့ ကျုပ်မထင်ပါဘူး''

''နို့ မျက်မှန်ကကော ခါဗျာ''

www.burmeseclassic.com



"ခြောက် ကျုပ်တို့က ဒါမျိုးတွေတော့ နားလဲ မလည်ပါဘူး မိတ်ဆွေ၊ အရမ်းအဆ လောက်သာ ပြောရတာပါ။ သို့သော် ယောကျ်ားကလေးနဲ့ မိန်းကလေး သမီးရည်းစားဖြစ်ကြတယ်ဆိုတော့ တယောက်နဲ့ တယောက် အထိမ်းအမှတ် တစုံတခု ပေးတတ်ကြတာကိုး မိတ်ဆွေရဲ့။ ဒီတော့ ဒီမျက်မှန်က သူ့ရည်းစား တပ်တဲ့ မျက်မှန်ကို အထိမ်းအမှတ် အဖြစ်နဲ့ သူ့ပေးထားတာများ ဖြစ်ချင်ဖြစ်မယ်၊ ကျုပ်တို့ ဘယ်သိနိုင်မလဲ။

"မြက်ပေါ်မှာ ခြေရာတွေ့တယ်လို့ ဟိုက အင်စပက်တော်မင်း ပြောတာကလဲ ကျုပ်တို့ ဟုတ်မယ် မထင်ပါဘူး။ အရမ်းအဆနဲ့ ပြောတာထင်ပါရဲ့။ စူးတန်းလန်း မတွေ့ဘူး ဆိုတာမှာလဲ ကိုယ့်ကိုယ်ကို ထိုးပြီး လဲသွားတော့မှ တခြားလွင့်သွားတယ်ဆိုယင်လဲ ဖြစ်နိုင်တာကိုး မိတ်ဆွေရဲ့။ သို့သော်လဲ ကျုပ်တို့ နားမလည်ပါဘူး။ ကျုပ်ထင်တာ ကျုပ်ပြောရတာပါပဲ။ ဟုတ်ချင်လဲဟုတ်၊ လွဲချင်လဲလွဲမယ်ပေါ့လေ"ဟု ပြောလေလျှင် ဦးစံရှားမှာ တစုံတရာကို စဉ်းစားနေသည့် အမူအရာဖြင့် စကြံ့လျှောက်လျက် စီးကရက်များကို တလိပ်ပြီး တလိပ် အလျှင်မပြတ် သောက်ရှူကာ နေလေ၏။

ထို့နောက် ဦးစံရှားသည် ဘာဘူကြီးဘက်သို့ ရုတ်တရက် လှည့်၍ ရပ်လျက်–

"ဗီရို အံမကြီးထဲ ထည့်ထားတဲ့ ပစ္စည်းများက ဘာများလဲ ဘာဘူကြီးရဲ့"

"အလကားဟာတွေပါ မိတ်ဆွေ။ သူခိုးများမှာ အသုံးကျတဲ့ ပစ္စည်းမျိုး မဟုတ်ပါဘူး။ ဒီအထဲမှာတော့ စာတွေ၊ ကျုပ်ရတဲ့ လက်မှတ်တွေ၊ ဒီ့ပြင် မှတ်တမ်းတွေပဲပါ။ ကျုပ်မှာ အဖိုးထိုက်ပေမယ့်ဒီ့ပြင် လူမှာ အဖိုးထိုက်မှာ မဟုတ်ပါဘူး။ ဟောဒီမှာ သော့ရှိသားပဲ။ ခင်ဗျား ကြည့်ချင်ယင် ကြည့်ပါလား" ဟု ပြော၍ သော့ကို ထုတ်ပေးရာ ဦးစံရှားလည်း သောကို ခဏမျှ ကြည့်ပြီးနောက် ပြန်ပေး၍–

"တော်ပါပြီခင်ဗျာ၊ ကြည့်ပေမယ့် မထူးပါဘူး။ ကဲ ကျွန်တော် ခြံထဲ ခဏလောက်သွားပြီး စဉ်းစားစမ်းပါရစေအုံး။ ၁၂ နာရီကျမှ ကျွန်တော် တခေါက်လာပြီး ထင်မြင်ချက်ကို ပြောလာပါ့မယ်။ ဘာဘူကြီး ပြောတဲ့အတိုင်း ကိုယ့်ကိုယ်ကို သတ်သေတယ် ဆိုတာ ဟုတ်လောက်တဲ့ လက္ခဏာတော့ ရှိပါရဲ့။ ကဲ ကဲ၊ ခွင့်ပြုပါအုံး ခင်ဗျာ၊ ၁၂ နာရီကျမှ ကျွန်တော်တို့ တခေါက် လာခဲ့ပါအုံးမယ်"ဟု ပြော၍ အခန်းမှ ထွက်ပြီးလျှင် အိမ်နောက်သို့ သွား၍ စကြံ့လျှောက်နေကြလေ၏။

ဦးစံရှားလည်း ကျွန်တော်တို့အား စကားတခွန်းမျှ မပြောပဲ တစုံတရာ စဉ်းစားသည့် ဟန်ဖြင့် အိတ်နှစ်ဘက်တွင် လက်နှိုက်ကာ စကြံ့လျှောက်နေစဉ် ကျွန်တော်က–

"ဘယ့်နှယ်လဲ ဦးစံရှားရဲ့၊ ဘာများ ထူးသေးသလဲ"

"မပြောနိုင်ဘူးဗျ၊ ကျုပ် သောက်ခဲ့ရတဲ့ စီးကရက်ပေါ်မှာ တည်နေတာပဲ။ ကျုပ် ထင်တာ မှန်တယ် မှားတယ်ဆိုတာ စီးကရက်က ဆုံးဖြတ်ပါလိမ့်မယ်"

"ဘယ့်နှယ်လဲ ဦးစံရှားရယ်၊ စီးကရက်နဲ့ အမှုနဲ့ ဘာဆိုင်လို့လဲဗျ"

"နေပါအုံးဗျာ၊ အချိန်တန်တော့ နပိန် ကန်လိမ့်မယ်တဲ့၊ မကြားဖူးဘူးလား။ အလို ဟောဟိုမှာ ထမင်းချက်တဲ့ မိန်းမကြီး မဟုတ်လား။ ကဲ လာကြ လာကြ၊ ကျုပ် စကား တခွန်း နှစ်ခွန်း မေးစရာ ရှိတယ်"ဟု ပြော၍ ဦးစံရှားသည် ထမင်းချက် ကုလားမကြီးထံ သွား၍ ဟိန္ဒူဘာသာကိုလည်း ကောင်းစွာ တတ်သည့်အလျောက် ကုလားမကြီးနှင့် စကားလက်ဆုံ ဝင်လျက် ရှိကြလေ၏။

အတန်ငယ် ကြာလတ်သော် ထမင်းချက် မိန်းမကြီးက–



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ရှင် ထင်တဲ့အတိုင်းပဲ၊ ကျွန်မတို့ ဘာသာကြီးက စီးကရက် သိပ်ကြိုက်တယ်။ တခါ တခါများ သူ့အခန်းထဲမှာ မီးလောင်နေသလား မှတ်ရတယ်။ မီးခိုးတွေ တထောင်းထောင်းနဲ့ ထမင်းချက်တဲ့ မီးဖိုမှာတောင် သူ့အခန်းလောက် မီးခိုး မထွက်ဘူး"

"ဆေးလိပ် ဒီလောက် သောက်ယင် ထမင်းစား ပျက်မှာပေါ့၊ မဟုတ်ဘူးလား"

"ဒါတော့ ကျွန်မတို့ နားမလည်ဘူး"

"ဘာသာကြီးက အင်မတန် အစားသေးတယ် မဟုတ်လား"

"တခါတခါလဲ စားနိုင်တယ်၊ တခါတခါလဲ မစားနိုင်ဘူး"

"ကဲဗျာ မနေ့ညက သူဘာမှ မစားနိုင်ပေဘူး၊ ကျုပ် လောင်းဝံ့တယ်၊ ဘယ့်နှယ်လဲဗျ"

"ဒါတော့ ရှင်လွဲပြီ၊ မနေ့ညက အခါတိုင်းထက်တောင် ပိုပြီး စားနိုင်တယ်။ ဒီကနေ့ မနက်လဲ စားစရာ များများ ပို့ရမယ်လို့ ကျွန်မကို မှာထားတယ်"

"ဩော် ဟုတ်လား၊ ကဲ ကျုပ်တို့ သွားပါအုံးမယ်၊ ၁၂ နာရီမှ ပြန်လာအုံးမယ်" ဟု ပြော၍ ကျွန်တော်တို့သည် ကမာရွတ်သို့ ခြေကျင် လျှောက်သွားကြပြီးလျှင် စားစရာများ စားသောက်ပြီးနောက် ၁၂ နာရီ ထိုးသည်နှင့် တဖန် ဘာသာကြီး အိမ်သို့ ပြန်လာကြလေ၏။

အိမ်တွင်းသို့ ရောက်လျှင် အစေခံ မိန်းမကြီးနှင့် တွေ့၍ ဦးစံရှားသည် မိန်းမကြီးနှင့် စကား ပြောပြန်၏။

စာရေးကလေး သေသည့် နံနက် စောစော၌ တယောက်တည်း လမ်းလျှောက် ထွက်သွားကြောင်း ထပ်မံကြားသိရပြန်သောအခါ ဦးစံရှားမှာ မိမိထင်သည့် အတိုင်း ဖြစ်သည် ဟူသော မျက်နှာထားနှင့် ကောင်းစွာ နားထောင် မှတ်သားပြီးနောက် အချိန်ကျသည်နှင့် ဘာသာကြီး အခန်းသို့ တက်သွားကြ၏။

အခန်းတွင်းသို့ ရောက်သောအခါ ဘာသာကြီးက စီးကရက်များကို ယနေ့နည်းတူ သောက်ရန် တိုက်တွန်းပြီးနောက် ဦးစံရှားအား—

"ဘယ့်နှယ်လဲ မိတ်ဆွေ၊ ဘာများ အကြောင်းထူးသေးသလဲဗျ" ဟု မေးရာ ဦးစံရှားက ဘာမျှ ပြန်မပြောသေးပဲ စီးကရက်ဗူးကို လှမ်းယူလိုက်သည်တွင် လက်ချော်သွားသဖြင့် စီးကရက်ဗူးသည် ကြမ်းပေါ်သို့ ကျသွားရာ စီးကရက်များသည် ကြမ်းပေါ်သို့ အန့်အပြား လိမ့်သွားကြလေသည်။

ထိုအခါ ကျွန်တော်တို့ သုံးဦးသည် ကြမ်းပေါ်သို့ ဒူးထောက်လျက် စီးကရက်များကို အကြိုအကြားတို့မှ ကောက်ယူ၍ ဗူးထဲသို့ ထည့်ကြသည်။

ဦးစံရှား၏ မျက်နှာထားမှာ အမှုနှင့် ပတ်သက်၍ တစုံတရာ တွေ့ရှိသည့်အခါ ထ[illegible]မြဲဖြစ်သော မျက်နှာထားမျိုးအတိုင်း ဘာသာကြီးအား ကြည့်လျက်ရှိသည်ကို တွေ့ရသဖြင့် ကျွန်တော့်မှာ ဦးစံရှားသည် ကား အကြံအစည် တခုနှင့် စီးကရက်ဗူးကို တမင် မှောက်ပစ်လိုက်ခြင်းဖြစ်၍ မိမိ ထင်သည့်အတိုင်း တစုံ တခုကို တွေ့ရှိလေပြီဟု သိရှိရ၏။

ထိုအခါ ဘာသာကြီးက—

"ဘယ့်နှယ်လဲ မိတ်ဆွေ၊ စဉ်းစားလို့ ရပြီလား" ဟု မေး၏။

"ရပြီ" ဟု ဦးစံရှားက ပြန်ပြောသဖြင့် ကိုအုန်းဖေသည် အလွန်အံ့ဩသော မျက်နှာထားနှင့် ဦးစံရှားအား ကြည့်နေသေး၏။ ဘာသာကြီးကမူ ပြောင်လှောင်လိုသော မျက်နှာထားနှင့် ဦးစံရှားအား ကြည့်နေရာမှ—

"ဘယ်မှာ စဉ်းစားလို့ ရသလဲ၊ ဥယျာဉ်ထဲမှာလား" ဟု မေးရာ ဦးစံရှားက—

---



www.burmeseclassic.com

www.burmeseclassic.com


"ဥယျာဉ်ထဲမှာ မဟုတ်ဘူး။ ဒီမှာ စဉ်းစားလို့ ရတယ်"ဟု ပြန်ပြော၏။

"အလို ဘယ်တော့ကလဲ"

"အခုပဲ စဉ်းစားလို့ရတယ်" ဟု ပြောသဖြင့် ဘာဘူကြီးက–

"ပျက်ချော်ချော် မပြောပါနဲ့မိတ်ဆွေ၊ ဒီအမှုက အများကြီး အရေးကြီးတဲ့အမှုပါ။ မိတ်ဆွေက ပျက်ချော်ချော် ပြောစရာအမှု မဟုတ်ပါဘူး" ဟု ပြောလိုက်၏။

ရှား။ ။"မဟုတ်ပါဘူး ဘာဘူကြီးရဲ့၊ ပျက်ချော်ချော်ပြောဖို့ ကျွန်တော် ဝါသနာလဲမရှိပါဘူး။ ကျွန်တော် စဉ်းစားရလို့ ရတဲ့အကြောင်း ပြောတာပါ။ မနက်တုန်းကတော့ တယ်ပြီး မသေချာသေးဘူး။ အခုတော့ သေချာပါပြီ။ သို့သော် ဘာဘူကြီးက ဘာကိုရည်ရွယ်တယ်၊ ဒီအမှုမှာ ဘာဘူကြီး ဘယ်လောက် ပါဝင်တယ်ဆိုတာတော့ ကျွန်တော် အမှန်မပြောနိုင်သေးဘူး။ ဒါတော့ ဘာဘူကြီးပြောမှ ကျွန်တော်တို့ သိရမှာပဲ။

"သို့သော် ကျွန်တော်သိသလောက် ပြောရမှာဖြင့် မနေ့က ဘာဘူကြီးတို့လူမျိုး ဘင်္ဂါလီမ တယောက် ဘာဘူကြီးအလုပ်ခန်းထဲ ဝင်လာတယ်။ ဝင်လာတဲ့အကြောင်းကတော့ ဘာဘူကြီး ဗီရိုအံမကြီး ထဲမှာ ထားတဲ့ စက္ကူတွေ လိုချင်လို့ လာတာပဲ။ သူ့မှာ ဗီရိုဖွင့်ဖို့သော့လဲ ပါလာတယ်"ဟု ပြောသဖြင့် ဘာဘူကြီးက မယုံကြည်သော မျက်နှာထားဖြင့်–

"ဒီလောက် ခင်ဗျား သိယင်ဖြင့် ဒီမိန်းမ အခုဘယ်ရောက်နေတယ်ဆိုတာ ပြောနိုင်မှာပေါ့။ ဒါဖြင့် အခု ဘယ်မှာလဲဗျာ"

ရှား။ ။"နေပါအုံး၊ ဖြည်းဖြည်းတော့ ပြောပါ့မယ်၊ ဒါနဲ့ ဗီရိုကိုဖွင့်နေတုန်း စာရေးကလေးက မိသွားတယ်၊ မိတော့ သူ့ကိုလွတ်အောင် စားပွဲပေါ်မှာ တွေ့တဲ့စူးနဲ့ ကောက်ပြီး ထိုးလိုက်တယ်၊ လာတုန်း ကတော့ တစုံတယောက်ကို သတ်ဖို့ အကြံမပါလာဘူး။ သတ်ဖို့အကြံအစည်နဲ့လာယင် လက်နက်တစုံ တခု ပါခဲ့ရမယ်၊ စာရေးကလေးသတ်ပြီး ဝင်ခဲ့တဲ့ လမ်းအတိုင်း ပြန်ထွက်မယ်လုပ်တော့ စာရေးကလေးနဲ့ တွေးလုံးပြီး လုရလို့ မျက်မှန်ကျပြီး နေရစ်တယ်။

"ဒါနဲ့ မျက်စိကလဲ အင်မတန်မှုံတော့ လာခဲ့တဲ့ ဆောင်ကူးမှတ်လို့ ဝင်လာခဲ့တဲ့ လှေကား တွေ့ တော့မှ လမ်းလွဲမှန်း သိတာကိုး။ ဆောင်ကူး နှစ်ခုစလုံးကလဲ အုန်းဆံတွေ ခင်းထားတော့ အထင်မှားယင် လဲ မှားနိုင်တာကိုး။ ဒါနဲ့ လှေကားရောက်တော့ နောက်ကလဲ ခိုင်းတဲ့မိန်းမကြီးနဲ့ ထမင်းချက်တဲ့ မိန်းမ ကြီးက အလုပ်ခန်းထဲ ဝင်လာလေတော့ ပြန်မလှည့်နိုင်ဘူး။ ပြန်လှည့်ပြီး နောက်ဖေးလမ်းက ထွက်ယင် အလုပ်ခန်းထဲမှာ မိန်းမကြီးတွေနဲ့ တွေ့မှာကိုး။ ဒါနဲ့ ပြန်မလှည့်နိုင်၊ ဒီနေရာမှာလဲ ရပ်ပြီး မနေနိုင်တော့ ဖြစ်လိုရာ ဖြစ်စေလို့ အောက်မေ့ပြီး လှေကားက တက်လာခဲ့တာကိုး။ လှေကားရောက်တော့ ဘာဘူကြီး တံခါးတွေ့၊ တွေ့တော့ တံခါးတွန်းပြီး ဝင်လာ၊ ဘာဘူကြီးအခန်းထဲ ရောက်တာကိုး" ဟု ပြောလျှင် အလွန်တရာ အံ့ဩလှသော မျက်နှာထားနှင့် ပါးစပ်ဟလျက် ရှိရာမှ–

'မဟုတ်နိုင်ပါဘူး' ဟူသော အမူအရာဖြင့် ဟန်ဆောင်ကာ ရယ်မော၍–

"စဉ်းစားပုံကတော့ ကောင်းပါပေတယ်ဗျာ၊ သို့သော် ဒီအခါက ကျုပ်က ဒီအခန်းထဲမှာရှိတယ် ဗျ၊ ကျုပ်မသိအောင် သူဘယ့်နှယ် တတ်နိုင်မလဲ"

"ဘာဘူကြီး မသိအောင် ဝင်တယ်လို့ ကျွန်တော်ပြောသလား၊ ဘာဘူကြီးသိတယ်၊ သိလို့တောင် ဘာဘူကြီးက ဒီမိန်းမနဲ့ စကားပြောသေးတယ်။ နောက်တော့ ဘာဘူကြီးက သူနဲ့အသိဟောင်း ဖြစ်နေ တာနဲ့ ဘာဘူကြီးကပဲ လွတ်အောင် ကြံစည်ပေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်မှာလဲ၊ ခင်ဗျား ပြောနိုင်သလား"

"ပြောနိုင်တယ်၊ ဟောဟိုမှာ" ဟု ပြော၍ ဦးစံရှားသည် အခန်းထောင့်၌ရှိသော ဗီရိုကြီးကို လက်ညှိုးညွှန်၍ပြရာ ဘာဘူကြီးမှာ အလွန်တုန်လှုပ်သော အမူအရာဖြင့် အိပ်ရာပေါ်သို့ ပက်လက်လန်၍ လဲသွားလေ၏။

ထိုအခါ ဗီရိုတံခါးသည် ရုတ်တရက် ပွင့်လာ၍ ဘင်္ဂါလီ ကုလားမတယောက်သည် ဗီရိုထဲမှ ထွက်လာပြီးလျှင် အင်္ဂလိပ်ဘာသာဖြင့်—

"ဟုတ်တယ်၊ ကျွန်မ ဒီမှာရှိတယ်။ ကျွန်မကို ရှင်တို့ ဖမ်းချင်သလား၊ ဖမ်းကြ" ဟု ပြော၍ ကြောက်ရွံ့ခြင်း မရှိသော မျက်နှာထားဖြင့် ကျွန်တော်တို့အား ကြည့်နေ၏။

အင်စပက်တော် ကိုအုန်းဖေသည် အနီးသို့သွား၍ လက်မောင်းကို ကိုင်လျက် ဖမ်းမည် ပြုစဉ် ထိုမိန်းမသည် ကိုင်ဖမ်းသောလက်ကို တွန်းဖယ်လျက်—

"ကျွန်မ ထွက်မပြေးနိုင်ပါဘူး၊ ကျွန်မကို မကိုင်ပါနဲ့၊ ကျွန်မ ပြောစရာရှိတဲ့ စကား တခွန်း နှစ်ခွန်း ပြောပြီး ရှင်တို့သင်သလို မြှုပါတော့" ဟု ပြောသည်တွင် ဦးစံရှားက ကိုအုန်းဖေအား လက်ပြ၍—

"ဘယ့်နှယ်လဲ၊ ကျုပ်ပြောတာ ကြားတယ်မဟုတ်လား၊ ကျုပ်ပြောတဲ့အတိုင်းပဲ မဟုတ်လား" ဟု ထိုမိန်းမအား မေးရာ ထိုမိန်းမက—

"မှန်ပါတယ်။ ရှင်ပြောတဲ့အတိုင်းပါပဲ။ သို့သော် ကျွန်မ အတ္ထုပ္ပတ္တိ ကျွန်မ ပြောပါရစေအုံးရှင်။ ဟိုမှာထိုင်နေတဲ့ ဘာဘူကြီး မြင်လား၊ ဒီဟာ ကျွန်မယောကျ်ားပါပဲ။

"သို့သော် သူ့ကို လင်ရယ်လို့ ပြောရတာတောင် ကျွန်မ ရှက်ပါသေးရဲ့။ ကျွန်မ သူနဲ့ညားတော့ ကျွန်မက အသက် ၁၈ နှစ် ရှိသေးတယ်။ သူကတော့ အသက် ၄၀ ကျော်လောက်ရှိပြီ။ဒါတွေ မပြောပါဘူးလေ။ လိုရင်းပဲ ပြောပါတော့မယ်။

"ကျွန်မယောကျ်ားရော၊ ကျွန်မရော နှစ်ယောက်စလုံးဟာ မင်းစိုးရာဇာကိုသတ်တဲ့ နီဟီလစ် (Nihilist) ဂိုဏ်းသားတွေပါ။ ကျွန်မတို့ဂိုဏ်းက ဘင်္ဂလားမှာရှိတယ်။ လွန်ခဲ့တဲ့ ၁၂ နှစ်လောက်က ကျွန်မ တို့ ဂိုဏ်းသားများကို အင်္ဂလိပ်အစိုးရက ဖမ်းမိတယ်ဆိုတာ ရှင်တို့လဲ ကြားဖူးကြပါလိမ့်မယ်။

"ဒီအခါတုန်းက ကျွန်မတို့ တသင်းလုံး မိပေမယ့် သက်သေလုံလောက်အောင် မရနိုင်လေတော့ ကျွန်မတို့ကို ရုတ်တရက် ဘယ်လိုမှ မတတ်နိုင်သေးဘူး။ ဒီလိုရှိတဲ့အတွင်း ဟောဟိုက အကောင်ကြီးက ဘယ့်နှယ်လုပ်သလဲ သိလား။ သူက အစိုးရသက်သေလုပ်ပြီး ကျွန်မတို့ လုပ်ခဲ့သမျှတွေကို အကုန်ဖော်ပြီး ပြောတယ်။

"ဒီတော့ သူ့မှာ အပြစ်လွတ်ပြီး ဆုငွေလဲ ရပါတယ်။ ကျန်တဲ့ အသင်းသားများကတော့ တချို့လဲ ကြိုးပေးခံရဘယ်။ တချို့လဲ ထောင်တသက်ခံရတယ်။ ကျွန်မမှာတော့ ငယ်ရွယ်တဲ့အတွက် ထောင် ၁၀နှစ် အပြစ်ပေးခံရတယ်။

"သို့သော် ကျွန်မမောင်တယောက်ဟာတော့ အသင်းထဲ အပါအဝင်ဖြစ်ပေမယ့် သူတယောက်က တော့ အသင်းက အစိုးရနဲ့ ဆန့်ကျင်ဘက် ပြုလုပ်မယ်ဆိုယင် မလုပ်ဖြစ်အောင် ဖျက်ရှာတယ်။ ကျွန်မတို့ လင်မယားကိုလဲ အတန်တန် စာနဲ့ရေးပြီး သတ်တဲ့ဖျက်တဲ့အလုပ်များ မလုပ်ရအောင်ဖျက်ပါတယ်။လူကိုယ် တိုင် တွေ့တဲ့အခါလဲ ပါးစပ်နဲ့ပြောပြီး ဆုံးမရှာပါတယ်။

"သူလဲပဲ အသင်းထဲတော့ ပါမိတာကိုးရှင့်။ ဒီတော့ ထောင်တသက် ကျခံရရှာတယ်။ အခုလဲ ထောင်ထဲမှာပဲ ရှိရှာသေးတယ်။ ကျွန်မ ထောင်ထဲမှာ ကျနေတုန်းကလဲ ဒီအကောင်ကြီးဆီ ကျွန်မမောင်က



www.burmeseclassic.com

www.burmeseclassic.com



ရေးပြီး ဆုံးမတဲ့ စာတွေကို ရအောင် ကျွန်မ တောင်းပါတယ်။ တောင်းတော့ ဒီအကောင်ကြီးက မပေးဘူးရှင့်။

''ဘာပြုလို့ ဒီစာတွေ ကျွန်မလိုချင်သလဲဆိုတော့ ဒီစာတွေကို အစိုးရများကြည့်ရယင် အသင်းသားဖြစ်ပေမယ့် ဥပဒေနဲ့ ဆန့်ကျင်ဘက် အလုပ်များ မပြုရအောင် သူက သွန်သင်ဆုံးမတယ်ဆိုတာ အစိုးရသိယင်ဖြင့် ကျွန်မမောင်ကို မုချလွှတ်မှာပဲ။ ဒီက အကောင်ကြီးကလဲ ကျွန်မမောင် လွှတ်မှာ စိုးရိမ်နေတယ်။ ဒါကြောင့် စာတွေကို မပေးပဲ သိမ်းပြီးထားတယ်။

''ဒါနဲ့ ကျွန်မ နှစ်စေ့လို့ ထောင်က လွှတ်လာတော့ သူ ဘယ်မှာနေတယ်ဆိုတာ လိုက်ပြီး စုံစမ်းတော့ မြန်မာပြည်ရောက်သွားတယ်လို့ ကျွန်မသတင်းရတယ်။ ဒီတော့မှ ရန်ကုန်ကို ကျွန်မ လိုက်လာပြီး ထောက်လှမ်းရာမှာ ဒီအိမ်မှာ သူရောက်နေတယ်ဆိုတာ ကျွန်မ သိရတယ်။

''ဒါနဲ့ သူကလဲ စာရေးတယောက် လိုချင်တယ်လို့ ကြော်ငြာထားလေတော့ ဘာဘူကလေးတယောက်ကို ကျွန်မက ငွေပေးပြီး သူ့အိမ်မှာ စာရေးအလုပ်ခိုင်းပြီး ဒီစာတွေထားတဲ့ နေရာကို စုံစမ်းခိုင်း၊ စုံစမ်းတော့ အိမ်အောက်က ဗီရိုအံမကြီးထဲမှာ သော့ခတ်ပြီး သိမ်းထားတယ်ဆိုတာ သိရတာကိုး။

''ဒါနဲ့ သော့ပုံစံကို သူ့အကူးခိုင်း၊ သော့ပုံစံလုပ်ပြီးတော့ ဘာဘူကလေးက ဒီမှာ သူမလုပ်နိုင်တော့ဘူးဆိုပြီး အလုပ်က ထွက်သွားလို့ နောက်တယောက်ကို သူ ဆက်ငှားတယ်။ နောက်ငှားတဲ့ စာရေးလေးဟာတော့ မနေ့က သေတဲ့ စာရေးကလေးပဲ။ သူ့ကိုတော့ ကျွန်မ မသိပါဘူး။

''ဒါနဲ့ ကျွန်မလဲ ရတဲ့ သော့ပုံစံနဲ့ သော့တချောင်းလုပ်ပြီး သူ့အိမ် ကိုယ်တိုင်လာပြီး ခိုးတာကိုး။ ခိုးနေတုန်း စာရေးကလေးနဲ့ တွေ့နေပါရော။ တွေ့တော့ သူက ကျွန်မစာတွေ လုတာနဲ့ တွေ့မိတွေ့ရာ စူးနဲ့ ထိုးလိုက်မိတာပဲ။

''ဒါနဲ့ ပြောရအုံးမယ်၊ ဒီစာရေးကလေးနဲ့ အဲဒီမနက်ကပဲ လမ်းမှာတွေ့လို့ ဒီအကောင်ကြီးနေတဲ့ အိမ်ကိုတောင် ကျွန်မ မေးမိသေးတယ်။ ဒီတုန်းကတော့ သူ့စာရေးမှန်းလဲ ကျွန်မ မသိသေးပါဘူး''ဟု ပြောရာတွင် ဦးစံရွှေးက—

''ဟုတ်ပြီဗျို၊ ဟုတ်ပြီ၊ စာရေးကလေးက အိမ်ပြန်လာတော့ မိန်းမတယောက်က ဘာဘူကြီးအိမ် မေးနေတဲ့အကြောင်း သူ့ဆရာကို ပြောတယ်၊ ဒီ့နောက် သေခါနီးကျတော့ သူ့ကိုသတ်တဲ့လူဟာ သူနဲ့ မနက်က တွေ့ခဲ့တဲ့မိန်းမပဲသူ့ သူ့ဆရာကို ပြောပြခဲ့တာကိုးဗျ။ ဟုတ်ပြီ၊ ဟုတ်ပြီ''

ထို့နောက် မိန်းမက ဆက်လက်၍—

''စာရေးကလေးကို စူးနဲ့ထိုးသတ်ပြီး နောက်ဖေးလမ်းရယ်လို့ ထွက်လာခဲ့ရာမှာ လမ်းမှားပြီး ဒီအကောင်ကြီး အခန်းထဲ ရောက်သွားပါရော၊ ရောက်တော့ သူက ကျွန်မကို ဖမ်းပို့မယ်လို့ ကြိမ်းဝါးသေးတယ်။

''ဒီတော့ ကျွန်မက ကျွန်မကို ဂတ်တဲအပ်ယင် ကျွန်မကလဲ သူနေတဲ့အရပ်ကို အသင်းသားများ ညွှန်ကြားခဲ့မယ်လို့ ပြောတော့ အသင်းသားများ လက်ချက်ကို သူကြောက်တာနဲ့ ကျွန်မကို ဂတ်တဲမအပ်ဝံ့တော့ပဲ ဗီရိုကြီးထဲ သွင်းထားပြီး သူ့အတွက် ထမင်းကို နှစ်ယောက်စေစားကြတာကိုးရှင့်။

''ညအချိန်မှာ ထွက်ပြေးမယ်လုပ်တော့ ပုလိပ်တွေက အိမ်ကို စောင့်နေတယ်ဆိုတာနဲ့ တရက်နှစ်ရက် ကျွန်မစောင့်နေအုံးမယ်လို့ ကြံစည်မိတုန်း ရှင်တို့က ကျွန်မအကြောင်း သိနိုင်ကြပေတာကိုး။ သို့သော် ကျွန်မအတွက်တော့ မပူပါဘူး''ဟု ပြော၍ အိတ်ထဲမှ စာရွက်များကို နုတ်ယူပြီးလျှင် ဦးစံရွှေးအား—

---

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



''ဒီစာတွေ ရှင့်ကို ကျွန်မအပ်ခဲ့ပါရစေရှင်၊ ဒီစာတွေကို အစိုးရထံပို့လို့ရှိယင် ကျွန်မမောင် မုချ လွတ်မှာပါပဲ''ဟု ပြော၍ အပ်နှံပြီးမှ ပုလင်းငယ်တခုကို လျင်မြန်စွာ ထုတ်ယူ၍ ပုလင်းတွင်ပါသော အဆိပ်ရည်ကို ကပျာကယာ သောက်ချလိုက်ရာ ကိုအုန်းဖေက မိန်းမ၏လက်ကို ပုတ်ချပါသော်သည်း အဆိပ်ရည်သည် တစက်မျှ မကျန်ပဲ ပုလင်းသာလျှင် လက်မှ လွင့်စဉ်၍ မိန်းမလည်း ကြမ်းပေါ်သို့ ဟပ်ထိုးလဲကျသွားလေ၏။

ကျွန်တော်တို့သည်း မိန်းမကို ကြမ်းပေါ်မှ ပွေ့ထူ၍ အိပ်ရာပေါ်သို့ တင်ကြရာ မိန်းမသည် မျက်စိကို တချက်ဖွင့်ကြည့်၍—

''ကျွန်မ စာတွေ မမေ့ပါနဲ့နော်''ဟု ပြောပြောဆိုဆိုနှင့်ပင် အသက်ပျောက်သွားလေ၏။

ကျွန်တော်တို့သည် ဆောင်ရွက်ရန် ကိစ္စပြီးပြီဖြစ်၍ အိမ်သို့ပြန်လာရာ လမ်းတွင် ဦးစံရှားက—

''အမှုကတော့ ရိုးရိုးနဲ့ ဆန်းတဲ့အမှုဗျ။ သေတဲ့စာရေးကလေးက မျက်မှန်ကို ရမ်းပြီး ဆွဲလိုက်လို့ မျက်မှန်ကျချစ်လို့သာ ဒီအမှုပေါ်အောင် ကျုပ်တို့ စုံထောက်နိုင်တယ်။ မျက်မှန်မရလိုက်ယင် ခပ်ကြပ်ကြပ်ပဲ။ လိုရင်းက မျက်မှန်မှာ တည်နေတာပဲ။ မျက်မှန်ရလို့ မှန်ကိုကြည့်လိုက်တော့ မှန်က အင်မတန် ပါဝါကြီးတဲ့မှန် ဖြစ်နေကြောင်း သိတော့ မျက်စိသိပ်မှုန်တဲ့လူဘပ်တဲ့မှန် ဖြစ်ကြောင်း ကျုပ်သိရတယ်။

''ဒီတော့ ဒီမျက်မှန်ရှင်ဟာ မျက်မှန်မပါယင် ကန်းသလောက် မသွားတတ် မလာတတ်အောင် ဖြစ်တဲ့အကြောင်း ကျုပ်သိရတယ်။ ဒါနဲ့ ကိုအုန်းဖေက ဒီမိန်းမဟာ မျက်မှန် ကျရစ်နေခဲ့တဲ့နောက် လမ်းနဲ့ ပန်းခင်းနဲ့ အသယ်ကောင်တည့်တည့်လျှောက်သွားပြီး ထွက်ပြေးတယ်ပြောတော့ ကျုပ်က အင်မတန်အံ့ဩဖို့ကောင်းတယ်လို့ ကျုပ်ပြောမိတယ် မဟုတ်လား။

''ဒါကြောင့် ကျုပ်က ဘယ်နှယ်ထင်သလဲ၊ ဒီမိန်းမ မုချ အိမ်ပြင်မသွားသေးဘူးလို့ ပထမကတည်းက ကျုပ်ယူဆပြီးဖြစ်တယ်။ ဒီလောက်မျက်စိမှုန်တဲ့လူဟာ နှစ်ပေလောက်ရှိတဲ့ မြက်ခင်းပေါ်မှာ တည့်တည့် မတိမ်းမတိမ်း လျှောက်နိုင်ပါ့မလားဗျာ။ မျက်မှန်တခု အပိုပါယင်တော့ မပြောတတ်ဘူးပေါ့။

''သို့သော် မျက်မှန်ဆိုတာ နှစ်ခုဆောင်ခဲပါတယ်။ ဒီနောက် တခါ အိမ်ထဲရောက်ပြီး ဆောင်ကူး နှစ်ခုစလုံးမှာ အုန်းဆံခင်းထားတာ တွေ့တော့ ကေန္တ လမ်းမှားပြီး ထွက်ပေါက်မှတ်လို့ သွားရာမှာ ဘာဘူကြီးအခန်းထဲ ရောက်သွားတာကိုးလို့ ကျုပ်စဉ်းစားမိတယ်။

''ဘာဘူကြီးအခန်းထဲရောက်တော့ ပုန်းစရာနေစရာများ ရှိမလားလို့ ကျုပ်ကြည့်တယ်။ ကြည့်တော့ စာအုပ်ဗီရိုတွေမြင်တယ်။ ဗီရိုတွေရှေ့မှာလဲ စာအုပ်တွေရှိတာကို ကျုပ်တွေ့တယ်။ ထောင့်က ဗီရိုကြီးရှေ့မှာတော့ စာအုပ်တွေဖယ်ပြီး ထားတယ်။ ဒီတော့ ကေန္တ ဒီဗီရိုပဲဆိုဘာ ကျုပ်တွေးမိတယ်။

''သို့သော် သေချာအောင်လို့ ကျုပ်စီးကရက်တွေသောက်ပြီး ပြာတွေကို မသကာတဲ့ ဗီရိုကြီးရှေ့မှာ အနှံ့အပြား ချပြီးထားခဲ့တယ်။ ဒီနောက် အောက်ဆင်းပြီး ထမင်းချက်တဲ့ မိန်းမကြီးကို မေးကြည့်တော့ ဘာဘူကြီး အခုတလော အင်မတန် အစားကြီးတယ်လို့ ပြောသံကြားရတယ် မဟုတ်လား။

''ဒီဟာ ဘာပြုလို့လဲတဲ့၊ နှစ်ယောက်စားလို့ပဲဆိုတာ ကျုပ်သိရတယ်။ နောက်တခါ ဘာဘူကြီး အခန်းထဲ ပြန်ပြီးတက်လာတော့ စီးကရက်ဗူးကို တမင်မှောက်ပစ်လိုက်ပြီး စီးကရက်တွေ ကောက်ယင်း ကြမ်းပေါ်က ပြာတွေကို သေသေချာချာ ကြည့်ပြီးတော့ ကျုပ်တို့မရှိတုန်း ဗီရိုထဲက တစုံတယောက် ထွက်လာတယ်ဆိုတာ ကျုပ်သိရတယ်။ ကဲ ရှင်းပြီလားဗျာ''

''ရှင်းပေတယ်ဗျာ၊ ရှင်းပေတယ်။ ကျုပ်ဖြင့် မကောင်းတာ ပြုချင်တောင် ခင်ဗျားလို စုံထောက်မျိုး ရှိတုန်းဖြင့် မပြုဝံ့ပါဘူးဗျာ၊ နို့ ဟိုမိန်းမအပ်ခဲ့တဲ့စာတွေကောဗျ။ ဘယ်နှယ်လုပ်မလဲ''

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ၂၆။ တွံတေးအိုး ၆ လုံးကွဲမှု*

အစိုးရ စုံထောက်ဘက်ဆိုင်ရာ ဌာနမှ အမှုထမ်းလျက်ရှိသော အင်စပက်တော် ကိုအုန်းဖေသည်ကျွန်တော်နှင့် ဦးစံရှားတို့ နေအိမ်သို့ မကြာခဏ လာရောက်တတ်သည် ဖြစ်ရာ ထိုကဲ့သို့ လာရောက်သည့် အခါမျိုး၌ ကိုအုန်းဖေသည် အမှုနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ဦးစံရှားအား တိုင်ပင်လျက် အချို့သော အမှုတို့၌ကား ဦးစံရှားက အကြံပေး ဉာဏ်ပေး အဖြစ်နှင့်သာလျှင် ဆောင်ရွက်လျက် အကယ်စင်စစ် ခက်ခဲ နက်နဲသော အမှုတို့၌မူ ကိုယ်တိုင်ကိုယ်ကျ လိုက်ပါဆောင်ရွက်လေ့ ရှိ၏လေ၏။

တနေ့သော စနေနေ့ ညနေ၌ ကိုအုန်းဖေသည် ကျွန်တော်တို့ အခန်းသို့ ဝင်လာ၍ အလွှာပသလ္လာပ စကားများကို ပြောဆိုပြီးနောက် ဆေးပြင်းလိပ်တလိပ်ကို သောက်ရှူလျက် စဉ်းစားနေသည့်ဟန်နှင့်ရှိနေရာ ဦးစံရှားလည်း ယင်းအား အကဲခတ်လျက်ရှိနေသည်။ ထိုသို့ရှိနေခြင်းမှာ ကိုအုန်းဖေသည် ဦးစံရှားအား အမှုတမှုအတွက် တိုင်ပင်ရန် လာရောက်သည် မှန်သော်လည်း မိမိ တဦးတည်းဆောင်ရွက်ရန် တတ်နိုင်က ဦးစံရှား၏ အကူအညီကို မတောင်းခံလိုသောကြောင့် တိုင်ပင်ရမည်၊ မတိုင်ပင်ရမည်ကို စဉ်းစားချင့်ချိန်၍ နေခြင်း ဖြစ်လေသည်။

ဦးစံရှားလည်း ကိုအုန်းဖေ၏ အကြံအစည်ကို ရိပ်မိသည့်လက္ခဏာနှင့် "ကဲ ကိုအုန်းဖေ၊ ပြောစရာ ရှိလဲ့ ပြောဗျာ၊ ဘာများ ထူးပြန်သလဲ"ဟု မေးရာ ကိုအုန်းဖေက "ဘာမှ မထူးပါဘူးဆရာရယ်"ဟု ပြောသဖြင့် "ကဲ မထူးယင် ပြောစမ်းဗျာ"ဟု ပြောလိုက်ရာ ကိုအုန်းဖေလည်း ရယ်မောလျက် "ဆရာ့ကို တော့ ညာလို့မရဘူး၊ ကျွန်တော့်အကြံကို ဆရာသိပြီးသားပါပဲ၊ အမှုတခုတော့ ပေါ်လာတာ အမှန်ပါပဲ ဆရာရယ်၊ သို့သော် ကျွန်တော်က ဆရာနဲ့ တော်တဲ့အမှု ဟုတ်တယ် မဟုတ်ဘူးဆိုတာ ချင့်ချိန်နေမိ ပါတယ်။ အမှုကတော့ တယ်ပြီး အရေးမကြီးလှပါဘူး ဆရာရယ်၊ သို့သော် နည်းနည်းတော့ဖြင့် ထူးဆန်းတဲ့ အမှုပါပဲ။ ဆရာကတော့ ထူးထူး ဆန်းဆန်း ကြိုက်တတ်လွန်းလို့ အရေးမကြီးသော်လဲ ဆရာ့ကို တိုင်ပင်ရယင် ကောင်းမလားလို့ လာမိပါတယ် ဆရာရယ်"

"ဘာမှုလဲဗျ"။

---

* သူရိယမဂ္ဂဇင်း၊ ၁၉၁၉၊ စက်တင်ဘာ၊ အတွဲ ၃၊ အမှတ် ၉ တွင် ဤဝတ္ထု ပထမဆုံးပါရှိသည်။ အမည် အပြည့်အစုံမှာ 'တွံတေးအိုး ၆ လုံး ကွဲမှုနှင့် ပတ်သက်၍ မောင်စံရှား စုံထောက်ပုံ' ဖြစ်၏။ ဤဇာတ်လမ်းကိုပင် 'ပန်းစိုက်ကရားခြောက်လုံး' အမည်ဖြင့် မှုကွဲ ရေးခဲ့သေးသည်။ ထိုမှုကွဲရေးခဲ့သောမဂ္ဂဇင်းကို မူ ရှာဖွေမတွေ့သေးပါ။ ယင်း နောက်ရေးမူ 'ပန်းစိုက်ကရား ခြောက်လုံး' မှုကွဲကို မြန်မာပြည်စာအုပ်တိုက်မူ အတွဲ ၅ နှင့် နှလုံးလှစာပေတိုက်မူ အတွဲ ၂ တို့တွင် တွေ့ရသည်။ ယခုမူမှာ ယင်းစာအုပ်တိုက်များထုတ် ဦးစံရှား ဝတ္ထုများတွင် လုံးဝ မပါရှိသေးပါ။ မူရင်းမှာ The Adventure of The Six Napoleons ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမှုကတော့ အရှုးတယောက်ရဲ့ အမှုပါပဲ ဆရာရယ်၊ သို့သော် တော်တော်ထူးဆန်းတဲ့ အမှုပဲ။ ကြည့်ပါအုံးဆရာရယ်၊ သူများအိမ်မှာ ထားတဲ့ စားပွဲတင် ပန်းအိုးကို မရ ရအောင် ခိုးပြီး ခွဲပစ်တယ်ဆိုတဲ့ လူဟာ အရူးပဲလို့ ဆိုရမယ် မဟုတ်လား ဆရာရယ်"ဟု ပြောလေလျှင် ဦးစံရှားလည်း စိတ်ပျက်သော မျက်နှာထားနှင့် "ဒါဖြင့် ခင်ဗျားအမှုက ကျုပ်တို့နဲ့မဆိုင် ဆရာဝန်နဲ့ဆိုင်တဲ့ အမှုထင်ပါရဲ့ဗျာ"

"ဒီလို ထင်တာပါပဲဆရာ၊ သို့သော် ဒီအရူးက သူတပါး အိမ်ကို မရမက ညအခါ ဖောက်ထွင်း ဝင်ပြီး ယူပြန်တော့ ကျွန်တော်တို့ ပုလိပ်နဲ့ ဆိုင်နေပြန်တယ် ဆရာရဲ့"

"အလို၊ စားပွဲတင် ပန်းအိုးတခု ခိုးရအောင် အိမ်ကို ဖောက်ထွင်းပြီး ဝင်တယ်၊ ဟုတ်လား။ အင်း၊ ဒါဖြင့် တော်တော်ထူးဆန်းတယ်ဗျို့၊ ဆိုစမ်း"ဟု ပြောလေလျှင် ကိုအုန်းဖေလည်း မိမိ၏ မှတ်တမ်း စာအုပ်ကလေးကို တခဏမျှ လှန်ကြည့်ပြီးနောက်—

"ဒီလို ဆရာရဲ့၊ ပထမ အမှုက လေးရက်လောက် ရှိသွားပြီ။ စစ်ကဲမောင်ထော်လေးလမ်းနေ ပွဲစား ဦးဖိုးစောက လှန်ခဲ့တဲ့ ဂျူဗလီဟော အုံပွဲမှာ မြန်မာပြည် တံတားမြို့ဖြစ် မြေနဲ့လုပ်တဲ့ စားပွဲတင် ပန်းအိုးတလုံး ဝယ်ပြီး အိမ်ရှေ့ညှော်ခန်းမှာ ပန်းများစိုက်ပြီး ထားတာကိုး ဆရာရဲ့။ ဒါနဲ့ လှန်ခဲ့တဲ့ လေးရက် လောက်က မနက် အိပ်ရာက ထတော့ အိမ်ရှေ့တံခါး ပွင့်နေတဲ့အပြင် စားပွဲတင် ပန်းအိုးလေးလဲ ရှာမတွေ့ ဘူးတဲ့ ဆရာရဲ့။ ဒီ့ပြင်တော့လဲ ဘာတခုမှ မပျောက်ဆုံးဘူးတဲ့။ ဒါနဲ့ အိမ်အနီးအပါး လိုက်ပြီး ကြည့်ခတော့ အိမ်နဲ့မနီးမဝေးမှာ ခုနင်က ပန်းအိုးအကွဲတွေ တွေ့ရသတဲ့ ဆရာရဲ့၊ ဒီအကြောင်း ပုလိပ်ကို တိုင်ချက်ပေး၊ ပေးသော့ တယ်လဲ အရေးမကြီးလှတာနဲ့ ပုလိပ်ကလဲ ကောင်းကောင်း အရေးမယူဘူးပေါ့ ဆရာရယ်။ ဒါနဲ့ မနေ့ကတော့ ဒီအမှုက အရေးကြီးလာပြန်တာကိုး ဆရာရဲ့။ အရေးကြီးပုံက မြို့ပတ် လမ်းမှာနေတဲ့ အင်္ဂလိပ်ဆရာဝန်ကြီး တယောက်က လှန်ခဲ့တဲ့ ဂျူဗလီဟောချုံ အုံပွဲက စားပွဲတင်ပန်းအိုး နှစ်လုံးဝယ်ပြီး တလုံးကိုတော့ အိမ်မှာထား၊ တလုံးကိုတော့ ပန်းဆိုးတန်းရှိ အလုပ်တိုက်မှာ ထားတာကိုး ဆရာရဲ့။ ဒါနဲ့ မနေ့ညကတော့ အိမ်မှာ မှန်ပြတင်းခွဲပြီး ပန်းအိုးကို ယူသွားပြန်ပြီတဲ့ ဆရာရယ်။ ခိုးတဲ့ လူဟာ ပန်းအိုးကို တခါတည်း ယူသွားတာလဲ မဟုတ်၊ အိမ်ရှေ့မှာ ခွဲပစ်ခဲ့သတဲ့ ဆရာရယ်၊ ဒီတခါတော့ နည်းနည်း အရေးကြီးလာတယ် ဆရာရဲ့"

"ဘာပြုလို့ အရေးကြီးလာသလဲဗျာ၊ မြန်မာ ပွဲစားအိမ်ခိုးတော့ အရေးမကြီးဘူး၊ ခု ဥရောပတိုက် သား ဆရာဝန်ကြီး တယောက်အိမ် ခိုးတော့ အရေးကြီးတယ်၊ ဒီလိုလားဗျာ"ဟု ပြုံးရယ်လျက် မေးလေလျှင်—

"ဒါကြောင့် မဟုတ်ပါဘူးဆရာရယ်၊ တခါ ခိုးတော့ အဖိုးမတန်လို့ ကိစ္စမရှိဘူး၊ အခုတော့ အဖိုးမတန်ပေမယ့် တခါက နှစ်ခါ ပန်းအိုးချည်းပဲ ခိုးပြန်တော့ အရေးကြီးတာပေါ့ ဆရာရဲ့"ဟု ပြောရာ ဦးစံရှားလည်း ယင်းအမှုကို နှစ်ခြိုက်သော အမူအရာနှင့် လက်ဖဝါးနှစ်ဘက်ကို ပွတ်လျက် "ကောင်းလိုက်တာဗျို့၊ ကောင်းလိုက်တာ။ ကဲ ဆိုပါအုံးဗျာ"ဟု ပြောလျှင် ကိုအုန်းဖေက "ဒါကြောင့် ဆရာကြိုက်လိမ့်မယ်လို့ ကျွန်တော် အစက မပြောဘူးလား ဆရာရယ်။ နေအုံး ဆရာရေ့၊ မဆုံးသေးဘူး။ ဒါနဲ့ မနက် ၁၀ နာရီလောက်ကျတော့ ဆရာဝန်ကြီးက အလုပ်တိုက်လာတော့ အလုပ်တိုက်မှာလဲ ဒီလိုပဲ မှန်ပြတင်းခွဲပြီး အလုပ်ခန်းထဲက ပန်းအိုးကို အခန်းထဲမှာပဲ ခွဲထားတာ တွေ့ရပြန်တာကိုး ဆရာရဲ့၊ ဒါနဲ့ ဆရာဝန်ကြီးက တိုင်ချက်ပေးချက်အရ စုံထောက်ဖို့ ဆရာ့ဆီ ကျွန်တော် လာခဲ့ဘာပဲ ဆရာ။ ကျွန်တော်ဖြင့် သူတပါး စားပွဲတင် ပန်းအိုးကို ခဲခဲယဉ်းယဉ်း ခိုးပြီး ခွဲပစ်တဲ့လူဟာ ဘယ်လိုလူမျိုးလဲ ပြောပဲ မပြောတတ်ပါဘူး ဆရာရယ်၊ အကြံပေးနိုင် ပေးစမ်းပါအုံး"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


"ပွဲစား ဦးဖိုးစောအိမ်မှာ ခွဲတဲ့ ပန်းအိုးရော၊ ဆရာဝန်ကြီးအိမ်က ပန်းအိုးရော အားလုံး အံ့ပွဲက ဝယ်တာချည်းပဲလား"

"ဟုတ်ပါတယ် ဆရာ"

"လွန်ခဲ့တဲ့နှစ်က အံ့ပွဲလား"

"ဟုတ်တယ် ဆရာ"

"ဘယ်မှာ လုပ်တယ်"

"တွံတေးမှာ လုပ်တယ်"

"မြေအိုး ဟုတ်စ"

"ဟုတ်တယ် ဆရာရဲ့"

"အဖိုးကော"

"တခု တဆယ်။ ဟို နှစ်ခုက ၂၅ ကျပ်စီ ပေးရတယ် ဆရာရဲ့"

"အရွယ်ကော တူသလား"

"ဒါတော့ ကျွန်တော် မပြောနိုင်ဘူး ဆရာ"

"ပုံပန်းကော မပြောနိုင်ဘူး ဟုတ်စ"

"ဟုတ်တယ် ဆရာ"

"ဘယ့်နှယ်ဗျာ၊ ရန်ကုန်မှာ စားပွဲတင် ပန်းအိုးတွေ အမြောက်အမြား ရှိလျက်နဲ့ မနှစ်က အံ့ပွဲက ဝယ်တဲ့ ပန်းအိုးချည်းမှ လူခိုးပြီး ခွဲပစ်တယ်ဆိုတာ အင်မတန် ထူးဆန်းပေတာပဲဗျ"

"ထူးဆန်းပါတယ် ဆရာရယ်၊ ဒါ ဆရာ ဘယ့်နှယ်ထင်သလဲ"

"ခုတော့ဖြင့် မထင်တတ်သေးဘူး ကိုအုန်းဖေ၊ သို့သော် စဉ်းစားဖို့ တချက်ရှိတာက ပွဲစားကြီး အိမ်မှာနဲ့ ဆရာဝန်ကြီး အိမ်မှာထားတဲ့ ပန်းအိုးများကို ခိုးစဉ်အခါကတော့ ပန်းအိုးကို အိမ်ထဲမှာခွဲယင် လူနိုးမှာစိုးလို့ လမ်းပေါ်ကျမှခွဲတယ်၊ အလုပ်တိုက်မှာတော့ ဘယ်သူမှမရှိမှန်းသိလို့ အခန်းထဲမှာ ဝင်ခွဲတယ်၊ ပန်းအိုးခွဲတဲ့ အမှုဆိုတော့ တယ်ပြီး အရေးကြီးလှပုံတော့ မရဘူးပေါ့ဗျာ။ ဒါပေမယ့် အရေးမကြီးဘူး လိုလိုနဲ့ တော်တော်ကြာတော့ အရေးကြီးချင် ကြီးလာတတ်တယ်ဗျို့။ ပုဇွန်တောင်က မြပျောက်တဲ့ အမှု တုန်းက ကြည့်ပါလားဗျ၊ ဘာမဟုတ်တဲ့ ဦးထုပ်ကစပြီး နောက်တော့ ဘယ်လောက် အရေးကြီးသွား သလဲ။ ဒီတော့ ဒီအမှုမှာလဲ အရေးမကြီးဘူး ကြီးတယ် ဘယ်သူမှ မသိနိုင်ဘူးဗျ။ ဒီတော့ နောက်ထပ်ပြီး ဒီအမှုနဲ့ ပတ်သက်လို့ ကြားရသမျှ သတင်းကို ကျုပ်လာပြီး ပြောစမ်းဗျာ ကိုအုန်းဖေ" ဟု မှာလားပြီး နောက် ကိုအုန်းဖေလည်း ပြန်သွားလေ၏။

တနင်္ဂနွေနေ့ နံနက်တိုင်ရောက်လျှင် ကျွန်တော်တို့လည်း ကော်ဖီသောက်လျက်ရှိကြစဉ် တယ်လီဖုန်း မှ ခေါ်သံကြားသဖြင့် သွားရောက်နားထောင်ရာ ကိုအုန်းဖေက "ဆရာ့ကို မြန်မြန်လွှတ်လိုက်ပါဗျာ၊ ကျွန်တော် ကြည့်မြင်တိုင် ရှောလမ်းက စောင့်နေမယ်"ဟု ပြောလိုက်သည့်အသံကို ကြားရသဖြင့် ဦးစံရှားအား ပြန်ပြောပြီး ကျွန်တော်နှင့် ဦးစံရှားတို့လည်း ဓာတ်ရထားဖြင့် ကြည့်မြင်တိုင်သို့ လိုက်သွားကြ လေသည်။

ဓာတ်ရထားပေါ်တွင် ကျွန်တော်က "ဘယ့်နှယ်အမှုထင်သလဲဗျ"ဟုမေးရာ ဦးစံရှားက "ကျုပ်တော့ မဟုတ်ယင်လွဲရော၊ မနေ့က ပန်းအိုး အမှုပဲ ထင်တာပဲဗျာ၊ ကျုပ်တို့ လူက ဟိုအပိုင်းဆီ သွားပြီး ကျော် စားပြန်ပြီ ထင်တယ်"

ဆတိယအကြိမ်

www.burmeseclassic.com

ကြည့်မြင်တိုင် ရှောလမ်းသို့ ခတ်ရထားဆိုက်၍ မီးရထား တံတားပေါ်သို့ တက်မိလေလျှင် ခပ်လှမ်းလှမ်းမှ လူအမြောက်အမြား စုရုံးနေသည်ကိုမြင်သဖြင့် ဦးစံရှားက "ကျုပ်ဖြင့် လူသတ်မှုထင်တယ်ဗျို့၊ တယ် လူစည်ပါကလား။ ဟော အိမ်ပေါ်က ဆင်းလာတာ ကိုအုန်းဖေ မဟုတ်လား" ဟု ပြောနေစဉ် ကိုအုန်းဖေသည် အိမ်ပေါ်မှဆင်းလာ၍ ကျွန်တော်တို့ကို အခန်း တခန်းသို့ ခေါ်သွားရာ အခန်းတွင်း၌ ကား အိမ်ရှင် ဗိုလ်အပြားသည် စိတ်ရှုပ်သည့် အမူအရာနှင့် ကြေ ံလျှောက်လျက် ရှိလေ၏။

အိမ်ရှင်လည်း ကျွန်တော်တို့အား နေရာထိုင်ခင်းပေးပြီးနောက် ကိုအုန်းဖေက "မနေ့က ပန်းအိုး အမှု လာပြန်ပြီ ဆရာရေ့၊ ဒီတခါတော့ အပုံ အရေးကြီးလာပြီ ဆရာရေ့"

"ဘယ်ပုံ အရေးကြီးသလဲဗျာ"

"ဒီတခါတော့ လူသတ်မှုနဲ့ တွဲလာတယ် ဆရာရဲ့၊ ကဲ မစွတာပတ်ကား၊ ဦးစံရှားဆိုတာ သူပါပဲ။ တဆိတ်လောက် အကျိုးအကြောင်းကို ခင်ဗျားကိုယ်တိုင် ပြန်ပြောလိုက်ပါအုံးဗျာ" ဟု အိမ်ရှင်အားပြောရာ အိမ်ရှင်လည်း မသာယာသောမျက်နှာထားနှင့် ကျွန်တော်တို့ဘက်သို့ လှည့်၍ အင်္ဂလိပ်ဘာသာဖြင့် "တယ် ဂွကျဘာသ်ဗျာ။ ဒီကနေ့ ပျော်ပွဲစားထွက်မယ်လို့ ချိန်းချက်ထားတဲ့နေ့မှ ဒီလိုဖြစ်ရတယ်။ ကဲ အမှုက ဒီလိုဗျ။ ဒီအမှုဖြစ်ရပုံက ကျုပ် စားပွဲတင်ပန်းအိုးအတွက်နဲ့ ပတ်သက်ပြီး ဖြစ်ရတာပဲ။ မနေ့ညက ကျုပ် ကလပ်က ၁၁ နာရီလောက် ပြန်လာ၊ ၁၂ နာရီလောက် အိမ်ကိုရောက်တော့ အိပ်လဲမအိပ်ချင်သေး၊ မိတ် ဆွေ တယောက်ဆီလဲ စာရေးဖို့ကြုံးတင်နေတာနဲ့ ထိုင်ပြီး ရေးနေလိုက်တာ နာရီပြန် ၁ ချက် ထိုးသွား ရောဗျာ။ ဒီတော့မှ စားပွဲက ထပြီး မနက် ပျော်ပွဲစားထွက်တော့ ယူစရာ တိုလီမိုလီကလေးတွေ စီစဉ်ပြီး နေတုန်း အိမ်အောက်က တံခါးဖွင့်သံလိုလို ကြားတာကို ဗျ။ ဒါနဲ့ ကျုပ်က နားစိုက်ပြီးနေ၊ နောက်ထပ် လဲ ဘာမှမကြားရဘူးဗျ။ ဒီတော့ ကျုပ်က ကျုပ်အထင်လွဲလို ထင်ပါရဲ့လေလို့ မီးတိုင်ငြိမ်းပြီး အိပ် ရာဝင်၊ အိမ်ရာထဲရောက်လို့ ငါးမိနစ်လောက် ကြာတော့ ဖြုန်းကနဲဆို အိမ်အောက်ကနေပြီး လူတယောက် က အသံဆိုးကြီးနဲ့ အော်လိုက်တာ ကျုပ်ဖြင့် ဒီအသံမျိုး ကြားလဲ မကြားဖူးပါဘူးဗျာ၊ တကယ့်ကို အသည်းနာလို့ တုန်လှုပ်ဖို့ကောင်းတဲ့ အသံကြီးပါပဲ။ ဒါနဲ့ ကျုပ်က သေနတ်ဆွဲပြီး အိမ်အောက် ဆင်းသွား၊ အိမ်အောက်ရောက်တော့ အိမ်ရှေ့တံခါးလဲ ပွင့်ပြီးနေ၊ စားပွဲပေါ်မှာထားတဲ့ ပန်းအိုးလဲ မရှိပါဘူးဗျာ။ ဘယ်လိုသူလဲမပြောတတ်ပါဘူးဗျာ။ တကယ်ဆိုတော့ ဒီပန်းအိုးဟာ ဒီလောက်လဲ အဖိုးထိုက်တာ မဟုတ် ပါဘူး။ မနှစ်က ဂျူဗလီပွဲ ဟာ အံ့ပွဲက ဝယ်သာခဲ့တာ ၁၅ ကျပ်တည်း ပေးရပါတယ်။ ဒါနဲ့ ကျုပ်က သူခိုးရှိအုံးမလားလို့ အိမ်ရှေ့ပေါက်က ထွက်ပြီးကြည့်တော့ တစုံတခုကို ကျုပ်ခြေနဲ့တိုက်မိလို့ ငုံ့အကြည့် လိုက်မှာ လားလားဗျာ၊ လူတယောက် ပက်လက်ကြီးလန်ပြီး လဲနေတာကိုးခင်ဗျ။ ခြေနဲ့လှုပ်နှိုးလို့လဲ မနိုးဘူး။ ဒါနဲ့ ကျုပ် အိမ်ပေါ်ပြန်တက်ပြီး ဖယောင်းတိုင်နဲ့ တခါ ပြန်ဆင်းလာ၊ တကတည်းဗျာ၊ လူ တယောက် မြေကြီးပေါ် ကားယားကြီးသေနေလိုက်တာ၊ လည်ပင်းမှာလဲ ဟက်တက်ကြီးပြဲလို့၊ သူ့ ကိုယ်ပေါ်မှာရော မြေကြီးပေါ်မှာရော သွေးတွေကလဲ ရဲလို့၊ ပါးစပ်ကြီးကလဲ ဟ၊ သွားကြီးကလဲ ဖြီး၊ မျက်သုံးကြီးနဲ့ ကျုပ်ကို ဖြဲပြီး ပြသလို လုပ်နေတော့ ကျုပ်က မှန်ဘားပြောရမှာဖြင့် နည်းနည်းလဲ ကြောက်သွားတဲ့ အကောင်ဖြစ်သောကြောင့် ခါးပတ်မှာ ချိတ်ထားတဲ့ခရာကို ကြောက်အားလန့်အားနဲ့ မှုတ်လဲ ပြီးရော ကျုပ်လဲ ဘာမှ သတိမရပါဘူးဗျာ၊ ကြည့်မြင်တိုင်ဂတ်က ပုလိပ်တွေ ကျုပ်အိမ် ရောက်လာကြ တော့မှ ကျုပ်လဲ သတိရတော့တာပါပဲ"

ရှား။ "သေတဲ့လူဟာ ဘယ်သူလဲ သိကြပြီလား"

---

ဆတိယအကြိမ်

 www.burmeseclassic.com



ဖေ။ ။"မသိသေးဘူး ခင်ဗျ။ အလောင်းကို ခုနကပဲ ဆေးရုံပို့လိုက်တယ်၊ ဆရာကြည့်ချင် ကျွန်တော်လိုက်ပြမယ်။ သေတဲ့လူက အရပ်မြင့်မြင့်၊ အသားမည်းမည်း၊ အလုံးအဖန်ကောင်းကောင်း၊ အသက်က ၃၀ လောက်ပဲ ရှိသေးတယ်။ ဝတ်စားထားတာကတော့ ခပ်ညစ်ညစ်ပဲ။ သို့သော် အလုပ်ကြမ်းသမားထဲကတော့ ဟုတ်တဲ့လက္ခဏာ မရှိဘူး။ အလောင်းနားမှာလဲ မောင်းချဓားကြီးတချောင်း တွေ့တယ်။ သို့သော် သူဆောင်လာတဲ့ ဓားပဲလား၊ သူ့ကို သတ်သွားတဲ့ သူရဲဓားလားတော့ အမှန်မပြောနိုင်ဘူး။ သူ့အိတ်ထဲမှာတော့ လိမ္မော်သီးက တလုံး၊ ကြိုးကလေးက တချောင်း၊ ရန်ကုန်မြို့မြေပုံက တခု၊ ဓာတ်ပုံက တပုံ တွေ့တယ်။ ဟောဒီဓာတ်ပုံပါပဲခင်ဗျာ" ဟု ပြော၍ ကိုအုန်းဖေသည် ဓာတ်ပုံတပုံကို ကျွန်တော်တို့အား ပြသဖြင့် ကျွန်တော်တို့လည်း သေချာစွာ ကြည့်ရှုရာ ဓာတ်ပုံမှာ ယောကျ်ားတယောက်၏ပုံ ဖြစ်ကြောင်း တွေ့မြင်ရလေ၏၊ ဓာတ်ပုံ၌ ပါရှိသူမှာ အရပ်မြင့်မြင့်၊ မျက်ခုံးမွေးတုတ်တုတ်၊ နှုတ်ခမ်းမွေးကောင်းကောင်းနှင့် ဖျတ်ဖျတ်လတ်လတ်ရှိဟန် လက္ခဏာရှိသည့် လူတယောက်၏ ရုပ်ပုံဖြစ်လေသည်။

ရှား။ ။"ဒါနဲ့ ပန်းအိုးသတင်းများကော မကြားဘူးလား"

ဖေ။ ။"ကြော် ကြားတယ်ဆရာရေ့၊ ဟိုဘက်က ဓာတ်ရထားလမ်းပေါ်မှာပဲ ခွဲပစ်ခဲ့တယ်။ ဒီမနက် ကျွန်တော့် အကွဲတွေ မြင်ခဲ့ရတယ်။ ဆရာကြည့်ချင် ကျွန်တော် လိုက်ပြမယ်"

"ကြည့်ပါရစေဗျာ" ဟု ပြောပြီးလျှင် ဦးစံရှားလည်း ပွင့်နေသော ပြတင်းပေါက်၌ ကြွင်းများကို ခဏမျှ ကြည့်ရှုပြီးနောက် အိမ်ရှင်ကို နှုတ်ဆက်၍ ကျွန်တော်တို့ ၃ ယောက်သည် ပန်းအိုးကွဲများရှိရာသို့ သွားကြလေ၏။

ပန်းအိုးကွဲများမှာ မီးရထားတံတားအဆင်းမှ မနီးမဝေး ဓာတ်ရထားလမ်း နံဘေးတွင်ရှိနေသည် ဖြစ်ရာ ယင်းနေရာသို့ရောက်လျှင် ဦးစံရှားလည်း အကွဲများကို ကောက်ယူ၍ တစုံတခုသော အထိမ်းအမှတ်ကို ရှာဖွေသည့် လက္ခဏာနှင့် သေချာစွာ ကြည့်ရှုလျက် ရှိလေ၏။

ဖေ။ ။"ဘယ့်နှယ်လဲဆရာ ဘာများတွေ့သလဲ"

ရှား။ ။"အခုတော့ ဘာမှ အသေအချာ မပြောနိုင်သေးဘူးဗျ၊ နည်းနည်း လိုသေးတယ်။ သို့သော် တခု စဉ်းစားဖို့ ရှိတာက ဒီပန်းအိုးကို ခိုးယူတဲ့လူဟာ သူ့မှာ ဒီပန်းအိုးဟာ လူသာယောက် အသက်ဘက်ပဲ အဖိုးထိုက်တန်တယ်လို့ ထင်မှတ်တာ အမှန်ပဲဗျ။ လူကိုတောင် သတ်ပြီး ဒီပန်းအိုး ရအောင်ယူတာ ကြည့်မှပေါ့"

"ဒါဖြင့် ဆရာရယ်၊ ပန်းအိုးဟာ သူ့မှာ ဒီလောက် အဖိုးတန်နေယင်လဲ ခိုးလဲပြီးရော ဘာပြုလို့ ခွဲပစ်ရသလဲ ဆရာရယ်"

"အင်း ဒီဟာ ကျုပ်တို့စဉ်းစားဖို့လိုတာပဲ။ ပြီးတော့ ဒီ့ပြင်တချက်က ပန်းအိုးကို ဒီနေရာထိအောင် သူဘာပြုလို့ ယူလာသယ် ထင်သလဲဗျ ကိုအုန်းဖေ" ဟု မေးသဖြင့် ကိုအုန်းဖေလည်း တောင်မြောက်လေးပါးကို ကြည့်ရှုပြီးနောက် "ယူလာတာက ကျွန်တော်ဖြင့် ဒီလိုထင်တာပဲ ဆရာ၊ တံတားအဆင်းမှာတော့ အိမ်တွေနဲ့နီးလို့ လူကြားမှာစိုးရတယ်၊ ဒီနေရာမှာတော့ ဗိုလ်အိမ်ဒရှေ့ဖြစ်လေတော့ ဥယျာဉ်ကြီးခံနေလို့ သူခွဲတာ လူမကြားရအောင် ယူလာတယ် ထင်တာပဲ"

"ကောင်းပြီ၊ ဒါဖြင့် ဟိုဘက်ကလဲ ဗိုလ်အိမ်ကြီးပဲဗျ၊ အိမ်ရှေ့ကလဲ ဥယျာဉ်ကြီးမှ ဒီဥယျာဉ်ထက်တောင် ကျယ်သေးတယ်။ ဟိုမှာ မခွဲပဲနဲ့ ဘာပြုလို့ သူ ဒီနေရာထိအောင် ယူလာသလဲဗျ" ဟု မေးသဖြင့် ကိုအုန်းဖေက "ကဲ ကျွန်တော်ဖြင့် မတွေးတတ်အောင် ရှိနေပါပြီ ဆရာရယ်" ဟု ပြောလျှင် ဦးစံရှားက

www.burmeseclassic.com


"ဟောဒါကြောင့် ဗျ၊ ဟောဒါကြောင့်" ဟု ဆိုလျက် ခေါင်းပေါ်က ခေတ်မီးတိုင်ကို လက်ညှိုးညွှန်၍ ပြလေ၏။

ဖေ။ ။"ဪ ဟုတ်တယ် ဆရာရေ့၊ ဟုတ်တယ်၊ ခုမှ ကျွန်တော်သတိရတယ်။ ပွဲစား ဦးဖိုးစောအိမ်က ပန်းအိုးအကွဲတွေ တွေ့တုန်းကလဲ ခေတ်မီးတိုင်အောက်မှာ ခွဲတာပဲ။ ဒါတော့ ဟုတ်ပြီ ဆရာ၊ ဒီတော့ ဘာဖြစ်သလဲ ဆရာရယ်"

"ဒီတော့ ဒါ မှတ်ထားပေါ့ဗျ။ ဒီအကြောင်း ကျုပ်တို့နောက်တော့ အသုံးချရလိမ့်မယ်။ ဒါနဲ့ ခင်ဗျား အခု ဘယ့်နှယ်လုပ်မယ် ကြံသလဲ ကိုအုန်းဖေ"

"ကျွန်တော့်အထင်ဖြင့် ဒီအမှုမှာ အလွယ်ဆုံးနည်းလမ်းကတော့ သေတဲ့လူဟာ ဘယ်သူလဲဆိုတာ ရှေးဦးစွာ စုံထောက်၊ ဒီဟာတခု သိတော့ သူနဲ့ပေါင်းသင်းတဲ့လူများဟာ ဘယ်သူဖြစ်တယ်၊ မနေ့ညက ရွာလမ်းကို ဒီလူ ဘာကိစ္စနဲ့လာတယ် ဆိုတဲ့အကြောင်း စုံထောက်မှာပေါ့ ဆရာရဲ့။ ဒီဟာတွေသိတော့ ဒီမစ္စတာ ပတ်ကားအိမ်နားမှာ ဒီလူကို ဘယ်သူသတ်သွားတယ်ဆိုတဲ့ အကြောင်း စုံထောက်လို့ လွယ်ရော မဟုတ်လား ဆရာရယ်"

"ဟုတ်ပါရဲ့ဗျာ၊ ဟုတ်ပါရဲ့။ ကျုပ်သာဖြင့် ခင်ဗျားပြောသလို မလုပ်ဘူးဗျာ"

"ဆရာဖြင့် ဘယ့်နှယ်လုပ်မလဲ ဆရာ"

"ကဲလေ ရှိပါစေ။ ကျုပ်ပြောတာနဲ့ ခင်ဗျား ယောင်ကုန်ရော့မယ်။ ခင်ဗျားကလဲ ခင်ဗျားနည်းနဲ့ ခင်ဗျား၊ ကျုပ်ကလဲ ကျုပ်နည်းနဲ့ကျုပ် လုပ်ပါ့မယ်။ နောင် ပြီးတော့မှ နည်းချင်းတိုက်ပြီး တယောက် လိုတာ တယောက်က ဖြည့်စွက်ရတာပေါ့ဗျာ"

"ဒါဖြင့်လဲ ကောင်းပါပြီ ဆရာရယ်"

"ကဲ ဒါဖြင့် ခင်ဗျား မစ္စတာပတ်ကားအိမ် ပြန်သွားအုံးမယ် မဟုတ်လား။ သွားမှာဖြင့် သွားပေ တော့ဗျာ၊ နက်ဖြန်ညနေ ၆ နာရီလောက်ကျတော့သာ ကျုပ်အိမ် ခဏ လျှောက်လာခဲ့ပါဗျာ၊ ဒီခေတ်ပုံ လဲ ကျုပ်ခဏယူထားပါရစေ။ နက်ဖြန်ညနေကျမှ ပြန်ယူပါတော့၊ ကဲ ကိုသိန်းမောင်၊ ကျုပ်တို့ သွား လိုက်ကြအုံးစို့"

ကိုအုန်းဖေထွက်သွားလျှင် ကျွန်တော်တို့လည်း ရထားကို စောင့်ဆိုင်းလျက်ရှိကြရာ ရန်ကုန် ဘက်မှလာသော ခေတ်ရထားတစင်းအလာတွင် ဦးစံရှားက တက်မည်ပြုသဖြင့် ကျွန်တော်က "ဘယ်ကိုလဲ ဦးစံရှားရဲ့၊ ရန်ကုန်ပြန်မယ်မဟုတ်ဘူးလား" ဟု မေးသော်လည်း "လာသာ လာပါဗျာ"ဆို၍ တက်မြဲ တိုင်း တက်လေ၏။ ခေတ်ရထားလည်း ကြည့်မြင်တိုင်ဘက်သို့ ဆိုက်လေလျှင် ဦးစံရှားလည်း လက်မှတ် ၂ စောင်ကို ယူလာ၍ကျွန်တော့်အားပြရာ ကျွန်တော့်မှာ အင်းစိန်လက်မှတ်ဖြစ်ကြောင်းကိုတွေ့မြင်သဖြင့် "အင်းစိန် ဘာလုပ်လဲဗျ" ဟု မေးသော်လည်း "လမ်းကျတော့ သိလိမ့်မပေါ့ဗျာ" ဟု ပြန်ပြောလေ၏။

ရထားပေါ်ရောက်လျှင် ကျွန်တော်မှာ သိလိုသော မျက်နှာထားနှင့် ဦးစံရှားအား ကြည့်နေရာ—

"အင်းစိန်ကို ကျုပ်တို့ ဘာသွားလုပ်မယ်ဆိုတာ ခင်ဗျား အခုတောင် မရိပ်မိသေးဘူးလား"

"မရိပ်မိပါဘူးဗျာ"

"ဂျူဗလီဟောရုံမှာ ပြသတဲ့ လက်မှုပညာအခမ်းပွဲမှာ အကြီးအမှူးလုပ်တဲ့ အရာရှိဟာ အင်းစိန် အင်ဂျင်နီယာကျောင်းက ကျောင်းအုပ်ကြီးပဲဗျ"

"ခင်ဗျား သူ့ကို တွေ့ချင်သလား"

"ဟုတ်တယ်"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


"ဒီကနေ့ တနင်္ဂနွေနေ့ဗျ"

"ကျုပ် သိပါတယ်ဗျာ"

အင်းစိန်ဘူတာသို့ မီးရထားဆိုက်ရောက်လေလျှင် ကျွန်တော်တို့လည်း အင်ဂျင်နီယာကျောင်းသို့ မြင်းရထားနှင့် သွားရောက်ကြ၍ အလုပ်ခန်း၌ စောင့်လျက်ရှိသော ဒရဝမ်ကုလားအား စာရေးကြီး၏ နေအိမ်ကို မေးမြန်းပြီးနောက် စာတစောင်ကိုရေး၍ ဒရဝမ်ကုလားအား စေလွှတ်လိုက်လေ၏။

နာရီဝက်ခန့်မျှ ကြာလေလျှင် ဒရဝမ်လည်း စာရေးကြီးကိုခေါ်လျက် ပြန်လာရာ ဦးစံရှားလည်း ချိုသာသော မျက်နှာထားနှင့် မိမိ၏ကိစ္စကို ပြောပြီးနောက် ပင်ပန်းသည့်အတွက် အချည်းနှီး မဖြစ်စေရပါ ဟုပြောရာ စာရေးကြီးလည်း အလုပ်ခန်းကိုဖွင့်၍ စာအုပ်များကို လှန်လှော ရှာဖွေလေ၏။

စာရေး။ ။"ခင်ဗျားသိလိုတာက မနှစ်ကအံ့ပွဲမှာ ရောင်းရတဲ့ ပစ္စည်းတွေစာရင်း ဟုတ်လားဗျာ"

ရှား။ ။"ဟုတ်ပါတယ်"

စာရေး။ ။"ဘယ်လို အထည် ဝတ္ထုထဲကလဲ"

ရှား။ ။မြေနဲ့လုပ်တဲ့ ပန်းအိုးတွေထဲက"

စာရေး။ ။"ပန်းအိုးတွေတော့ အများအားဖြင့် တွံတေးမှာ လုပ်တဲ့ ပန်းအိုးတွေ များတယ်ဗျ"

ရှား။ ။"ဟုတ်ပြီ၊ တွံတေးက ဘယ်နှစ်ဦး ရောင်းရသလဲဗျ"

စာရေး။ ။"သုံးလေးဦးပဲ။ ဟောဒီလူက ပန်းအိုး ခြောက်လုံးတောင် မနှစ်က ရောင်းရတယ်"

ရှား။ ။"ဝယ်သူ့ နာမည်ကကောဗျ"

စာရေး။ ။"တယောက်က ပွဲစားကြီး ဦးဖိုးစောတဲ့၊ စစ်ကဲမောင်ထော်လေးလမ်း"

ရှား။ ။"ဟုတ်ပြီဗျို့၊ ဟုတ်ပြီ၊ ဒီလူပဲ။ ကဲ ဆိုစမ်းပါအုံးဗျာ"

စာရေး။ ။"ဒုတိယ မစ္စတာ ပတ်ကား၊ ကြည့်မြင်တိုင် ရှော့လမ်း။ တတိယ ဒေါက်တာ ဟန်းတား၊ မြို့ပတ်လမ်း။ သူက နှစ်လုံးဝယ်တယ်ခင်ဗျ။ စတုတ္ထ မစ္စတာဒေါ်ဆင်၊ သက်နိုးကျွန်း။ ပဉ္စမ မစ္စတာဘာတင်၊ ပဲခူးမြို့။ ဒါပါပဲဗျ"

ဦးစံရှားလည်း ယင်း လိပ်များကို သေချာစွာ ရေးမှတ်ပြီးနောက် "ရောင်းတဲ့လူကကောဗျာ"

"ရောင်းတဲ့သူက ဦးထွန်းသာ၊ တွံတေးမြို့"

"အားလုံး ပန်းအိုး ဘယ်နှစ်လုံး သူတင်ပြသလဲ"

"ဒီ ခြောက်လုံးပဲဗျ၊ ခြောက်လုံးစလုံးပဲ ရောင်းရတယ်"

ထို့နောက် ဦးစံရှားလည်း ယခင်က ဓာတ်ပုံကိုထုတ်၍ စာရေးအား ပြပြီးလျှင် "ခင်ဗျား ဒီလူကို မြင်ဖူးတယ် မဟုတ်လားဗျာ"ဟု မေးရာ—

စာရေးက "ဩော် ဟုတ်တယ်ခင်ဗျ၊ တနေ့က ကျွန်တော့်ဆီကိုလာပြီး ခင်ဗျား အခု တောင်းတဲ့ စာရင်းကိုပဲ သူတောင်းသွားတယ်" ဟု ပြောသဖြင့် ဦးစံရှားလည်း သဘောကျသည့် မျက်နှာထားနှင့် ဓာတ်ပုံကို အိတ်တွင်းသို့ ပြန်ထည့်ပြီးလျှင် စာရေးအား ငွေ ၅ ကျပ် မုန့်ဖိုးပေးပြီးနောက် ရန်ကုန်သို့ ပြန်လာကြလေ၏။

နေအိမ်သို့ရောက်၍ နံနက်စာထမင်း စားသောက်ကြပြီးလျှင် ဦးစံရှားလည်း စာနှစ်စောင်ကိုရေး၍ အစေခံကို စေလွှတ်ပြီးနောက် ကျွန်တော့်အား "ကဲ ကိုသိန်းမောင်၊ မောလှပြီလား။ ကျုပ်တော့ သွားဖို့တောင် လိုမယ်မထင်ပါဘူးဗျား။ သို့သော်လဲ ခြေကလွတ် လက်က မြဲစေရမတဲ့။ သွားအုံးမှ တော်မယ်


www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်လေ။ သတော်ာတော့ မိမယ်မဟုတ်ဘူး။ မိယင်လဲ နေ့ချင်းပြန်နိုင်မယ် မဟုတ်ဘူးဗျာ။ နေ့ချင်းပြန်ဖြစ်အောင် ပြန်ရလိမ့်မယ်။ ဒီတော့ မော်တော်ဘုတ်ငှားပြီး ကျုပ်တို့ သွားရလိမ့်မယ်ဗျို''

''မော်တော်ဘုတ် ငှားတဲ့ အခ ခင်ဗျား ဘယ်သူပေးမလဲ''

''ဘယ်သူ မပေးယင်ကော ဘာဖြစ်သလဲဗျ၊ ကိုသိန်းမောင် ကျုပ် စိတ်ဓာတ် အသိသားနဲ့။ အမှုကောင်းယင် ကျုပ်က အိတ်ထဲက ပိုက်ဆံထုတ်ပြီး စုံထောက်တဲ့ အကောင် မဟုတ်လားဗျ။ ကဲ လုပ်ဗျာ၊ အချိန်မရှိဘူး''

သတော်ာဆိပ်သို့ ရောက်ကြလျှင် ကျွန်တော်တို့လည်း မော်တော်ဘုတ်တစင်းကို ငှားကြ၍ တံတားမြို့သို့ သွားကြလေရာ တနာရီအတွင်းတွင် တံတားသို့ ဆိုက်ရောက်ကြလေ၏။ ဦးစံရှားလည်း အိုးဆရာ ဦးထွန်းသာ၏အိမ်ကို မေးမြန်း၍ အိမ်သို့ရောက်ကြလျှင် ဦးထွန်းသာနှင့် အခန့်သင့်ပင်တွေ့လေ၏။ ထိုအခါ ဦးစံရှားလည်း လုပ်ကိုင်လျက်ရှိသော အိုးများကို များစွာ ချီးမွမ်းပြောဆိုပြီးနောက် လက်မှုပညာ အံ့ပွဲ၌လည်း ဦးထွန်းသာမှာ များစွာ နာမည်ရကြောင်းနှင့် ပြောဆိုပြီးလျှင် မန္တလေးက အံ့ပွဲ၌ပြသော အိုးများကို မည်သူ လုပ်ပါသနည်းဟု မေးလေ၏။ ထိုအခါ ဦးထွန်းသာက ''အကောင်က လက်တော့ အင်မတန်မြောက်တဲ့ အကောင်ပါပဲ မောင်ရယ်၊ သို့သော် အကျင့်ကတော့ လားလားမှ ကောင်းတဲ့ အကောင် မဟုတ်ဘူး။ ကြည့်ပါ့မောင်ရယ်၊ ကျုပ်တို့ တောနယ်ကလူဆိုတာ ပုလိပ်ဆိုယင် အိမ်ရိပ် နင်းတာတောင် ကြိုက်ဘာ မဟုတ်ဘူး။ ဒီအကောင် ငှားမိတော့မှ ပုလိပ်တွေ ဝင်လား ထွက်လားနဲ့''

''ဘကြီးက ကျွန်တော်တို့ကို ပုလိပ်မှတ်လို့လား ဘကြီးရဲ့''

''ဒါပြောတာ မဟုတ်ပါဘူး မောင်ရယ်၊ မန္တလေးက အံ့ပွဲပြဖို့ ဒီအိုးတွေ ဒီအကောင်ကို လုပ်ခိုင်းမိလို့ ပြီးလဲ့ ပြီးပါရော၊ ဘာကတည်း ဒီအကောင် ခါးထိုးမှုဖြစ်လို့ ကျုပ် အတော် ဒုက္ခရောက်သွားတယ်။ တကယ်ဆို သူ့ဘာသာသူ ခါးနဲ့ထိုးရှိခကလို့ ဘာပဲလုပ်လုပ်၊ လုပ်ပြီး အသာတကြည် အဖမ်းခံလိုက်ယင် ပြီးရော မဟုတ်လား မောင်ရယ်။ အခုတော့ မဟုတ်ပေါင်၊ ထိုးတော့ ထိုးဝံ့ပြီး ကျုပ်အိမ်ထဲ ဝင်ပြေးလာ၊ တော်ဘော်ကြာတော့ ပုလိပ်တွေပေါက်လာပြီး သူ့ ဖမ်းသွားတာပေါ့ မောင်ရဲ့''

''ဒါနဲ့ ဘကြီး ဘာ ဒုက္ခရောက်ရသလဲ ဘကြီးရယ်''

''အောင်မယ်၊ မောင်တို့က တောပုလိပ်ဓာတ် မသိပဲကိုး မောင်ရဲ့။ အကျိုးနဲ့မောင်၊ မေးလား မြန်းလားနဲ့ အလုပ်ပျက် အကိုင်ပျက် ဒုက္ခပေးတဲ့ လူစုတွေ မောင်ရေ့''

''သူ ထောင်ဘယ်လောက် ကျသွားသလဲ''

''ခြောက်လ ကျသွားတယ်။ အခုလောက်ရှိ လွတ်ကရောပေါ့''

''ဘယ်အရပ်သားလဲ''

''မြေလတ်သားထဲကပါပဲ မောင်ရယ်''

''သူ့နာမည်ကော ဘကြီးရယ်''

''သာဒွန်းတဲ့၊ ဒီမှာ သူ့ညီအစ်ကိုဝမ်းကွဲတယောက် ရှိတယ်၊ သာဒွန်းနဲ့တွေ့ချင်ယင် ဒီအကောင့်ဆီ ကျုပ် မေးပေးမယ်။ ကျုပ်တော့ သူ့ပြန် လက်မခံဘူး''

''အို နေပါစေ ဘကြီးရယ်၊ မမေးနဲ့တော့။ ကိစ္စမရှိပါဘူး။ ကျေးဇူးတင်လှပါတယ် ခင်ဗျာ။ ကဲ ဘကြီး အလုပ်ပျက်နေရော့၊ ကျွန်တော်တို့ ပြန်လိုက်ပါအုံးမယ် ခင်ဗျာ''

ဒုတိယအကြိမ်

www.burmeseclassic.com



ကျွန်တော်တို့လည်း မော်တော်ဘုတ်နှင့် ပြန်လာကြ၍ အိမ်သို့ရောက်ကြလျှင် ညစာထမင်း စားသောက်ပြီးနောက် ဦးစံရှားက "ကဲ ကိုသိန်းမောင်၊ ဒီကနေ့ ဂလုပ်စိနိမာမှာ ကားကောင်းတယ် ပြောတယ်၊ အပန်းဖြေ သွားကြည့်ကြအုံးစို့ရဲ့"

"အမှုကောဗျာ၊ ဒီအတိုင်း တန်းလန်းထားတော့မလား"

"ကိစ္စမရှိပါဘူးဗျာ၊ အချိန်ရှိပါသေးတယ်။ ကိုအုန်းဖေလဲ ည ၁၀ နာရီ ဒီအိမ်လာခဲ့ဖို့ ကျုပ် စာရေးလိုက်ပြီးပြီ"

ဦးစံရှားမှာ အရုပ်ပြပွဲများကိုကြည့်ရှုရန် များစွာ ဝါသနာပါသူ တယောက်ဖြစ်၍ အားလပ်သည့်အခါတိုင်း သွားရောက်ကြည့်ရှုလေ့ရှိသည်မှန်သော်လည်း ထိုကဲ့သို့ အလုပ်တဘက်နှင့်ကြည့်ရှုနိုင်သေးသည်ကို ကျွန်တော် များစွာ အံ့သြမိလေ၏။ ကျွန်တော်တို့သည် အရုပ်ပြပွဲမှ အိမ်သို့ပြန်လာ၍ ၁၀နာရီထိုးသည်နှင့် တပြိုင်နက် အင်စပက်တော် ကိုအုန်းဖေသည် အိမ်ပေါ်သို့ တက်လာရာ သူ၏ မျက်နှာထားမှာ မိမိဆောင်ရွက်သည့် ကိစ္စ၌ ထမြောက်အောင်မြင်သည်ကို အမှန်မုချ သိသည့်လက္ခဏာနှင့် များစွာ ဟန်လုပ်လျက် ရှိလေ၏။

ဖေ။ ။"ဘယ့်နှယ်လဲ ဆရာ၊ ဒီအမှုမှာ ဆရာနဲ့ ကျွန်တော်ပြိုင်ရယင် ဘယ့်နှယ်များနေမယ် ဆရာ ထင်သလဲ။ ကဲ ဆရာ၊ ဆရာက ဘာများ စုံထောက်လို့ ရခဲ့ပါသလဲ ဆရာ"

ရှား။ ။"ကျုပ်ကလား၊ ကျုပ်က ဟိုကွဲတဲ့ပန်းအိုးတွေ ဘယ်မှာ လုပ်တယ်ဆိုတာ ကျုပ်သိခဲ့ပြီ"

ဖေ။ ။"ဟီး ဟီး ဟီး၊ ဒါသိဖို့ ဘာခက်သလဲ ဆရာရယ်၊ ဒါ သိတော့ကော ဘာများ အကျိုးရှိအုံးမှာလဲ ဆရာရယ်၊ ဒီအမှုမှာတော့ ဆရာရှုံးလိမ့်မယ် ထင်တယ်။ ကျွန်တော် စုံထောက်လို့ ဘာများသိခဲ့တယ်လို့ ဆရာတွေးနိုင်ရဲ့လား၊ သေတဲ့လူဟာ ဘယ်သူဆိုတာ ကျွန်တော် သိခဲ့ပြီဆရာရဲ့"

ရှား။ ။"ဟုတ်ပါ့မလား လူရယ်"

ဖေ။ ။"ဒါတင် မကသေးဘူး ဆရာရေ့၊ ဘာဖြစ်လို့ သတ်တယ် ဆိုတာတောင် ကျွန်တော် သိခဲ့ရပြီ"

ရှား။ ။"တော်ပါပေတယ်ဗျာ၊ တော်ပါပေတယ်"

ဖေ။ ။"တော်ဆို ဘာပြောစရာရှိသလဲ ဆရာရယ်၊ ကျွန်တော်တို့ ဂဏ်က အင်စပက်တော် ကိုဘဟန်က မြေလတ်တခွင်မှာ ပြုပြုခင်လာတဲ့ လူတယောက်ကိုး ဆရာရဲ့၊ ဒီတော့ သူက အလောင်းကို မြင်မြင်ချင်း မြင်းခြံက ဖိုးထွန်းဦးဆိုတဲ့ လူဆိုးပဲလို့ တခါတည်းသိတာပဲ။ ဒီအကြောင်းကို ဖိုးတာတေဆိုတဲ့ အကောင်က ဘခါက ရိုက်ဖူးသတဲ့။ ရိုက်ပေမယ့် သက်သေမလုံလောက်လို့ လွတ်အသွားမှာ ဖိုးထွန်းဦးက စိတ်မကျေတာနဲ့ ဒီအကောင်ကို လက်စားချေရအောင် လိုက်ပြီးရှာယင်း ရန်ကုန်ရောက်လာ၊ ရောက်တော့ ဒီ ဖိုးတာတေတွေ့၊ တွေ့တော့ နောက်ယောင်ခံပြီး အလိုက်မှာ ဖိုးတာတေက အိမ်တအိမ် ဝင်သွားတာ မြင်လိုက်၊ မြင်တော့ အပေါက်က စောင့်ပြီး နေ၊ ဟိုကောင် ထွက်အလာကျတော့ သူက ထပြီး ဓားနဲ့ ထိုးမယ်လို့ အလုပ်၊ ဟိုအကောင်က လက်ချက်ဦးသွားလို့ ဖိုးထွန်းဦး သေပါရော ဆရာရယ်။ ကဲ ဆရာ၊ ကျွန်တော်တို့ ထင်မြင်ချက် ဘယ့်နှယ်လဲ"

ရှား။ ။"ကောင်းပါပေတယ်၊ ကောင်းပါပေတယ်။ သို့သော် ဒီဖိုးတာတေက ပန်းအိုးတွေ လိုက်ပြီး ခွဲပစ်တာက ဘယ့်နှယ် အဓိပ္ပာယ်လဲဗျာ"

ဖေ။ ။"ဟာ ဆရာကလဲ တဆိတ်ရှိ ပန်းအိုးချည်းပဲ။ ပန်းအိုးခိုးမှုက ဘာ အရေးကြီးသလဲ ဆရာ၊ အခု လူသတ်တဲ့အကြောင်း မိယင် ပြီးရော မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ကဲ ဆိုပါအုံးဗျာ၊ ဘယ့်နှယ်လုပ်ဖို့ စီမံသလဲ"

ဖေ။ ။"စီမံတာက လား၊ စီမံတာက ဒီလိုဆရာရဲ့၊ဖိုးတာတေက ပိန်းတန်းဖိနပ်ချုပ်တဲ့အကောင်ကိုး၊ ဒီတော့ ဒီအကောင် ရန်ကုန်လာယင် ဒီ့ပြင်အလုပ် လုပ်မှာမဟုတ်ဘူး၊ ဖိနပ်ချုပ်ပြီးစားမှာပဲ၊ ဒီတော့ ဖိနပ်ချုပ်တဲ့ဆိုင်တွေ အကုန်လိုက်ပြီး ခါတ်ပုံနဲ့ ကိုက်တဲ့လူကို ဖမ်းရုံရှိတာပေါ့ဆရာရယ်။ နို့မို့ ခုလောက်ရှိ မိတောင် မိပြီ၊ ဆရာက ချိန်းထားလို့သာ လာရတယ်၊ ကဲ ဆရာ လိုက်မလား"

ရှား။ ။"လိုက်ဖို့ မလိုပါဘူး မိတ်ဆွေ၊ ဒီ့ထက် လွယ်လွယ်နဲ့ မိတဲ့နည်း ရှိပါတယ်။ သို့သော် အမှန်တော့ မပြောနိုင်ဘူးပေါ့လေ၊ လောင်းရမယ်ဆိုယင်ဖြင့် နှစ်ကျပ်နဲ့ တကျပ်လောက်တော့ လောင်းဝံ့ စရာရှိပါရဲ့၊ ကဲ ဒီတော့ ခင်ဗျားက ကျုပ်တို့နဲ့လိုက်ခဲ့"

ဖေ။ ။"ဘယ်ကိုလဲ၊ ဖိနပ်ဆိုင်တွေကိုလားဗျာ"

ရှား။ ။"မဟုတ်ဘူးဗျ၊ သက်န်းကျွန်းမှာ ကျုပ်တို့ တွေ့မယ်ထင်တယ်။ ဒီကနေ့ည ကျုပ်နဲ့ လိုက်ခဲ့ပါဗျာ၊ တကယ်လို့ နေရာမကျယင် ခင်ဗျားဖိနပ်ဆိုင်တွေ နက်ဖြန်တော့ ကျုပ် လိုက်ပါ့မယ်၊ ခင်ဗျားကိစ္စက တနေ့ဆိုင်းလို့ အတွက်မရှိပါဘူးဗျာ၊ ကဲ လိုက်မယ် မဟုတ်လား"

"ဆရာ လိုက်စေချင်ယင် လိုက်ရတာပေါ့ ဆရာရယ်"

"ကဲ ဒါဖြင့် လာ၊ ဘယ်နှစ်နာရီရှိပြီလဲ။ အလို ၁၁ နာရီတောင် ထိုးပြီးပြီ၊ ရထားတော့ မမီနိုင်ဘူးဗျို့၊ မော်တော်ကားနဲ့ ဘောက်ထော်ကိုသွားပြီး ဘောက်ထော်ကနေ ခြေကျင် လျှောက်ရလိမ့်မယ်။ ကိုအုန်းဖေ၊ ခင်ဗျားခြောက်လုံးပြူး ပါတယ်မဟုတ်လား။ တော်တော်ခက်ထန်တဲ့လူနဲ့ တွေ့ရလိမ့်မယ်ဗျို"

ကျွန်ုပ်တို့လည်း မော်တော်ကားနှင့် ဘောက်ထော်သို့သွားကြ၍ မော်တော်ကားမောင်းသမားအား စောင့်နေရန် မှာထားခဲ့ပြီးလျှင် တမိုင်ကျော်လောက် လျှောက်သွားကြရာ သက်န်းကျွန်းရွာ ဥရောပ တိုက်သားများ နေထိုင်ရာ အပိုင်းသို့ ဆိုက်ရောက်လာကြလေ၏။

ဦးစံရှားလည်း ဗိုလ်အိမ်များကို သေချာစွာ ကြည့်ရှုလျက် လျှောက်သွားကြရာ ဝင်းပေါက်တွင် မီးအိမ်ထွန်းလျက်ရှိသော အိမ်ရှေ့သို့ရောက်လေလျှင် ဝင်းတံခါးကိုဖွင့်၍ ဝင်းထရံမှောင်ရိပ်မှာ ဝပ်တွား တာ စောင့်ဆိုင်းလျက် ရှိကြလေ၏။

အိမ်တွင်း၌ကား မှောင်နှင့်မည်းမည်းရှိနေရာ အိမ်သားတို့မှာလည်း အိမ်ပျော်လျက်ရှိသည့် လက္ခဏာနှင့် တိတ်ဆိတ်စွာ ရှိနေကြလေ၏။

ကျွန်ုပ်တို့လည်း နေထားတကျရှိနေကြလျှင် ဦးစံရှားက လေသံဖြင့် "ကျုပ်တို့တော့ တော်တော် ကြာအောင် စောင့်ရလိမ့်မယ် ထင်တယ်ဗျို၊ မိုးမရွာပေတာပဲ ကျေးဇူးပဲဗျို၊ နို့မို့ ဒုက္ခကြီးပဲ။ သို့သော်လဲ ပင်ပန်းကျိုးတော့ နပ်ကောင်းပါရဲ့လေ"ဟု ပြောပြီးနောက် ငြိမ်ဝပ်စွာ နေကြလေ၏။

တရပ်လုံးမှာလည်း အလွန်တရာ တိတ်ဆိတ်စွာ ရှိနေသည်ဖြစ်၍ ဝေးလံသောအရပ်မှ ခွေးတကောင် ဟောင်နေသည့် အသံမျှသာလျှင် ကြားရလေ၏။ ကျွန်ုပ်တို့လည်း ဝပ်တွားကာ စောင့်နေရသဖြင့် အလွန်တရာ ညောင်းညာလှလေပြီဖြစ်ရာ ထိုသို့နေရသည့်အတွင်း ကျွန်ုပ်မှာ ဆေးလိပ်သောက်ချင် လှသည်ဖြစ်ရာ ဦးစံရှား၏ ကြိမ်းမောင်းငေါက်ငန်းခြင်းကိုပင် ခံရလေသည်။

ထိုသို့ စောင့်နေကြစဉ် အိမ်အတွင်းမှ နာရီပြန်တချက်ထိုးသည်ကို ကြားရလေလျှင် ကျွန်ုပ်မှာ မည်မျှကြာရှည်အောင် စောင့်ဆိုင်းရဦးမည်ကို တွေးတောလျက်ရှိနေဆဲတွင် ကျွန်ုပ်တို့သည် လူသံကိုမျှ မကြားရပဲ ဝင်းတံခါးသည် ရုတ်တရက် ပွင့်သွားပြီးလျှင် အရပ်မြင့်မြင့်နှင့် အလွန်တရာ ဖျတ်လတ်

www.burmeseclassic.com

www.burmeseclassic.com



သွက်လက်ဟန် လက္ခဏာရှိသည့် လူတယောက်သည် ဝင်းပေါက်မှ ဝင်လာ၍ အိမ်ဆီသို့ လျင်မြန်စွာ လျှောက်သွားလေ၏။

အိမ် အနီးသို့ ရောက်သွားလျှင် အိမ်ရိပ်အောက် ရောက်သွားသည် ဖြစ်၍ ကျွန်တော်တို့သည် ထိုသူအား မမြင်လိုက်ရပဲ ရှိသဖြင့် အသက်ကိုမျှ မရှူရှိုက်နိုင်ပဲ နားစွင့်လျှက်ရှိကြသည်တွင် အိမ်ဆီမှ တစုံတခုကို ခြစ်သည့်အသံ ကြားရလေရာ ယင်းအသံမှာ ပြတင်းပေါက်ကို ဖွင့်သည့်အသံ ဖြစ်သည်ဟု တွေးထင်ကြရလေ၏။

ထို့နောက် အသံသည် ရပ်စဲ၍သွားလေလျှင် ထိုသူသည် အပေါက်မှ အိမ်တွင်းသို့ ဝင်သွားပြီဟု တွေးထင်ကြရပြန်ရာ တခဏမျှကြာလျှင် အိမ်တွင်းမှာ အလင်းရောင်တခုကို မြင်ရသောကြောင့် ထိုသူသည် လက်ကိုင်ဓာတ်မီးဖြင့် တစုံတခုကို ရှာဖွေနေကြောင်း သိရှိကြရလေ၏။ အလင်းရောင်မှာလည်း တနေရာမှ တနေရာသို့ ပြောင်းရွှေ့တောက်လင်းလျက် ရှိနေရာ ကျွန်တော်တို့မှာ ထိုသူသည် မိမိလိုသော အရာကို ရှတ်တရက် မတွေ့သဖြင့် တနေရာမှ တနေရာသို့ ရွှေ့ပြောင်း၍ မီးရောင်ကို ထိုးကြည့်နေကြောင်းကို သိကြရလေ၏။

ထိုအခါ ကိုအုန်းဖေက "ကဲ ဆရာ၊ ဒီလိုနေလို့ မဖြစ်ဘူး ထင်တယ်။ ပြတင်းပေါက် သွားစောင့်ပြီး သူ ထွက်အလာမှာ ဖမ်းမှ ထင်တယ်"ဟု လေသံနှင့်ပြောပြီးသည်နှင့်တပြိုင်နက် ထိုသူသည် တစုံတခုသော အရာကို ပိုက်၍ မီးရောင်လင်းလျက်ရှိသော လမ်းတလျှောက် ဝင်းပေါက်သို့ လျှောက်လာသည်ကို တွေ့မြင်ကြရလေ၏။

ဝင်းတံခါးရှိ မီးအိမ်အောက်သို့ ရောက်လျှင် ထိုသူသည် တောင်မြောက်လေးပါးကို ကြည့်ပြီးနောက် ကျွန်တော်တို့ ရှိရာသို့ ကျောခိုင်းကာ ရပ်လျက် လက်က အရာကို လွှတ်ချလိုက်သဖြင့် ဖျန်းကနဲ ကွဲသံကို ကျွန်တော်တို့ ကြားရလေ၏။

ထို့နောက် ထိုသူသည် အကွဲများကို တချပြီး တချ ကောက်လျက် အလွန်တရာ စိတ်အား ထက်သန်လှသော အမူအရာဖြင့် ကြည့်ရှုလျက်ရှိဆဲတွင် ကျွန်တော်တို့လည်း ခြေသံ မကြားအောင် ဝပ်တွားကာ သွားပြီးနောက် အနီးသို့ရောက်သည်နှင့် တပြိုင်နက် ဦးစံရှားလည်း တဟုန်တည်းခုန်၍ ဖမ်းလိုက်ရာ ကျွန်တော်နှင့် ကိုအုန်းဖေတို့လည်း ထိုသူ၏ လက်များကို တဘက်စီ ဆွဲကိုင်ပြီး ဖြစ်ကြလေ၏။ နောက် တခဏ၌မူ ကိုအုန်းဖေသည် မိပြီးလူများကို ဖမ်းဆီးခြင်း၌ ကျင်လည်သူတယောက်ဖြစ်ပေသဖြင့် ထိုသူ၏ လက်များမှာ လက်ထိပ်ခတ်ပြီး ဖြစ်ကြလေ၏။

ကျွန်တော်တို့လည်း အထက်ပါ ကိစ္စများကို လျင်မြန်စွာ ဆောင်ရွက်ကြသည် ဖြစ်၍ ထိုသူမှာ လက်ထိပ်ခတ်ပြီး ဖြစ်သည့်အခါ မိမိမှာ အဖမ်းခံရကြောင်း သိရှိလေ၏။ ထိုအခါ ကျွန်တော်လည်း ဖမ်းမိသော မျက်နှာကို မီးရောင်တွင် ကြည့်လေရာ ထိုသူမှာ ဒေါသအမျက် ချောင်းချောင်း ထွက်လျက် ကျွန်တော်တို့အား ကြောက်မက်ဖွယ်ကောင်းလှသော မျက်လုံးတို့ဖြင့် ပြူး၍ ကြည့်လေရာ မျက်လုံးတို့မှာ လူတို့အား သေစေတတ်သော တန်ခိုးရှိပါမူ ကျွန်တော်တို့မှာ ထိုခဏ၌ ပွဲချင်းပြီး သေဆုံးကြရမည်ဖြစ်လေသည်။ ထိုသူမှာ ဓာတ်ပုံတွင် ကျွန်တော်တို့ တွေ့မြင်ထားပြီးသူပင် ဖြစ်လေသည်။

ထိုခဏ၌ ဦးစံရှားမှာမူ ကျွန်တော်တို့ ဖမ်းမိသူအား အရေးလုပ်၍ ကြည့်ရှုခြင်းမရှိပဲ မြေတွင် ဒိုးထောက်ကာ အိုးကွဲများကို ကောက်ယူပြီးလျှင် မီးရောင်တွင် တခုစီ သေချာစွာ ကြည့်ရှုလျက် ရှိလေ၏။ အိုးကွဲတို့မှာ အခြားအိုးခြမ်းပဲ့များနှင့်မခြား အလားတူပင်ဖြစ်ကြောင်း ကျွန်တော်လည်း တွေ့မြင်ရလေရာ



www.burmeseclassic.com

www.burmeseclassic.com


ဦးစံရှားလည်း ဘိုးကဲ့တို့ကို အားလုံး တခုစီ ကြည့်ပြီးသည်နှင့် တပြိုင်နက် အိမ်တွင်းမှ ရှာတရက် မီးလင်းလာပြီးလျှင် ဝဝတုတ်တုတ် အင်္ဂလိပ်လူမျိုးတယောက်သည် အပြင်သို့ ထွက်လာလေ၏။

ထိုအခါ ဦးစံရှားက အင်္ဂလိပ်ဘာသာဖြင့် "မစ္စတာ ဖေါ်ဆင် မှတ်တယ်"

"ဟုတ်ဘယ်၊ ခင်ဗျားလဲ ဦးစံရှားပဲ မဟုတ်လား။ ခင်ဗျား ပေးလိုက်တဲ့ စာ ကျုပ်ရလို့ ခင်ဗျား မှာလိုက်တဲ့အတိုင်း အခေါက်တွေ အကုန်ပိတ်ပြီး စောင့်နေတာပဲ။ ဝမ်းသာတယ်ဗျာ၊ ခွေးမသား မိပြီ မဟုတ်လား။ ကဲ လာကြဗျ၊ အိမ်ထဲဝင်ပြီး အပန်းဖြေ နည်းနည်းပါးပါး သောက်သွားကြပါအုံး"

ကျွန်တော်တို့သည်း အိမ်တွင်းသို့ ခေတ္တမျှ ဝင်ရောက် စကားပြောဆိုပြီးနောက် ကိုအုန်းဖေမှာ သူခိုးကို ဂတ်တဲသို့ မပို့ရသမျှ စိတ်မအေးသည့် အမူအရာ ရှိနေသည်နှင့် ကျွန်တော်တို့သည် အိမ်ရှင်ကို နှုတ်ဆက်ပြီးလျှင် သက်နှင်းကျွန်းဂတ်တဲသို့ သွားကြလေ၏။ လမ်းတွင် သူခိုးမှာ မိမိအား မိသွားသည့်အတွက် အကြံအစည်ပျက်သည်ဖြစ်၍ စိတ်ဆိုးလှသည် ဖြစ်သောကြောင့် ကျွန်တော်တို့ သုံးဦးအား ခြေဖြင့် ကန်ကျောက်ခြင်း၊ ပါးစပ်နှင့် မိရာ ဖမ်းကိုက်ခြင်း၊ လက်ထိပ်နှင့် ရိုက်ခြင်း စသည်တို့ကို ပြုလုပ်လျက် ရှိသဖြင့် ကျွန်တော်တို့မှာ များစွာ အလုပ်များကြရလေ၏။

ပုလိပ်ဌာနသို့ ရောက်သောအခါ ကိုအုန်းဖေလည်း ထုံးစံရှိသည့်အတိုင်း ထိုသူ၏ အိတ်များကို ရှာဖွေရာ ငွေ ၁ ကျပ် ၉ ပဲနှင့် သွေးများစွန်းပေလျက်ရှိသော ဓားမြှောင် တစင်းကို တွေ့ရှိလေ၏။

ထို့နောက် ကိုအုန်းဖေလည်း ထိုသူ၏ အမည်နာမတို့ကို မေးမြန်းရာ ထိုသူသည် စကားတခွန်းမျှ မပြောပဲ အနိုင်ကာ ရှိနေသဖြင့် ကျွန်တော်တို့လည်း ထိုသူကို အချုပ်ထောင်တွင် အပ်ထားခဲ့ပြီးနောက် သောက်တော်သို့ ခြေကျင် လျှောက်လာကြလေ၏။

လမ်းတွင် ကိုအုန်းဖေက "အကောင် ဘာများ အကြံပျက်လို့လဲ မဆိုနိုင်ဘူး၊ တယ်ထန်တဲ့ အကောင်ပဲ။ တခွန်းမှ မေးလို့ မရဘူး။ ဒါနဲ့ ဖြစ်ပုံကတော့ ကျွန်တော် စောစောက ပြောတဲ့အတိုင်း ဖြစ်မှာပါပဲ ဆရာရယ်၊ သို့သော် ကျွန်တော်က အတင်တည့်ပေမယ့် ဖမ်းမိဖို့ ဆင်ပုံကလေးကတော့ ဆရာဘာ စောင့်ပါခဲ့တယ် ဆရာရယ်။ ဘယ့်နှယ်ကြောင့် ဆရာ ဒီကို လာစောင့်ပြီး ဖမ်းတယ်ဆိုတာတော့ အခုထိ ကျွန်တော် နားမလည်နိုင်သေးဘူး"

"ကဲဗျာ ကနေ့တော့ ကျုပ် ရှင်းလင်းပြဖို့ အချိန်လဲ မရှိသေးဘူး၊ ပြီးတော့ အချက်ကလေးလဲ တချက် နှစ်ချက် လောက် လိုနေသေးတယ်။ ဒီအမှုဟာ အခု ဆုံးသေးတာ မဟုတ်ဘူးဗျ။ အဆုံးထိအောင် လိုက်ရသော် တော့ဗူးခံစားရဖို့ ရှိလိမ့်မယ် ကျုပ်ထင်တယ်။ ကဲ နက်ဖြန်ညနေတော့ ခင်ဗျား ကျုပ်တို့အိမ် လာခဲ့အုံးဗျာ၊ ခင်ဗျားကို ဒီတော့မှ ကျုပ် ရှေလည်အောင် ပြောပြတဲ့အပြင် အံ့သြစရာ အခြင်းအရာ တခုကိုလဲ ကျုပ် ပြအုံးမယ်"

သောက်တော်သို့ ရောက်ကြလျှင် ကျွန်တော်တို့လည်း စောင့်ဆိုင်းရန် မှာထားခဲ့သော မော်တော်ကားနှင့် နေအိမ်သို့ ပြန်လာကြလေ၏။

နက်ဖြန် ညနေ တိုင်ရောက်လျှင် ကိုအုန်းဖေလည်း ကျွန်တော်တို့ တိုက်သို့ လာရောက်၍ သူခိုးမှာ တံခါးဖွင့် အိုးလုပ်၍ အသက်မွေးဖူးသော သူတယောက်ဖြစ်ကြောင်း၊ အမည်မှာ မောင်သာဒွန်းဖြစ်ကြောင်း၊ ထိုသူ ခိုး၍ ပ်း ...အိုးများမှာ ထိုသူ၏ လက်ဖြင့် လုပ်သော ...န်းအိုးများ ဖြစ်ကြောင်း၊ ယင်း အိုးများ ... ဘယ်ကြောင့် ခိုး၍ ပစ်သည့်အကြောင်းကိုမူ မေးမြန်း၍ မရကြောင်း၊ ထိုသူမှာ ဓားထိုးမှုဖြင့် ထောင် ...  ...ပြီး ကျဖူးကြောင်းများကို ပြောဆိုလေလျှင် ဦးစံရှားမှာ ကိုအုန်းဖေ ပြောသည်

www.burmeseclassic.com



များကို သိရှိပြီး ဖြစ်သဖြင့် များစွာ အာရုံမပြုပဲ တစုံတခုကို မျှော်လင့်စောင့်ဆိုင်းလျက်ရှိသည့် လက္ခဏာနှင့် နာရီကို ခဏခဏ ကြည့်လျက် ရှိလေ၏။

ကိုအုန်းဖေ၏ စကားအဆုံး၌ လှေကားမှ ခြေသံကြားလေလျှင် ဦးစံရှားမှာ ဝမ်းသာသည့် အမူအရာဖြင့် ခြေသံကို နားထောင်လျက်ရှိရာ တခဏမျှ ကြာလျှင် ဘိုင်ကုလား တယောက်သည် ပန်းအိုးတလုံးကို ထမ်းလျက် ဝင်လာပြီးလျှင် ယင်းကို စားပွဲပေါ်တွင် ချ၍ "ဦးစံရှား ဆပ်"ဟု မေးလျက် ဦးစံရှားအား စာတစောင်ကို ပေးလေ၏။

ဦးစံရှားလည်း ယင်းစာကို ဖွင့်၍ ဖတ်ပြရာ ယင်းစာမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားလျက် အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ပဲခူးမြို့
၁၉၁၉ ခု၊ ဇူလိုင်လ ၁၆ ရက်နေ့

ဦးစံရှား ပေးပို့လိုက်သော စာကိုယနေ့ပင် ရရှိသည်ဖြစ်၍ ယခု ကုလားကို ပန်းအိုးနှင့် တကွ စေလွှတ်လိုက်ပါသည်။ ကျွန်ုပ်မှာ ၎င်းပန်းအိုးကို မနှစ်က ဂျူဗလီဟောရှုံလက်မှုပညာ အံ့ပွဲမှ ၁၅ ကျပ်မျှနှင့် ဝယ်ထားသည်ဖြစ်၍ ဦးစံရှားက ၁၅ဝ ကျပ်နှင့် ဝယ်ယူလိုသည် ဆိုသည်မှာ ကျွန်ုပ် နားမလည်နိုင်အောင် ရှိလေသည်။ သို့ရာတွင် ဦးစံရှား မှာသည့် အတိုင်း စာချုပ်ကိုလည်း ဤစာနှင့်အတူ ပေးပို့လိုက်ပါသည်။ ငွေကို ယခု ဘိုင်ကုလား အား ပေးဆပ်လိုက်ပါ။

အီဘာတင်

ထို့နောက် ဦးစံရှားလည်း စာနှင့်အတူ ပူးတွဲပါရှိသည့် စာချုပ်ကို ဖတ်ပြပြန်ရာ ယင်းမှာ—

မနှစ်က ဂျူဗလီဟောအံ့ပွဲမှ ဝယ်ယူထားသော ပန်းအိုးကို ဦးစံရှားအား အဖိုးငွေ ၁၅ဝ ကျပ်နှင့် ရောင်းချလိုက်သည်ဖြစ်၍ ယင်းပန်းအိုးမှ မိမိရသင့်ရခွင့်ရှိသမျှ အလုံးစုံကို ဦးစံရှားအား လွှဲအပ်ပါသည်။

အီဘာတင်

အထက်ပါ စာချုပ်နှင့် စာကိုဖတ်ပြပြီးနောက် ဦးစံရှားလည်း ၁ဝ ကျပ်တန် ငွေစက္ကူ ၁၅ ချပ်ကို သံသေတ္တာမှထုတ်ယူ၍ ဘိုင်ကုလားအား ပေးလိုက်ရာ ကျွန်တော်နှင့် ကိုအုန်းဖေတို့မှာ နားမလည်နိုင်သော မျက်နှာထားနှင့် ပါးစပ်ကိုဟလျက် ရှိနေကြလေ၏။

ဘိုင်ကုလားလည်း ငွေစက္ကူများကို ယူ၍ ဆင်းသွားလေလျှင် ဦးစံရှားလည်း စားပွဲပေါ်တွင် ဖြူစင်သော အဝတ်တခုကို ခင်းပြီးနောက် ပန်းအိုးကို အလယ်တည့်တည့်တွင် တည်ထား၍ တူတခုကိုယူပြီးလျှင် ရိုက်ခွဲလိုက်လေ၏။ ထို့နောက် ဦးစံရှားသည် အိုးခြမ်းပဲ့များကိုယူ၍ တခုပြီးလျှင် တခု သေချာစွာ စမ်းသပ်ကြည့်ရှုရာ တခုသော အိုးခြမ်းပဲ့မှာ အခြားအိုးခြမ်းပဲ့များကဲ့သို့ ညီညွတ်ချောမောစွာမရှိပဲ အဖုငယ် တခု ပါရှိသည်ကို တွေ့ရှိရလေ၏။ ထိုအခါ ဦးစံရှားလည်း ယင်းအိုးခြမ်းပဲ့ကို တူနှင့် ဖြည်းညင်းစွာ ထုချေ ပြီးနောက် ဝမ်းမြောက်ဝမ်းသာရှိသော မျက်နှာထားနှင့် တစုံတခုကို ကောက်ယူ၍ "ဟောဒီမှာ ကိုသိန်း မောင်နဲ့ ကိုအုန်းဖေတို့ရေ၊ တနှစ်က မြင်းခြံမှာ သဌေးဦးဘဇံ ပျောက်သွားတဲ့ ငမောက် ပတ္တမြားဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဟောဒါပဲဗျို" ဟု ပြောလျက် ရဲရဲနီလျက်ရှိသော ပတ္တမြားကျောက်ကလုံးကို ကိုင်၍ပြရာ ကျွန်တော်တို့မှာ များစွာ အံ့သြလျက် ရှိနေကြလေ၏။

ထိုအခါ ကျွန်တော်တို့မှာ ဦးစံရှား၏အစွမ်းကို နှုတ်ဖြင့်ချီးမွမ်းခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ အမူအရာဖြင့်သာ ချီးမွမ်းနိုင်ကြသည်ဖြစ်ရာ ဦးစံရှားလည်း ကျွန်တော်တို့၏ အံ့သြလျက်ရှိသော မျက်နှာထားကို မြင်သဖြင့် နှပ်သက်သည့် လက္ခဏာနှင့်—

"အဲဒီ ကျောက်ဟာ သခင်ဖူးဦးဘစံလက်က ဒီအိုးခြမ်းပဲ့ထဲ ဘယ်နည်းနဲ့ ရောက်လာတယ်ဆိုတာ ကျုပ်သိသလောက် ပြောရအုံးမှာပေါ့ဗျာ၊ ဟိုတုန်းက မြင်းခြံမှာ ဒီပတ္တမြား ပျောက်သွားတဲ့အကြောင်းကိုအနုန်းဖေကြားလိုက်တယ် မဟုတ်ဘူးလား။ ဆုငွေငါးထောင်တောင် ပေးပြီး ကြော်ငြာသေးတယ်လေ။ ဒီတုန်းက ဒီအမှု ကျုပ်ဆီတောင် ရောက်လာသေးတယ်၊ ရောက်လာပေတဲ့ သေသေချာချာ ပေါ်ပေါက်အောင် ဟိုအခါက မစုံစမ်းနိုင်ခဲ့ဘူးဗျ။ ဒီဟာကို ခိုးတာက ဦးဘစံအိမ်မှာ ခိုင်းထားတဲ့ သက်ပြင်းဆိုတဲ့ အကောင် ခိုးတာအမှန်ပဲ။ ဒီအကောင်က ဒီကျောက်ကိုခိုးပြီး ရန်ကုန်မှာနေတဲ့ သူ့အစ်ကို ဖိုးထွန်းဦးလက်ကို အပ်လိုက်တယ်လို့ ဟိုတခါကတည်းက ကျုပ်တို့ သက်သေမကင်းဖြစ်ခဲ့တယ်။ ပြီးတော့တခါ သတင်းစာဖိုင်ဟောင်းတွေရှာပြီး ကြည့်ပြန်တော့ ဖိုးသာဒွန်းအဖမ်းခံရတဲ့ရက်နဲ့ ပတ္တမြားပျောက်တဲ့ရက်ဟာ ၄၅ ရက်သာ ကွာခြားတာက တချက်၊ ပြီးတော့ သတ်သူ အိုးထိန်းသည် သာဒွန်းရော၊ သေသူ ဖိုးထွန်းဦးရောဟာ နှစ်ယောက်လုံး မြင်းခြံသားချည်းပဲ ဖြစ်လေတော့ သူတို့နှစ်ယောက် တယောက်ကိုတယောက် သတ်ဖြတ်ရခြင်းဟာ သေချာ ဒီပတ္တမြားအတွက်ပဲလို့ ကျုပ် တွေးမိတယ်။ ပြီးတော့ ဒီ့ပြင်အချက်က ပတ္တမြားကို သူခိုးလက်ခံဖြစ်တဲ့ ဖိုးထွန်းဦးလက်မှာ ရှိယင် ဘာမှ သာဒွန်းနဲ့ ခိုက်ရန်ဖြစ်ပွားဖို့ မရှိဘူးဗျ။ ဒီတော့ ကျုပ်က ဘယ့်နှယ်ထင်သလဲ။ ပတ္တမြားဟာ သူခိုးလက်ခံဖြစ်တဲ့ ဖိုးထွန်းဦးလက်မှာမရှိ၊ သာဒွန်းလက်ကို တနည်းနည်းနဲ့ ရောက်သွားပြီလို့ ကျုပ် ထင်မြင်ချက်ရတယ်။

"ကဲ ကောင်းပြီ၊ ဒီတော့ ပတ္တမြားဟာ အဲဒီအခါက သာဒွန်းလက်မှာ ရှိတယ်လို့ ကျုပ်တို့ ယူကြစို့။ ဒီတော့ ဘာဖြစ်သလဲ။ တနေ့တော့ သာဒွန်းက လူတယောက်နဲ့ရန်ဖြစ်ပြီး ဓားနဲ့ထိုး၊ ထိုးပြီး သူအလုပ် လုပ်တဲ့အိမ် ပြေးလာ၊ လာတော့ ဒီအခါ ပတ္တမြားကြီးက သူ့လက်ထဲမှာ ရှိနေတာကိုးဗျ။ ဒီတော့ ခုနေအခါ ငါ့ကို ပုလိပ်ကဖမ်းယင်ဖြင့် ဒီဟာကြီးပါမိချေရဲ့ဆိုပြီး ဝှက်စရာကြည့်နေ၊ ကြည့်တော့ ဘာမြင်သလဲ၊ အံ့ပွဲသွင်းဖို့ သူလုပ်ထားတဲ့ပန်းအိုး ၆ လုံး မခြောက်တခြောက်ရှိနေတာမြင်တယ်၊ မြင်တော့ အဆင်သင့်ပဲလို့ ခအောက်မေ့ပြီး ပန်းအိုးမှာ အတွင်းဘက်က တွင်းကလေးလုပ်၊ လုပ်ပြီး ပတ္တမြားမြှုပ်၊ မြှုပ်ပြီး မြေဆေးနဲ့ မသိမသာ ပြန်ပြီးမံထား၊ နောက် အလွယ်တကူထည့်နိုင်အောင် ဒီနေရာက ခပ်ဖောင်းဖောင်း ကလေးလုပ်ပြီး ထားတဲ့လက္ခဏာရှိတယ်။ ဒီလိုဝှက်ပြီးပါရော။ တော်တော်ကြာတော့ ပုလိပ်တွေက အိမ်လိုက်လာပြီး ဓားထိုးမှုနဲ့ သူ့ဖမ်း၊ အမှုထင်ရှားလို့ ထောင် ၆ လ ချလိုက်တာကိုးဗျ။ နောက် ထောင်က ရက်စေ့လို့ လွတ်လာတော့ သူ့အိုးတွေ ရောင်းပြီးတဲ့အကြောင်း တနည်းနည်းနဲ့ သိတာနဲ့ အင်းစိန်က အံ့ပွဲဆိုင်ရာ အရာရှိရဲ့ စာရေးကို ဘယ်သူ့ ရောင်းလိုက်တယ်ဆိုတာ သူ သွားမေးတာကိုးဗျ။ မေးတော့ ဟိုကလဲ သူ့ အကြံမသိလို့ သူ့ကို လိပ်နဲ့တကွ အသေအချာ ပေးလိုက်တာကိုးဗျ။ ဒီလိပ်တွေရလာတော့ သူ ဘယ်အိမ်က ပန်းအိုးကို အလျင်ခွဲရှာသလဲ။ စစ်ကဲမောင်ထော်ခလေးလမ်းက ပန်းအိုး။ နောက်ညတော့ ပန်းဆိုးတန်းလမ်းနဲ့ မြို့ဘက်လမ်းက ပန်းအိုးကို တညတည်းနှစ်အိုး။ ဒီတော့ သုံးအိုးရှိသွားပြီမဟုတ်လား။ ပြီးတော့ တခါ နောက်တညတော့ ကြည့်မြင်တိုင် ရှောလမ်းက ပန်းအိုး။ ဒီတခါတော့ ဘာဖြစ်သလဲ။ ဖိုးထွန်းဦးက သူ့အကြောင်းကြားတာနဲ့ နောက်ယောင်ခံပြီးလိုက်၊ အိမ်ထဲဝင်သွားတာမြင်တော့ အိမ်ပေါက်ကစောင့်နေ၊

www.burmeseclassic.com



ထွက်လာလို့ လက်စားချေမယ်လုပ်တော့ ဟိုအကောင်က လက်ချက်ဦးပြီး ဖိုးထွန်းဦး သေပါရောဗျာ” ဟု ပြောသဖြင့် ကျွန်တော်က “နို့ နေပါအုံး၊ ဖိုးထွန်းဦးနဲ့ သာဒွန်းက တယောက် တယောက်သိနေရဲ့ သားနဲ့ ဘာပြုလို့ ခေတ်ပုံဆောင်နေရသေးသလဲဗျာ”

“ဩော် ဒီဟာကတော့ မသိလို့ သူများကိုမေးချင် မြန်းချင်ယင် ခေတ်ပုံပြပြီး မေးဖို့လို့ ဆောင်လာခဲ့တာပေါ့ဗျ။ ကဲ ဒီတော့ ဖိုးထွန်းဦးအသေမှာ ကျုပ်တို့လူက ကေန္တ သူလိုချင်တဲ့အရာကို ပုလိပ်တွေရိပ်မိမှာစိုးတာနဲ့ ရှေးကထက် ပိုတိုးပြီး မြန်မြန်ဆောင်ရွက်လိမ့်မယ်ဆိုတာ ကျုပ်သိတယ်။ ဒီတော့ အခုပန်းအိုး ဘယ်နှစ်လုံး ကွဲပြီးပြီလဲ၊ ၄ လုံးကွဲပြီးပြီ။ ဒီတော့ စတုတ္ထအလုံးမှာ သူ့ပတ္တမြား တွေ့ချင် တွေ့သွားမယ်ပေါ့လေ။ အမှန်တော့ ဟိုတုန်းက မပြောနိုင်ပေဘူး။ သို့သော် ၃ လုံးအနက် ၁ လုံးကိုသာ ခွဲရမယ်ဆိုယင် တည့်ဖို့ရာဟာ တလေး နှစ်လေးပေးပြီး လောင်းလောက်အောင် ခဲယဉ်းတယ် မဟုတ်လားဗျာ။ ဒါကြောင့် ကျုပ်က ခင်ဗျားကို တကျပ် နှစ်ကျပ်ပေး လောင်းဝံ့တယ်လို့ ပြောတယ်မဟုတ်ဘူးလား။ ပြီးတော့ တချက်ကလဲ လိုချင်တဲ့အရာဆိုတာ ရုတ်တရက် အခန့်သင့် အင်မတန် တွေ့ခဲတယ်ဗျ။ နောက်ဆုံးကျမှ တွေ့တတ်တာမျိုးပဲ။ ဒီတော့ စတုတ္ထပန်းအိုးမှာ ကျုပ်တို့လူ ပတ္တမြားကို မတွေ့သေးယင် ကျန်တဲ့ ၂ လုံး အနက် ဘယ်အလုံးကို အလျင်ခိုးမလဲတဲ့၊ ၁ လုံးက သက်နီးကျွန်းမှာ၊ ၁ လုံးက ပဲခူးမှာ။ ဒီတော့ ဘယ်နည်းနဲ့မဆို နီးရာ အလျင်ခိုးမှာပဲ။ ကျုပ်တွက်ပြီး သက်နီးကျွန်းက မစ္စတာ ဒေါ်ဆင်ဆီ စာရေးပြီး ကျုပ် မှာထားလိုက်တာ။ ကဲ ကျုပ်ဆင်တဲ့အတိုင်း တည့်ပြီး ကျုပ်တို့လူ မိတယ်မဟုတ်ဘူးလားဗျာ။ ဗိုလ်ညာ အိုးကွဲတွေမှာ ကျုပ် အသေအချာ ကြည့်တော့လဲ ကျောက်ကို မတွေ့ဘူး၊ ဒီတော့ ဘယ့်နှယ်လုပ်သလဲ။ ပဲခူးက ဆင္ဂမ မြောက် ပန်းအိုးကို ၁၅ဝိ ပေးဝယ်လိုက်တာ ဟောဒီမှာ ပတ္တမြားရတယ် မဟုတ်လားဗျ။ ကုန်တာက ၂ဝဝိ ကျော်လောက်၊ ဆုငွေက ၄ါးထောင်ဆိုတော့ ကျုပ်တို့ နေ့တွက်တော့ ကောင်းကောင်း ကိုက်တာပဲဗျို့။ ကဲ ကိုသိန်းမောင်၊ ပတ္တမြားကို ကောင်းကောင်း သိမ်းပေတော့ဗျာ။ ကိုအုန်းဖေလဲ ခုလို မကြာမကြာ လာတာပေါ့ဗျာ၊ တတ်အားသမျှ ကျုပ် ကူညီပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com

# ၂၇။ ထူးဆန်းသော ကစားသမားအမှု *

တနေ့သ၌ ကျွန်ုပ်တော်နှင့် ဦးစံရှားတို့သည် ညနေ့ခန်းတွင်ထိုင်လျက် သတင်းစာတစောင်စီ ဖတ်ရှုနေကြစဉ် ဦးစံရှားသည် မိမိဖတ်နေသော သတင်းစာကို ပစ်ချလိုက်ပြီးနောက်—

ရှား။ ။"အဆုံးကျတော့ကိုသိန်းမောင်ရေ၊ ကြီးပွားတယ်၊ ထွန်းကားတယ်၊ ကျော်စောကီတ္တိ ရှိတယ်ဆိုတာ ခေတ်အခါလိုက်ပြီး ဖြစ်ရတာကိုးဗျ။ ဥပမာ အခုနေအခါမှာ ဦးအောင်ဇေယျလို လက်ရုံးရည်ဘက်က စွမ်းတဲ့လူတယောက် ပေါ်ပေါက်ခဲ့စေကာမူ အခါကာလက မဟုတ်လေတော့ မင်းမဖြစ်ပဲ ထောင်နှုန်းသော်သည်းကောင်း၊ တကျွန်းသော်လည်းကောင်း၊ စက်တိုင်နန်းကိုသော် လည်းကောင်း စံရဖို့သာ ရှိတာကိုးဗျ။ ကျုပ်စိတ်ကူးနေတာက ဘာလဲဆိုတော့ လူတဦးတယောက်ဟာ ဘယ်လိုပင် အကြံညဏ်ကောင်းသည်ဖြစ်စေ၊ သူ့အလျင် လူတဦးတယောက်က ဒီအကြံမျိုး မဖြစ်ပေါ်ဘူးလို့ဆိုယင် သူလဲဒီအကြံကို ဖြစ်ပေါ်မယ်မဟုတ်ဘူးဗျ။ ဘုရားတို့မည်သည်မှာ ဆရာမရှိ၊ မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်းပြီး သိတော်မူတယ်လို့ ဆိုစေကာမူ သူ့အလျင်က နှောင်တော်ဘုရားများဟာ ဒီလိုပဲ သိမသွားကြယင် သူလဲပဲ သိမယ် မဟုတ်ဘူးဗျ။ အဲဒါကြောင့် အတ္တိပစ္စယော၊ နတ္ထိပစ္စယော တဲ့။ ရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊ မရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်းကို မြတ်စွာဘုရား ဟောတော်မူတယ် မဟုတ်လားဗျာ"

ကျွန်။ ။"ခင်ဗျားရွတ်ပြတာပါဠိပဋ္ဌာန်းကျမ်းကြီးပါကလားဗျာ၊ ဘာများပြောလိုလို့ ပဋ္ဌာန်းကျမ်းကြီးကများ ပြေးချီတယ်ဆိုတာ တဆိတ် ရိပ်မိအောင် ပြောပြစမ်းပါဦးဗျာ"

ထိုအခါ ဦးစံရှားသည် ယခင်က ချ၍ထားသော သတင်းစာကို တဖန် ကောက်ယူ၍—

ရှား။ ။"ကျုပ် ပြောချင်တာက ဟောဒီက ကိုကျော်စိန်နဲ့ အကြောင်းပေါ့ဗျာ။ ကိုကျော်စိန်ဟာ ကျုပ်တို့ ဟိုတုန်းက ကျောင်းနေတုန်းက သူငယ်ချင်း ကိုဖုန်းကျော်တို့လို တစားခုန်စား အမျိုးမျိုးဘက်က ပထမတန်းစဲ့ဖို့ အများကြီး ကြိုးကုပ်နေဟန် လက္ခဏာ ရှိတယ်ဗျ" ဟု ပြောသောအခါ ကျွန်တော်သည် ကိုဖုန်းကျော်ဆိုသူ၏ အကြောင်းကို ဦးစံရှား ပြောဖူးသဖြင့် ကြားခဲ့ဖူးသည်ဖြစ်ရာ ထိုသူမှာ အပြေးပြိုင်ပွဲ၌သည်းကောင်း၊ ဘောလုံးကစားပွဲ၌လည်းကောင်း၊ ရေကူးပွဲ၊ လှေလှော်ပွဲ အစရှိသည့် အားပွဲ အကျင့်ပွဲတို့၌လည်းကောင်း ပထမချည်းသာလျှင် ရခဲ့ပါလျက် ယခု ကိုကျော်စိန် ဆိုသူ

---

* ဤဝတ္ထုကို ရှုမဝမဂ္ဂဇင်း၊ ၁၉၅၅၊ ဇန်နဝါရီ၊ အမှတ် ၉၂ တွင် ပထမဆုံး ပုံနှိပ်သည်။ မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၄ တွင်လည်းကောင်း၊ နှလုံးလှစာအုပ်တိုက်မှ အတွဲ ၂ တွင်လည်းကောင်း ဖော်ပြပါရှိသည်။ မူရင်းတို ကိုနုဝင်၏ ဝတ္ထုများတွင် မတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com



မှာမူ မည်သည့်ပွဲ၌မဆို ပထမရမည်ဟု ထင်ရပြီးမှ သူ့အား နိုင်သူတယောက် အစဉ် ပေါ်ပေါက်၍ လာသည် ဖြစ်သောကြောင့် ထိုသူနှစ်ဦးမှာ မတူညီနိုင်ကြောင်း ပြန်၍ ပြောသည်တွင်—

ရှား။ ။"ခင်ဗျားပြောတာလဲ မှန်တယ်။ ဒါထက် ဟိုတနေ့က ရန်ကုန်ဘက်ကနေပြီး ဒလဘက်ကို ကိုကျော်စိန်က အညာက ဖောင်သမား တယောက်နဲ့ ပြိုင်ပြီး လောင်းတမ်း စားတမ်း ကူးကြတာ ကြားလိုက်ရဲ့လား"

ကျွန်။ ။"သတိ မထားလိုက်မိပါဘူးဗျာ၊ ပြောစမ်းပါအုံး"

ရှား။ ။"တနေ့တုန်းက အင်္ဂလိပ်ရေလက်ကြားကို ယောကျ်ားရော၊ မိန်းမပါ တဘက်တဘက်ကို အမြန်ဆုံးရောက်အောင် ကူးကြတဲ့အကြောင်းကို ဟိုတယ်တခုမှာ စကားစပ်မိလို့ ပြောနေကြတုန်း ကိုကျော်စိန်က ရန်ကုန်ဘက်ကနေပြီး ဒလဘက်ကမ်းကို ဘယ်သူနဲ့မဆို လောင်းတမ်း ပြိုင်ပြီး ကူးမယ်တဲ့။ ဒီတော့ အနီးမှာရှိတဲ့ လူတယောက်က သူ့ဆီမှာ ဖောင်သမားတယောက် ရှိတယ်တဲ့။ ဒီလူနဲ့ ငွေငါးရာ လောင်းတမ်း ကူးချင်လို့ရှိယင် ဘယ်နေ့မဆို ကူးစေ့မယ်လို့ ပြောပါရောဗျာ။ ဒီတော့ ကိုကျော်စိန်က ပိုက်ဆံကလေးလဲ ခပ်ပေါပေါ၊ လေကလေးကလဲ ခပ်ကြွားကြွားဆိုတော့ ငါးရာတင်မကဘူး ငါးထောင် တမ်း ကူးချင်လဲ ကူးပါ့မယ်တဲ့။ ဒါနဲ့ ဒီ့ပြင် လူများက ဝိုင်းပြီး ဟိုဘက်က တချို့ပါ၊ ဒီဘက်က တချို့ပါနဲ့ ဆိုတော့ ငွေတထောင်တမ်း လောင်းပြီး ကူးကြရော ဆိုပါတော့ဗျာ"

ကျွန်။ ။"ဘယ်သူက နိုင်သလဲဗျာ"

ရှား။ ။"ကူးကြတော့ လောင်းထားတဲ့ လူတွေက လိုလိုမယ်မယ် နောက်ကနေပြီး သမ္ဗန်နဲ့ လိုက်ကြရတာကိုးဗျ။ ထွက်တော့ အတူယှဉ်ပြီး ထွက်ကြတယ်။ ရေကလဲ ရေကျဗျ။ ဒီတော့ ဖောင် သမားက ခပ်မျှောမျှောကူးလို့ အောက်စုန်ပြီး အသွားမှာ ကိုကျော်စိန်နဲ့ သဘော်တစင်းက နှစ်စင်း၊ နှစ်စင်းက သုံးစင်း ခြားခြားပြီး သွားပါရောဗျာ၊ နောက်ဆုံး ကိုကျော်စိန်က ဟိုဘက်ကမ်း ရောက်လို့ ငါအလျင် ရောက်ပြီဟဲ့လို့ အားရဝမ်းသာနဲ့ ပြောမယ်လုပ်တုန်း ဖောင်သမားက ဟိုဘက်ရောက်နှင့်နေလို့ သစ်တုံးတတုံးပေါ်မှာ ထိုင်ပြီးနေတာ တွေ့ပါရောဗျာ။ ဒီတော့ ကိုကျော်စိန်က ညစ်သလေး ဘာလေးနဲ့ ငြင်းသော်လဲ သူ့ဘက်က လောင်းတဲ့ လူတွေကပါ သက်သေခံကြလေတော့ သူလောင်းထားတဲ့ငွေ ပေးလိုက်ရရောဗျာ"

ကျွန်။ ။"အမှန်အကန်ပဲ နိုင်သလားဗျာ"

ရှား။ ။"အမှန်အကန်နဲ့ပဲ တူပါရဲ့ဗျာ"

ကျွန်။ ။"ဒီလူက ဘာလုပ်လုပ် လောင်းတမ်း စားတမ်း ကလေးမှ လုပ်ချင်တယ်။ တော်တော် ကြာလို့ ရှုံးတဲ့အခါကျယင်လဲ တယ်ပြီး ဆူတဲ့ လူတယောက် ဆိုကပဲ"

ရှား။ ။"ကျုပ်လဲ ဒီလိုပဲ ကြားဖူးတယ်"

ကျွန်။ ။"ငွေတော့လဲ တော်တော်ပေါတဲ့လူဆို"

ရှား။ ။"ပေါတာတော့ ဘာပြောစရာ ရှိသလဲဗျာ၊ သူ့အဖေ ပွဲစား ဦးအောင်မြတ် သေသွားတဲ့နောက် အမွေတွေ အားလုံး သူတယောက်တည်း ရလိုက်တာကလားဗျ။ တိုက် လေး ငါးလုံး၊ တောမှာ လယ်တွေဆိုယင်လဲ လက်ညှိုးထိုးလို့ မလွဲဘူးပေါ့ဗျာ။ သို့သော် လူဆိုတာမျိုးဟာ အလောင်း အစား လုပ်တဲ့အခါကျယင် နိုင်ချင်တာမျိုးကလားဗျ။ ရှုံးပြီဆိုယင် ဟိုမှာန် ဒီမဲ လုပ်ချင်တတ်တယ်။ အင်မတန် သဘောကြီးတဲ့ လူများသာလျှင် ရှုံးတဲ့အခါမှာ ရယ်နိုင် ပြုံးနိုင် ရှိတာမျိုးကိုးဗျ"

---

အဆိုယ အကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်။ ။"ဒါထက် နေပါအုံးဗျာ၊ ကျွန်တော် တခု သတိရလာတယ်။ကိုကျော်စိန်နဲ့ ငွေလောင်းလို့ သူ့ဆီက ငွေနိုင်တဲ့လူများဟာ သူ့ငွေကို ကြာကြာခံစားရတာ မရှိပါပဲကလားဗျ" ဟု ပြောသောအခါ ဦးစံရှားသည် ကျွန်တော့်အား မည်သို့မျှ ပြန်၍ မပြောပဲ ဆေးတံကို အတန်ကြာအောင် ရှူဖွာလျက်ရှိနေပြီးနောက် ကြွက်လျှောက်ပေါ်၌ တင်ထားသော သတင်းစာဖြတ်ပိုင်း ဖိုင်တွဲကို လှန်လှောကြည့်ရှုယင်း ဖိုင်တွဲ၌ အာရုံစူးစိုက်နေသည့် လက္ခဏာနှင့် ရှိနေလေသည်။ အတန်ငယ် ကြာလတ်သောအခါ ကျွန်တော်သည် ဦးစံရှားအား ယခင်က စကားစပ်နှင့် ပတ်သက်၍ စကားစတင်ပြောဆိုပါသော်လည်း ဦးစံရှားသည် မည်သို့မျှ ပြန်၍ မပြောပဲ ဖိုင်တွဲ၌သာလျှင် စိတ်စိုက်မြဲတိုင်း စိုက်လျက်ရှိလေရကား ကျွန်တော်သည် လမ်းလျှောက်တုတ်ကို ဆွဲ၍ လမ်းလျှောက်ရန် တိုက်ပေါ်မှ ဆင်းခဲ့လေ၏။

လမ်းခရီးတွင် မိတ်ဆွေတယောက်နှင့် တွေ့သဖြင့် ကျွန်တော်သည် ထိုမိတ်ဆွေနှင့်အတူ ရှိုင်ရယ်ဟိုတယ်သို့ သွား၍ ဘိလိယက်တပွဲ ကစားလျက် ရှိကြစဉ် ဘိလိယက်ခုံ၌ ရှိသူ အပေါင်းတို့သည် ကိုကျော်စိန်နှင့် ဖောင်သမားတို့ ရေကူးပွဲအကြောင်းများကို တယောက်တခွန်း ပြောဆိုလျက်ရှိကြလေ၏။ ကိုကျော်စိန်သည် ကျောင်းနေစဉ်အခါကပင် ဘောလုံးကစားခြင်း၊ ဟော်ကီရိုက်ခြင်း၊ တင်းနစ်ရိုက်ခြင်းမှစ၍ ကစားခုန်စား အမျိုးမျိုးတို့၌ ဝါသနာကြီးသူတယောက် ဖြစ်ခဲ့လေရာ ကျောင်းမှထွက်ပြီးနောက် ဖခင်၏ အမွေအနှစ်ကို ခံစားရသည့်အခါ၌ကား မလုပ်ကိုင်ပဲလျက် အသက်မွေးမြူနိုင်သော အခြေလည်း ရှိသည့်အလျောက် မိမိဝါသနာရင်း ဖြစ်သော ကစားနည်းမျိုးအပြင် စစ်တုရင်ထိုးခြင်း၊ ကျားထိုးခြင်း၊ သုံးပုံဖဲရိုက်ခြင်း၊ ဘိလိယက်ကစားခြင်း အစရှိသော ကစားမျိုးတို့၌လည်း များစွာ လေ့လာသူတယောက် ဖြစ်လေ၏။ ယင်းကဲ့သို့ လေ့လာခြင်းမှာ ကြေးငွေကို အလိုရှိ၍ မဟုတ်၊ မည်သည့် ကစားနည်း၌ မဆို စွံသည်ဟူသော အမည်ကို လိုချင်သောကြောင့်သာလျှင် နေ့ရောညဉ့်ပါ လေ့ကျင့်ခဲ့ခြင်း ဖြစ်လေ၏။ မိမိ၏ ရည်ရွယ်ချက်မှာမူကား အထမမြောက်ပဲ မည်သည့် ကစားနည်း၌မဆို လူချီးမွမ်းကား ခံရ၏။ သို့ရာတွင် ပထမ လုသော ပွဲ၌ကား ရှုံးရသည်ချည်းသာလျှင်တည်း။

ကျွန်တော်သည် ဟိုတယ်၌ ဘိလိယက် ကစားပြီးနောက် မိတ်ဆွေနှင့် ခွဲခွာ၍ အိမ်သို့ ပြန်လာသောအခါ ဦးစံရှားမှာ ယခင်က သတင်းစာဖိုင်တွဲကိုပင် လှန်လှောကြည့်ရှုလျက် ရှိနေသေးသည်ကို တွေ့ရှိရသဖြင့်—

ကျွန်။ ။"ဘယ့်နှယ်လဲ ဆရာကြီးရဲ့၊ ကိုကျော်စိန့် အကြောင်းကနေပြီး ဘာတွေများ လျှောက်ကြည့်နေပြန်လဲ ခင်ဗျ"

ရှား။ ။(ဆေးတံကိုဖွာယင်း) "အခုတလော အမှုက ပါးရှားလေတော့ တနည်းနည်းနဲ့ အပျင်းဖြေရတာပဲ ကိုသိန်းမောင်ရဲ့"

ကျွန်။ ။"ဘာများ အပျင်းဖြေစရာ တွေ့နေလို့လဲဗျာ"

ရှား။ ။"၁၉၁၅ ခုနှစ်က ကိုကျော်စိန်နဲ့ ကိုအုန်းမောင်ဆိုတဲ့ လူတယောက် စစ်တုရင် လောင်းတမ်း ထိုးကြသဗျ၊ ထိုးကြတဲ့ အခါမှာ ကိုကျော်စိန်က ရှုံးလို့ ငွေငါးရာ ပေးလိုက်ရတယ်။ ဒီငွေငါးရာဟာလဲ ကိုအုန်းမောင်က ဒီညမှာပဲ ဖဲဝိုင်းတဝိုင်းမှာ ရှုံးပစ်သတဲ့ဗျ။ ဒီငွေ ရှုံးပြီးနောက် များမကြာမီ အတွင်းမှာပဲ ကိုအုန်းမောင် အလောင်းကို ၃၇ လမ်းက လူမနေတဲ့ တိုက်ခန်းတခုမှာ တွေ့တယ်မဟုတ်လား။ ဒီဟာက နံပါတ်တစ်ဗျ" ဟု ပြောပြီးနောက် ဦးစံရှားသည် သတင်းစာဖြတ်ပိုင်းများကို လှန်လှောရှာဖွေပြီးလျှင် ဆက်လက်၍ ပြောပြန်သည်မှာ—

[illegible]

www.burmeseclassic.com

www.burmeseclassic.com

ရှား။ ။"၁၉၁၇ ခုနှစ်ကတော့ ကိုကျော်စိန်နဲ့ အင်္ဂလိပ်ကပြား မစ္စတာလောင်းစတေး ဆိုတဲ့ လူနဲ့ အင်္ဂလိပ်ကျား လောင်းတမ်း ထိုးကြတယ်ဗျ။ ငွေကတော့ဖြင့် များများမဟုတ်ဘူး။ တရာပဲ လောင်းတယ်။ ဒီအခါကလဲ ကိုကျော်စိန်ပဲ ရှုံးတယ်။ ဒီတော့ မစ္စတာလောင်းစတေးက သူ့ငွေ ယူပြီး အင်းစိန်ကို ည ၁၂ နာရီခွဲ လော်ကယ်ရထားနဲ့အပြန်မှာ ရထားပေါ်က ဘယ်နည်းနဲ့မသိ ခြေချော်ကျပြီး အသက်ဆုံးရှုံးရတယ်ဗျ။ ဒီတုန်းက ကျုပ်တို့ အထက်ဗမာပြည် သွားလည်နေတုန်း မဟုတ်ပါလား။ အဲဒါက နံပါတ်နှစ်ဗျ"

ထို့နောက် တဖန် ဦးစံရှားသည် မှတ်သားထားသော သတင်းစာဖြတ်ပိုင်းများကို လှန်လှောရှာဖွေပြီးနောက် ဆက်လက်၍ ပြောပြန်သည်မှာ—

ရှား။ ။"၁၉၂၀ ပြည့်နှစ်မှာ ကိုကျော်စိန်က ကိုဘမော်ဆိုတဲ့လူနဲ့ အင်းလျားကန်မှာ လောင်းတမ်း ရေငုပ်ပြိုင်ကြတယ်။ ဒီအခါကလဲ ကိုကျော်စိန် ရှုံးတယ်။ ဒီနောက် များမကြာမီအတွင်းမှာပဲ ကိုဘမော်ဟာ ညအခါ ဒလဘက်က အပြန်မှာ လမ်းမှာ သမ္မန်ချင်းတိုက်မိပြီး ရေနစ်သေရှာတယ်။ ဒီဟာက နံပါတ်သုံးဗျ"

ထို့နောက် တဖန် ဆက်လက်၍ ပြောပြန်သည်မှာ—

ရှား။ ။"၁၉၂၁ ခုနှစ်မှာ ကိုကျော်စိန်က ကန်တော်ကြီးဘုတ်ကလပ်ဝက အသင်းသားတယောက်ဖြစ်တဲ့ မစ္စတာမောရစ်ဆိုတဲ့လူနဲ့ တယောက်ချင်း သမ္မန်ပြိုင်ပွဲမှာ မစ္စတာမောရစ်က နိုင်တယ်။ နိုင်ပြီးနောက် များမကြာမီအတွင်း မစ္စတာမောရစ် ရေနစ်ပြီး ကန်တော်ကြီးထဲမှာပဲ သေရှာတယ်။ ဒါက နံပါတ်လေးဗျ"

ကျွန်။ ။"ဒါဖြင့် ခင်ဗျားက သူ့နိုင်တဲ့ လူတွေကို ကိုကျော်စိန်က တနည်းနည်းနဲ့ ကြံဖန်ပြီး သတ်ပစ်တယ်လို့ ဆိုချင်သလားဗျာ"

ရှား။ ။"ဘယ့်နှယ် ဒီလောက် အလျင်လိုတဲ့ လူတယောက်ပါလိမ့်မလဲဗျ။ ကျုပ်က ဘာမှ မဆိုလိုသေးပါကလားဗျာ။ ကျုပ် ပြောလိုတာက ကိုကျော်စိန်ကို နိုင်တဲ့ လူတိုင်းဟာ မကြာမီအတွင်း တနည်းနည်းနဲ့ သေချင်းဆိုးအဖြစ် သေတဲ့အကြောင်းကို ခင်ဗျားသတိပြုဖို့ ဖော်ပြချင်လို့ပါဗျ"

ကျွန်။ ။"သတ်တယ် ထင်ယင်လဲ ထင်တယ်လို့ပဲ ပြောလိုက်ပါတော့ဗျာ"

ရှား။ ။"ဘယ့်နှယ် အတပ်စွဲနိုင်မလဲဗျ။ ဖြစ်ပုံထူးဆန်းကြောင်းကိုသာ သတိပြုဖို့ အကြောင်း ကျုပ်ပြောပြတာပါ။ သို့သော် တခုတော့ရှိတယ် ကိုသိန်းမောင်ရေ၊ ကျုပ်သာ ဖောင်သမားဖြစ်ယင် အခု တလောအတွင်းမှာ သတိဝီရိယနဲ့ နေမှာပဲ။ သို့သော် ခမျာမှာ ဒီအကြောင်းကို သိရှာဟန် မတူသေးဘူး။ ဒီတော့ ကျုပ်တို့က သူ့ကို သတိပေးသည်ဖြစ်စေ၊ အဝေးက စောင့်ကြပ်သည်ဖြစ်စေ လုပ်ပေးရယင် တော်လိမ့်မယ်လို့ အောက်မေ့တယ်။ ဘယ့်နှယ်လဲ ကိုသိန်းမောင်"

ကျွန်။ ။"ခင်ဗျားပြောတာနဲ့ ကျွန်တော်ဖြင့် ဖောင်သမားအတွက် ကျောစိမ့်လှတယ်ဗျာ။ ကျွန်တော်သာဖြင့် သူ့ငွေ ငါးရာကိုလဲ မလိုချင်ဘူးဗျာ။ ပြန်ပေးလိုက်တော့မှာပဲ"

ရှား။ ။"ငွေရတဲ့လူက ကိုဘမော်ဗျ၊ ရေကူးရတဲ့လူက ဖောင်သမား အညာသား ဖိုးချိတဲ့ဗျ"

ထို့နောက် နှစ်ရက်သုံးရက်အတွင်း ကျွန်တော်သည် ဦးစံရှား၏ စေခိုင်းချက်အရ ဖောင်သမား ဖိုးချိနှင့် သိကျွမ်းအောင် ပြုပြီးလျှင် ရေကူးခြင်းအတတ်၏ အကြောင်းများကို စကားစပ်ဟပ်၍ ပြောဆိုရာ ကိုဖိုးချိမှာ ရေကူးခြင်း အကြောင်းနှင့် စပ်လျဉ်း၍ ပြောလိုက်သည်နှင့် တပြိုင်နက်မျက်နှာများပျက်ပြီးလျှင် မိမိမှာ ဤတသက်တွင် ဖောင်သမား အလုပ်နှင့် အသက်မွေးတော့မည် မဟုတ်ကြောင်း၊ နေရပ်ဒေသဒေါ်ကိုမျှလည်း ဘယ်အခါမျှ သွားတော့မည် မဟုတ်ကြောင်းဖြင့် အလန့်တကြား ပြောဆိုသဖြင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သည် အံ့အားသင့်လျက် မည်သို့သော အကြောင်းကြောင့် ယင်းကဲ့သို့ တသက်ပတ်လုံး မိမိ လုပ်ကိုင် အသက်မွေးခဲ့သော အလုပ်ကို ရုတ်တရက် မလုပ်ကိုင်လိုကြောင်း ဆုံးဖြတ်ချက် ချရပါသနည်းဟု မေးမြန်း သောအခါ ကိုဖိုးချိသည် ထိတ်လန့်သည့် အမူအရာကိုသာ ပြ၍ အကြောင်းရင်း အမှန်အတိုင်းကိုမူကား ဖော်၍ မပြောပဲ ရှိနေခဲ့လေ၏။

ထိုအခြင်းအရာကို ကျွန်တော်သည် ဦးစံရွှားကို ပြောပြသောအခါ ဦးစံရွှားက ကိုဖိုးချိအား မိမိ ကိုယ်တိုင် တွေ့လိုကြောင်း ပြောသည်နှင့် နေအိမ်သို့ ကိုဖိုးချိကို ခေါ်ခဲ့ရာ ကိုဖိုးချိရောက်လာသောအခါ၌ ဦးစံရွှားသည် ကိုကျော်စိန်၏ အကြောင်းကိုလည်းကောင်း၊ ရေကူးခြင်း အကြောင်းကိုလည်းကောင်း မပြောဆိုပဲ အထက်မြန်မာပြည် သတင်းများကိုသာလျှင် မေးမြန်းလျက်ရှိသည် ဖြစ်သောကြောင့် ကျွန်တော့်မှာ အနည်းငယ် အံ့သြသွားမိ၏။ ကိုဖိုးချိ ပြန်၍သွားသောအခါ ဦးစံရွှားသည် ဆေးတံကို မီးညှိ၍ အဘန်ကြာအောင် တွေးတော စိတ်ကူးယင်း သောက်ရှူနေပြီးမှ—

ရွှား။ ။"ကိုသိန်းမောင်၊ ခင်ဗျား ကိုကျော်စိန်နဲ့ သိသလား"

ကျွန်။ ။"နည်းနည်းပါးပါးတော့ သိရဲ့ဗျာ၊ ဘာကြောင့်လဲ"

ရွှား။ ။"တွေ့တဲ့အခါကျယင် ကျုပ် တယောက် စစ်တုရင် အထိုးကောင်းကြောင်း စကားစပ်ပြီး ပြောလိုက်စမ်းပါဗျာ"

ကျွန်။ ။"ဘာ ယုံလိမ့်မှာလဲဗျာ"

ရွှား။ ။"မယုံမရှိနဲ့ ကိုသိန်းမောင်၊ တကယ်လို့ ကျုပ်နဲ့ လောင်းတမ်း စစ်တုရင် ထိုးချင်လို့ ရှိယင် ငွေတထောင်လောင်းဖို့ အဆင်သင့်ရှိတယ်လို့ ပြောလိုက်ပါဗျာ"

ကျွန်။ ။"မရပါဘူး ဦးစံရွှားရယ်၊ ဒီလူက ကိုဖိုးဆောင်ကိုတောင် နိုင်ဖူးတယ် ဆိုတာပဲဗျ"

ရွှား။ ။"ကိစ္စမရှိပါဘူးဗျ၊ ခင်ဗျားက ကျုပ်အကြောင်း ကောင်းကောင်း မသိသေးလို့ပါ။ ထိုးတဲ့ အခါကျတော့ ခင်ဗျား မြင်ပါလိမ့်မယ်။ ဒီအလုပ်က ဉာဏ်အလုပ်ပါပဲဗျ။ စိတ်ကူးဉာဏ်ရှိတဲ့ လူဟာ တော်တာပါပဲ၊ ဒီအလုပ်မှာ လောင်းတမ်းကစားပြီး အသက်မွေးကြမယ်ဆိုယင် ကျုပ်လဲပဲ မွေးလောက်ပါရဲ့ဗျာ။ သို့သော် အသုံးမဝင်တဲ့ ပညာမို့လို့ ကျုပ်က ပစ်ပြီးထားတာပါ ကိုသိန်းမောင်ရဲ့" ဟု ပြောသောအခါ ကျွန်တော့်မှာ ဦးစံရွှားသည် ပျက်ရယ်ပြောခြင်းမျှ ဖြစ်လေသလော၊ အတည်ကျေန် ပြောခြင်းပင် ဖြစ်လေသလောဟု အတွေးရောက်မိလေသည်။ သို့ရာတွင် ဦးစံရွှား၏ မျက်နှာကို ကြည့်ရှု လိုက်ရာ ဦးစံရွှားသည် အတည်ကျေန်ပင် ပြောလျက်ရှိကြောင်း တွေ့ရှိရသည်နှင့် ကျွန်တော်နှင့် သိကျွမ်း ခဲ့သည့်နေ့မှစ၍ စစ်တုရင်ထိုးခြင်း အကြောင်းကို စကားစပ်၍မျှ မပြောဖူးပါပဲလျက် ယခုကဲ့သို့ ချန်ပီယံဘဦးတယောက်နှင့် လောင်းတမ်း ကစားမည် ဆိုသည်ကို အံ့သြလျက် ရှိနေခဲ့လေ၏။ ထို့နောက်—

ရွှား။ ။"တထောင်တမ်း ထိုးမယ်လို့ စပ်ချေဗျာ၊ တကယ်လို့ တထောင်တမ်းတောင် နည်းသေး တယ်လို့ ဆိုယင်လဲ သူကြိုက်သလောက် ကြေးကို ထိုးဖို့ ကျုပ်ကဖြင့် အဆင်သင့်ရှိတယ်။ ခင်ဗျားလဲ ကျုပ်ဘက်က ကြိုက်ယင် အစုစပ် ပါချင်လဲပါ၊ ငွေရတော့ဖြင့် တော်တော် ချောင်တဲ့ နည်းလမ်း တခုပဲ ကိုသိန်းမောင်ရဲ့"

ကျွန်။ ။"ဘယ်မှာ ခင်ဗျားတို့ ကစားချင်သလဲ"

ရွှား။ ။"ခြြဲ ဒီအချက်က အရေးကြီးတယ်။ ခင်ဗျားက ဘယ်ပုံဆွယ်ရမလဲ ဆိုတော့ ကျုပ် တို့ကို သူ့အိမ်မှာ အိပ်ပြီး ကစားဖို့ ပြောအောင် ဆွယ်ရမယ်။ ပြီးတော့ တခု ဒီလိုရှိသေးတယ်ဗျ၊



www.burmeseclassic.com

www.burmeseclassic.com



လောင်းတမ်း ကစားဖို့ မစီစဉ်မီ ကိုကျော်စိန်နဲ့ ကျုပ်နဲ့ တခါလောက် မျက်နှာချင်းဆိုင် တွေ့ရအောင် ခင်ဗျား စီမံပေးစေချင်တယ်”

ကျွန်။ ။“စိတ်ချပါဗျာ၊ ကျွန်တော် စီစဉ်ပေးပါ့မယ်။ ခင်ဗျား လက်စွမ်းကိုတော့ ကျွန်တော် မသိသေးဘူး။ သို့သော် ကိုယ့်လူဆိုတော့ ငွေကလေး တရာ အားနေတာ ခင်ဗျားဘက်က လောင်းလိုက်ရတော့မှာပဲ”

ရှား။ ။“မရှုံးစေရပါဘူးဗျာ၊ စိတ်သာချပါ။ ကိုင်း ကိုင်း၊ စီမံစမ်းချေဗျာ”

ကျွန်တော်သည် ဦးစံရှား စေခိုင်းသည့်အတိုင်း ကိုကျော်စိန်နှင့် တွေ့ဆုံခဲ့လေရာ ကိုကျော်စိန်ဆိုသူမှာ အလုံးအရပ် ထောင်ထောင် မောင်းမောင်း၊ ထွားထွား ကျိုင်းကျိုင်း၊ ကာယဗလနှင့် ပြည့်စုံသူ တဦးတယောက် ဖြစ်လေသည်။ သူ၏အသက်မှာ ၄၀ နီးပါးမျှ ရှိသော်လည်း လူငယ်တယောက်ကဲ့သို့ပင် ဖျတ်လတ်သော ကိုယ်အမူအရာလည်း ရှိလေရာ စကားလည်း များစွာမပြောပဲ မိမိ ကျွမ်းကျင် လိမ္မာသော ပညာများ၏ အကြောင်းကို ပြောသောအခါ၌ပင်လျှင် လိုလိုချင်ချင် ပြောဆိုခြင်း မရှိပဲ ဝတ်ကြေဝတ်ကုန်ကဲ့သို့သာလျှင် ပြောဆိုလေ့ရှိ၏။ သူ၏ နေအိမ်မှာ ပြည်လမ်းရှိ ခြံကြီးတခုအတွင်း၌ တည်ရှိလျက် ဥစ္စာ အင်အားနှင့် ပြည့်စုံသူ တဦးတယောက် ဖြစ်သည့်အတိုင်း ခမ်းနား သိုက်မြိုက်စွာ ခင်ကျင်း ပြင်ဆင်လျက် ရှိသည့်အပြင် အားအင်သန်စွမ်း တိုးတက်စေသော ကိရိယာ တန်ဆာ အမျိုးမျိုးတို့မှာလည်း အိမ်အတွင်း၌ ပြည့်နှက်လျက် ရှိလေ၏။

ကျွန်တော်သည် ကိုကျော်စိန်အား ဦးစံရှားသည် စစ်တုရင်ထိုးခြင်း အတတ်၌ အလွန်တရာ ကျင်လည်သူ တယောက်ဖြစ်ကြောင်းကို ပြော၍ပြသောအခါ ဝမ်းမြောက် ဝမ်းသာရှိသည့် အမူအရာကို ပြပြီးလျှင် စုံထောက်ကြီး ဦးစံရှားအား မိမိ နေအိမ်သို့ အပြင်းပြေ စစ်တုရင်ထိုးရန် ပင့်ဖိတ်ခဲ့ပါမည့် အကြောင်းနှင့် ကျွန်တော့်အား မှာကြားခဲ့လေ၏။ ထိုအခါ ကျွန်တော့်မှာ ထိုသို့ ပင့်ဖိတ်ရန်ကို ရည်ရွယ်၍ စကားဆွယ်လျက်ရှိသည် ဖြစ်သောကြောင့် အားလပ်သည့်အခါတွင် ခေါ်၍ လာပါမည့် အကြောင်းနှင့် ပြောဆိုပြီးလျှင် နေအိမ်သို့ ပြန်လာခဲ့လေ၏။

ကျွန်တော်တို့၏ အကြံအစည် အထမြောက်ကြောင်းကို ဦးစံရှားအား ကျွန်တော်က ပြော၍ပြသော အခါ—

ရှား။ ။“နေရာကျပြီဗျို့။ နေအုံးဗျ ကိုသိန်းမောင်၊ ဒီကနေ့ သောကြာနေ့ ဟုတ်လား။ လာမယ့် တနင်္ဂနွေနေ့လောက်ကို သွားကြရအောင်ဗျာ။ ဒီ တရက် နှစ်ရက်အတွင်းမှာ စီစဉ်စရာကလေး တခု နှစ်ခုလောက် ရှိသေးတယ်”

ကျွန်။ ။“ခင်ဗျား သဘောပဗျာ”

တနင်္ဂနွေနေ့ ညနေ၌ ကျွန်တော်နှင့် ဦးစံရှားတို့သည် ကားတစီးနှင့် ပြည်လမ်းရှိ ကိုကျော်စိန်၏ နေအိမ်သို့ သွားရောက်ကြစဉ်—

ရှား။ ။“ကိုသိန်းမောင်ကို ကျုပ်တခု မှာချင်တယ်ဗျာ၊ ခင်ဗျား မျက်နှာထား တော်တော် လုံရဲ့လား”

ကျွန်။ ။“ဘာအကြောင်းများလဲဗျာ”

ရှား။ ။“ကိုကျော်စိန်အိမ်ကို ရောက်တဲ့အခါမှာ ဖောင်သမား ကိုဖိုးချိကို တွေ့လိမ့်မယ်။ တွေ့တဲ့အခါမှာ ခင်ဗျားက ကိုဖိုးချိနဲ့ သိကျွမ်းဖူးကြောင်းကို ကိုကျော်စိန် မသိစေနဲ့နော်။ အခုမှ တွေ့ဖူးသလို ခင်ဗျားက ဟန်လုပ်ရလိမ့်မယ်”

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်။ ။"ကျွန်တော်က ဟန်လုပ်ပေမယ့် သူကစပြီး နှုတ်ဆက်ယင် ဘယ့်နှယ်လုပ်မလဲဗျာ"

ရှား ။"ဒါကို မစိုးရိမ်နဲ့၊ ကျုပ်မှာထားပြီးကာပဲ"

ကျွန်။ ။"ဘယ်နည်းနဲ့ ခင်ဗျား မှာပြီးထားသလဲ"

ရှား။ ။"ဒါတွေ မေးမနေစမ်းပါနဲ့ဗျာ၊ ကိုဖိုးချိုက ကိုကျော်စိန့်အိမ်ကို ကျုပ်နဲ့ ဆုံဖို့ကိစ္စရယ်၊ တွေ့တဲ့အခါမှာလဲ ကျုပ်တို့ကို တခါမှ မတွေ့ဖူးသလို ဟန်ဆောင်ပြီး နေဖို့ရယ်၊ ကျုပ် အကုန် စီမံပြီး ထားပါသယ်ဗျ။ ဒါကြောင့် ကျုပ်က တရက်နှစ်ရက်အတွင်း စီစဉ်ဖို့ကလေး နည်းနည်းရှိတယ်လို့ ပြောတယ်မဟုတ်လား"ဟု ပြောသောအခါ ကျွန်တော့်မှာ ဦးစံရှားသည် မည်သည့်အကြံနှင့် ကိုဖိုးချိုကိုပါ ကျွန်တော်တို့နှင့် ထိုအိမ်၌ တွေ့ဆုံရန် စီမံ၍ ထားဘိသည်ကို တွေးတောစဉ်းစားယင်း လိုက်ပါလာခဲ့သဖြင့် ကိုကျော်စိန့်၏ နေအိမ်သို့ ဆိုက်ရောက်လာကြလေ၏။

ကိုဖိုးချိုလည်း ကျွန်တော်တို့မရောက်မီ မိနစ်အနည်းငယ်ခန့်က ရောက်နှင့်သည်ဖြစ်ရာ ကိုကျော်စိန်သည် ကျွန်တော်တို့အား ခရီးဦးကြိုပြု၍ ကိုဖိုးချိုနှင့်လည်း မည်သူမည်ဝါဖြစ်သည်ကို မိတ်ကျွမ်းဖွဲ့၍ ပေးလေ၏။ ကိုကျော်စိန်သည် နေညစ္စာနှင့် ပြည့်စုံသူ တယောက်ဖြစ်၍ ကိုဖိုးချိုမှာ သာမည ဖောင်သမား ကုလီ တယောက်မျှသာ ဖြစ်ငြားသော်လည်း ကိုကျော်စိန်မှာ မည်ကဲ့သို့ သေးနုပ်၍ အရေးမကြီးသော အလုပ်မျိုး၌ဖြစ်စေ မိမိထက် ထူးကဲသာလွန်သော သူတဦးတယောက်အား အရိုအသေ ပေးတတ်မြဲဖြစ်သည့် သဘောထားဖြင့် ကိုဖိုးချိုအား ဂုဏ်ရည်တူ လူချင်းကဲ့သို့မျှမက မိမိထက် ရာထူးကြီးမြင့်သော သူတယောက်အား ပြောဆိုဘိသကဲ့သို့ အရိုအသေပေးလျက်ရှိသည်ကို တွေ့မြင်ကြရလေ၏။

ကျွန်တော်တို့သည် မော်တော်ကားပေါ်မှ ဆင်းသက်ကြ၍ ဦးစံရှားလည်း သူ၏ကားကို ပြန်လွှတ်လိုက်ပြီးလျှင် ကိုကျော်စိန်နှင့်အတူ အိမ်ဝင်းကြီးအတွင်း ရှုခင်းသာယာရှိအောင် စိုက်ပျိုးပြုစု၍ထားသော သစ်ပင် ပန်းပင်များကို ကြည့်ရှုယင်း စကားစမြည်ပြောဆိုလျက် ရှိကြလေရာ—

စိန်။ ။"ကျွန်တော့် စိတ်သဘောက တမျိုးပဲဗျ၊ ကိုယ်ဝါသနာပါတဲ့ လုပ်ငန်းတခုမှာ ကိုယ့်ကို နိုင်တဲ့ သူတယောက် ပေါ်ပေါက်ပြီးလာယင် နည်းနည်းမှ မခံချင်တတ်ဘူး။ သို့သော် မခံချင်တတ်ပြီ ကောလို့ ဒီသူအပေါ်မှာ ရန်ငြိုးထားခြင်း၊ မနာလိုငြူစူခြင်း ရှိလိမ့်မလားလို့ မအောက်မေ့နဲ့၊ နည်းနည်းမှ မနာလို တိုရှည် မရှိတတ်ဘူးဗျ။ ကိုယ့်ထက်သာယင် ကိုယ့်ဆရာမှတ်လိုက်တာပဲ ခင်ဗျ"

ရှား။ ။"သို့သော် ခင်ဗျားဆရာ လုပ်ရတဲ့ လူများဟာ တယ်ပြီး ကြာကြာကြီး ဆရာလုပ်လိုက်ရရှာတယ်လို့ မရှိခဲ့ရှာကြဘူးဗျ"

စိန်။ ။(ဦးစံရှား၏ မျက်နှာကို စိုက်ကြည့်လျက်) "ဒါကတော့ သူတို့ကံကိုးဗျ။ ဟုတ်ပါရဲ့၊ ပြောလဲ ပြောစရာပေပဲ။ ကျွန်တော့်ကို နိုင်တဲ့လူများဟာ တယ်ပြီး သက်ဆိုးရှည်ကြတယ်လို့ မရှိရှာကြဘူးပဗျာ"

ရှား။ ။"ဒါကြောင့် ကျုပ်ဖြင့် ခင်ဗျားနဲ့ စစ်တုရင် ထိုးရမှာတောင် ခပ်လန့်လန့် ဖြစ်နေပြီကောဗျာ"

စိန်။ ။"မဆိုင်တာ ဦးစံရှားကလဲ၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့က လောင်းတမ်း ကစားကြမှာမှ မဟုတ်ပဲဗျာ"

ရှား။ ။"ကျုပ်က ငွေသားကလေး တထောင်လောက် ရှိလေတော့ ခင်ဗျားနဲ့ လောင်းတမ်း စားတမ်းကလေး ကစားစမ်းမယ် အောက်မေ့တယ်"

ဒုတိယအကြိမ်

www.burmeseclassic.com



စိန်။ ။"ခင်ဗျားလက်စွမ်းကိုတော့ မကြားဖူးသေးဘူးဗျာ။ သို့သော် ခင်ဗျား စမ်းချင်ယင်လဲ စမ်းတာပေါ့။ ဘယ်တော့စမ်းမလဲ"

ရွှာ။ ။"နက်ဖြန်လောက် စမ်းတာပေါ့ဗျာ"

စိန်။ ။"ဒီကနေ့ည စမ်းပါလားဗျာ"

ရွှာ။ ။"ကျုပ်က မွေးနေ့ဆောင် အောင်ဆိုတဲ့စကားပုံကို ယုံကြည်တဲ့လူတယောက်ဖြစ်တယ်။ ဒီတော့ နက်ဖြန်မှပဲ ထိုးမယ် အောက်မေ့တယ်"

စိန်။ ။(ရယ်မောလျက်)"ခင်ဗျားတို့လို လူတောင် ကစားတဲ့အခါကျယင် တယ်ပြီး အယူသည်းပါကလား။ ဒါကတော့ ခင်ဗျားသဘောပေါ့ဗျာ၊ ဒါဖြင့် နက်ဖြန် မနက်လောက် ကစားကြတာပေါ့။ ဒီကနေ့ည ဒီမှာပဲ အိပ်မလား"

ရွှာ။ ။(ကျွန်တော်၏ မျက်နှာကို ကြည့်လျက်)"ခွင့်ပြုလို့ရှိယင်လဲ အိပ်ရတာပေါ့ဗျာ၊ ကိုသိန်းမောင်ရော အားရဲ့မဟုတ်လား"

ကျွန်။ ။"အားပါတယ်"

ကိုဖိုးချိမှာလည်း ထိုညဉ့်၌ ထိုအိမ်မှာပင်အိပ်ရန် စီမံပြီးဖြစ်သည့်အတိုင်း ကျွန်တော်တို့သည် ညစာထမင်း စားသောက်ကြပြီးနောက် ကိုကျော်စိန်က မိမိသည် ကစားခုန်စားသည့်အလုပ်၌ များစွာ အလေ့အထ ပြုခဲ့ဖူးကြောင်းများနှင့် မိမိကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်များ၊ မည်ကဲ့သို့ အပင်ပန်းခံ၍ လေ့ကျင့်ခဲ့သည့် အကြောင်းများကို ပြန်ပြောင်းပြောဆိုသဖြင့် နားထောင်ကြပြီးနောက် အိပ်ရာသို့ အသီးအသီး ဝင်ကြလေ၏။

ထိုညဉ့် နာရီပြန်တချက် အချိန်ခန့်တွင် ကျွန်တော်သည် အိပ်ရာ၌ တမွေးမွေးနှင့် အိပ်ပျော်လုဆဲဆဲ ရှိနေသည်တွင် ဦးစံရွှာသည် ကျွန်တော်၏ အခန်းသို့ ဖြည်းညင်းစွာဝင်လာ၍ ကျွန်တော့်အား နှိုးပြီးလျှင် ချက်ချင်းထရန် ပြောဆိုလေ၏။ ထိုအခါ ကျွန်တော်သည် အိပ်ချင်မူးတူးနှင့် ထ၍—

ကျွန်။ ။"ဘာများ ဒီလောက် အရေးကြီးလာပြန်တာလဲဗျာ"

ရွှာ။ ။"ကိုကျော်စိန်ထွက်သွားတာ တော်တော်ကြာပြီဗျ။ ကြာယင် မမိလိုက်ပဲ နေလိမ့်မယ်"

ကျွန်။ ။"ကိုဖိုးချိရော"

ရွှာ။ ။"ကိုဖိုးချိလဲ မရှိဘူး"

ထိုအခါ ကျွန်တော်သည် အိပ်ရာမှ လူးလဲ၍ ထပြီးလျှင် ရှပ်အင်္ကျီကို ထပ်၍ဝတ်ပြီးနောက် ဦးစံရွှာနှင့်အတူ အိမ်အောက်သို့ ခြေသံမကြားအောင် ဆင်းသက်၍ လာခဲ့လေ၏။ အိမ်ပြင်သို့ ရောက်သောအခါ ဝင်းကြီးအတွင်း တခုသောထောင့်၌ တဲငယ်တခုအတွင်းမှ မီးလင်းလျက်ရှိသည်ကို ကျွန်တော်တို့ တွေ့မြင်ကြရလေရာ ဦးစံရွှာသည် ကျွန်တော်၏ လက်ကိုကိုင်လျက် ထိုတဲငယ်သို့ ကျွန်တော့်အား ခေါ်ဆောင်သွားလေ၏။ ဦးစံရွှာ၏ အခြားလက်ကား ခြောက်လုံးပြူးသေနတ် ကိုင်စွဲလျက်ရှိသည်ကို ကျွန်တော်မြင်သည်နှင့်

ကျွန်။ ။"ဘယ့်နှယ်လဲဆရာကြီးရဲ့၊ လက်နက်တွေ ဘာတွေနဲ့၊ ဒီလောက်ပဲ အရေးကြီးလို့လား"

ရွှာ။ ။"တိတ်တိတ်နေပါ၊ ရောက်တော့ ခင်ဗျားမြင်ပါလိမ့်မယ်"

ကျွန်တော်တို့သည် တဲအနီးသို့ရောက်သောအခါ ဓနိများကို ပုတ်ခတ်လျက်ရှိသော အသံတခုကို ကြားရလေရာ ဦးစံရွှာသည် တဲ၏တံခါးကို စမ်းသပ်ကြည့်ရှုပါသော်လည်း တံခါးသည် ...နှံ့...နှံ့ထိုး၍ ပိတ်ထားသည့်အကြောင်းကို တွေ့ရှိရလေ၏။ ထိုအခါ ကျွန်တော်သည် ညနေအချိန်က သစ်တပင်၏အနီး တွင် ထောင်၍ ထားသော ဝါးလှေကားတစင်းကို သတိရသည်နှင့် ပြေးလွှားယူငင်ခဲ့ပြီးလျှင် တဲ၏နံရံကို

www.burmeseclassic.com



မှီလျက် လှေ့ကားပေါ်မှ နှစ်ယောက်သား တက်၍ ကြက်တူရွေးတောင်တို့၏အကြားမှ ချောင်းမြောင်း ကြည့်ရှုကြလေရာ အောက်ပါ ထူးထွေသော အခြင်းအရာများကို တွေ့ရှိရလေ၏။

ထိုတဲကြီး အတွင်း၌ ရေဖြင့် ပြည့်လျက်ရှိသော အုတ်ရေကန်တခုရှိလေရာ ကိုဖိုးချိသည် ရေတန်၏ အသယ်ဗဟို၌ မောပန်းစွာ ရေကူးလျက် ကိုကျော်စိန်မှာမူ ရေကန်၏ နှုတ်ခမ်း၌ ရပ်လျက် ဟက်ဟက် ပက်ပက် ရယ်မောကာ ရှိနေလေ၏။

ထို့ပြင် ကိုကျော်စိန်သည် မိမိ၏လက်၌ ကြိုးရှည်ဖြင့် တပ်ထားသော ကြာပွတ်နှင့် သဏ္ဍာန်တူသည့် လက်နက်တခုကို ကိုင်ထားလေရာ ကြိုး၏အဖျားမှာမူကား ကိုဖိုးချို၏ ခါးပတ်နှင့် မြဲခိုင်စွာ ချည်နှောင်၍ ထားသည်ကို တွေ့ရှိရလေ၏။ ကိုဖိုးချိသည် ကမ်းသို့ရောက်အောင် ကူးခတ်သည့်အခါတိုင်း ကိုကျော်စိန်က ကြာပွတ်က ကြိုးနှင့် ဆွဲ၍ထားလေရာ ကိုကျော်စိန်ရှိရာဘက်ကမ်းသို့ ကိုဖိုးချိက ကူးယက်သည့် အခါ၌လည်း ကိုကျော်စိန်က ကြာပွတ်ကြိုးနှင့် တောင့်၍ထားသဖြင့် ကိုဖိုးချိမှာ ရောက်အောင်မကူးနိုင်ပဲ ရှိနေခဲ့လေ၏။ ထိုခဏ၌—

စိန်။ ။“ကူးအုံးလေ ခွေးမသား၊ မင်းက ရေကူးသန်တယ်ဆို၊ ကြိုးကလေးတချောင်းမှ ပြတ်အောင် မကူးနိုင်ဘူးလားကွ၊ ကူးပါတော့လား။ ကြိုးက ကြေးနန်းကြိုးကလေးပါကွ၊ သုံးလွန်းတင်ပြီး ကျစ်ထားတဲ့ ကြိုးကလေးပါကွ၊ ကူးသာ ကူးပါ၊ ကူးလေ”ဟု ပြောလျက် ရေလယ်သို့ တွန်း၍ တွန်း၍ ပေးလေ၏။ ထိုအခါ—

ချိ။ ။“မကျီစားပါနဲ့ ကိုကျော်စိန်၊ မောလှပါပြီဗျ၊ ကြာယင် သေရတော့မယ်၊ လွှတ်ပါတော့ဗျ”

စိန်။ ။“ဘာဖြစ်လို့ လွှတ်ရမှာလဲ၊ နင် ရေကူးသန်တယ်ဆို၊ ကြိုးပြတ်အောင်မှ မကူးနိုင်ဘူးလား။ ငါ့ကို နိုင်ချင်တဲ့အကောင်၊ သေစေရမယ်၊ ငါ့ကိုနိုင်တဲ့လူတိုင်းဟာ သေချင်းဆိုးနဲ့ သေရတယ်ဆိုတာ နင် မကြားဖူးဘူးလား။ ကူးလေ၊ ကူးပါလားဟဲ့၊ ကူး၊ ကူး၊ ကူး”

ထိုခဏ၌ ကိုဖိုးချိသည် ရေအောက်သို့ငုပ်လျှိုးပြီးလျှင် ကြိုးကိုပြတ်အောင် တွန့်လိမ် ကောက်ကွေးလျက် အကျောက်အကန် ရုန်းဖယ်လေရာ ကြိုးသည် မပြတ်နိုင်ပဲရှိသည်တွင် ကိုကျော်စိန်က အားရသော အမူအရာဖြင့်—

စိန်။ ။“ကြည့်လို့ ကောင်းလိုက်လေကွာ၊ ဘောလုံးပွဲနဲ့လဲ မလဲဘူး၊ အရိပ်ပြပွဲနဲ့လဲ မလဲဘူး။ ဘာပွဲနဲ့မှ မလဲဘူး။ ကူးလေ၊ ကူးအုံးလေ၊ ကူးလေ။ အဲ ဟုတ်ပြီ”

ထိုခဏ၌ ကိုဖိုးချိသည် ရေကိုလက်ခြေလေးဘက်တို့ဖြင့် ပြင်းထန်စွာ ပုတ်ခတ်ပြီးလျှင် အားရှိပါးရှိ အကုန်ညှစ်ထုတ်၍ တဟုန်တည်း ကူးခတ်ပြန်လေရာ ကိုကျော်စိန်သည် ငါးကြီးကို မျှားမိသော တံငါသည်ကဲ့သို့ ကြိုးကို တဖြည်းဖြည်းလျှော့၍ပေးပြီးလျှင် ကမ်းသို့ ရောက်လုမတတ်ရှိသော အခါမှ ကြိုးကို တောင့်ပြီးလျှင် ကိုဖိုးချိ လက်ပန်းကျသည်တွင်မှ ရေလယ်သို့ တဖန်ဆွဲ၍ ယူပြန်လေ၏။

ထိုအခါ၌ကား ကိုဖိုးချိသည် ခွန်အားကုန်ခန်းလျက်ရှိသည့် လက္ခဏာဖြင့် ပျော့ခွေကာ ရှိနေပြန်ရာ ကိုကျော်စိန်သည် ကိုဖိုးချိရေအောက်သို့ မနစ်မြုပ်စေခြင်းငှာ ကြိုးကိုတောင့်၍ မထားလေ၏။ သို့ပါသော်လည်း ကိုဖိုးချိသည် လှုပ်ရှားပုတ်ခတ်ခြင်းငှာ မတတ်နိုင်ပဲ ခွေနွမ်းလျက်ရှိသည်ဖြစ်ရာ ကိုကျော်စိန်သည် ကိစ္စချောပြီဟု အောက်မေ့၍ ကမ်းသို့ တဖြည်းဖြည်း ဆွဲယူမည် ပြုသည်တွင် ကိုဖိုးချိသည် ရုတ်တရက် အသက်သွင်းပေးလိုက်သော သူတယောက်ကဲ့သို့ ပြင်းထန်စွာ ကန်ကျောက် ပုတ်ခတ် ကူးယက် တွန့်လိမ် ပြန်လေရာ ကြေးနန်းကြိုးသည် ဖောက်ကနဲ မြည်ပြီးနောက် ပြတ်၍ သွားလေ၏။ ထိုအခါ ကိုဖိုးချိသည်

www.burmeseclassic.com



ကိုကျော်စိန်နှင့် ဝေးရာဘက်ကမ်းသို့ လျင်မြန်စွာ ကူးခတ်၍ သွားလေရာ ကိုကျော်စိန်သည် ရေကန်ကို လှည့်ပတ်ပြေးသွားပြီးနောက် ကိုဖိုးချို တက်မည့်ပွဲရာအရပ်မှ ကြိုလျက်ရှိသည့်တွင်—

ရှား။ ။(သေနတ်နှင့် ချိန်ရွယ်လျက်) "ဟေ့လူ၊ နေရာမှ မရွေ့နဲ့နော်၊ ရွေ့ယင်ပစ်လိုက်မယ်"ဟု အော်ဟစ် ခြိမ်းခြောက်လေ၏။ ထိုအခါ ကိုကျော်စိန်မှာ အံ့အားသင့်ပြီး ကျွန်တော်တို့ရှိရာသို့ မော့ကြည့်လျက်ရှိစဉ် ကိုဖိုးချိုသည် ကမ်းသို့ တက်၍ မောဟိုက်ကာ လဲနေလေ၏။

ရှား။ ။(အမိန့်ပေးသံနှင့်) "တံခါးဖွင့်လိုက်စမ်း ကိုကျော်စိန်၊ မဖွင့်ဘူးလား၊ ပစ်လိုက်မယ်နော်၊ ကျုပ်တ ညာနေမှာ မဟုတ်ဘူး"

ထိုအခါ ကိုကျော်စိန်သည် ဦးခေါင်းကိုလျှိုလျက် တံခါးရှိရာသို့ လာပြီးလျှင် မင်းတုပ်ကို ဖွင့်၍ ပေးသည်နှင့် ကျွန်တော်တို့လည်း တဲအတွင်းသို့ ဝင်ကြလေ၏။ ကျွန်တော်တို့သည် တဲတွင်းသို့ရောက်သည်နှင့် တပြိုင်နက် ကိုဖိုးချိုသည် အမောပြေပျောက်သည့် လက္ခဏာဖြင့် အံကြိတ်ကာ ထိုင်ရာမှ ထပြီးလျှင် ကိုကျော်စိန်၏ လည်ပင်းကို ညှစ်လေရာ ကျွန်တော်နှင့် ဦးစံရှားတို့က ဖျန်ဖြေ၍ လူနှစ်ယောက်ကို ခွဲထားလိုက်ရလေ၏။ ထိုခဏ၌ အိမ်မှ အစေခံတို့လည်း ဦးစံရှား၏ အော်ဟစ်ကာ အမိန့်ပေးသည့် အသံကို ကြားကြသဖြင့် အိပ်ရာမှ နိုးပြီးလျှင် တဲရှိရာသို့ ပြေးလာကြရာ ဦးစံရှားက ထိုသူတို့အား အကျိုးအကြောင်းကို ပြောပြ၍ ခြောက်လုံးပြူးကိုင်ကာ အမိန့်ပေးသည်တွင် ထိုသူတို့သည် ကိုကျော်စိန်ကို ဖမ်းဆီး ချုပ်နှောင်ရာ၌ ကူညီကြရလေ၏။

ကိုကျော်စိန်ကို ဌာနသို့ ပို့ဆောင်ရာ လမ်းခရီးတွင်—

ရှား။ ။"ခင်ဗျားလဲ တော်တော် ကံကောင်းတယ်ဗျို့ ကိုဖိုးချို၊ ကျုပ် ဟိုနေ့က သတင်းစာကို အပျင်းပြေဖတ်နေယင်း ခင်ဗျားတို့ ရေကူးပြိုင်တဲ့အကြောင်း တွေ့လို့ ကိုကျော်စိန်ကိုလဲ အလျင် တမှူ နှစ်မှူကတည်းက မသင်္ကာဖြစ်နေတုန်း ဖြုန်းဆို သတိရပြီး ကာယ်ဆယ်ဖို့ အကြံဖြစ်ပေါ်လာတာကိုးဗျ။ ခင်ဗျားကို ဒီလူက တနည်းနည်းနဲ့ ကြံပြီး ဇီဝိတိန္ဒြေ ချွေလိမ့်မယ်ဆိုတာ ကျုပ်က အတပ်သိသလောက် သွားပြီး တွေးမိတယ်။ ဒါကြောင့် ကြံစည်တဲ့ လူလဲ အခွင့်သာအောင်၊ ခင်ဗျား အတွက်လဲ ကျုပ်မှာ စိတ်တထွေးထွေးနဲ့ မနေရအောင် အိမ်မှာ ဒီညလာပြီး ဆုံဖို့ ကျုပ် စီမံလိုက်တယ် မဟုတ်လားဗျ"

ချို။ ။"ကံကောင်းပေလို့ ဆရာ၊ ကျွန်တော့်မှာ ရေကန်အလယ်တုန်းကမျှားဖြင့် ဆရာတို့ အိပ်ပျော်များ နေသလားလို့ တခါဖြင့် ချောရေလို့ အောက်မေ့လိုက်မိတယ် ဆရာ၊ လူတယောက်ကို ကြံကြံဖန်ဖန် ရက်ရက်စက်စက် ကြံလဲ ကြံစည်တဲ့ လူတယောက်ပါပဲ ဆရာ"

ရှား။ ။"သူ စီရင်လာခဲ့တာ လေးယောက် ရှိပြီကောဗျာ၊ ခင်ဗျားကျမှ လက်စသတ်ပေတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

# ၂၀။ အင်္ဂလိပ် စစ်ဗိုလ် လင်မယား အမှု*

၁၉၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ဦးစံရွှေးသည် မန္တလေးသို့ မရောက်ဖူးသေးသည် တကြောင်း၊ တန်ခိုးကြီး စေတီပုထိုးများကို ဖူးမြော်စေလိုသည် တကြောင်းကြောင့် အလည်အပတ် သွားကြဖို့ ကျွန်တော်က အကြံပေးရာ ဦးစံရွှေးက "မန္တလေး မရောက်ဖူးသေးတဲ့ အကြောင်းပြချက်ကိုတော့ လက်ခံပါတယ်၊ ဘုရား တန်ခိုးကြီး ဆိုတာကတော့ ရွှေတိဂုံထက် တန်ခိုးကြီးတဲ့ဘုရား ခင်ဗျားတို့ မန္တလေးမှာ ရှိသေးလို့လားဗျ" ဟု ပြော၏။ ကျွန်တော်က "ရွှေတိဂုံထက်တော့ တန်ခိုးကြီးတာ မရှိနိုင်ပါဘူးဗျာ၊ နို့ပေမယ့် ကျွန်တော်တို့ဆီက မဟာမြတ်မုနိကလဲ ဒုတိယ တန်ခိုး အကြီးဆုံး ဘုရားပဲဗျ" ဟု ပြောသည်နှင့် ဦးစံရွှေးက—

"ထားပါတော့ဗျာ၊ ဘုရားဖူးဖို့ မဟုတ်ယင် မရောက်ဖူးသေးတဲ့ မန္တလေးမြို့ကြီးကို အလည်အပတ် မသွားကောင်းဘူးလားဗျာ"

"ဒီလို တိုက်ရိုက်ပြောပါ၊ ဘုရားဖူး အမည်ခံပြီး လုပ်ချင်ရာတွေ သွားလုပ်ကြတဲ့ လူစုထဲတော့ ကျုပ် မပါ ပါရစေနဲ့ဗျာ"

"ဒါဖြင့် သွားတော့ သွားမှပေါ့"

"စိစဉ်ပါတော့လေ၊ လိုက်ပါ့မယ်"

× × ×

ကျွန်တော်နှင့် ဦးစံရွှေးသည် မန္တလေးမြို့သို့ လိုက်သွားကြ၍ ရာဇဝတ်ဝန်ကလေး ဦးထွန်းမင်း၏အိမ်၌ တည်းခိုကြသည်။ ဦးထွန်းမင်းသည် ဦးစံရွှေးနှင့် မတွေ့ဖူးသော်လည်း ရန်ကုန်၌ ဦးစံရွှေး၏ နာမည်ကြီး ခြင်းကို ကြားရ၍ ကျွန်တော်နှင့် တကြိမ်တွေ့ဖူးစဉ်က ဦးစံရွှေးကို မြင်လိုကြောင်း၊ အကြောင်းညီညွတ်

* ဤမှုနှင့် ဆင်တူ မှုကွဲ (ရှေးဦးရေးမှု ဖြစ်မည်။) တခုကို မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၂၊ နှလုံးလှစာပေ တိုက်မှ အတွဲ ၁ တို့တွင် 'စစ်ဗိုလ်လင်မယား' ဟူသော အမည်ဖြင့် တွေ့ရသည်။ သို့သော် ယင်းမှု မည်သည့် မဂ္ဂဇင်းတွင်ဖော်ပြပါရှိသည်ကို မတွေ့ရသေး။ ယင်းမှုနှင့်ဆင်တူမှုကွဲဖြစ်သော ဤမှုကိုကား သွေးသောက်မဂ္ဂဇင်း၊ ၁၉၆၁၊ အောက်တိုဘာ၊ အမှတ် ၁၀၉ တွင် 'အင်္ဂလိပ် စစ်ဗိုလ် လင်မယားအမှု၌ စုံထောက်ပုံ' (နောက်ရေးမှု ဖြစ်မည်။) အမည်ဖြင့် တွေ့ရသည်။ မြန်မာပြည် စာအုပ်တိုက်နှင့် နှလုံးလှစာပေတိုက်ထုတ် ဦးစံရွှေးစာအုပ်များတွင် ဤမှု မပါဝင်။ မူရင်းမှာ The Blanched Soldier ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လျှင် သူ့ထံသို့ ခေါ်ခဲ့ဖို့အကြောင်း ပြောဖူးလေသည်။ ကျွန်တော်နှင့် ဦးထွန်းမင်းကား ငယ်စဉ်ကတည်းက ကျွန်တော်ဘောလုံးကန်ခြင်းကို ချီးကျူးအားပေး၍ မြှောက်စားခြင်း ခံခဲ့ရဖူးလေသည်။ ဦးထွန်းမင်းသည် ထိုရက်များတွင် အခွင့်ရက်ရှည်ယူထားရာ ကျွန်တော်က ဦးစံရွှေနှင့် မန္တလေးသို့ အလည်လာလိုကြောင်း စာရေးလိုက်သည်တွင် သူ့အိမ်သို့လာ၍ တည်းခိုနိုင်ကြောင်း စာပြန်လိုက်သည်နှင့် ရောက်လာကြခြင်း ဖြစ်လေသည်။

ဦးထွန်းမင်းသည် ကျွန်တော်တို့နှစ်ယောက်အား အခန်းတခန်းပေးထား၍ လွတ်လပ်စွာ ဝင်ထွက်သွားလာနိုင်ကြောင်း ပြောပြီးလျှင် ဦးစံရွှေနှင့် စုံထောက်အလုပ် အကြောင်းများကို ဆွေးနွေးလေရာ ဦးစံရွှေ၏ အကြောင်းအကျိုး ဆက်သွယ်စဉ်းစားပုံများကို အလွန် ကျေနပ်ပုံရသည်။ ကျွန်တော်၏ မိတ်ဆွေ ဦးစံရွှေမှာလည်း သူ့အပေါ်၌ ဟန်ကြီးပန်ကြီး လုပ်တတ်သော အရာရှိများအား အချက်ကျအောင် 'နှက်'တတ်သော ဝါသနာမှတပါး စကားပြောကြည့်လျှင် မကျေနပ်သူ ရှားလှပေသည်။ ဦးထွန်းမင်းသည် နှိမ့်ချသော စိတ်သဘောမရှိသည့် ပုဂ္ဂိုလ်ကြီးတဦး မဟုတ်လင့်ကစား ဦးစံရွှေကိုမူ ကြိုတင်၍ သဘောကျထားနှင့်သူ ဖြစ်သောကြောင့် ဟန်ကြီးပန်ကြီးလုပ်ဖို့ ပြဿနာ မပေါ်ပေါက်ချေ။ ဦးစံရွှေကလည်း မြန်မာလူမျိုးများအနက်တွင် အကြီးဆုံးသော ပုလိပ်အရာရှိ တယောက်အနေဖြင့် ရှိသေလေးစားပုံရသည်။ ကျွန်တော်မှာမူ မိမိခေါ်လာခဲ့သည့် မိတ်ဆွေနှင့် အိမ်ရှင်တို့ အပေါက်တည့်ခြင်းကို တွေ့ရ၍ ဝမ်းသာလှပါသည်။

ကျွန်တော်တို့ ဆိုက်ရောက်ကြပြီးနောက် ၃ ရက်မြောက်သောနေ့တွင် လူတယောက် ရောက်လာ၍ ဦးထွန်းမင်းနှင့် ခေတ္တမျှ တွေ့ပြီး ဦးထွန်းမင်းက ကျွန်တော်တို့နှင့် မိတ်ဆက်ပေးပါသည်။

မင်း။ ။"ဦးစံရွှေနဲ့ တွေ့ပါရစေတဲ့ဗျာ၊ ဟောဒါက အင်စပက်တော် မောင်ဆုရပါတဲ့။ အလည်အပတ် သက်သက်လာခြင်း ဖြစ်ပေမယ့် လမ်းကြုံတဲ့အခါ တဆိတ်လောက် အစွမ်းပြသွားပါအုံးလေ။ ကိုင်း ကိုင်း မောင်ဆုရရေ၊ ပြောစရာရှိတာ ပြောဟေ့"ဟု ဆိုကာ မိတ်ဆက်ပေးပြီးနောက် အခန်းတဲမှ ထွက်သွားလေ၏။

ကိုဆုရက ဝန်မင်းအိမ်သို့ ဦးစံရွှေတို့ ရောက်နေသည်ဟု ကြားရကြောင်း၊ ကံအားလျော်စွာ အမှုကောင်းတခု ပေါ်လာ၍ ဦးစံရွှေနှင့် တိုင်ပင်ရန် လာခဲ့ကြောင်း၊ ဦးစံရွှေမှာလည်း တတ်သည့်ပညာ မနေသာဆိုသည့် စကားအတိုင်း လမ်းကြုံခိုက်တွင် မိမိတို့အား ကူညီဆောင်ရွက်ပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း စသည်ဖြင့် ပြောပြီးနောက်—

ရ။ ။"ကျွန်တော့်ဘာသာ လုပ်ယူယင်လဲ ဖြစ်တော့ ဖြစ်နိုင်လောက်တဲ့ အမှုပါပဲခင်ဗျ။ သို့သော် နောင်ကြီးရောက်တဲ့အခိုက်နဲ့ ကြုံလေတော့ နောင်ကြီးရဲ့ လုပ်ပုံလုပ်နည်းကလေးများ ခြေရာလက်ရာကျန်ရစ်ရအောင် ကျွန်တော်က တမင်လာပြီး အကူအညီတောင်းခြင်း ဖြစ်ပါတယ်"

ဦးစံရွှေသည် ကိုဆုရ၏ ပြောပုံကို ကျေနပ်ဟန်မရှိပုံဖြင့် ပြုံးစေ့စေ့ လုပ်နေသော်လည်း အမဲကို မြင်ရလျှင် မကိုက်ပဲ မနေနိုင်သော တောလိုက်ခွေးကဲ့သို့ နားစွင့်လျက် ရှိလေတော့သည်။

ရှား။ ။"ဖြစ်ပျက်ပုံ ပြောစမ်းလေဗျာ"

ရ။ ။"စီဘီလိုင်းထဲက 'ကိုးဇီးကော်နာ'ဆိုတဲ့ အိမ်ကြီးမှာ မျက်နှာဖြူ စစ်ဗိုလ်လင်မယား နေကြပါတယ်။ သူတို့အိမ်မှာ ဘိလတ်သား ဧည့်သည်တယောက် ရောက်နေရာမှာ ဒီကနေ့မနက် စားပွဲခန်းထဲက ထမင်းစားပွဲမှာ ခေါင်းဒဏ်ရာနဲ့ သေနေလို့ ဘက်တလာက ရှေးဦးစွာ တွေ့ရပါတယ်"

ရှား။ ။"အလောင်းကော"



www.burmeseclassic.com

www.burmeseclassic.com

ရ။ ။"ဆေးရုံ မပို့သေးပါဘူး၊ နောင်ကြီးရောက်နေတယ်ကြားလို့ ကျွန်တော် ဒီအတိုင်းထားပါတယ်"

ရှား။ ။"ခင်ဗျားတို့ အယူအဆ ဘယ်လိုလဲ။ ကိုယ့်ကိုယ်ကို သတ်သလား၊ သို့မဟုတ် လူသတ်မှုလား၊ ဒါမှမဟုတ် မတော်တဆ ဖြစ်ခြင်းလား"

ရ။ ။"လက်နက်မတွေ့ဘူး နောင်ကြီးရဲ့၊ ကိုယ့်ကိုယ်ကို သတ်သေတာတော့ မဟုတ်နိုင်ဘူး။ သေသူ မစ္စတာ ဂျွန်ဆင်ဟာ သူတို့နဲ့အတူ ဘိလတ်ကရောက်လာပြီး သူတို့အိမ်မှာ တည်းခိုနေတာ သုံးလလောက် ရှိသွားပြီ။ ညွှန့်သည့်တယောက်ကို သတ်တယ်ဆိုယင် အိမ်ရှင်ကို ထင်စရာရှိတာပဲ နောင်ကြီး၊ မန္တလေးရောက်ခါမှ ညွှန့်သည့်မှာတော့ ရန်သူရယ်လို့ ရှိဟန်မတူပါဘူး"

ရှား။ ။"အိမ်ရှင်လင်မယားအကြောင်းကို ပြောစမ်းပါအုံးဗျ"

ရ။ ။"မေဂျာစလေဒင် လင်မယားဟာ လွန်ခဲ့တဲ့နှစ်ကမှ လက်ထပ်ပြီး ပင်စင်စား စစ်ဗိုလ်အဖြစ်နဲ့ 'ကိုးဇီးကော်နာ' အိမ်ကို ငှားနေကြပါတယ်။ မေဂျာစလေဒင်က တသက်လုံး လူပျိုကြီးလုပ်နေပြီး ပင်စင်ယူပြီးခါမှ ဘိလတ်သွားလည်လို့ ဒီမိန်းမနဲ့တွေ့ပြီး လက်ထပ်ခေါ်ခဲ့တယ်လို့ ကြားပါတယ်။ မစ္စစ်စလေဒင်က ဘိလတ်မှာ ကျောင်းဆရာမ ဆိုပဲ။ ရုပ်ကတော့ တော်တော်ချောတယ်။ ဒါကြောင့် လူပျိုကြီး စလေဒင်က ကြီးတောင့်ကြီးခါမှ ဒီမိန်းမကို သဘောကျပြီး လက်ထပ်ယူခဲ့တယ်လို့ ကြားပါတယ်"

ရှား။ ။"နေပါအုံးဗျာ၊ စလေဒင်ဆိုတော့ မန္တလေးသိမ်းပြီး သီပေါဘုရင်ကို ခေါ်သွားတဲ့ ကာနယ်စလေဒင်နဲ့ ဆွေမျိုးများ တော်လေရော့သလားဗျာ"

ရ။ ။"တူတော်တယ်လို့ ပြောတယ် နောင်ကြီးရဲ့"

ရှား။ ။"ဗမာပြည်ကို ဒုက္ခပေးသွားတဲ့ စစ်ဗိုလ်ရဲ့ အဆက်အနွယ်တယောက်ဟာ ဗမာပြည်မှာလာပြီး ဒုက္ခရောက်နေအုံးမှာလားဗျာ"

ရ။ ။"ဖြစ်ချင်ဖြစ်နိုင်တာပေါ့ နောင်ကြီးရယ်၊ သို့သော် ဗိုလ်နဲ့ ဗိုလ်ချင်းသတ်တဲ့ အမှုဖြစ်ယင်တော့ ကျွန်တော်တို့အဖို့ တော်တော် သတိထားရလိမ့်မယ်ခင်ဗျ။ အလွယ်တကူနဲ့ ဖမ်းလားဆီးလား မလုပ်ဝံ့ပေဘူး။ မတော်တဆ အမှားအယွင်းရှိယင် ကျွန်တော်တို့ အလုပ်ပြုတ်မယ်ခင်ဗျ။ ဒါ့ကြောင့်နောင်ကြီးဆီကို ကျွန်တော် ပြေးလာရခြင်း ဖြစ်ပါတယ်"

ရှား။ ။"မှန်တယ်၊ ဖမ်းတာကို သိပ်ပြီး အလျင်မလိုလေနဲ့၊ သေချာလောက်မှ ဖမ်းရမယ်။ ခင်ဗျားတို့ထဲက တချို့လူတွေ လုပ်နေကျအတိုင်း ဖမ်းပြီးမှ ကျဉ်စက်နဲ့ ဘာနဲ့ တို့ပြီး ဖြောင့်ချက်တောင်းယူလို့ ဖြစ်မှာမဟုတ်ဘူးနော"

ရ။ ။"ကျွန်တော် သတိထားပါတယ် နောင်ကြီး"

ရှား။ ။"ခင်ဗျားတို့အဖို့ တော်တော်ကျပ်နေတာပေါ့လေ။ ကျဉ်စက် သုံးရတာလောက်တော့ မလွယ်ဘူးပေါ့"

ရ။ ။"လူတိုင်းကို ကျွန်တော် မသုံးဝံ့ပါဘူး နောင်ကြီးရယ်"

ရှား။ ။"ဟုတ်တာပေါ့လေ။ ဒါကတော့ ခင်ဗျားတို့က ကရုဏာကြောင့် မဟုတ်ပါဘူး၊ ကိုယ့်အပေါ် အပြစ်ရောက်မှာ ကြောက်လို့ပါ၊ 'ကိုးဇီးကော်နာ'က ဘယ်လောက်ဝေးသလဲ"

ရ။ ။"မဝေးပါဘူး၊ ကျွန်တော် မြင်းရထားတစီး ခေါ်ခိုင်းလိုက်ပါ့မယ်။ နောင်ကြီး တဆိတ်လောက် လိုက်ကြည့်ပါအုံး ခင်ဗျာ"

---

ဒုတိယအကြိမ်

www.burmeseclassic.com

ကိုဆုရသည် အစေခံတယောက်အား မြင်းရထားတစီး ခေါ်ခိုင်း၍ ရလာသောအခါ ကျွန်တော်တို့ သုံးယောက်သည် မြင်းရထားနှင့်သွားကြ၍ 'ကိုးဇီးကော်နာ' အိမ်ကြီးသို့ ရောက်ကြလေ၏။ အိမ်ကြီးမှာ စီတီလိုင်းရှိ အခြားသော တဲအိမ်ကြီးများ၏ ထုံးစံအတိုင်း အတော်ကျယ်ဝန်းသော ဝင်းခြံကြီး၏အလယ်၌ ဆင်ဝင်နှင့် ဆောက်လုပ်ထားသည့် သစ်သားနှစ်ထပ်အိမ်ကြီး ဖြစ်လေရာ နောက်ဖေးဘက်တွင် အစေခံ တန်းလျားနှင့် မီးဖိုဆောင်ရှိလေသည်။ ကျွန်တော်တို့ ရောက်သွားကြသောအခါ ဝင်းပေါက်အနီး၌ စောင့်နေသော ပုလိပ်တယောက်သည် ကိုဆုရအား ဆလံပေး၍ ကိုဆုရက ဦးခေါင်းညိတ်ကာ "တောင်းပြီ မောင်ကျင်၊ မင်းက ဒီမှာပဲ စောင့်နေပေတော့"ဟု ပြော၏။ ထို့နောက် ကျွန်တော်တို့ သုံးယောက်သည် အိမ်ကြီးထဲသို့ ဝင်သွားကြရာ ကုလား ဘတ်တလာတယောက်က ခရီးဦးကြိုပြုကာ ဧည့်ခန်းထဲသို့ ခေါ်သွားလေ၏။

ကျွန်တော်တို့သည် ဧည့်ခန်းထဲတွင် ထိုင်ကြ၍ ဘတ်တလာက "အလွန်ကြောက်ဖို့ကောင်းတဲ့ အမှုပဲ ဆပ်"ဟု အင်္ဂလိပ်လိုပြော၍ ကိုဆုရက မစ္စတာစလေဒင်ရှိပါသလောဟုမေးရာ ဘတ်တလာက "အိမ်ပေါ်မှာ ရှိပါတယ် ဆပ်၊ ကျွန်တော် သွားခေါ်ပေးပါ့မယ်"ဟု ပြောစဉ် လှေကားမှ ခြေသံများကြားသည်နှင့် လှည့်၍ ကြည့်လိုက်ကြ၏။ ကျွန်တော်တို့သည် ဥရောပတိုက်သူ အတော်များများ မြင်ခဲ့ဖူးသော်လည်း ချောလှသူများကိုသာ တွေ့ဖူး၍ လှေကားမှဆင်းလာသော အင်္ဂလိပ်မကဲ့သို့ ခန့်ခန့်ညားညားနှင့် မိဖုရားရုပ်ပေါက်သော မိန်းမတယောက်ကို အင်္ဂလိပ်လူမျိုး၊ ကုလားလူမျိုး၊ မြန်မာလူမျိုးများအနက် တကြိမ်တခါမျှ မမြင်ရဖူးပါ။ ကျွန်တော်မြင်ရသောအချိန်၌ ဤမိန်းမသည် စိုးရိမ်သောကရောက်လျက်ရှိသည့် လက္ခဏာဖြင့် ဖြူဖပ်ဖြူရော် ရှိနေသော်လည်း နဂိုရုပ်အဆင်းမှုကား မိန်းမများအနက်တွင် အတော်ရှားလိမ့်မည်ဟု အကဲခတ်မိပါသည်။ ကိုဆုရက ကျွန်တော်တို့နှင့် မစ္စစ်စလေဒင်ကို မိတ်ဆက်ပေးပြီးနောက် ကုလားထိုင်၌ ထိုင်ကြရာတွင် မိန်းမက—

မိန်း။ ။(အင်္ဂလိပ်လို) "ဩော် ရန်ကုန်ကတောင် ဒီအတွက် လာခဲ့သလား၊ ဦးစံရွှားဆိုတဲ့ နာမည်ကိုတော့ ဂျင်မခါနာကလပ်မှာ အရာရှိကြီးတွေ ပြောကြလို့ ကြားရဖူးပါတယ်"

ရှား။ ။"ကျေးဇူးတင်ပါတယ်။ ရန်ကုန်က ကျွန်တော်လာခြင်းက ဒီအတွက် မဟုတ်ပါဘူး၊ အလည်လာယင်းနဲ့ ဒီက မိတ်ဆွေက အကူအညီပေးပါဆိုလို့ လိုက်ကြည့်ခြင်းဖြစ်ပါတယ်"

ထိုအတောအတွင်း၌ မစ္စစ်စလေဒင်သည် ဦးစံရှားအား တောက်ပသော မျက်လုံးများဖြင့် စူးစူးစိုက်စိုက် ကြည့်လျက် ရှိ၏။

မိန်း။ ။"ဩော် ဒီလိုလား၊ ဝမ်းသာပါတယ်၊ အားကိုးပါတယ်။ ရှင့်ကိုမြင်ရတာ ခက်ခဲတဲ့ အမှုများကို နက်နဲစွာစဉ်းစားပြီး အမှန်ကို ဖော်ထုတ်နိုင်မယ့် လူတယောက်လို့ ကျွန်မ အကဲခတ်မိပါတယ်"

ရှား။ ။"ကျွန်တော် အစွမ်းကုန် ကြိုးစားကူပါ့မယ်၊ စိတ်ချပါ"

မိန်း။ ။"ဒီကိစ္စမှာ ကျွန်မယောကျ်ား အပြစ်မရှိတာ အမှန်ပါ။ ရှင့်အလုပ်က အမှန်ကို ပေါ်အောင် ဖော်ထုတ်ဖို့ပဲ လိုပါတယ်"

ဤအတောအတွင်း၌ ဦးစံရှားသည် မစ္စစ်စလေဒင်က မိမိအား အကဲခတ်ခြင်းနှင့် ညီမျှသော စူးစိုက်ခြင်းဖြင့် မစ္စစ်စလေဒင်ကို အကဲခတ်လျက်ရှိ၏။ ကျွန်တော်၏ ထင်မြင်ချက်မှာ ဦးစံရှားသည် မစ္စစ်စလေဒင်ကို ကျေနပ်ပုံရသည်ဟု အကဲခတ်မိပါသည်။

ရှား။ ။"ကွယ်လွန်သူ မစ္စတာဂျန်ဆင်နဲ့ မေဂျာစလေဒင် သိကျွမ်းတာ ဘယ်လောက်ကြာပြီလဲ"

www.burmeseclassic.com



မိန်း။ ။"ကျွန်မနဲ့ မစ္စတာဂျွန်ဆင်နဲ့က အလျင် သိပါတယ်၊ ကျွန်မက မိတ်ဆက်ပေးတော့မှ သူတို့ နှစ်ယောက် သိကျွမ်းခြင်း ဖြစ်ပါတယ်"

ရှား။ ။"အင်္ဂလန်မှာပေါ့"

မိန်း။ ။"ဟုတ်ပါတယ်"

ရှား။ ။"လက်မထပ်ကြမီကတည်းက မစ္စစ်စလေဒင်နဲ့ မစ္စတာ ဂျွန်ဆင်နဲ့က ရှေးဦးစွာ သိကျွမ်းကြတယ်ပေါ့"

မိန်း။ ။"မှန်ပါတယ်။ သို့သော် ကျွန်မယောကျ်ားက ကျွန်မတို့အပေါ်မှာ အထင်လွဲစရာ အကြောင်း လုံးဝ မရှိပါဘူး"

ဤနေရာတွင် ကိုဆုရသည် ကျွန်တော့်ကို တချက် လှမ်းကြည့်လိုက်ရာ ဦးစံရှားကမူ ကိုဆုရ ကြည့်ပုံကို နားလည်သော်လည်း မျက်နှာထား ပြောင်းလဲမှု မရှိပဲ မစ္စစ်စလေဒင်ကိုသာ စိုက်၍ ကြည့်နေ လေ၏။ ထို့နောက်—

ရှား။ ။"ကျွန်တော်တို့ အလောင်းကို တဆိတ် ကြည့်ပါရစေခင်ဗျာ"ဟု အခွင့်တောင်းလေရာ မစ္စစ်စလေဒင်သည် ဘတ်တလာအား လိုက်ပြဖို့ အမိန့်ပေးပြီးနောက် သူကိုယ်တိုင်မလိုက်ပဲ ချန်နေရစ် သည်တွင် ကျွန်တော်တို့သည် ဘတ်တလာနောက်သို့ လိုက်သွားကြ၏။ ထမင်းစားခန်းသို့ ရောက်ကြ လေသည်။ ထမင်းစား စားပွဲ၏ ထိပ်၌ အင်္ဂလိပ်တယောက်သည် မှောက်လျက်ကြီး လဲလျက် ဦးခေါင်း အနီး၌ သောင်လျက်ရှိသော ငွေခွက်ကြီးတလုံး၏ တဘက်တချက်သို့ လက်နှစ်ဘက်ကို ဆန့်တန်းကာ သေးသံရဲရဲ ရှိနေသော အလောင်းကို မြင်ကြရလေ၏။

ဘတ်တလာက "သူ့လည်မျိုမှာ ဓားဒဏ်ရာကြီး ရှိတယ် ဆပ်"

ရှား။ ။"ဓားကော ဘယ်မှာလဲ"

ရ။ ။"မတွေ့ရတော့ဘူး နှောင်ကြီး"

ဤတွင် ဦးစံရှားသည် စားပွဲပေါ်သို့ ငိုက်စိုက်ကျလျက်ရှိသော ဦးခေါင်းကို ဖြည်းညင်းစွာ မ ကြည့်လိုက်ရာ မေးအောက်၌ ကပ်လျက်ရှိသော လည်ချောင်းတွင် အောက်မှ အထက်သို့စူးဝင်ထားသည့် ဓားမြှောင် ဒဏ်ရာနှင့် တူသည့် 'ဟက်ဟက်'ကြီး ပြဲလျက်ရှိသော ဒဏ်ချက်ကို တွေ့မြင်ရလေ၏။ သေသူ၏ မျက်နှာမှာ အသွင်ချွန်း၍ ကောက်သောနှာတံ ရှိသော်လည်း အသက် လေးဆယ်ခန့် ရှိသည့် လူချော တယောက် ဖြစ်ခြင်းက ထင်ရှားပေသည်။

ရ။ ။"ဓားမြှောင်နဲ့ ထိုးသတ်တဲ့ ဒဏ်ရာဖြစ်ကြောင်းကတော့ ထင်ရှားတယ်နော် ခင်ဗျာ"

ရှား။ ။"ဟုတ်ပါတယ်။ သို့သော် ဒဏ်ရာတည်နေပုံက တော်တော်ထူးဆန်းတယ်ဗျ"

ရ။ ။"ဘာ့ကြောင့်လဲ နှောင်ကြီးရယ်"

ရှား။ ။"လည်မျိုက နေပြီး အထက် တက်သွားတဲ့ ဒဏ်ရာဗျ။ ဒီလိုဖြစ်အောင် ဓားမြှောင်နဲ့ ထိုးဖို့က မလွယ်လှဘူး ထင်တယ်"

ရ။ ။"ဒီငွေခွက်ကြီးထဲမှာ အရက်ထည့်ပြီး မော့သောက်လို့ရှိယင် လည်ချောင်းကို ဓားမြှောင်နဲ့ ထိုးလို့ ဖြစ်နိုင်တာပေါ့ နှောင်ကြီး"

ရှား။ ။"ဘယ်လို အရက်မျိုးကို ဒီခွက်ကြီးထဲမှာ ထည့်ပြီး သောက်တယ်ဆိုမလဲ"

ရ။ ။"ဝီစကီ၊ ဘရန်ဒီတို့တော့ မဟုတ်နိုင်ဘူး နှောင်ကြီး၊ ဘီယာသော်လည်းကောင်း၊ သူတို့ အင်္ဂလိပ်လူမျိုးများသောက်လေ့ရှိတဲ့ ရေနွေးနဲ့ ရှောက်သီး၊ သို့မဟုတ် လိမ္မော်သီးနဲ့ ဒရမ့်အရက်နဲ့ရောပြီး

www.burmeseclassic.com



Punhc ဆိုတဲ့ အရက်မျိုးကို သောက်တဲ့အခါမှာ ဒီလို ခွက်ကြီးမျိုးနဲ့ သောက်တတ်တယ်လို့ ကြားဖူးတယ်။ ဒီတော့လဲ သေသူ ဂျွန်ဆင်နဲ့ မေဂျာ စလေဒင်နဲ့ အရက် အတူတူသောက်နေကြတုန်း တယောက်ယောက်က ထိုးခြင်း ဖြစ်နိုင်တာပေါ့ နောင်ကြီးရဲ့”

ဦးစံရှားသည် လူသေ၏ လက် တဘက်တချက်ကြားတွင်ရှိသော ငွေခွက်ကြီးကို ကောက်ယူ၍ မ ကြည့်ရာ အားကစားနှင့် ပတ်သက်၍ ဆုပေးသည့် ဖလားကြီးမျိုး ပုံသဏ္ဌာန်ဖြစ်၍ လက်ကိုင်နှစ်ဘက် ပါရှိခြင်းကို တွေ့ရသည်။ အမြင့်မှာ တပေမျှလောက် ရှိပေလိမ့်မည်။ ကျွန်ုပ်တို့ အားလုံးသည် ဦးစံရှား မြှောက်ကိုင်ထားသော ငွေဖလားကြီးကို စိတ်ဝင်စားစွာနှင့် ကြည့်လျက်ရှိစဉ် “ဘတ်တလာ”ဟု ခေါ် လိုက်သံ ကြားသည်နှင့် အခန်းဝသို့ လှမ်းကြည့်လိုက်ရာတွင် အလုံးအရပ် ထောင်ထောင်မောင်းမောင်းနှင့် ခွန်အားဗလ ကောင်းပုံရသော ဗိုလ်တယောက်သည် အဝင်ရပ်ကာ မလိုလားသော မျက်နှာထားနှင့် ကျွန်ုပ်တို့အား ကြည့်နေသည်ကို မြင်ကြရလေ၏။ ထိုသူက—

“ဟေ့ ဘတ်တလာ၊ ဒီလူတွေက ဘယ်သူတွေလဲ၊ ဘာလုပ်နေကြတာလဲ”ဟု အင်္ဂလိပ်လို ခပ်ငေါက်ငေါက် မေးလိုက်သောအခါ ကိုဆုရက “ကျွန်တော်တို့ အလုပ်ဝတ္တရား ဆောင်ရွက်ဖို့ လာကြ သူများ ဖြစ်ပါတယ်။ ကျွန်တော်က အင်စပက်တော် မောင်ဆုရပါ၊ ဒီဟာများက ရန်ကုန်က ရောက်လာတဲ့ ဦးစံရှားနဲ့ ဦးသိန်းမောင် ဖြစ်ပါတယ်”ဟု ပြောလေ၏။

“အို မောင်စံရှားတဲ့လား။ ကျွန်ုပ် နည်းနည်းပါးပါး ကြားဖူးတယ်၊ စုံထောက်ရန်လာသလား၊ သေသူ မစ္စတာဂျွန်ဆင်ဟာ လူရုပ်တယောက်ပဲ၊ ကျွန်ုပ် ကောင်းကောင်းသိတယ်။ သူသေသွားခြင်းဟာ လူ့ပြည်မှာ ရှင်းသွားတာပဲ။ သူ့ဘာသာ သေသေ၊ လူသတ်လို့ သေသေ အားလုံးအဖို့ ကောင်းတာပဲ”

ရှား။ ။“သူသေတဲ့အတွက် လူ့ပြည်မှာ ရှင်းသွားပေမယ့် ရှင်းပေးတဲ့လူဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာကို သိအောင် စုံစမ်းဖို့က ကျွန်တော်တို့ရဲ့ ဝတ္တရား ဖြစ်ပါတယ်”

ရ။ ။“သူ့ဟာသူ သတ်သေတယ် ဆိုယင် လက်နက်တခုခု တွေ့ဖို့ အရေးကြီးပါတယ်”

ဗိုလ်။ ။“လူတယောက်ယောက်က သတ်ပြီး လက်နက်ကို ယူသွားတယ် ဆိုယင်ကော မဖြစ်နိုင် ဘူးလား အင်စပက်တော်”

ရ။ ။“ဖြစ်နိုင်ပါတယ်။ ဒီလိုဆိုယင် သတ်တဲ့လူကို တွေ့အောင် ရှာရပါလိမ့်မယ်။ ဒီအမှုက ဒီအတိုင်းဆိုယင် မေဂျာ့အပေါ်မှာ မသင်္ကာစရာ ဖြစ်နေပါတယ်”

ဗိုလ်။ ။“မသင်္ကာယင် ဘယ့်နှယ် လုပ်မလဲ”

ရ။ ။“မေဂျာ့ကို ဖမ်းရပါလိမ့်မယ်”

ဗိုလ်။ ။“အို ကျွန်ုပ်ကို ဖမ်းချင်တယ်လား။ ကျွန်ုပ် အင်္ဂလိပ် စစ်ဗိုလ်တယောက် ဖြစ်တယ်၊ အရေးပိုင်ဆီက ဝရမ်းပါရဲ့လား”

ရ။ ။“အခု မပါသေးဘူး မေဂျာ၊ သို့သော် ကျွန်တော် ရအောင် တောင်းပါ့မယ်”

ဗိုလ်။ ။“ဘာများ အထောက်အထား ရှိသလဲ”

ရ။ ။“မစ္စစ် စလေဒင်ဆီက သဲလွန်စ ရပါတယ်”

ဗိုလ်။ ။“မစ္စစ် စလေဒင်က ဘာပြောသလဲ”

ရ။ ။“မေဂျာက မစ္စတာ ဂျွန်ဆင့်အပေါ်မှာ မသင်္ကာတဲ့ သဘောမျိုး အဓိပ္ပာယ် ကောက်ယူ နိုင်ပါတယ်”

ဗိုလ်။ ။“ဩော် မစ္စစ်စလေဒင်က ပြောသလား”

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရ။ ။"တိုက်ရိုက်ပြောခြင်းမဟုတ်ပါ၊ ဒီလိုဖြင့် ဖြစ်နိုင်တယ်လို့အဓိပ္ပာယ်ကောက်ယူနိုင်ပါတယ်"

ဤနေရာတွင် ဦးစံရှားသည် ကိုဆုရအား အင်္ဂလိပ်လူမျိုး စစ်ဗိုလ်ကြီးတယောက်အပေါ်၌ မသင်္ကာရုံမျှနှင့် အခရေးယူမိလျှင် မိမိအပေါ်တွင် အမှုပတ်နိုင်သောကြောင့် လက်မသွက်ဖို့ သတိပေးလေသည်။

မေဂျာ စလေဒင်သည် ကိုဆုရအား မကျေနပ်သော မျက်နှာထားနှင့် ကြည့်နေပြီးနောက် "ကျွန်ုပ်ကို ဝတ္တရားအတိုင်း လုပ်ချင်သလို လုပ်ပါ၊ မစ္စစ် စလေဒင်ကို ဒီကိစ္စထဲ ဆွဲမသွင်းပါနဲ့"ဟု ပြော၍ ညှော်ခန်းသို့ ကူးသွားလေရာ ဦးစံရှားသည် ကျွန်တော်တို့အား ဦးခေါင်းညိတ်ကာ ခေါ်သဖြင့် မေဂျာ့နောက်မှ လိုက်သွားကြလေ၏။

ညှော်ခန်းထဲ၌ကား မစ္စစ်စလေဒင်သည် ကုလားထိုင်ပေါ်တွင် ထိုင်လျက် ကျွန်တော်တို့ အားလုံး၏ မျက်နှာကို အကဲခတ်လျက်ရှိရာ မေဂျာစလေဒင်သည် သူ့ဇနီးအနီးသို့ သွား၍ရပ်လျက် "မေစီ၊ ဒီလူတွေကို ဘာတွေများပြောထားသလဲ"ဟုမေး၏။ ဇနီးကဘာမျှမပြောရကြောင်းပြန်ပြောသည်တွင်မေဂျာစလေဒင်သည် ဘဘ်တလာကိုခေါ်၍ ဘတ်တလာ ရောက်လာသောအခါ "ဘတ်တလာ၊ ဒီလူတွေနဲ့ စကားပြောယင်သတိ ကောင်းကောင်းထားပါ။ မှန်သလောက် ပြော၊ ပိုမပြောနဲ့၊ သူတို့မေးတိုင်း မပြောနဲ့"ဟု အမိန့်ပေးလေ၏။ ဘဘ်တလာကလည်း အလောင်းကို သူက ရှေးဦးစွာ တွေ့ခြင်းမှတပါး အပိုစကား မပြောပါဟု ပြန်ပြောလေရာ မေဂျာစလေဒင်သည် တုတ်ကောက်ကို ဆွဲယူ၍ "ကျွန်ုပ်ကို အလိုရှိသေးသလား"ဟု မေး၏။ ကိုဆုရက အလိုမရှိကြောင်း ပြောရာတွင် မေဂျာစလေဒင်သည် လမ်းလျှောက်ထွက်သွားလေ၏။

ထိုအခတာအတွင်း၌ ဦးစံရှားသည် မစ္စစ်စလေဒင်၏ မျက်နှာကို စူးစိုက်စွာကြည့်လျက် အကဲခတ်၍ အားမရနိုင်သကဲ့သို့ ရှိနေလေရာ မစ္စစ်စလေဒင်ကမူ ဦးစံရှား၏ အကဲခတ်ခြင်းကြောင့် တုန့်ခြင်း၊ ရွံ့ခြင်းမရှိပဲ ရဲရဲကြီး ပြန်ကြည့်သည်ကို ကျွန်တော် မြင်ရလေသည်။ နောက်ဆုံး၌ ဦးစံရှားသည် ကိုဆုရနှင့် ကျွန်တော့်အား အပြင်မှ စောင့်နေကြဖို့ ပြောလွှတ်လိုက်ပြီးလျှင် သူမူကား မစ္စစ်စလေဒင်နှင့် စကားပြောလျက် ကျန်ရစ်လေ၏။ ငါးမိနစ် မကြာမီ ဦးစံရှား ထွက်လိုက်လာ၍ ကျွန်တော်တို့သည် ဦးထွန်းမင်း၏ အိမ်ဘက်သို့ ခြေကျင် လျှောက်လာကြစဉ်—

ရှား။ ။"ကိုဆုရ၊ မစ္စစ်စလေဒင်ကို ခင်ဗျား ဘယ်လို အကဲခတ်သလဲ"

ရ။ ။"ရဲတင်းတဲ့ မိန်းမ တယောက်လို့ ထင်ပါတယ်"

ရှား။ ။"ကိုသိန်းမောင်ကကောဗျာ"

ကျွန်။ ။"မဟုတ် မခံချင်တတ်တဲ့ သတ္တိရှိတယ်လို့ ထင်တယ်ဗျာ"

ရ။ ။"နောင်ကြီးကကော ဘယ်လို အကဲခတ်မိလို့လဲ ခင်ဗျာ"

ရှား။ ။"ကျုပ် အထင်ကတော့ ဒီအမှုနဲ့ ပတ်သက်လို့ သူ သိထားတဲ့ အချက်အလက်တခုရှိတယ်။ ကျုပ်တို့ကို ဖွင့်မပြောပဲ ဖုံးထားတယ်လို့ ထင်တယ်"

ရ။ ။"နောင်ကြီးပြောသလို ဆိုယင်တော့ မေဂျာစလေဒင်ရဲ့အပြစ်ကို သူက ဖုံးထားတာပေါ့။ ဒီလိုဆိုယင် မေဂျာကို ဖမ်းမှထင်တယ် နောင်ကြီး"

ရှား။ ။"သွားမလုပ်နဲ့နော်၊ အင်္ဂလိပ်စစ်ဗိုလ် တယောက်ဆိုတော့ မတော်လို့ အဖမ်းမှားယင် ခင်ဗျား ဒုက္ခရောက်နိုင်တယ်"

ကျွန်တော်တို့သည် ဦးထွန်းမင်း၏နေအိမ်သို့ ရောက်ကြရာ ကိုဆုရက "နောက်မှ ကျွန်တော် လာပြီး တွေ့ပါအုံးမယ် နောင်ကြီး"ဟု နှုတ်ဆက်ကာ ပြန်သွားသည်တွင် ကျွန်တော်တို့အား သီးသန့်ပေးထားသည့်

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

အခန်းသို့ ဝင်၍ နားနေကြလေသည်။ ဦးထွန်းမင်းမှာမူ ခွင့်ယူထားသည့် အလျောက် အိမ်သားများနှင့် ဟိုသွား သည်သွား သွားခြင်းဖြင့် အချိန်ကုန်၍ အိမ်တလုံးလုံးကို ကျွန်တော်တို့အား အပ်ထားပါသည်။ ဦးစံရှားသည် အခန်းထဲတွင် တနာရီခန့် နားနေပြီးနောက် နာရီကြည့်ကာ ဝေါက်ကနဲ ထပြီးလျှင် အောက်ထပ် ဧည့်ခန်းသို့ ဆင်းမည်ပြုစဉ်—

ကျွန်။ ။“ဘယ်ကိုလဲ ဆရာကြီးရဲ့”

ရှား။ ။“မစ္စစ်စလေဒင်ကို မှာထားခဲ့တယ်၊ မေဂျာ တရေးအိပ်ချိန်လောက်ကို တွေ့ပါရစေလို့။ နာရီပြန် တချက်လောက်မှာ သူလာခဲ့မယ်တဲ့။ ခု တချက်ထိုးတော့မယ်”

ပြောတွင်းဆိုတွင်းမှာပင် ဖောင်းဝတ်ရောင် မြင်းကြီးနှင့် ဒေါက်ကတ်တစီး ဝင်လာလေရာ မစ္စစ်စလေဒင်ကိုယ်တိုင် မောင်းလာသည်ကို တွေ့ရလေသည်။ ဦးစံရှားသည် မစ္စစ်စလေဒင်ကို ခရီးဦးကြိုပြု၍ ဧည့်ခန်းသို့ ခေါ်သွားလေရာ ဆိုက်ကုလားသည် ဒေါက်ကတ်ကို သစ်ပင်ရိပ်အောက်သို့ ဆွဲသွင်းသွားလေ၏။

ကျွန်တော်သည် လိုသည် မလိုသည်ကို မသိနိုင်သဖြင့် ဧည့်ခန်း၌ ဝင်၍မထိုင်ပဲ ရှောင်ထွက်မည်ပြုရာတွင်—

ရှား။ ။“ထိုင်လေဗျာ ကိုသိန်းမောင်၊ ဒီဟာက ကျွန်တော်နဲ့ လုပ်ဖော်ကိုင်ဖက်ပါပဲ။ အားလုံး စိတ်ချရပါတယ်”ဟု မစ္စစ်စလေဒင်သို့ လှမ်း၍ပြောလေရာ မစ္စစ်စလေဒင်က ဦးခေါင်းညိတ်ကာ ခွင့်ပြုလေ၏။ ကျွန်တော်သည် မစ္စစ်စလေဒင်၏မျက်နှာကို လှမ်းကြည့်လိုက်ရာ အမှုကြောင့် စိတ်သောကရောက်လျက် ရှိပုံရသော်လည်း နောက်ဆုံးတွင် အားလုံးရှင်းလင်း၍ ကွင်းလုံးကျွတ်လွတ်မြောက်ရမည်ဟု စိတ်ချယုံကြည်ထားသည့် မျက်နှာထားမျိုး ရှိသည်ဟု ကျွန်တော် အကဲခတ်မိလေ၏။

ကုလားထိုင်များ၌ ထိုင်မိကြသောအခါ မစ္စစ်စလေဒင်က—

မစ်။ ။“ရှင်မှာထားတဲ့အတိုင်း သူအိပ်အိပ်ချင်း ကျွန်မလာခဲ့ပါတယ်၊ ဘာများပြောချင်လို့လဲ”

ရှား။ ။“မစ္စစ်စလေဒင်ဟာ ကိုယ့်လင်သားရဲ့ အကျိုးအတွက် ကာကွယ်ပေးဖို့ ရည်ရွယ်ချက် ရှိတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်၊ ဟုတ်ပါစခင်ဗျာ”

မစ်။ ။“ဘယ်လို မေးတာလဲရှင်၊ လင်မယားဆိုတာ ကိုယ့်လင်အကျိုးကို ကာကွယ်ရမှာချည့်ပေါ့။ ဒီကိစ္စမှာတော့ ကျွန်မက သူ့အတွက် ဘာကိုမှ ဖုံးဖိကွယ်ဝှက်ပေးနေစရာ မလိုပါဘူး ထင်ပါတယ်”

ရှား။ ။“မစ္စတာစလေဒင်အတွက် ကာကွယ်ပေးဖို့ မလိုပါဘူးဆိုယင် တခြားတယောက်အတွက် ကာကွယ်ပေးဖို့ လိုလေမလားလို့ပါ ခင်ဗျာ”

မစ္စစ်စလေဒင်သည် အတန်ငယ်ထိတ်လန့်ပုံရသော မျက်နှာနှင့် ဦးစံရှားအား လှမ်းကြည့်ပြီးနောက်—

မစ်။ ။“ကျွန်မကို မေးစရာရှိတယ် ဆိုတာ မေးပါ၊ ကျွန်မ မှန်မှန်ဖြေပါ့မယ်။ သို့သော် ကျွန်မ ယောကျ်ားကိုတော့ အထင်မလွဲလိုက်ပါနဲ့၊ ဒီအမှုအတွက် သူ့မှာ လုံးဝ အပြစ်မရှိပါဘူး ဆိုတာ ကျွန်မ သိပါတယ်”

ရှား။ ။“ကျွန်တော်သိချင်တာတခုက မစ္စတာစလေဒင်နဲ့ ကွယ်လွန်သူ မစ္စတာ ဂျွန်ဆင်တို့ဟာ အင်မတန် ရင်းရင်းနှီးနှီး ဆက်ဆံကြဖူးတယ်လို့ ကျွန်တော် နားလည်ပါတယ်။ ဟုတ်ရဲ့လား ခင်ဗျာ”

မစ်။ ။“ရင်းနှီးတာကို ပြောရယင် မစ္စတာဂျွန်ဆင်နဲ့ ကျွန်မနဲ့ ငယ်ကတည်းက သိကျွမ်းခဲ့ကြလေတော့ ကျွန်မနဲ့ ပိုပြီး ရင်းနှီးခဲ့ပါတယ်။ မစ္စတာ စလေဒင်နဲ့ကတော့ ဒီလောက်မဟုတ်ပါဘူး။ လူချင်းက အင်မတန်ကွာခြားလို့ ပိုရင်းနှီးဖို့ ခဲယဉ်းပါတယ်”

ရှား။ ။“ဘယ်ပုံကွာခြားတာလဲ ခင်ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



မစ်။ ။"ကျွန်မယောကျ်ားက လူရိုးလူတောင်းကြီး တယောက်ပါပဲ။ ငြည်းငြူစောင် မထားဖူးဘူး။ တသက်လုံး လူပျိုကြီး လုပ်လာခဲ့တာ။ ကျွန်မနဲ့ အိမ်ထောင်ကျမှပဲ မိန်းမဆိုလို့ အဆောင်တဝင်နေတတ်လာတယ်။ ဟိုလူကတော့ လူရှုပ်လူပွေ၊ ဟိုကြိုက် ဒီကြိုက် လူ့ပေါကြော့ တယောက်ပဲ။ သူနဲ့ ကျွန်မယောကျ်ားနဲ့ဆိုတော့ ကျောက်မီးသွေးနဲ့ မိုးပွင့်လောက် ခြားနားပါတယ်"

ရှား။ ။"ကျွန်တော် တခုမေးပါရစေနော်။ ကျွန်တော် မေးခြင်းဟာ မစ္စတာစလေဒင်အတွက်ဖြစ်ပါတယ်၊ ခွင့်ပြုပါ"

မစ်။ ။"မေးပါရှင်၊ ခွင့်ပြုပါတယ်"

ရှား။ ။"ယောကျ်ားအချင်းချင်း ဒီလောက်ကွာခြားလို့ အပေါင်းအသင်း မလုပ်ခဲ့ဘူးဆိုယင် မစ္စစ်စလေဒင်နဲ့ မစ္စတာဂျွန်ဆင်နဲ့ဟာက မိန်းမနဲ့ ယောကျ်ားဖြစ်လျက်နဲ့ ဗမာပြည်ကို အလည်လိုက်လာရအောင် ရင်းနှီးစကောင်းပါသလား ခင်ဗျာ"

မစ်။ ။"ဒီလိုပါ၊ ကျွန်မ အားလုံးဖွင့်ပြောပါတော့မယ်။ ကျွန်မအဖေနဲ့ သူ့အမေနဲ့ လင်မယားဖြစ်ခဲ့ပါတယ်။ ကျွန်မက လင်ပါသမီး၊ သူက မယားပါသား အဖြစ်နဲ့ ငယ်စဉ်ကတည်းက အတူနေလာခဲ့ကြရလေတော့ မရင်းနှီးပဲ မဖြစ်နိုင်အောင် ရှိခဲ့ကြပါတယ်"

ရှား။ ။"ဒီတော့ကာ မစ္စစ်စလေဒင်က မစ္စတာဂျွန်ဆင်ရဲ့ အကျင့်စာရိတ္တအကြောင်းကို ကောင်းကောင်း သိတယ်ပေါ့။ သို့သော် ဘယ်တုန်းကမှ စပြီး ကောင်းကောင်း အကဲခတ်တတ်ပါသလဲ ခင်ဗျာ"

မစ်။ ။"သိပ်ငယ်တုန်းကတော့ ကျွန်မက အကဲမခတ်တတ်ဘူးရှင့်။ အပျို လူပျို အရွယ်ရောက်တော့မှ သူ့စိတ်နေသဘောထားကို ကောင်းကောင်း အကဲခတ်တတ်တာကိုးရှင့်"

ရှား။ ။"မစ္စစ်စလေဒင်နဲ့ မစ္စတာဂျွန်ဆင်နဲ့ဟာက သူတော်ကောင်းနဲ့ သူယုတ်မာလို ဖြစ်နေလေတော့ ဘယ်နေရာမှာမှ ဆက်စပ်လို့မရဘူးပေါ့၊ ဟုတ်လားခင်ဗျာ"

မစ်။ ။"ဟုတ်ပါတယ်ရှင်"

ရှား။ ။"သို့သော် နှစ်ယောက်လုံးဟာ ယောကျ်ားချည်း ဖြစ်ကြသေသော့ အချစ်နဲ့ပတ်သက်လို့ အကြိုက်ချင်း မတူနိုင်ပေဘူးလားခင်ဗျာ။ ဥပမာ တဦးတည်းသော မိန်းမကို သူတို့နှစ်ယောက်လုံးက ချစ်ကြိုက်တယ်လို့ဆော မဖြစ်နိုင်ပေဘူးလား ခင်ဗျာ"

မစ္စစ်စလေဒင်သည် ဦးစံရှား၏ မျက်နှာကို အတော်ကြာအောင် စေ့စေ့ကြည့်နေပြီးနောက် ထိုင်ရာမှ ထလျက် "ရှင်ထင်သလို ထင်နိုင်ပါတယ်" ဟု ဆိုကာ ထွက်သွားမည်ပြုလေရာ ဦးစံရှားလည်း ထိုင်ရာမှ ထလျက်—

ရှား။ ။"စဉ်းစားပါ မစ္စစ်စလေဒင်၊ ခင်ဗျားတို့ကို ကယ်ချင်ယင် ကယ်နိုင်တဲ့ အစွမ်းရှိပါတယ်။ ကျွန်တော်ဟာ အစိုးရ စုံထောက်တယောက် မဟုတ်ပါဘူး။ အမှုဘခုနဲ့ပတ်သက်လို့ ကျွန်တော် လုပ်ချင်သလို လုပ်နိုင်တဲ့ အခွင့်အရေးရှိပါတယ်။ ကျွန်တော့်ကို ဖြောင့်ဖြောင့်မှန်မှန် ဖွင့်ပြောလို့ရှိယင် ကရုဏာထားထိုက်တဲ့ တရားခံတယောက်ဖြစ်ပါက အမှုကိုလမ်းလွဲပေးပြီး အစိုးရစုံထောက်ကို ခြေရာခံလို့မရအောင် ကျွန်တော် လုပ်ပေးနိုင်ပါတယ်။ နောက်ဆုံး စဉ်းစားပြီး ကျွန်တော့်ဆီကို အကြောင်းပြန်နိုင်ပါတယ်"

မစ္စစ်စလေဒင်သည် ပြန်၍ ထိုင်ရမလို ထွက်၍ သွားရတော့မလို ချီတုံချတုံ ဖြစ်နေရာမှ ကျွန်တော့်အား တချက်လှမ်းကြည့်ပြီးနောက် ဦးစံရှားအား ဦးညွှတ်ကာ ထွက်သွား၍ ဒေါက်ကတ်ပေါ်သို့တက်ပြီး မောင်းသွားလေ၏။

× × ×

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ထိုညနေ၌ ကျွန်တော်နှင့် ဦးစံရှားတို့သည် ဦးထွန်းမင်း၏ အိမ်ဝင်းအတွင်းရှိ တင်းနစ်ကုတ်တွင် တင်းနစ်ကစားလျက်ရှိစဉ် ကုလား ဘတ်တလာတယောက် ရောက်လာ၍ ဦးစံရှားအား စာတစောင်ပေးလေရာ ဦးစံရှားသည် စာကိုဖောက်၍ ဖတ်ပြီးနောက်—

ရှား။ ။ "ကျုပ် ထင်တဲ့ အတိုင်းပဲဗျို၊ ကျုပ်ကို လာခေါ်တယ်"

ကျွန်။ ။ "မစ္စစ်စလေဒင်ဆီက မဟုတ်လား"

ရှား။ ။ "ဟုတ်ပါတယ်။ ရော့၊ စာကို ဖတ်ကြည့်စမ်း"

ထိုစာ၌ မစ္စသာ်စလေဒင်သည် ဂျင်မခါနာကလပ်သို့ ထွက်သွား၍ မိမိမလိုက်ပဲ ချန်နေရစ်ကြောင်း၊ ဘတ်တလာနှင့်အတူ ဦးစံရှား တယောက်တည်း လိုက်လာစေလိုကြောင်း ပါရှိလေသည်။

ဦးစံရှား လိုက်သွားသည့်နောက် ကျွန်တော်သည် ပုလိပ်အင်စပက်တော် တယောက်နှင့် တင်းနစ်ကစားနေရစ်ရာ တနာရီကျော်ကျော်ကြာမှ ဦးစံရှား ပြန်ရောက်လာလေသည်။ ဦးစံရှားသည် ကျွန်တော်တို့၏ တင်းနစ်ပွဲကို ပြီးအောင်စောင့်ကြည့်နေရာ ပွဲပြီးသောအခါမှ ကျွန်တော်တို့နှစ်ယောက် အိမ်ထဲသို့ ဝင်ခဲ့ကြလေ၏။

ဧည့်ခန်းထဲ၌ စကားပြောကြစဉ် အခြားလူများ ဝင်လာ၍ အနှောင့်အယှက် ဖြစ်မည် စိုးသည့် လက္ခဏာနှင့် ဦးစံရှားသည် ကျွန်တော်တို့၏ အိပ်ခန်းထဲသို့ ဝင်သွားပြီးနောက် ခုတင်ပေါ်တွင် ထိုင်ကြလျက် ပြောပြသည်မှာ—

ရှား။ ။ "ကျုပ် တွေးထားတဲ့ အတိုင်းပါပဲ။ မစ္စစ်စလေဒင်က ဖြောင့်ချက်ပေးတယ်"

ကျွန်။ ။ "သူ့ ယောကျ်ားက သတ်တယ်တဲ့လား"

ရှား။ ။ "ဘယ်က ဟုတ်ရမှာလဲဗျာ၊ သူ့ဟာသူ သေတာပဲ"

ကျွန်။ ။ "သူ့ဟာသူ သေတာများ ချက်ချင်းမပြောပဲနဲ့ ထိန်ဝှက်ထားပြီး အခုမှ ဖြောင့်ချက်ပေးသတဲ့လားဗျာ"

ရှား။ ။ "သူ့ဟာသူ သေတယ်ဆိုပေမယ့် မစ္စစ်စလေဒင်က ကြိုတင်ပြီး ဝမ်နင်ပေးမယ်ဆိုယင် ဖြစ်နိုင်တယ်။ ဝမ်နင် မပေးပဲ ကြည့်နေတဲ့အတွက် သူ့အပေါ်မှာ အပြစ်မကင်းပဲ ဖြစ်နေတယ်"

ကျွန်။ ။ "ကျွန်တော်တော့ နားမလည်နိုင်ပါဘူးဗျာ၊ ရှင်းပြောမှ သိရတော့မှာပဲ"

ရှား။ ။ "ဒီလိုဗျ။ မစ္စစ်စလေဒင်နဲ့ ဂျွန်ဆင်တို့ဟာ လင်ပါသမီးနဲ့ မယားပါသား ဖြစ်ကြလို့ ငယ်စဉ်ကတည်းက အတူတကွ နေလာကြရာမှာ တော်တော်အရွယ်ရောက်လာကြတဲ့ အခါကျတော့ မွားကြဖူးသတဲ့"

ကျွန်။ ။ "ကျွန်တော်လဲ ဒီလိုပဲ တွေးမိသားပဲ"

ရှား။ ။ "ဂျွန်ဆင်က လူချောတယောက်ပဲဗျ၊ မိန်းမနဲ့ ပတ်သက်လို့ တော်တော်ရှုပ်တဲ့ လူတယောက်ပဲ။ မစ္စစ်စလေဒင်ဟာ အပျိုလေးတုန်းက ဂျွန်ဆင်နဲ့ ကြိုက်လာခဲ့ကြဖူးပေမယ့် ကိုယ့်သိက္ခာကိုယ် စောင့်ထိန်းဖို့ နားလည်တဲ့ မိန်းမတယောက် ဖြစ်လေတော့ ဂျွန်ဆင်နဲ့ လွန်လွန်ကျူးကျူးဖြစ်ကြတဲ့ အခြေအနေမျိုး မရောက်ကြဘူးတဲ့ဗျ။ ဂျွန်ဆင်ကလဲ မာဂရက်ကို၊ သူ့နာမည်က မာဂရက်စလေဒင်တဲ့ဗျ။ အသေအလဲကြိုက်လို့ ယူနိုင်ပေမယ့် သူ့မှာ တိတ်တိတ်ပုန်း လက်ထပ်ထားခဲ့တဲ့ မိန်းမတယောက်ရှိလို့မို့ မာဂရက်ကို လက်ထပ်ယူဖို့ မဖြစ်နိုင်ဘူးတဲ့ဗျ။ ဒီအတောအတွင်း မာဂရက်က ဂျွန်ဆင်မှာ လက်ထပ်မယားကြီးရှိကြောင်း သိသွားလို့ သူတို့နှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းက တခန်းရပ်သွားရလေရောတဲ့ဗျ။ သူ့မိဘများ ကွယ်လွန်တဲ့နောက် မာဂရက်ဟာ ကျောင်းဆရာမအလုပ်နဲ့ အသက်မွေးပြီး အပျိုကြီး

www.burmeseclassic.com



လုပ်နေတယ်တဲ့။ ဟိုင်နဲကတော့ တခါတခါ သူ့ဆီလာပြီး အပူကပ်သေးတယ်ပေါ့လေဗျာ။ သို့ပေမယ့် မာဂရက်ဟာ တော်တော်စိတ်တင်းတဲ့ ပြတ်တဲ့ မိန်းမဗျ။ အတူတူနေခဲ့ကြရလို့ ကျုပ်တို့ ဗမာစကားပုံအတိုင်း ကြိုးချင်းထား ကြိုးချင်းငြိခဲ့ကြဖူးသော်လဲ ဂျွန်ဆင်ရဲ့ အကျင့်စာရိတ္တ အကြောင်းကို သိပြီး စဉ်းစားတတ်တဲ့အရွယ် ရောက်ထတည်းက ဟိုင်နဲရဲ့ အကပ် မခံတော့ဘူးတဲ့ဗျ။ သူ့မှာ ငွေရေးကြေးရေး ကျပ်တည်းတဲ့အခါမှာ ဂျွန်ဆင်က လာ လာပြီး ချေးလား ငှားလား လုပ်သတဲ့။ တနည်းအားဖြင့် မောင်နှမလဲ တော်ခဲ့ပြန်၊ ချစ်ကြိုက်ဖူးတဲ့ စိတ်ဓာတ်ခံကလဲ ရှိပြန်လေတော့ သူတတ်နိုင်သလောက်တော့ ငွေရေးကြေးရေးမှာ အကူအညီတော့ ပေးတယ်၊ အချစ်ဇာတ်ကိုတော့ ပြန်ခင်းဖို့ လက်မခံခဲ့ဘူးတဲ့ခင်ဗျ”

ကျွန်။ ။“ဟိုင်နဲကလဲ လူပျိုပဲ နေသတဲ့လား”

ရှား။ ။“ဒီလူက မြင်းပွဲနဲ့ ပတ်သက်လို့ တစ်ကောင်းကလေး ဘာကလေး ပိုက်ဆံတတ်နိုင်တဲ့ လူများဆီ ရောင်းစား၊ သူကိုယ်တိုင် နည်းနည်းပါးပါး လောင်း၊ ဒီလိုနဲ့ ကွင်းဂျပိုးလုပ်ပြီး အသက်မွေးနေတဲ့လူ ဆိုကိုးဗျ။ ဒီတော့ မိန်းမတယောက်ကို အိမ်တဆောင် မီးတပြောင် မထားနိုင်လို့မို့ တော်သလို နေထိုင်ခဲ့တဲ့ ဂျပိုးတယောက် ဖြစ်နေတာပေါ့လေဗျ။ ဒီအထဲမှာ ရုပ်က ချော၊ အပြောအဆိုကလဲ လည်ပတ်၊ အနူးအနွပ်ကလဲ ကောင်းလေတော့ ပိုက်ဆံရှိတဲ့ မုဆိုးမတို့၊ တခုလပ် တလင်ကွာတို့ ကပ်ရပ် နှူးနှပ်ပြီး မြူမြှူကြိုက်ချတဲ့ အလုပ်မျိုးကလဲ သူတို့ အင်္ဂလန်မှာတော့ သုံးလောက် စွဲခလောက်အောင် တချက်တချက်မှာ ရလိုက်သေးရဲ့ ဆိုပဲ”

ကျွန်။ ။“မာဂရက်နဲ့ မေဂျာစလေဒင်တို့ တွေ့ကြပုံကကောဗျာ”

ရှား။ ။“မေဂျာစလေဒင်က တသက်လုံး မိန်းမ မုန်းတယ်ဆိုတဲ့ လူပျိုကြီးမျိုး လုပ်နေခဲ့ပြီးမှ ပင်စင်ယူပြီး အင်္ဂလန်ကို ပြန်သွားရာမှာ ကျုပ်တို့ ဖူးစာရေးနတ် ဆိုတာက ဖန်တီးပေးလို့မို့ ဆရာမ အပျိုကြီး မာဂရက်နဲ့ မေဂျာစလေဒင်နဲ့ အကြောင်းပါကြပါလေရောတဲ့ဗျ။ ပထမတော့ စလေဒင်က အင်္ဂလန်မှာ အပြီးနေဖို့ ပြန်သွားခြင်းဖြစ်သော်လဲ မာဂရက်နဲ့ အိမ်ထောင်ကျတဲ့ အခါမှာ စိတ်ကူးတမျိုး ဖြစ်လာတယ်။ ကျုပ်တို့ ဗမာပြည်ကို ရွှေ့လာကြတယ်။ ဒီအခါမှာ ဂျွန်ဆင်က မြင်းပွဲတခုမှာ တစ်ကောင်းရပြီး ပွထားလေတော့ မေဂျာ လင်မယားနဲ့အတူ ဗမာပြည်ကို အလည်လိုက်လာသတဲ့”

ကျွန်။ ။“မေဂျာစလေဒင်က ဂျွန်ဆင့် အကြောင်းကို မသိဘူးတဲ့လား”

ရှား။ ။“မာဂရက်နဲ့ အကြောင်းတော့ ဘယ်သိမလဲဗျာ၊ လူပေါကြော့ တယောက်လို့တော့ သိမှာပေါ့။ သူ့စရိတ်နဲ့သူ လိုက်နိုင်တယ် ဆိုတော့ မာဂရက်ကလဲ ကန့်ကွက်ဖို့ခက်တယ်။ လိုက်တော့ မလိုက်စေချင်ပါဘူးတဲ့။ မေဂျာကလဲ သူတို့ချင်း မောင်နှမလို တော်စပ်နေလေတော့ အလည်အပတ် လိုက်ခြင်းကို မကန့်ကွက်နိုင်ဘူးတဲ့ဗျ”

ကျွန်။ ။“ဒီရောက်တော့ ဘယ်လို ဖြစ်ကြသေးသလဲဗျာ”

ရှား။ ။“မန္တလေး ရောက်ပြန်တော့လဲ မြင်းပွဲဝါသနာအိုး တယောက် ဖြစ်လေတော့ ရန်ကုန် ဆင်းဆင် ပြီး မြင်းလောင်းလိုက်တာ တော်တော် ရှုံးကုန်တယ် ထင်ပဗျာ။ ဒီတော့ မင်းဘုရားက ဘာ လုပ်တယ် ထင်သလဲ”

ကျွန်။ ။“ငွေဝင်ပေါက် ရှာရောလားဗျာ”

ရှား။ ။“ဟုတ်တယ်၊ ရှာပုံက တခြားနည်း မဟုတ်ဘူး၊ မာဂရက်ဆီက ငွေညှစ်တာကိုးဗျ”

ကျွန်။ ။“အလဲ၊ တကယ့်လူပါကလား။ ဘယ်ပုံ ညှစ်သတဲ့လဲဗျာ”

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။“မာဂရက်က ဟို ရှေးတုန်းက သူ့ဆီကို စာနှစ်စောင် သုံးစောင် ရေးဖူးသတဲ့ဗျ။ ဒီစာတွေ သူ့ယောကျ်ားပြလိုက်မယ်တဲ့ဗျ။ မပြစေချင်ယင် သူ့ကို ဘိလာက်ပြန်ဖို့ စရိတ်ပေးရမယ်တဲ့ဗျ”

ကျွန်။ ။“ဟာ တော်တော် ယုတ်မာတဲ့လူပါကလား”

ရှား။ ။“ဒီတော့ မာဂရက်ခမျာမှာ အကျပ်ကျနေရှာတာပေါ့၊ သူပိုင်ပစ္စည်း ရှိခဲ့လို့ ရှိယင်လဲ သူပြန်သွားယင် အေးတာပဲဆိုပြီး ထုတ်ပေးလိုက်ပါသတဲ့။ သူ့ယောကျ်ားကို လွန်ပြီးတဲ့ အကြောင်းကို ပြောပြပြီး ငွေတောင်းဖို့ဆိုတာက ဘယ်နည်းနဲ့မှ စိတ်မကူးနိုင်ပါဘူးတဲ့”

ကျွန်။ ။“ဒုက္ခပဲဗျာ၊ ဟုတ်ပါရဲ့”

ရှား။ ။“ဒါတွင် မကသေးဘူး၊ မင်းဘုရားက မေဂျာ မရှိခိုက်မှာ မာဂရက်ကို ကျင်းကြံချင်သေးတာတဲ့ဗျ”

ကျွန်။ ။“ဆိုးရွားယုတ်မာလိုက်တဲ့ လူပါကလားဗျာ၊ ဒီတော့ ဘယ့်နှယ် လုပ်သတဲ့လဲ”

ရှား။ ။“မာဂရက်ရဲ့ အဖေမှာ ငွေဖလားအဆန်းကြီးတလုံးရှိတယ်၊ ဒီဖလားကြီးကို မာဂရက် အမွေဆက်ခံခဲ့တယ်ဗျ။ ဒီဖလားကြီး အကြောင်းကို ဂျွန်ဆင်တောင် မသိဘူးတဲ့ဗျ။ ဒီတော့ ဂျွန်ဆင်က မာဂရက်နဲ့တွေ့ဖို့ နားပူနားဆာလုပ်ရာမှာ ညအချိန် မေဂျာ အိပ်ပျော်နေတုန်း စားပွဲခန်းထဲမှာ တွေ့ဖို့ မာဂရက်က ချိန်းပြီး ဂျွန်ဆင်နဲ့ တွေ့တဲ့အခါမှာ ငွေဖလားကြီးထဲ အရက်တွေ ထည့်ပြီး တယောက်တလှည့် သောက်ယင်း သစ္စာပြုကြဖို့ မာဂရက်က ပြောလေတော့ ဂျွန်ဆင်က သဘောတူတယ်တဲ့ဗျ။ ဒီတော့မှ ခွက်ကြီးထဲကို အရက်ထည့်ပြီး ဂျွန်ဆင်က မော့ချလိုက်ရာမှာ ငွေဖလားကြီးရဲ့ အောက်ခံ ခုံထဲက မြွေသွားထွက်လာပြီး ဂျွန်ဆင်ရဲ့ လည်မျိုကို ထုတ်ချင်းပေါက်စူးပြီး ကုလားထိုင်ပေါ်မှာ ဟပ်ထိုးကျ သေသွားရော့တဲ့ဗျာ”

ကျွန်။ ။“ကောင်းပါပေ့ဗျာ၊ ဖလားကြီးကို သေသေချာချာ ကိုင်ကြည့်ခဲ့သေးလားဗျာ”

ရှား။ ။“ကြည့်ပြီလားဗျာ၊ ဖလားကြီးဟာက ဂျာမနီပြည်မှာ လုပ်တဲ့ ဖလားကြီးဗျ။ ဟို ရှေးတုန်းက မုန်းတဲ့လူကို အိမ်ဖိတ်ခေါ်ပြီး စားပွဲကျွေးယင်း သေကြောင်းကြံတဲ့ လက်နက်မျိုးပေါ့”

ကျွန်။ ။“မြွေက ဘယ်ပုံထွက်လာတာလဲဗျာ၊ သူ့ဘာသာ ထွက်လာတာလား”

ရှား။ ။“ငွေဖလားကြီးမှာ သူတို့ ဥရောပပုံစံအတိုင်း လက်ကိုင်နှစ်ဘက်ရှိတယ်မဟုတ်လား”

ကျွန်။ ။“ဟုတ်ကဲ့၊ ကျွန်တော်လဲ မြင်ခဲ့ပါတယ်”

ရှား။ ။“ဖလားကြီးထဲက အရက်ကို သောက်မယ်ဆိုယင် လက်ကိုင်နှစ်ဘက်ကို မပြီးမှ မော့သောက်ရတယ် မဟုတ်လား။ အဲဒီလို မော့သောက်လိုက်တဲ့အခါကျတော့ ဖလားနဲ့ အရက်ရဲ့ အလေးချိန်ဟာ လက်ကိုင်ပေါ် အားသုံးရောက်လာတဲ့ အတွက် ခလုတ်တခု နှိပ်လိုက်သလို မောင်းကျသွားပြီး မြွေသွားကို စ ရင်က ကန်ထုတ်လိုက်တဲ့အတွက် လည်ပင်းထဲ အရှိန်ကြီးနဲ့ ဝင်သွားပြီး ပွဲချင်းပြီးသလောက် အမြန်ကြီး သေသွားတာကိုးဗျ”

ကျွန်။ ။“ကျွန်တော်တို့ မြင်ခဲ့တုန်းက ဖလားရဲ့အောက်ခံခုံမှာ မြွေမမြင်ခဲ့ပါလားဗျာ။ သူ့ဘာသာ ဝင်သွားနိုင်သလား”

ရှား။ ။“ခလုတ်တခုတည်းနဲ့ ထွက်ချည်ဝင်ချည် လုပ်စေနိုင်တဲ့ စက်ကိရိယာမျိုးတော့ ဘယ်မှာ ရှိမလဲဗျာ၊ မာဂရက်က မြွေသွားကို ဖိနှိပ်ပြီး အောက်ခံခုံထဲ ပြန်သွင်းရတာပေါ့”

ကျွန်။ ။“ဒီအကြောင်းတွေကို မေဂျာ သိသလား”

---

အဆိုးယအပြီး

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ကိစ္စပြီးတော့ မာဂရက်က အားလုံး ဖွင့်ပြောရတော့တာပေါ့။ ဒီတော့ မေဂျာက ဒီအမှုနဲ့ပတ်သက်လို့ သူ့ကို ထင်ချင် ထင်ကြစေ၊ မာဂရက်ကိုတော့ မထင်ရအောင် အကာအကွယ် ပေးတာကို ကျုပ် ရိပ်မိတယ်"

ကျွန်။ ။"ဒီလိုဆိုယင် ကိုဆုရတို့ လူစုကို ဘယ်လိုပြောမလဲဗျာ"

ရှား။ ။"ကိုဆုရကတော့ မေဂျာကိုထင်နေတယ်ဗျ။ ဒီအမှုဟာ မေဂျာစလေဒင်နဲ့ မဆိုင်ပါဘူးလို့ ကိုဆုရကို အတင်းပြောပြီး စုံစမ်းလို့မပေါ်ပေါက်တဲ့ အမှုတခု အဖြစ်နဲ့ ပိတ်လိုက်ဖို့ တိုက်တွန်းရမှာပဲ။ ဒီလူက သူ့ရာထူးကလေး ပြုတ်မှာကို ကြောက်တတ်တဲ့လူ ဖြစ်လေတော့ အင်္ဂလိပ်စစ်ဗိုလ်ကြီး တယောက်ကို ဖမ်းလားဆီးလားလုပ်ယင် တော်တော်ကြာတော့ ကိုယ့်အပေါ်မှာ အမှုပတ်မယ်လို့ ထပ်ပြီးချောက်လှန့်ပြောခဲ့ရမှာပဲ"

ကျွန်။ ။"ဒီလိုဆိုယင် ကျွန်တော်တို့ အပေါ်မှာ ထိမ်ချန်မှုတခု တိုးသွားအုံးတော့မှာပေါ့လေ"

ရှား။ ။"ခင်ဗျား သဘောကောဗျာ၊ ထိမ်ချန်ထိုက်တဲ့ အမှုတခုလို့ မယူဆဘူးလား"

ကျွန်။ ။"ကျွန်တော်လား၊ ကျွန်တော့်အစ်မကြီးဖြစ်ယင် လက်ကိုဆွဲပြီး 'ကွန်ဂရက် ကျူလေးရှင်း' လုပ်လိုက်ချင်သေးတယ်ဗျာ"

တတိယအကြိမ်

www.burmeseclassic.com